
www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

Quality Publishing House
–၅၀၈/၅၁၂ (၂–ခ) ပထမထပ်၊ ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထောင့်)
ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း–၃၇၃၆၆၄၊ ၃၇၆၈၃၃ qualityph@gm

# ဒေါ်အောင်ဆန်းစုကြည် နှင့် ဗိုလ်ချုပ်ကြီးများ



THE LADY AND THE GENERALS
AUNG SAN SUU KYI
and Burma's struggle for freedom
by PETER POPHAM

မောင်မြတ်မိုး

သို့ ----------------

မှ ----------------

Quality စာအုပ်တိုက်မှ စီစဉ်သည်

Quality Publishing House
အမှတ်-၅၀၈/၅၁၂၊ ၂(ခ)ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
သရဖီကွန်ဒို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၇၃၆၆၄၊ ၃၇၆၈၃၃

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်အောင်ဆန်း
နှစ်တစ်ရာပြည့်
အထိမ်းအမှတ်
စိတ်ခွန်အားပြီး
မှာယူသူများအား
အထူးနှုန်းဖြင့်
ရောင်းချပေးပါမည်

ity Publishing House
ဆုပြည့်စုံထွန်းစာပေ
အမှတ် – ၅၀၈/၅၁၂ (၂–ခ)
ပထမထပ်၊ ကုန်သည်လမ်း
(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃
qualityph@gmail

## ပထမဦးဆုံးသော ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ပြနှင့် ကာတွန်း




ဗိုလ်ချုပ်ရုပ်ပြ...
ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ပြ
တန်ဖိုး – ၃၀၀၀ ကျပ်




မြန်မာပြည်သူ့ အချစ်ဆုံး
ဗိုလ်ချုပ်ဦးအောင်...
တန်ဖိုး – ၂၀၀၀ ကျ...



ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်
ဗိုလ်မင်းခေါင်(ရဲဘော်သုံးကျိပ်)
တန်ဖိုး – ၃၀၀၀ ကျပ်



စစ်သားကြီးဗိုလ်တေဇ
Quality စာတည်းအဖွဲ့
တန်ဖိုး – ၈၀၀၀ ကျပ်



ဗိုလ်တေဇ ဘဝကဗျာ ...
Quality စာတည်း...
တန်ဖိုး – ၆၀၀၀ ...



အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံမှုမှ
စီအိုင်ဒီ အခန်းကဏ္ဍ
ရဲမှူးချုပ်ဟောင်းဗိုလ်မှူးကြီး...
တန်ဖိုး – ၁၀၀၀ ကျပ်



အောင်ဆန်း၏ အောင်ဆန်း
ဗိုလ်အောင်ဝေး
တန်ဖိုး – ၁၀၀၀ ကျပ်



ဗိုလ်ချုပ်အောင်ဆန်း...
ရာပြည့်ပွဲကျင်းပရေး...
(နတ်မောက်) မှထုတ်...
တန်ဖိုး – ၈၀၀၀ ...

Quality Publishing House
အမှတ် ၅၀၈/၅၁၂ (၂–ခ) လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃။

http://Quality.myanmaronlinesales.com တွင်
တိုက်ရိုက် ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

No.146, March, 2017


| | | |
|---|---|---|
| ဆွေလှိုင်ဦး | သစ္စာမဲ့သော မိန်းမချော | ၄ |
| ဆောင်မျိုးကြီး သိန်းဝင်း | သူဌေးကြီး ဦးကျောက်စိမ်းနှင့် ဆုံခဲ့ရစဉ်က | ၃၃ |
| မန္တလာသား | မိန်းမထက် သေနတ်ချစ်တဲ့မုဆိုး | ၅၅ |
| ကေရာင် | ရဲဘော်မိုက်ခဲနှင့် လူသရဲ | ၆၆ |
| ဝေယံသိန်း | ဆရာသခင်၏ လျှို့ဝှက်ချက် | ၉၁ |
| လေးမောင် | ထူးထူးခြားခြားမုဆိုးမများမှ တင်ကြည်မနှင့် တွေ့ဆုံခြင်း | ၁၀၇ |
| ဇလွန်ကျော်ဦး | ရွာပျက်ကုန်း | ၁၂၉ |
| လူရှိန်အောင် | ကျောက်စာလေးပြောတဲ့ပုံပြင် | ၁၄၀ |
| ကျော်စိုးမိုလ် | လင့်စောင့်ချင်သလား အန္တရာယ်ကများ | ၁၇၈ |
| ကောင်းဆော် | အနုစိ နှစ်ဆယ်ကျော်က လူသတ်မှု | ၁၉၁ |
| မြဝဇီ | [illegible]ပ်မွှေတဲ့ရွှေမြေ | ၂၀၆ |


www.burmeseclassic.com

www.burmeseclassic.com


အယ်ဒီတာချုပ်
ကိုမြင့်ထွန်း (Quality)

တာဝန်ခံအယ်ဒီတာ
ဝေလွင်မြင့်မောင် (၀၄ ၁၁၁၁၆၉၉၉)

အုပ်ချုပ်အယ်ဒီတာ
မခင်မာရွှေ

အယ်ဒီတာအဖွဲ့
ဥက္ကာလင်းထက်

ရုံးအဖွဲ့
ကိုစိုးသိန်း၊ ထွန်းထွန်းလွင်၊ နေဇင်လတ်၊ ဝေလင်း၊ သန်းထက်ဇင်၊ ကောင်းကောင်း
ညိုမွယ်၊ ဖြူဖြူလင်း၊ မြတ်နှင်းနွယ်၊ စုဝေလွင်၊ အိဖြူ၊ မီမီ။

ပုံနှိပ်သူ
ဖြိုးသော်ကျော်ပုံနှိပ်တိုက် ဒေါ်ယဉ်ယဉ်မွန် (၀၀၂၁၈)

တာအုပ်ချုပ်
တင်မောင်ထွန်း

အုပ်ရေ–၅၀၀
တန်ဖိုး–၂၀၀၀ ကျပ်

စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း
အမှတ်–၅၀၈/၅၁၂ (၂ခ)လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၃၈၃၆၆၄၊ ၃၈၆၇၃၃။

ထုတ်ဝေသူ
ဦးမြင့်ထွန်း (မြ–၀၀၅၆၂) Quality Publishing House
အမှတ်–၅၀၈/၅၁၂ (၂ခ)လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
(သရဖီကွန်ဒို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း
ဥက္ကာလင်းထက်

အတွင်းသရုပ်ဖော်
ကံကောင်း၊ ဝင်းသိန်း၊ အောင်နိုင်လတ်၊ ကျော်စိုးညိန်း၊ မောင်နေကြည်၊ ထောင်ငှ၊ စိုးမြင့်လေး၊
လူသစ်အောင်(အင်းလျား)၊ မြတ်မင်းဟန်၊ ရန်နိုင်ဦး၊ ချစ်သူ၊ ဝေမွန်လင်း၊ ပေါ်ကာ၊ ဗိုင်းမော်။

ကွန်ပျူတာနှင့် ဗလင်
Quality





NEXT




MONTH




PREVIEW

www.burmeseclassic.com

www.burmeseclassic.com

သုံးနှစ်တိတိ…
ကြာမြင့်ခဲ့သည့်တိုင်အောင်
သူ၏ရှမ်းဆောင်ချက်က အကောင်အထည်မပေါ်ခဲ့။
သို့သော် … သူသည် အနည်းငယ်လောက်မျှစိတ်ပျက်ခြင်း၊
အားလျှော့ခြင်းမရှိသေးပေ။ သူ၏လုံ့လသည်လည်းကောင်း၊
ဇွဲရှိသည်လည်းကောင်း လျော့နည်းခြင်း မရှိသေးပေ။
သူ … ဦးဇော်ဝေ … သို့မဟုတ် …
ဖြောင့်သော တောင့်သော တင်းသော …
တင်းနေသည့် မချောလေးတစ်ယောက်၏
"လင်" သို့မဟုတ် … ချိုမပါသော…

# ဇော်ရှိုင်ဦး

သစ်ပင်နှင့် ပန်းပွင့်များတွင်
ခံစားမှုဝေဒနာရှိသည်ဟူသောအချက်ကို
သက်သေပြခဲ့သည့် ထူးဆန်းသော
လူတစ်ယောက်၏
လျှို့ဝှက်သောအကြောင်း…



www.burmeseclassic.com

www.burmeseclassic.com



ဦးဇော်ဝေသည် တိုက်တံခါးကိုဖွင့်၍ မြို့ထဲသို့ ထွက်ခဲ့သည်။ တစ်မြို့လုံး ထိတ်ထိတ်ပြိမ်သက်နေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး ပကတိ ငြိမ်သက်နေသည်။

လေပြေလေညင်းတို့ပင် ကွယ်ပျောက်နေဟန်ရှိသည်။ သစ်ခက်သစ်ရွက်တို့ပင်လျှင် အလှုပ်အရှားမပြုကြ။

သူသည် ရှုပ်ထွေးနေသော စပယ်ရုံများကြားမှ မြို့ကြီးအနောက်ပိုင်းသို့ ရောက်လာခဲ့သည်။

မြို့နောက်ဖေး၌တော့ ပိတောက်သားများနှင့် တည်ဆောက်ထားသော အိမ်ငယ်လေးတစ်လုံးက တည်ရှိနေသည်။

ဦးဇော်ဝေသည် အိမ်ငယ်လေး၏ တံခါးသော့ကိုဖွင့်၍အတွင်းသို့ဝင်လိုက်သည်။ ဦးဇော်ဝေ၏ စိတ်သည်ရွှင်လန်းသွားရ၏။ ခန္ဓာကိုယ်သည် ပေါ့ပါးဖျတ်လတ်သွားရေသည်။

ဟုတ်ပါသည်။

သုံးနှစ်တိုင်တိုင် ပြုလုပ်ကြံစည်ခဲ့သော အလုပ်ခန်းကို ဝင်လေတိုင်း ဤနယ်ခံစားရတတ်၏။ ပတ်ဝန်းကျင်ကိုလည်းကောင်း၊ လောကကိုသည်းကောင်း ဦးဇော်ဝေ စိုးစဉ်းမျှ သတိမရတော့။

အဆုံးဆိုရသော် ပိတောက်အိမ်လေးထဲသို့ရောက်နေပြီဆိုလျှင် ချစ်ဇနီး မီမီသွင်ကိုပင် သတိမရတော့။

သူ၏ အာရုံပူသမျှကို "ပိတောက်အိမ်" အတွင်းမှ "ခေါင်းနက်ကလေး" တစ်လုံးအပေါ်၌ စုံစုံမြှုပ်ပစ်လိုက်တော့သည်။

ခေါင်းနက်ကလေး ...

သည်အမည်ကိုဦးဇော်ဝေကလိုလိုလားလား ပေးထား၏။ ပုံ သဏ္ဌာန်ကလည်း (၁၀) နှစ်အရွယ်ကလေး အလောင်းထည့်သော ခေါင်းငယ်ပမာ ရှည်ရှည်မျောမျောလေးဖြစ်သည်။

သို့ရာတွင်...

ရှုပ်ထွေးနက်နဲသော "အီလက်ထရောနစ်" ကိရိယာများ၊ ဝါယာကြိုးများသည် ခေါင်းနက်၏ အတွင်း၌ တည်ရှိနေကြသည်။ "ခေါင်းနက်" ၏ဘေးတွင် မီတာဒိုင်ခွက် သုံးခုနှင့် နီရဲနေသော မျက်စိပမာ မီးလုံးများရှိနေပေသည်။ စားပွဲပေါ်တွင်တော့ အေမိုမီတာ၊ ဗီမက်ဂါ အစရှိသည့် လျှပ်စစ်အတိုင်းအတာ ပစ္စည်းများနှင့် ပြည့်နက်နေသည်။

စားပွဲတစ်ခုလုံး မည်သည့်နေရာမှ အလွတ်မရှိအောင်ရှုပ်ထွေးသောပစ္စည်းများက နေရာယူထားကြသည်။



ဦးဇော်ဝေ၏ နှုတ်ခမ်းတစ်ဖက်က တွန့်သွား၏။ ကျေနပ်နှစ်သိမ့်သော အပြုံးရိပ်တစ်ခုက နေရာယူထားကြသည်။

"ဒီတနေ့ မင်းအလုပ်စရတော့မယ်၊ ခေါင်းနက်ကလေးရေ..."

ဦးဇော်ဝေအသံက် ဖော့သံမျှ ခပ်တိုးတိုးသာ ဖြစ်သည်။ သူသည် ခေါင်းနက်ကလေး၏ရှေ့တွင်ရှိသော ကုလားထိုင်တစ်လုံးတွင် ထိုင်လိုက်သည်။

ဤသည်မှစ၍ သူ၏ ဦးနှောက်က ထောင်တွေးတောခြင်းပြု၏။ ဦးနှောက်၏ အသိသည် အကြောအခြင်များမှတစ်ဆင့် သူ၏ လက်များကို လှုပ်ရှားစေသည်။ အီလက်ထရောနစ်ကိရိယာများ၏ ထစ်ခုချင်း ကိုင်တွယ်စမ်းသပ်ခြင်းပြု၏။ ချိန်ညှိခြင်းပြုသည်။ အီလက်ထရောနစ်မီးလုံး၊ ဝါယာကြိုးများကိုတပ်ဆင်ခြင်းပြု၏။

သူ၏လက်များက ကျွမ်းကျင်စွာ လှုပ်ရှားနေသည်။ တစ်ခါတစ်ရံအသက်ရှုရပ်ဝင် မေ့နေဟန်၊ တစ်ခါတစ်ရံ မျက်တောင်ကိုမျှမခတ်မိ။

"အဲ - အဲ - ဒါလေးကိုတပ်လိုက်ရင် ခေါင်းနက်ကလေး အသက်ဝင်လာတော့မယ်၊ အို - အင်း - ငါများ မှားနေပြီလား၊ မမှားနိုင်ဘူး၊ ဘယ်နည်းနဲ့မှ မမှားနိုင်ဘူး"

ဦးဇော်ဝေက ညင်သာစွာ ရွတ်ဆိုမိ၏။ သူ၏ ဖောသည်လည်းကောင်း၊ ရှာနိသည်လည်းကောင်း အပြန်အလှန့်မရှိ။ သူသည် အသက်ရှိသော သတ္တဝါတစ်ကောင်ကို ကိုင်တွယ်နေရသကဲ့သို့ ခံစားနေရ၏။

အချိန်သည် တဖြည်းဖြည်း အလုံးအခဲဖြစ်လာသည်။ အလင်းသည် အားပျော့လာပြီး အမှောင်အရောအစွက်တဝင်လာ၏။ ဦးဇော်ဝေသည် ကျေနပ်နှစ်သိမ့်စွာခေါင်းလေးတစ်ချက်ညိတ်လိုက်သည်။ ပြီး ခေါင်းနက်ကလေး၏ ဝင်မခလုတ်ကို ဖြည်းဖြည်း လှည့်တင်ပေးလိုက်သည်။

ဦးဇော်ဝေ၏ ကျောပြင်က စိမ့်ခနဲအေးသွား၏။

သူ၏အကြောအချဉ်များကတောင့်တင်းရပ်ဆိုင်းသွား၏။

တစ်မိနစ်...

နှစ်မိနစ်...

သုံးမိနစ်...

အသံတစ်ခုက သူ၏နားအတွင်းသို့ တိုးဝင်လာသည်။

www.burmeseclassic.com

ကြမ်းပြင်နှင့် ကရိုဆိုးတပ်ဖိနပ်အစုံ၏ထိတွေ့သံ။

ဦးဇော်ဝေသည် ကျောမှိုင်းထားသော တံခါးဝဆီသို့ အရှိန်အဟုန်ပြင်းစွာ လှည့်လိုက်သည်။

တံခါးဝတွင် သူမမျှော်လင့်သူ တစ်ယောက်က ရပ်နေသည်။ အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါး၊ အသားဖြူဖြူ။

"အား - ဒေါက်တာ မင်းကြည်"

ဦးဇော်ဝေ၏နှုတ်များမှ အသံထွက်သွားသည်နှင့်အတူ တင်းမာနေသော အကြောအခြင်များက ပြေလျော့သွားခဲ့သည်။

သူ၏မိသားစု ဆရာဝန်ဖြစ်သော ဒေါက်တာမင်းကြည်သည် ဆေးအိတ်ကိုဆွဲရင်း လျှောက်လာချေသည်။

"ဟုတ်တယ် - ဦးဇော်ဝေ၊ ခင်ဗျားကို တိုက်ထဲမှာ မတွေ့တာနဲ့ ဒီဘက်များ ရှိမလားလို့ လိုက်လာတာပါ။ ဘယ့်နှယ့်လဲခင်ဗျားလည်ချောင်းနာတာသက်သာရဲ့လား"

ဦးဇော်ဝေအသွင်က ဒေါက်တာမင်းကြည်အား လိုလိုလားလား လက်ခံလိုတာန် မပြခဲ့။ သူ၏အသံက ခပ်ပြတ်ပြတ် ထွက်လာသည်။

"ကောင်းသွားပါပြီဗျာ၊ ခင်ဗျားလာစရာ မလိုတော့ပါဘူး"

ဒေါက်တာမင်းကြည်သည် စားပွဲပေါ်မှာ သေတ္တာနက်ကလေးအား စူးစိုက်ကြည့်နေ၏။

ကလေးမသာထည့်သောအခေါင်းလေးနှင့် တူလှသည်။

"ဘာတွေလုပ်နေတာတုံး ဦးဇော်ဝေ၊ ခင်ဗျားကိုအလုပ်သိပ်မလုပ်ဖို့ပြောထားတယ်မဟုတ်လား"

ဒေါက်တာ၏လက်က သေတ္တာနက်ကလေးအား ကိုင်မိသည်၊ ဒါကို ဦးဇော်ဝေက အနည်းငယ်မျှ နှစ်မြို့က်ပုံ မပေါ်။

"ဒါတွေက ဘာတွေလဲဗျ၊ ခင်ဗျားရေဒီယို ဆင်နေတာလား"

"ဆိုပါတော့ ကျုပ်စိတ်ဝင်စားစရာလေးတစ်ခုကို စမ်းသပ်နေတာပါ"

"အင်း - အတော်စိတ်ဝင်စားဖို့တော့ အကောင်းသား၊ အဲ - ခင်ဗျားသိပ်အညောင်းမထိုင်နဲ့ ဦးဇော်ဝေ၊ အအေးအသောက်လည်းဂရုစိုက်ဦး၊ ဒါနဲ့ခင်ဗျားဇနီးကို မမြင်တာကြာပြီ"

"တောင်ကြီးသွားနေတယ်၊ သူ့ဆွေတွေဆီကိုတစ်လကိုးသီတင်းသွားလည်



နေတာပေါ့၊ အေးလေ - ကျုပ်ကလည်း သူ့ကိုကောင်းကောင်း ဂရုစိုက်နိုင်တာ မဟုတ်တော့ ဒီမှာ ဘယ်ပျော်မလဲ"

ဦးဇော်ဝေ၏မျက်နှာတွင် နာကြည်းဒေါသမြည့်သည့်အရိပ်အရောင် အထင်းသား ပေါ်လွင်လာသည်၊ ဒေါက်တာမင်းကြည် ဘက်သို့ မျက်နှာမူလိုက်သည်။

"ကဲ - ကျွန်တော်ပြန်မယ် ဦးဇော်ဝေ၊ လည်ချောင်းသိပ်နာလာရင် ကျွန်တော့်ကို ဖုန်းဆက်ပေါ်ပါ၊ ကျွန်တော်လည်း ဒီဘက်ကို လူနာတစ်ယောက်လာတွေ့ရင်း ခရီးကြုံလို့ ဝင်လာတာပါ"

"ကျေးဇူးတင်ပါတယ် ဒေါက်တာမင်းကြည်"

ဒေါက်တာမင်းကြည်၏နောက်မှ ဦးဇော်ဝေက ကပ်၍လိုက်ခဲ့၏။

သို့သော် ...

တံခါးဝသို့အရောက်တွင် ဒေါက်တာမင်းကြည်၏ ခြေလှမ်းများက တုန့်ခနဲ ရပ်သွားသည်၊ အံ့ဩတွေဝေသော အမူအရာက ဒေါက်တာမင်းကြည်၏ မျက်နှာတွင် အထင်းသားပေါ်လွင်လာသည်။ သူ၏ နားနှစ်ဖက် စွင့်ထား၏။ ပြီး ဦးဇော်ဝေ၏မျက်နှာကို စူးစိုက်ကြည့်လိုက်သည်။ ဦးဇော်ဝေ၏မျက်နှာတင်းတ ဆတ်ခနဲ တွန့်လိုက်သည်။

"ခင်ဗျား ခုနက ရှိုက်လိုက်သလား ဦးဇော်ဝေ၊ ကျုပ်နားမှာ ငိုသံလိုလို၊ ရှိုက်သံလိုလို ကြားလိုက်တယ်"

"ကြားလိုက်တယ် ဟုတ်လား ဒေါက်တာ"

"အသေအချာပါပဲဗျာ၊ တစ်ယောက်ယောက် မချိမဆန့် ငိုရှိုက်လိုက်တဲ့အသံပဲ"

သူတို့နှစ်ဦး၏ မျက်စိအစုံက စားပွဲပေါ်တွင် လဲလျောင်းနေသော လူသေခေါင်းနက်ကလေးဆီသို့ ကျရောက်သွားသည်။

ဦးဇော်ဝေသည် ပါးစပ်မှ မဝီမသာ အသံတစ်ချက် ထွက်ပေါ်လာ၏။ စားပွဲပေါ်တွင်တင်ထားသော လူသေခေါင်းငယ်ကလေးဆီသို့ မျက်စိရောက်ရှိသွားတော့သည်။

အခေါင်းအနက်ကလေးအား မယုံကြည်နိုင်သလို စူးစိုက်ကြည့်လိုက်တော့ သူ၏အပြုံးက သိသိသာသာတောက်ပလာတော့သည်။

"ဟုတ်တယ် ဒေါက်တာမင်းကြည်၊ ခင်ဗျားကြားလိုက်သလို ကျုပ်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကြားပါတယ်၊ ဒါဟာ အင်မတန်သေး
ငယ်တဲ့ ပိုးဟပ်တစ်ကောင်ရဲ့ငိုရှိုက်သံ
ပဲဖြစ်လိမ့်မယ်"

"ဗျာ–"

ဒေါက်တာမင်းကြည်၏ မျက်စိ
အစုံတဖြူးတချယ်ပိုင်းစက်သွားရသည်။

"ပိုးဟပ်...ဟုတ်လား၊ ပိုးဟပ်က
ငိုသလား ဦးဇော်ဝေ"

"ပိုးဟပ်ထက်ငယ်တဲ့ သတ္တဝါတစ်
ကောင်လည်းဖြစ်နိုင်တယ်ဦးမင်းကြည်၊
ဥမ္မာ ခြင်တစ်ကောင်ရဲ့ငိုရှိုက်သံလို့
လည်း ဆိုနိုင်တယ်ပေါ့"

ဒေါက်တာမင်းကြည်သည် ဦးဇော်
ဝေ၏ မျက်နှာကို တစ်လှည့် ရှည်မျော
မျောခေါင်းနှတ်ကလေးကိုတစ်လှည့်
ကြည့်ရင်း မေးလိုက်သည်။

"ခင်ဗျား –နေကောင်းပါတယ်
နော်"

"သိပ်ကောင်းတာပေါ့ဗျာ၊ ဘာလဲ
ခင်ဗျားကကျုပ်ပြောတာတွေကိုမယုံဘူး
မဟုတ်လား။ ဒီအခန်းထဲမှာ ပိုးဟပ်တို့
ခြင်တို့ရှိနေနိုင်တာပဲမဟုတ်လားဒေါက်
တာ"

ထိုစဉ်မှာပဲ ခေါင်းနှတ်၏ အတွင်း
ပိုင်းဆီမှ လူတစ်ယောက်၏ ပြင်းပြင်း
ထန်ထန် အံကြိတ်လိုက်သဖြင့် သွားချင်း
ပွတ်တိုက်ရာမှ ထွက်လာသည့်အသံမျိုး

66 ဒီလိုလေဗျာ–ဥမ္မာ–နှင်းဆီ
တစ်ပွင့်ရဲ့ပွင့်ဖတ်ကလေးကို လက်နဲ့ပွတ်လိုက်ပြီ
ဆိုပါတော့ အကြောအမျှင်တွေနဲ့ ဆက်သွယ်
နေတဲ့ နှင်းဆီပွင့်လေးဟာ မသိသာအောင်
နာသွားရှာမှာပဲ၊ အော်ငိုမှာပဲ၊ ဒါပေမဲ့–ဒီအသံ
တာ မကြားနိုင်လောက်အောင် နိမ့်လွန်းလို့
သင်များတို့ ကျုပ်တို့ရဲ့နားက ကြားရမယ်မဟုတ်
ဘူး၊ အဲ–ကျုပ်ရဲ့ "ခေါင်းနှတ်ကလေးဟာ
ဒီအသံကို ဖမ်းယူနိုင်လိမ့်မယ်
ဒေါက်တာမင်းကြည် ...





တ မြည်ဟည်းလာသည်၊ ဦးဇော်ဝေ
သည် သေတ္တာနှတ်ကလေး၏ ပင်မ
ခလုတ်ကို ကမန်းကတန်း ပိတ်ချလိုက်
သည်၊ ပြီး–သူ၏ အောင်မြင်နှက်ကျော
သောအသံကြီးက ထွက်ပေါ်လာသည်၊

"ကျုပ် သုံးနှစ်တိတိ စမ်းသပ်ခဲ့တာ
အောင်မြင်ပြီဗျို့"

ဦးဇော်ဝေ၏အသံကအလွန်အမင်း
ဆက်ကြွနေပေသည်၊

"ဒါပေမဲ့ – ဒီအသံ ဟာ ပဏာမ
လောက်ပဲ ရှိသေးတယ်ဒေါက်တာ၊ အစ
လောက်ပဲရှိသေးတယ်"

ဒေါက်တာမင်းကြည်သည် ဦးဇော်
ဝေအားမယုံကြည်နိုင်သလိုကြည့်နေ၏။
သူ၏အကြည့်၌ အံ့သြခြင်း၊ မဝေခွဲနိုင်
ခြင်းတို့က အချိုးအဆ တူစွာ ရောယှက်
နေသည်၊

"အံ့သြသွားသလား ဒေါက်တာ"

အဲဒါ အသံအကြောင်းကို စတင်ရှင်းပြ
ခြင်းဖြစ်၏၊ သူသည် ယခင်က ဘီအေစီ
ကောကြောင်း ကော်ပိုးရေးရှင်းတွင် ရေ
ဒီယိုအရာရှိအဖြစ် လုပ်ကိုင်ဖူးသည်၊

သည်တော့ အသံလှိုင်းအသံဖမ်း
ကိရိယာများကို ကျွမ်းကျင်သည်မှာ
အဆန်းမဟုတ်တော့။

"ဒီလိုဗျာ–ဘယ်အသံမဆို တုန်ခါ
မှုကြောင့် ကြားရတာဆိုပါတော့၊ ကျုပ်
တို့လူတွေရဲ့နားဟာ (၂၀)ကီလိုဆိုင်
ကယ်ဖရီကွင်စီ"ပတ်ဝန်းကျင်တုန်ခါမှု
မျိုးကိုသာအသံအဖြစ် ကြားနိုင်တယ်
ဒေါက်တာ၊ တစ်စက္ကန့်မှာ ထောင်ပေါင်း
၁၅–ကနေ ထောင်ပေါင်း ၃၀–အတွင်း
အသံရဲ့လှုပ်ရှားမှုအကြိမ်နှုန်းဆိုပါ
တော့"

ဒေါက်တာမင်းကြည် ငြိမ်နေ
သည်။

"ဒါပေမဲ့–ဒီထက်တုန်နှုန်းများလို့
ဖြစ်စေ၊ လျော့ကျသွားလို့ဖြစ်စေ ကျုပ်
တို့နားတွေဟာ မကြားနိုင်တော့ဘူးဗျ
အဲ–ဒါပေမဲ့–ခွေးတို့လင်းနို့တို့အစရှိတဲ့
သတ္တဝါတွေကျတော့ လူတွေမကြားနိုင်
လောက်တဲ့အသံမျိုး သူတို့ကြားတယ်
ဆိုရင် ဒေါက်တာ ယုံပါ့မလား"

"ဒါတော့ ယုံပါတယ်ဦးဇော်ဝေ"

ဦးဇော်ဝေသည် သူ၏ဆေးတံကို
မီးညှိ၍ တစ်ချက်ရှိုက်ဖွာလိုက်သည်၊

"အဲ–အဲ–ကျုပ်ရဲ့ ခေါင်းနှတ်
ကလေးဟာ လူတွေမကြားနိုင်လောက်
အောင် သန်းပေါင်းကုဋေကုဋာမြင့်တဲ့
အသံမျိုး၊ နိမ့်ကျတဲ့အသံမျိုးတို့ ဖြန့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဖော်ထုတ်ပေးနိုင်လိမ့်မယ် ဒေါက်တာမင်းကြည်"

"ဒေါင်းနက်ကလေး ဟုတ်လား"

ဒေါက်တာမင်းကြည်သည် ရှည်မျောမျောသေတ္တာနက်ကလေးအား စူးစိုက်ရင်း မေးသည်။

"အင်းပေါ့ - ဒီအသံဖမ်းစက်ကို ကျွန်တော်ပေးထားတဲ့နာမည်လေ၊ ဟဲ - ဟဲ အထဲမှာ ခင်ဗျားနားမလည်တဲ့ "အီလက်ထရောနစ်" တီရိုယာပေါင်း သန်းနဲ့ချီပြီး တည်ဆောက်ထားတယ်၊ တစ်နေ့မှာ ကျွန်တော့်ရဲ့ဒေါင်းနက်ကလေးဟာ ပန်းပွင့်တစ်ပွင့်ရဲ့ ငိုရှိုက်သံအထိ ကြားရအောင် လုပ်ပေးလိမ့်မယ်"

"ပန်းပွင့်ရဲ့ငိုသံ ဟုတ်လားဗျာ"

ဒေါက်တာမင်းကြည့်၏အသံတွင် မယုံကြည်နိုင်မှုက အတိအလင်း ဖော်ရွတ်နေခဲ့သည်၊ ဒီလူကြီး ရူးများသွားပြီလား။

"ဒီလိုလေဗျာ - ဥပမာ နှင်းဆီတစ်ပွင့်ရဲ့ပွင့်ဖတ်ကလေးကို လက်နဲ့ဖဲ့လိုက်ပြီဆိုပါတော့ အကြောအမျှင်တွေနဲ့ ဆက်သွယ်နေတဲ့ နှင်းဆီပွင့်လေးဟာ မခံသာအောင် နာသွားရှာမှာပဲ၊ အော်ငိုမှာပဲ၊ ဒါပေမဲ့ - ဒီအသံဟာ မပြောနိုင်လောက်အောင် နိမ့်လွန်းလို့ ခင်ဗျားတို့ ကျုပ်တို့ရဲ့နားက ကြားရမယ်မဟုတ်ဘူး၊ အဲ - ကျုပ်ရဲ့ "ဒေါင်းနက်ကလေး"ဟာ ဒီအသံကိုဖမ်းယူနိုင်လိမ့်မယ် ဒေါက်တာမင်းကြည်"

သွားပြီ ... ပေါက်သွားပြီ ...။

ဒေါက်တာမင်းကြည်သည်ရယ်ချင်သည့်စိတ်ကို မနည်း ဖျောက်လိုက်ရသည်။

သူ မရယ်ဝံ့။

ဦးဇော်ဝေ၏အသွင်အပြင်က အလေးအနက်ပြောဆိုနေခြင်းပါ၊ ဒေါက်တာမင်းကြည်သည်ဦးဇော်ဝေအား နှုတ်ဆက်လိုက်သည်။

"အဲ - အဲ - ကျွန်တော် ပြန်လိုက်ဦးမယ်၊ ကိစ္စလေးတစ်ခု ရှိသေးတယ်ဗျို့"

"ခင်ဗျားလည်း သိပ် အပင်ပန်းခံမနေနဲ့ဦး"

ဦးဇော်ဝေသည် ဒေါက်တာမင်းကြည်အား ပိတောက်အိမ်လေး၏ တံခါးဝသို့တိုင် လိုက်ပို့ခဲ့သည်။

"အကြောင်းထူးရင်ဖုန်းဆက်လိုက်ပါ့မယ် - ဒေါက်တာ"

"ကဲ - ပြန်ပေဦးတော့ဗျို့၊ ကျုပ်လည်း နည်းနည်းပါးပါး ဆက်လုပ်စရာ ရှိသေးတယ်"



ဒေါက်တာမင်းကြည်သည် သမိုင်း ဦးဇော်ဝေ၏ "စံပယ်မြိုင်" ခြံကြီးထဲမှာ အားကို စိတ်ပျက်လက်ပျက် မောင်းထွက်သွားတော့သည်။

ဦးဇော်ဝေ၏စိတ်က သိပ်တက်ကြွနေသည်၊ သုံးနှစ်တိတိ စမ်းသပ်တီထွင်ခဲ့သော ဒေါင်းနက်ကလေး၏အသံက မျှော်လင့်ဘဲ ထွက်ပေါ်လာခဲ့သည်။

ထိုအသံကို ဒေါက်တာမင်းကြည် ညည်းကြားသွားခဲ့ပြီ။

ဦးဇော်ဝေသည်ဒေါင်းနက်ကလေးအား ယဉ်ကျေးလိမ္မာသော တိရစ္ဆာန်တစ်ကောင်ကဲ့သို့ အသာအယာ ပွတ်သပ်သည်။

"တုတ်ပြီ - မင်းစကား စပြောပြီ၊ ခဲ့ - မင်း အများကြီးလိုသေးတယ် မင်းကို ငါ အများကြီး ပြုပြင်ပေးရမယ်၊ မနက်ဖြန် ဆိုရင် မင်း ကောင်းကောင်းအသက်ဝင်လာတော့မယ်"

ဦးဇော်ဝေ တစ်ညလုံး မအိပ်တော့၊

ထိုညတစ်ညလုံး ပိတောက်အိမ်တွင်း၌ အချိန်ကုန်ခဲ့သည်။

သူသည် "ဒေါင်းနက်"ကလေးအား စမ်းသပ်ပါသည်၊ ထွက်လာသံများကို စိစစ်မှတ်ယူခြင်း၊ မီတာဒိုင်ခွက်များကို ချိန်ညှိခြင်းဖြင့် အလုပ်ရှုပ်နေခဲ့သည်။

ပိတောက်အိမ်လေး၏ ပြင်ပတွင်တော့ မည်းနက်သော ညကမ္ဘာက လွှမ်းခြုံနေ၏။

ည...။

အရုဏ်ဦးတွင် ဦးဇော်ဝေ၏လုပ်ငန်းက ပြီးဆုံးခြင်းသို့ ရောက်သည်။

သူသည်ပိတောက်ပင်အိမ်ကလေး၏ တံခါးကိုဖွင့်၍ အပြင်သို့ ထွက်လိုက်သည်၊ သူ၏အကြောအချဉ်များ ဆန့်ထုတ်၍ အညောင်းဖြေလိုက်သည်။

"အား - အရုဏ်တောင် တက်ပါပကော၊ ကဲ - စောစောစီးစီး မင်းကို စမ်းသပ်ရလိမ့်မယ်ဟေ့"

ဦးဇော်ဝေသည်ဒေါင်းနက်ကလေးအား မနိုင်မနင်း မ၍ထုတ်လာခဲ့ပြီး ခြံရှေ့ စံပယ်ရုံဘေးသို့ ယူခဲ့သည်။

လေးဘီခြင်း၊

သို့သော် သူက ရှိသမျှအင်အားတို့ အစွမ်းကုန်ထုတ်၍ သုံးစွဲခဲ့သည်။

ဒဏ်ရာရလာသော မိမိ၏ရင်သွေးကို တယုတယ ပွေ့ချီလာသည့်အသွင်မျိုးပင်။

www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်တွင်အမှောင်ထုကကြီးစိုး ဆဲ၊ သို့သော် အနီရင့်ရင့်ကြိုးများကို တောင်လိုက်သည်၊ ဝါယာကြိုးများကို [illegible]ဘန်းလိုက်သည်၊ ဝင်မ [illegible]ကို ဖွင့်လိုက်သည်။

ခေါင်းနက်တလေး၏ မျက်နှာပြင် မှ သေးငယ်သော မီးလုံးကလေးများ လင်းသွားသည်၊ ပြီး - အသက်ဝင်လာ သော တလေးမသာ၏ မျက်လုံးကဲ့သို့ တဖျတ်ဖျတ်ခတ်နေသည်၊ ဝိုးတဝါးညည်း ညူသံများက ထွက်အန်လာတော့ သည်။

ဦးဇော်ဝေသည် နားကြပ်တစ်ခုကို သူ၏နားတွင် တပ်ဆင်လိုက်၍ ခိုင်ခွက် သုံးခုမှ ခလုတ်များကို တဖြည်းဖြည်း လှည့်၍ ချိန်ညှိခြင်းပြုသည်၊ အသံမျိုးစုံ က သူ၏နားထဲသို့ တိုးဝင်လာကြသည်။ "နီတ်" ဟု ခေါ်သည့် လေလှိုင်းသံများ၊ နိုင်ငံခြားမှ အသံလွှင့်ချက်များကို သူ ကြားလာရပါသည်။

ဒါပေမဲ့ - သူ့စိတ်က ရေဒီယိုအသံ ခမ်းစက် မဟုတ်၊ ရေဒီယိုထက် အဆ ပေါင်း သိန်းမက သာလေသည်။

သူ့လက်က ခေါင်းနက်၏ဘေးမှ ခီတာကို တဖြည်းဖြည်းလှည့်၍တင်ပေး လိုက်သည်၊ ခိုင်ခွက်အတွင်းရှိ လက်တံ ငယ်က တဖြည်းဖြည်း တက်၍လာ သည်။

တစ်သောင်း၊

တစ်သိန်း၊

တစ်သန်း၊

တစ်ကုဋေ၊

ကြားနေရသောအသံများက လုံးဝ ဆိတ်ငြိမ်သွားခဲ့သည်။

"အင်း - အမြင့်ဆုံးတော့ ရောက်ပြီ ဘာသံကြားရမလဲတော့ မသိဘူး"

သူက ခပ်တိုးတိုးရွတ်ဆိုလိုက်ပြီး နားကို စွင့်ထား၏၊ ခန္ဓာကိုယ်မှာ ကျောက်ရုပ်လို ငြိမ်သက်နေသည်။

သို့သော်...

နားကြပ်အတွင်းသို့ မည်သည့် အသံမျှ ဝင်မလာခဲ့။

ဘာသံမျှမကြားရအောင် ဆိတ်ငြိမ် လွန်းလှသည်။

အလင်းသည် ဝိုးပြင်ခြင်း ရှိလာ သည်။

မှုန်ရီနေသော ပတ်ဝန်းကျင်သည် တဖြည်းဖြည်း ကြည်လင်လာတော့ သည်။

ဦးဇော်ဝေ၏ ခန္ဓာကိုယ်ကြီးက ဆတ်ခနဲ တွန့်သွား၏။

ဟုတ်သည်။



သူ၏နားထဲသို့ အသံတစ်ခုက ထင် ထင်ရှားရှား တိုးဝင်လာခဲ့ပါပကော။

လူတစ်ယောက်၏လည်ပင်းအား ညှစ်လိုက်သဖြင့် ထွက်လာသည့် မရှိ ဆန့်အသံမျိုးပါတကား။

သို့သော် အသံက တိုသည်၊

ပြတ်သည်၊ နားကြည်းဖွယ်ရာလည်း ခံစားရဟန်တူသည်။

ထိုအသံမျိုး ခပ်များများက နားကြပ် အတွင်းမှ ပြတ်တောင်းပြတ်တောင်း ကြား နေရသည်။

လူ တွေ တစ် ယောက် ပြီး တစ် ယောက် လည်ပင်းညှစ်၍ သတ်နေသည့် အသံမျိုးပင်။

ဦးဇော်ဝေ၏အကြည့်က ပတ်ဝန်း ကျင်သို့ ပြန့်သွားသည်၊ ရှာဖွေမိသည်၊ အနီးအနားတွင်တော့ မည်သည့်လှုပ် ရှားမှုမျိုးကိုမှ မမြင်ရချေ။

မြို့စည်းရိုးတစ်ခုသာ ခြားနေသော အရေးပိုင်ဟောင်း ဦးမောင်မောင်စံ၏ ခြံဆီသို့ ရောက်ရှိသွားသည်။

"ဘုရား - ဘုရား - မယ်ခင်ပါလား"

ဟုတ်သည်။

တစ်ဖက်ခြံမှအစေခံမလေးမယ်ခင် [illegible] သူ ရုပ်မြင်လိုက်ရသဖြင့် ပါးစပ်မှ [illegible]ထွက်သွားခဲ့သည်။

မယ်ခင်၏ လက်ထဲ၌ ချွန်ထက် သော ကတ်ကြေးတစ်လက်ကို ကိုင်ထား သည်။

မယ်ခင်သည် ငွားငွားစွင့်စွင့် ပွင့် နေသော နှင်းဆီရုံနံဘေး၌ ရပ်လျက်ရှိ သည်၊ သူမ၏ လက်ထဲတွင် နှင်းဆီပန်း အချို့ကို ကိုင်လျက်သား။

ဦးဇော်ဝေသည် မယ်ခင်၏လှုပ်ရှား မှုကို စောင့်ကြည့်နေသည်၊

မယ်ခင်သည် နီရဲသော နှင်းဆီပွင့် ကြီး၏ အကိုင်းကို ကတ်ကြေးနှင့်ထိုး၍ ဖြတ်လိုက်သည်။

"အား"

နာကြည်းသောညည်းညူသံကြီး တစ်ခုက နားထဲသို့ ဝင်လာသည်။

ဦးဇော်ဝေသည် ဆတ်ဆတ်ခါ အောင်ပင် တုန်လှုပ်သွားချေသည်။

ဟုတ်ပေပြီ၊

ကတ်ကြေးနှင့် အဖြတ်ခံရသော နှင်းဆီပင်၏ နာကြည်းညည်းညူသံကို သူ ဖမ်းယူနားထောင်နိုင်ခဲ့ပါပကော။

"မယ်ခင် - ဟေ့ - မယ်ခင်"

ဦးဇော်ဝေသည် မယ်ခင်အား လှမ်း ၍ အော်လိုက်သည်၊ မယ်ခင်သည် သေတ္တာနက်တစ်လုံး၏ ဘေးတွင် ခူး ထောက်ထိုင်နေသော ဦးဇော်ဝေအား

www.burmeseclassic.com

www.burmeseclassic.com



လှမ်းမြင်သွားသည်၊ အကွာအဝေးက ခြေလှမ်း (၅၀)ထက် မပို၊

"ဦးလေး - ကျွန်မကို ခေါ်သလား"

မယ်ခင် အော်မေးသည်၊

"အေး - ဟုတ်တယ်၊ ဟုတ်တယ်၊ နောက်တစ်ပွင့် ထပ်ဖြတ်စမ်းပေါ့"

သူပြန်အော်ပြောသည်၊

"ရှင်"

"ဩော် - နှင်းဆီပန်းတစ်ပွင့်ထပ်ပြီး ဖြတ်စမ်းပါဦးလို့ ပြောတာပါ"

မယ်ခင်သည် မကြုံစဖူး သူမအား အရေးတယူလှမ်း၍စကားပြောနေသည့် ဦးဇော်ဝေအား မယုံနိုင်သလိုကြည့်ရင်း အော်ပြောသည်၊

"ဦးလေး - ပန်းလိုချင်လို့လား"

"ဖြတ်မှာသာ မြန်မြန်ဖြတ်စမ်းပေါ့"

ဦးဇော်ဝေ၏အသံက စိတ်မရှည်သလို ခပ်မာမာ ထွက်သွားသည်၊

မယ်ခင်သည် နှင်းဆီရုံမှ အပွင့်အကြီးဆုံးတစ်ပွင့်ကို ကတ်ကြေးနှင့် ထိုး၍ဖြတ်လိုက်သည်၊

ဒါကိုဦးဇော်ဝေက အသေအချာပင် စောင့်ကြည့်နေခဲ့၏၊ သို့သော် အကိုင်းက ထုတ်သဖြင့် တိခနဲ ဖြတ်မသွားခဲ့၊

ဤတွင် ဦးဇော်ဝေ၏ နားကြပ်ထဲသို့ ယခင်ကလို ညည်းညူသံက တိုးဝင်လာပြန်၏၊

သို့သော် အသံက ပြတ်၍မသွား၊ ဆွဲဆွဲငင်ငင် နာနာကြည်းကြည်း ခံစားရသည့်နယ် ဖြစ်သည်၊

ဦးဇော်ဝေသည် ခေါင်းမှ နားကြပ်ကို အလောတကြီးဖြုတ်၍ ခြံစည်းရိုးဆီသို့ တိုးကပ်လာသည်၊

"ဒီမှာမယ်ခင်၊ မင်း ခပ်စောစောက နှင်းဆီပန်းတွေကို ကတ်ကြေးနဲ့ ဖြတ်တယ်မဟုတ်လား"

"ဟုတ်ကဲ့ - ဦးလေး၊ ရှော့လေ - ဦးလေး လိုချင်ရင်"

မယ်ခင်က ခြံစည်းရိုးပေါ်မှ နှင်းဆီပွင့်လေးတစ်ပွင့်ကို လှမ်းပေးသည်၊

"ဟင့်အင်း - ဦးလေးမလိုချင်ပါဘူး ဒါပေမဲ့ - မင်း နှင်းဆီပန်းကို ဖြတ်လိုက်တော့ ဦးလေး ဒီဘက်ခြံက အသံကြားရတယ်"

ဦးဇော်ဝေက အလောတကြီး ပြောချလိုက်ခြင်းဖြစ်သည်၊ မယ်ခင်၏မျက်နှာက မဝေခွဲတတ်သလို တွေဝေသွားသည်၊

"ဩော် - ကတ်ကြေးသံကို ဦးလေး ကြားတယ်ထင်ပါရဲ့"



"မဟုတ်ဘူး - မဟုတ်ဘူး - နှင်းဆီ ငိုအော်သံ"

"နှင်းဆီပင်က မအော်ပါဘူး ဦးလေး"

"တို့ကွာ - မင်းက ကတ်ကြေးနဲ့ ဖြတ်လိုက်တော့ နာလို့အော်လိုက်တဲ့ အသံမျိုး"

"ရှင်"

မယ်ခင်၏မျက်လုံးအစုံက ပြူး ကျယ်ဝိုင်းစက်သွားသည်၊ အဘိုးကြီး၏ စကားကို နားမလည်သလို ကြောင် ကြည့်နေရှာသည်၊

"ဒီလိုလေ - အဲ - မင်းယုံချင်မှလဲ ယုံမယ်၊ ခုနက မင်းကတ်ကြေးနဲ့ ဖြတ် လိုက်တော့ နှင်းဆီပင်က အော်တယ်"

မယ်ခင်၏ လက်မှ ပန်းဖြတ် ကတ် ကြေးက လွတ်ကျသွားသည်၊

"အဲဒီ နှင်းဆီပင်ရဲ့အော်သံကို ဦးလေး ကြားလိုက်ရတယ်တွဲ့၊ ဟို - လု ပြီး ယောက်ကို လည်ပင်းညှစ်လိုက်လို့ ထွက်လာတဲ့ ညည်းသံမျိုးကြီးပဲ"

မယ်ခင်သည် ငူငူကြီး ရပ်နေရာမှ ဝုန်းခနဲ လှည့်ပြေးသွားသည်၊

"ကျွန်မ - ကျွန်မ - ဘုရားပန်းကပ် ချင်တယ်"

မယ်ခင် - တုန်တုန်ရင်ရင် ပြော၍ လွတ်ကျသွားသော ကတ်ကြေးကိုမျှ မကောက်တော့ဘဲ တစ်ချိုးထဲပြေးထွက် သွား၏၊

ဦးဇော်ဝေသည် မယ်ခင်၏ ကျော ပြင်အားကြည့်ရင်း သက်ပြင်းကို လေး ပင်စွာ ချလိုက်သော်လည်း အောင်မြင် သော အပြုံးရိပ်တစ်ခုက သူ၏မျက်နှာ တွင် ထင်ဟပ်နေဆဲ၊

၈၇၃

နေထွက်လာပြီ၊

သို့ရာတွင် ဦးဇော်ဝေသည် တိုက် ထဲသို့ပြန်ဝင်ရန် စိတ်ကူးမိပုံမရ၊

ခေါင်းနက်ကလေး၏ ဘေးတွင် ထိုင်လျက်ပင် ရှိသေး၏၊ သူ့ကို နှောင့် ယှက်ဟန့်တားမည့် သူ ဟူ၍ တစ် ယောက်မျှမရှိ၊ တစ်အိမ်လုံး သူတစ် ယောက်တည်းသာ ရှိ၏၊ သူ၏အိမ်မှ ထမင်းချက် ဒေါ်စီမှာ ယမန်နေ့ကပင် ခွင့်ငါးရက်ယူသွားခဲ့သဖြင့် တစ်အိမ်လုံး သူတစ်ယောက်တည်းရှိနေခြင်းပင်၊

သူသည် "ခေါင်းနက်ကလေး" ၏ မိတ်ဆွေများကို ချိန်ကိုက်ညှိနှိုင်းခြင်းပြုရာ၊ သူ၏ လက်တစ်ဖက်မှာ ငွားငွားစွင့်စွင့်

www.burmeseclassic.com

ရှုပွင့်နေသော စပယ်ရုံမှ အပွင့်တစ်ပွင့်ကို ရှုရှုကလေး ကိုင်ထားသည်။

ထို့နောက် စပယ်ပွင့်ဖြူဖြူကလေးကို တဖြည်းဖြည်း ဖိချေလိုက်သည်။

ဤတွင် အသံတစ်မျိုးကို နားကြပ်တွင်းမှ ကြားလာရသည်၊ သို့သော်နင်းဆီကိုင်းဖြတ်စဉ်က ကြားရသည့် အသံနှင့် ခြားနား၏။

စပယ်ပွင့်ကလေး ငိုကြွေးနေပြီလား။

ဦးဇော်ဝေ၏ ရင်က အစုမြန်လာသည်။ နာကြည်းဆွေးမြည့်ခြင်းက သူ့မျက်နှာတွင် ထင်ဟပ်လာသည်။

ဟုတ်သည်။

သည်လိုအသံမျိုးကို သူ၏ တစ်သက်နှင့်တစ်ကိုယ် မကြားဘူးခဲ့။

ဆတ်ဆတ်ခါအောင် နာကျင်ခြင်း။

မချိမဆန့်ညည်းညူခြင်း။

တောင်းပန်စယခြင်းများနှင့် ရောမြွမ်းနေသော စပယ်ပွင့်၏ ငိုရှိုက်သံက ရင်တုန်ဖွယ်ရာပါတကား၊ ပမာဆိုရသော် ရင်တုန်ဖွယ်ရာပါတကား၊ ပမာဆိုရသော် နနယ်ငယ်ရွယ်သည့် မိန်းမပျိုတစ်ယောက်၏ ငိုရှိုက်တောင်းပန်သံမျိုး။

"အင်း – ကျွတ် – ကျွတ် – တယ်သနားစရာကောင်းတဲ့ အသံပါပဲလားကွယ်။ လူတွေဟာ စပယ်ပွင့်ရဲ့အသံကို မကြားခဲ့ရပါဘူး၊ အခု ငါ ကြားနေရပြီ။ သိပ်ကို နာကြည်းဖို့ ကောင်းလှပါတကား"

ကြွေမွသွားသော စပယ်ပွင့်ဖတ်ကလေးအား ကြည့်၍ လှိုက်လှိုက်လှဲလှဲ ညည်းညူမိသည်။ သူ၏ရင်တွင်တစ်ဆို့သွားသည်။

ပြည့်နှစ်သွားခဲ့လေသည်။

ဦးဇော်ဝေသည် သူ၏ ခေါင်းနက်ကလေးအား မြံ၏အတွင်းပိုင်းဆီသို့ ဖမ်းယူခဲ့သည်။

မြံထောင့်တွင်တော့ မြင့်မားတုတ်ခိုင်သော ကညင်ပင်ကြီးက ထီးထီးမားမား ရပ်တည်နေသည်။

"အင်း – မင်းက အပင်ကြီးတယ် မြင့်တယ်၊ အကိုင်းအခက်လဲစုံတယ်ကဲ – မင်းရဲ့အသံဟာ ဘယ်လိုများထွက်လာဦးမလဲ"

ကညင်ပင်၏ အဝန်းက လူနှစ်ဖက်စန့်ရှိသည်။ ဖြောင့်တန်းသော ပင်စည်မှာ ပွတ်လုံးထိုးသကဲ့သို့ အလုံးအလင်းညီသည်။ မြင့်မားသောအခက်အလက်[illegible]

[illegible]များတမိုးသို့ အလုအယက်တက်နေကြသည်။

သူသည် ပင်ခြေတွင် "ခေါင်းနက်" [illegible]ကလေးအားချလိုက်ပြီး တိုက်အတွင်းမှ [illegible]ဆင်းခဲ့သော ပေါက်ဆိန်ကြီးတစ်လက်ကို သွားယူခဲ့၏။

ထက်မြသော ပုဆိန်သွားက နံနက်[illegible] နေခြည်တွင် ဖြိုးဖြိုးပြက်ပြက် ဝင်း[illegible]တ်နေသည်။

မည် သို့ ဆို စေ – ကညင် ပင် ၏ [illegible]အစကို သူက စမ်းတော့မည်ဖြစ်၏။

ဦးဇော်ဝေက သူ့ခေါင်းနက်ကလေး၏[illegible]တော်ခလုတ်ကို ဖွင့်လိုက်သည်။

ဓရိယာကြိုးများကို ကညင်ပင်နှင့် [illegible]တ်လိုက်သည်။

ကျေနပ်နှစ်သိမ့်ဖွယ် အခနေအထား [illegible]ရောက်သည့်တိုင်အောင် သူက မြင်[illegible]ပြုံး၏။

သူ၏ နားနှစ်ဖက်၌ အနက်ရောင် [illegible]တပ်ဆင်ပြီး –

"တဲ…"

သူ၏ လက်နှစ်ဖက်၌ အသွားထက်[illegible] ပုဆိန်ရိုးကို ဆုပ်ကိုင်ပြီး ဦးဇော်[illegible]ည် ပင်ခြေတွင် ခြေကိုခွ၍ နေရာ[illegible]တ်သည်။

လက်တွင်းမှ ပုဆိန်ကို တစ်ချက်လွှဲလိုက်ပြီး ပင်စည်တွင်းသို့ ခုတ်ချလိုက်၏။

"ခုတ်"

ပထမဆုံးတိုးညင်းသောအသံတစ်ချက်က သူ့နားထဲသို့ စူးဝင်လာ၏။ ပြီးအသံက တဖြည်းဖြည်း တျယ်လောင်ပြတ်သားလာသည်။ အလွန်နာကြည်းစွာ အော်မြည်သံက ပီထင်လာ၏။ အသံသည် ပြောပနိုင်ဖွယ်မရှိလောက်အောင် ဆွေးလာ၏။ တစ်ဆို့၏။ နောက်တဖြည်းဖြည်း တိမ်သွားသည်။ ပျက်ပြယ်သွားသောပဲ့တင်သံကို လှိုင်၍ ကျန်ရစ်သည်။

ဦးဇော်ဝေသည် လက်ထဲမှ နာရီကို ကြည့်လိုက်၏။ စုစုပေါင်း တစ်မိနစ်ခန့်မျှကြာအောင် အသံကြားရခြင်းပင်။

သူသည် ပင်စည်တွင် နစ်မြုပ်နေသော ပုဆိန်သွားကို အသာအယာနှုတ်သည်။ လူ၏အသားထဲ၌ စူးဝင်နေသော ဆူးကို ဆွဲနုတ်သည့်သဏ္ဍာန်မျိုးပင်။

"မင်းမှာတကယ်ပဲအသက်ရှိတယ်၊ နာကျင်တတ်တယ် ဆိုတာ ငါသိပါပြီကွာ"

ဦးဇော်ဝေက တိုက်အတွင်းသို့ ပြေးဝင်သွားသည်။ တယ်လီဖုန်းကို မ၍ နံပါတ်ခွက်များကို လှည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏လက်များက မကြုံစဖူးအောင် တုန်ရင်နေသည်။ မကြာခင် တစ်ဖက်မှ စကားပြောခွက် မယူသံကို ကြားရသည်။

"ဟဲလို – ဒေါက်တာမင်းကြည်လား"

ဦးဖော်ဝေက အလောတကြီးမေးမိသည်။

"ဟုတ်ပါတယ်၊ မင်းကြည်ပြောနေပါတယ်"

"အား – ဒေါက်တာမင်းကြည်၊ ကျုပ် ကျုပ် ဖော်ဝေပါ။ ခင်ဗျား အခုချက်ချင်း ကျုပ်ဆီကို လာခဲ့ပါ"

ဦးဖော်ဝေ၏ စိုးရိမ်မှုလွန်ကဲနေသံကြောင့် ဒေါက်တာမင်းကြည် အံ့ဩသွားရသည်။ သည်လိုအသံမျိုးကို အရေးပေါ်လူနာခန်းမှသော်လည်းကောင်း၊ တားတိုက်ခံရ၍လည်းကောင်း၊ အဆိပ်သောက်မိသော လူနာရှင်တလည်းကောင်း သူသည်သို့ ဆက်သွယ်လေ့ရှိဖူးသည်။

"စောစောစီးစီး ဘာဖြစ်နေတာလဲ ဦးဖော်ဝေ၊ ခင်ဗျားလည်းရောင်းပြန်ထလာပြန်ပြီလား"

"မဟုတ်ဘူး – မဟုတ်ဘူး – ဒေါက်တာ၊ ကျုပ်အသံတစ်ခုကြားရတယ်၊ ဟိုကျုပ်တီထွင်ထားတဲ့စက် – အဲ – ခေါင်းနက်ကလေးထဲတပေါ့၊ အို – ခင်ဗျားကို ပြောရင် ယုံမှာ မဟုတ်ဘူး၊ ကျုပ်ဆီကို အမြန်ဆုံးသာလာခဲ့ပျာ"

ဒေါက်တာမင်းကြည်က သက်ပြင်းချမိသည်။ စောစောစီးစီး အနှောင့်အယှက်ပြုသူကို သူအင်မတန်စိတ်ကုန်သည်။

သို့သော်...

ဦးဖော်ဝေသည် သူ၏ လူနာ၊ သူကုသနေသော ဝေဒနာသည်။

"ဘာတွေများထူးလို့လဲ ဦးဖော်ဝေ"

"ဒီမှာ ဒေါက်တာ ခင်ဗျားလာနိုင် မလာနိုင်ပြောပျာ"

ဦးဖော်ဝေ၏အသံက သိသိသာသာ တင်းမာလာသည်။

"ကောင်းပါပြီလေ၊ ကျွန်တော် အခုပဲ လာခဲ့ပါ့မယ်"

ဒေါက်တာမင်းကြည်သည် စကားပြောခွက်ကို စိတ်ပျက်လက်ပျက် ပစ်ချလိုက်မိသည်။

***

ဒေါက်တာမင်းကြည်သည် သူ၏ ဓီးယက်ကားကို မောင်း၍ ဦးဖော်ဝေ၏ သမိုင်းရှိ ခြံကြီးဘက်သို့ ထွက်ခဲ့သည်။

အချိန်က ခြောက်နာရီထက် မပိုသေး။



သူ၏ မျက်နှာ သုန်မှုန်နေသည်။

သူ့စိတ်က ပျံလွင့်နေသည်။

ဦးဖော်ဝေနှင့် ဒေါ်မီမီသွင် အကြောင်းများက သူ့ခေါင်းထဲသို့ ဝင်လာသည်။

တကယ်ဆိုတော့ သည်လင်မယား *တို့သူ သိခဲ့ရသည်မှာ လွန်ခဲ့သည့် တစ်*နှစ်ခန့်ကပင် ဖြစ်သည်။

ဒေါ်မီမီသွင် နေမကောင်းစဉ်က၍ ဦးဖော်ဝေ၏ သမိုင်းရှိ စံပယ်မြိုင်ခြံကြီးတို့ ရောက်ခဲ့ခြင်းပင်။

ကြာတော့ ဦးဖော်ဝေတို့၏ လက်စွဲဆရာဝန် ဖြစ်လာခဲ့သည်။

ကွာခြားလွန်းသော သူတို့နှစ်ဦး၏ အသက်အရွယ်ကိုလည်း အံ့ဩမိရသည်။

ဒေါ်မီမီသွင်၏အသက်မှာ မည်သည့်နည်းနှင့်မျှ သုံးဆယ်မကျော်သေး။

အဆင်အပြင်ကြည့်၍ ဆိုလျှင် နောက်ထပ်ဆယ်နှစ်ခန့် ထပ်၍ နုတ်ရပေလိမ့်မည်။

ဒေါ်တပ်၍ ခေါ်ရစေဦး၊

မီမီသွင်၏ခန္ဓာကိုယ်အချိုးအဆက် အနုပျိုဆဲ၊ ဖွံ့ထွားဆဲ၊

သူ့အထာနှင့်သူက အချိုးဆက်ကျသော အတိုင်းအတွာများကို မီမီသွင်က ပိုင်ဆိုင်သည်။

ထိုမီမီသွင်ကို ဦးဖော်ဝေကပိုင်ဆိုင် ပြန်လေသည်။

ဦးဖော်ဝေ၏ အသက်အရွယ်က (၅၀)ကျော်ကျော်။

ဦးဖော်ဝေနှင့်တွဲလျှင် ဘယ်သူကမှ လင်မယားမထင်။

သူတို့အတွဲက ဘက်မညီ။

စရိုက်မညီ။

ဒါကိုတော့ ဒေါက်တာမင်းကြည် သိထားသည်။

ကာလကြာသောအခါ မီမီသွင်၏ အနေအထိုင်အဆက်အသွယ်တို့ပါ သိုသိုးသံ့သံ့ ကြားလာရသည်။

အညှီနံ့ ရလာသည်။

သူမ၏ သတင်းက မွှေးကြိုင်ခြင်း တော့မရှိ။

အညှီနံ့ ဖြစ်သည်မို့လည်း အချေ အလွင့်မြန်ပုံရသည်။

အကြောင်းကား ...

မီမီသွင်နှင့် တင်လှမြင့်တို့ တိတ်တိတ်ကလေးတွဲနေကြသည်။

သူ၏အလုပ်အကိုင်က ရုပ်ရှင် ထိုက်ပတ်၊ ပြီး – ရုပ်ရှော၍ အပြောကောင်းသည်။

မီမီသွင်နှင့် တင်လှမြင့်တို့ တွဲခုတ်နေကြသည်ဟူသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ခက်သည်က မိန်းမသားတွေသည် ရှပ်ချော၍ အပြောတောင်းသူအား ပစ်ကျတတ်ခြင်းပင်။

ဦးဇော်ဝေသည် ဗီဗီသွင်၏ အနေအထိုင်ကို တစ်စွန်းတစ်စမျှ သိပုံမပေါ်။

ဗီဗီသွင် လင်ငယ်နေသည်။

မျောက်မ ထားသည်။

သစ္စာမဲ့သည်။

ဦးဇော်ဝေ၏ စရိုက်ကလည်း သူ စိတ်ဝင်စားသောအရာကိုလျှောက်လုပ်နေရလျှင် ကျေနပ်သော လူစားမျိုးဖြစ်၏။

အချိန်တ ခြောက်နာရီထက် မပိုသေး။

ကြည့်...။

ယခုလည်း အဓိပ္ပာယ်မရှိသော လုပ်ငန်းတစ်ခုကို ရမည်ရှာ၍ သူ့ကို ခေါ်ချေပြီ။

ဒေါက်တာမင်းကြည်သည် လူနေအိမ်ခြေနှင့် ဝေး၍ သီးသန့်ကျလှသော ဦးဇော်ဝေ၏ခြံဘက်သို့ ကားကို ချိုးကွေ့ဝင်လိုက်၏။

ဦးဇော်ဝေသည် ဒေါက်တာမင်းကြည်အား သူ၏ ခြံဝမှ ထွက်၍ ကြိုလင့်နေသည်။ သူ့အသွင်က ကစားစရာအသစ်အဆန်းတစ်ခု တော်ကောက်ရထားသည့်ကလေးငယ်ပမာ။

ဒေါက်တာမင်းကြည် ဆေးအိတ်ကို ဆွဲ၍ ကားပေါ်မှ ဆင်းလာသည်။

"လာဗျို့- ခင်ဗျားကို ထူးထူးဆန်းဆန်း တစ်ခုပြရဦးမယ်၊ ဒီကမ္ဘာမှာ ဘယ်သူမှ မမြင်ဘူး၊ မကြားဘူးတာမျိုးပေါ့"

သူသည် ဦးဇော်ဝေ၏နောက်မှ တိတ်တိတ်ဆိတ်ဆိတ်ပင် လိုက်သွားသည်။ ခြံနောက်ဖေးရှိ ကညင်ပင်ကြီးနောက်တွင် ဦးဇော်ဝေ၏ "ခေါင်းနက်ကလေး" က ရှိနေသည်။

"ကျုပ် စောစောကအသံတွေကို ဖမ်းမိခဲ့တယ် ဒေါက်တာ"

"ဘာလဲ - ဗိုးဟပ်ဖိုတဲ့အသံလား"

"အာ - ဘယ်ဟုတ်မလဲဗျာ၊ ဗိုးဟပ်က လွှပ်ရှားသွားလာလာနိုင်သေးတာပဲ၊ ဗိုးဟပ်ထက် အဆပေါင်းများစွာ ထူးဆန်းတဲ့အသံမျိုးဗျို့"

ဦးဇော်ဝေသည် ဒေါက်တာမင်းကြည်အား သူ ခပ်စောစောက ဖမ်းယူနားထောင်ခဲ့သည့် နင်းဆီပွင့်အော်သံများ၊ စံပယ်ပွင့်၏ ငိုညည်းသံများကို အကျဉ်းချုံး၍ ပြောပြလိုက်ပါသည်။

"ခက်တာက လူတွေဟာ ကျုပ်ပြောတာကို ယုံကြမှာ မဟုတ်ဘူး။ အဲ- အဲ - ခုနက ဟိုဘက်ခြံက မယ်ခင်ထဲ ဒီလိုပဲ၊ ကျုပ်က နင်းဆီပင်ရဲ့အော်သံကို ကြားတယ်လို့လည်းပြောရော တစ်ခါတည်းထွက်ပြေးတော့တာပဲဗျို့ ခင်ဗျားကတော့ "အယ်ဂျူဂိတ်တက်" ဆရာဝန်တစ်ယောက်ပဲ ကျုပ် လက်တွေ့ပြရင် ယုံမလား"

ဒေါက်တာမင်းကြည်က မသိမသာပြုံးရင်း ခေါင်းညိတ်ပြလိုက်ရ၏။

သို့သော် သူ၏မျက်လုံးတွေက ယုံကြည်မှုမရှိကြောင်း သက်သေခံနေပေသည်။

"တဲလေ - လက်တွေ့စမ်းသပ်ကြည့်ရအောင်၊ ခင်ဗျားပြောတာ ဟုတ်မဟုတ် သိရတာပေါ့"

ဦးဇော်ဝေသည် သူတီထွင်ထားသောအသံဖမ်းစက် "ခေါင်းနက်ကလေး" ၏ ခလုတ်များဖွင့်ခြင်း၊ ညှိခြင်းများ ပြုလုပ်ပြီး ဒေါက်တာမင်းကြည်အား နားကြပ်ကို တမ်းပေးလိုက်ရင်း နားထဲတွင် တပ်နိုင်းလိုက်သည်။

"တင့်အင်း - ဘာမှမကြားရပါလား"

"တောင်းပြီ၊ ကျုပ်ပင်စည်ကို ပုဆိန်နဲ့အားရော့တ်ချလိုက်တော့မယ်၊ အသေအချာ နားထောင်တော့ဗျို့ ကညင်ပင်ကြီးအော်လိမ့်မယ်"

သူ၏ အသံက တက်ကြွနေသည်။ ခြောက်နှစ်အလလက ကြိုးစားတီထွင်မှု၏ အောင်မြင်ချက်ကို သက်သေပြရတော့မည်။



သူသည် ပုဆိန်ရိုးကို လက်နှစ်ဖက်နှင့် ကျစ်ကျစ်ပါအောင် ဆုပ်၍ မြေကိုခွဲကာ ကြွကြွရွရွကလေး ရပ်လိုက်သည်။

ပီတိနှင့်ယုံကြည်ချက်တဦးဇော်ဝေ၏မျက်နှာတွင် ပေါ်လွင်နေ၏။

"တဲ"

ဦးဇော်ဝေသည် ပုဆိန်ကို အထက်သို့မြှောက်၍ အားယူလိုက်၏။

သို့သော်...

စက္ကန့်ပိုင်းအတွင်း သူ၏ခန္ဓာကိုယ်ကြီးက ဆတ်ခနဲ တုံ့ဆိုင်းသွားသည်။

ဟုတ်သည်။

သူ အားပြု၍ ရပ်ထားသော ခြေထောက်အောက်မှ မြေကြီးက ငြိမ့်ခနဲ တုန်သွားသလို ထင်မှတ်လိုက်၏။ အောက်ခံမြေကြီးသည် အနည်းငယ်ရွေ့လျားသွားကြောင်း ဦးဇော်ဝေ၏စိတ်ထဲတွင် ထင်မှတ်လိုက်မိသည်။

ပုဆိန်သွားက ဝီးခနဲ အော်မြည်လျက် ပင်စည်ထဲ စိုက်ဝင်သွားသည်။

"ဒုတ်"

ထိုအတူ လေပြင်းကြီးတိုက်လာ၍ တဝေါဝေါဆူညံလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုတ်ခနဲ စိုက်ဝင်သွားသောအသံနှင့်အတူ တဗျစ်ဗျစ် မြည်သံကြီးက တညင်ပင်ကြီး၏ အထက်ပိုင်းမှ ထွက်ပေါ်လာသည်။

သူတို့နှစ်ယောက်စလုံးက ကညင်ပင်ပေါ်သို့ မော့ကြည့်လိုက်သည်။

ကြီးမားသော သစ်ကိုင်းကြီးတစ်ခုက တဖြည်းဖြည်း အိ၍ကျိုးကျလာပေပြီ။

"ပြေးချို့- ပြေး၊ သစ်ကိုင်းကြီး ကျိုးကျလာပြီ"

ဒေါက်တာမင်းကြည်က အော်ဟစ်ရင်း နားကြပ်ကို ဖြုတ်၍ တအားပြေးထွက်သွားသည်။

ဦးဇော်ဝေသည်နောက်သို့အနည်းငယ်ဆုတ်လိုက်နိုင်သည်။ ပြင်းထန်သောအသံကြီးက ဟိန်းထွက်လာပြီး သစ်ကိုင်းကြီးကပင်ခြေသို့ရိုက်ခတ်ကျဆင်းလာ၏။

"ဝုန်း"

ဦးဇော်ဝေက ငုငုကြီး ရပ်နေဆဲ။

သို့ရာတွင် ...

သူ၏ ခေါင်းနက်ကလေးမှာ သစ်ကိုင်းပိ၍ အစိတ်စိတ် အမြွှာမြွှာ ကြေတွဲသွားချေပြီ။

လေကလည်း ရုတ်တရက် ငြိမ်သက်သည်။

"ကံကြီးလို့ပါလားဗျာ၊ ခင်ဗျား ဘာမှမဖြစ်ဘူးနော်"

66 လက်တစ်ဖက်၊ သစ်ကိုင်းများအကြားမှ လက်တစ်ဖက်ကို သူ အသေအချာမြင်လိုက်သည်။ မြုပ်နှံထားသော အလောင်းတစ်လောင်းမှ လက်တစ်ဖက်က ပေါ်နေသည်။ အကြောင်းတား အမြင့်မှ ကျိုးကျလာသော သစ်ကိုင်း၏ အခက်တစ်ခုက မြေကြီးကို ထိုးဖောက်လိုက်သဖြင့် မြှုပ်ထားသည့် အလောင်း၏လက်က ပေါ်လာခြင်းပင် ဖြစ်ပေသည်။





ဒေါက်တာမင်းကြည်က မေးသည်။

ဦးဇော်ဝေသည် ပျက်စီးနေသော သူ၏ ခေါင်းနက်ကလေးအား မတုန်မလှုပ် စိုက်ကြည့်ရင်း တစ်ဆို့လေးတွဲသောအသံက တစ်ခွန်းချင်း ထွက်ပေါ်လာသည်။

"ခင်ဗျားဘာသံကြားရသလဲဒေါက်တာမင်းကြည်"

"ဘာကိုပြောတာလဲ - ဦးဇော်ဝေ"

"ကျုပ် ပုဆိန်နဲ့ ပေါက်လိုက်တော့ အထဲမှာ ဘာသံကြားသလဲလို့ ကျုပ်မေးတာ"

သူ့အသံကမာနေသည်။ ဒေါက်တာမင်းကြည်က ခေါင်းကို ခါလိုက်သည်။

"ဘာသံမှမကြားလိုက်ပါလားဗျာ"

"အသေအချာစဉ်းစားပါဦး - ဒေါက်တာမင်းကြည် ... ခင်ဗျားကြားကိုကြားရမယ်"

ဦးဇော်ဝေ၏အသံက စီးစီးပိုင်ပိုင်ရှိလှ၏။ ဒေါက်တာမင်းကြည် သည် ဦးဇော်ဝင်အား နားမလည်နိုင်သလို ကြည့်မိသည်။

"အသေအချာတော့မပြောနိုင်ဘူး၊ ... ဟောင်နေတုန်း အပေါ်က သစ်ကိုင်း ... သံ ကြားတာနဲ့ ထပြေးမိတာပဲ၊ ... ကိုင်းက နဂိုကတည်းက ဆွေးနေ

ပုံပဲဗျာ၊ တိုက်တိုက်ဆိုင်ဆိုင်အခုမှ ကျိုးကျရတယ်လို့ဗျာ"

ဦးဇော်ဝေသည် သူ၏ခေါင်းကို လေးတွဲစွာ ခါယမ်းလိုက်သည်။

မျက်နှာက နီရဲလာသည်။

ခန္ဓာကိုယ်ကြီးက တဆတ်ဆတ်တုန်လာ၏။

ဝမ်းနည်းခြင်း၊ ဒေါသထွက်ခြင်း၊ ယူကျုံးမရခြင်းတို့က ဖိစီးလာသည်။

"သွားပြီ"

သူ့အသံက တစ်ဆို့နေသည်။

သူသည် ပင်စည်တွင် စိုက်ဝင်နေသော ပုဆိန်သွားကို ညင်သာစွာ နုတ်လိုက်သည်။

မျက်ရည်စီးကြောင်းနှစ်ခုက သူ၏ ပါးပြင်အား ရုပ်တိုက်လျှောဆင်းလာသည်။

သူသည် ပုဆိန်သွားထိ၍ ပတ်တက်ကွဲနေသော နေရာကို လက်နှင့် တယုတယ ပွတ်သပ်ပေးလိုက်သည်။

"ကဲ - တိုက်ထဲ ဝင်ကြစို့ ဦးဇော်ဝေ"

"ဒေါက်တာ မင်းကြည်"

ဦးဇော်ဝေ၏အသံက မာလွန်းနေသည်။

"ခင်ဗျား ဆေးအိတ်ထဲမှာ ဆေးပါတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ကောင်းပြီ၊ သစ်ပင်က ဒဏ်ရာကို ဆေးထည့်ပေးလိုက်ပါ - ဒေါက်တာ"

"ဗျာ"

"ကျုပ် ပြောတာ အရှင်းကြီးပဲ ဒေါက်တာ"

ဒေါက်တာမင်းကြည်ပါးစပ်ဟသွားသည်။ ဦးဇော်ဝေ၏အနားသို့အသာကပ်သွားရင်း ညင်သာစွာပြောသည်။

"တိုက်ထဲပြန်ဝင်ကြစို့ - ဦးဇော်ဝေ၊ ခင်ဗျားကြည့်ရတာ သိပ်နေကောင်းပုံ မရဘူး"

ဦးဇော်ဝေက တုတ်တုတ်မျှမလှုပ်။ စူးရှသောမျက်လုံးအစုံနှင့် ဒေါက်တာမင်းကြည်အားစိုက်ကြည့်၏။ ထို့နောက် သူ၏လက်ထဲတွင်ကိုင်ထားသောပုဆိန်ရိုးအား တစ်ချက်ဆလိုက်သည်။

ဒေါက်တာမင်းကြည်ကို ခုတ်သတ်တော့မည့်ပုံသဏ္ဌာန်မျိုး။

"ခင်ဗျားကို ကျုပ် အမိန့်ပေးနေတယ်၊ သစ်ပင်က ဒဏ်ရာကိုဆေးထည့်ပေးလိုက်"

စကားအဆုံးမှ လေးလုံးကို ဦးဇော်ဝေက တစ်လုံးချင်းခွဲ၍ ပီပီသသ ပြောချလိုက်သည်။ ဤတွင် ဒေါက်တာမင်းကြည်အတွက် အခြေအနေ အရပ်ရပ်ကို နားလည်လိုက်သည်။

သွားပြီ။

ဦးဇော်ဝေ လုံးဝစိတ်ဖောက်ပြန်သွားခဲ့ပြီ။ သူက ထွက်ပေါက်ကို ကြည့်လိုက်၏။ သို့ရာတွင် ပုဆိန်သွား၏ အောက်မှ လွတ်မြောက်ဖို့ လမ်းမမြင်။ ဒေါက်တာမင်းကြည်က ခေါင်းကိုအသာညိတ်ပစ်လိုက်သည်။

"ကောင်းပြီ - ကျုပ် ဆေးထည့်ပေးပါ့မယ်"

ဒေါက်တာမင်းကြည်က ကျိုးကျနေသော သစ်ကိုင်းအောက်မှ သူ၏ဆေးအိတ်ကိုပြန်လည်ရှာဖွေရ၏။ သစ်ကိုင်းဖုံးကွယ်နေသဖြင့် အလွယ်တကူမတွေ့။ သူက သစ်ရွက်များကို ဖယ်လိုက်သည်။

"ဘုရား - ဘုရား"

ဒေါက်တာ၏နှုတ်မှ တိုးတိုးထွက်သွားသည်။ သူ့တစ်ကိုယ်လုံးလည်း တုန်တုန်ယင်ယင်ကြီး ဖြစ်သွားခဲ့သည်။

လက်တစ်ဖက်။

သစ်ကိုင်းများအကြားမှ လက်တစ်ဖက်ကိုသူ အသေအချာ မြင်လိုက်သည်။

မြှုပ်နှံထားသော အလောင်း၏ လောင်းမှ လက်တစ်ဖက်က ပေါ်နေသည်။ အကြောင်းကား အမြင့်မှ ကျိုးကျသော သစ်ကိုင်း၏ အစက်တစ်ခုက မြေကြီးကို ထိုးဖောက်လိုက်သဖြင့် မြှုပ်ထားသည့် အလောင်း၏လက်က ပေါ်လာခြင်းပင် ဖြစ်ပေမည်။

သို့သော် ခန္ဓာကိုယ်၏ တစ်စွန်းတစ်စကိုမျှ သူမမြင်ရ။

"ဆေးအိတ် မတွေ့သေးဘူးလား ဒေါက်တာ"

"အား - တွေ့ပါပြီဗျာ - တွေ့ပါပြီ"

ဒေါက်တာမင်းကြည်သည် သစ်ကိုင်းများအောက်မှ ဆေးအိတ်ကို ဆွဲထုတ်လိုက်ပြီး အထဲမှ ပွမ်းလိပ်နှင့် တင်းရှင်းအိုဒင်းပုလင်းကို ထုတ်ယူလိုက်သည်။

ထို့နောက်ပုဆိန်ချက်ထိထားသော သစ်ပင်မှ ဟက်တက်ကွဲနေသည့်နေရာကို ဆေးရည်ဆွတ်ထားသည့် ပွမ်းစများ ဖိသိပ်ထည့်လိုက်၏။

သို့သော် ...

သူ၏စိတ်က မြေကြီးထဲမှထွက်နေသော လက်တစ်ဖက်ဆီသို့ ရောက်နေသည်။ မြင်နေရသည်။

ဖြူဖွေးပြနေသော လက်ချောင်းလေးတစ်ခုပေါ်တွင် အရောင်ထွက်နေသော စိန်ခြယ်လက်စွပ်ကလေးက ရှိနေဆဲ။

"ကောင်းတယ်ဗျို့ မနက်ဖြန်တစ်ခေါက်လာပြီး သစ်ပင်က ဒဏ်ရာကို ဆေးထည့်ပေးပါဦး။ ကျုပ် နှစ်ချက်တောင် ခုတ်လိုက်တာပဲ၊ အင်မတန် နာရှာမှာ။ ကညင်ပင်ရဲ့ ငိုရှိုက်သည်းတွေ သံကို ကျုပ် တစ်ယောက်တည်း ကြားလိုက်ရတာဆိုတော့ ခင်ဗျားတို့ ဘယ်ယုံမလဲ"

ဦးဇော်ဝေက တိုက်ဘက်သို့ ပြန်လျှောက်လာရင်း လေးတွဲ့စွာ ဆိုသည်။ သူ့အသွင်အပြင်က အေးအေးဆေးဆေး ဖြစ်စပြုလာသည်။

"ကဲ - ဦးဇော်ဝေ၊ ကျုပ်လဲ ဆေးတိုက်ကို ပြန်လိုက်ဦးမယ်၊ မနက်ဖြန်ကျ တစ်ခေါက်လာခဲ့တာပေါ့၊ ဪ - ဒါနဲ့ စကားမစပ် ဒေါ်မီမီသွင် ဘယ်တော့ပြန်လာမလဲ - ဦးဇော်ဝေ"

"မသိဘူးဗျာ၊ ကျုပ်မိန်းမကလဲ သူ ထင်သလို နေရမှ ပျော်တယ်ထင်တာ ကိုး။ ဘယ်တော့ ပြန်လာမလဲတော့ မပြောတတ်ဘူး၊ တောင်ကြီးမှာ သူ့ခမျာ သလောက် နေဦးမှာပေါ့"

ဒေါက်တာမင်းကြည်က သက်ပြင်း ကို မသိမသာချလိုက်မိသည်။ သူသည်



www.burmeseclassic.com

www.burmeseclassic.com



ဦးဇော်ဝေ၏တိုက်တံခါးဝသို့တိုင်အောင် လိုက်ပါလာခဲ့ပါသည်။

"ဪ - ဒါနဲ့ ဦးဇော်ဝေ - ဟို ဒေါ်မိမိသွင်ရဲ့ဘယ်ဘက်လက်မှာ စိန်ခြယ်လက်စွပ်ကလေးတစ်ကွင်းရှိတယ် မို့လားဟင်၊ အမှတ်ရလို့ မေးမိတာပါ"

ဦးဇော်ဝေက ခေါင်းတစ်ချက်ညိတ်ပြ၍ တိုက်ထဲသို့ တစ်လှမ်းချင်း ဝင်သွားလေ၏။

ဒေါက်တာမင်းကြည်သည် ဦးဇော်ဝေ၏ "စံပယ်မြိုင်မြဲ" ကြီးထဲမှ ကားကို အပြင်းမောင်း၍ ထွက်ခဲ့မိသည်။

ဦးဇော်ဝေ တီထွင်သော အသံဖမ်းစက်ကလေး၏ အောင်မြင်မှုကို ဟုတ်၏ မဟုတ်၏ ဒေါက်တာမင်းကြည် မသိ၊

သူ၏ဦးတည်ချက်က အနီးစပ်ဆုံး မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရဲစခန်းတစ်ခုသို့။


ထိုမှတစ်ဆင့် စိတ်ရောဂါအထူးကုဆေးရုံမှ ဆရာဝန်တစ်ယောက်အား ...။

⇨ **ဆွေလှိုင်ဦး**

(၁) ဆူးပန်းစေ့နှင့် ဆူးဖြူခေါက်တို့ကို အညီအမျှ မီးရှို့ပြာချပါ။ ထိုပြာကို အုန်းဆီနှင့် ရောလိမ်းပါ။


(၂) ကြိတ်မှန်ရွက်နှင့် နမ်းနက် အညီအမျှစု၍ အမှုန့်ပြုပြီး ပျားရည်နှင့် ရောစားပါ။ နွားနို့နဲ့ အမြဲသောက်ပါ။

(၃) သံပုရာစေ့ကို ရေနှင့်ကြိတ်၍ နေ့စဉ် ဆံပင်ကို လိမ်းပေးပါက ဆံပင်ပြန်ပေါက်သည်။




www.burmeseclassic.com

www.burmeseclassic.com






# သူဌေးကြီးဦးကျောက်စိမ်းနှင့် ဆုံခဲ့ရစဉ်က

www.burmeseclassic.com

www.burmeseclassic.com



**၁၉၇၆** - ခုနှစ်တွင် ကျွန်တော် အင်းစိန်ထောင်တွင်တာဝန်ထမ်းဆောင် ရရာအမှတ်(၁)အိပ်ဆောင်၊ အဆောင် မှူးအဖြစ် တာဝန်ထမ်းဆောင်ရသည်။ လူမျိုးထောင်မှူးဖြစ်၍ အခန်းမရ၊ လူပျို ထောင်မှူးများကို နေရာပေးထားသော ဂုမျှော်စင်အနီးရှိ ဘူးသစ်အဆောင်မှာ လည်း နေရာပြည့်နေ၍ ကျွန်တော် နေ ထိုင်ရာသမိုင်းအိမ်ကြီးတွင်သာမိဘများ ဖြင့် နေထိုင်ပြီး အလုပ်တက်၊ ဆင်းရ သည်။ ထောင်မှာ လူအများကို အုပ်ချုပ် ရသောအလုပ်ဖြစ်၍မနက်(၄း၃၀)နာရီ ခန့်ထပြီးအင်းစိန်သို့ထောင်ဖွင့်အမီပြေး ရသည်။ မနက်(၅)နာရီကျော် ခန့် အင်းစိန်မြို့တီနီဘီတ်လေတာပြင်ဈေးရှေ့ ရောက်သည်နှင့်ရထားသံလမ်းသို့ဖြတ် ကျော်ပြီးကမ်းနားလမ်းအတိုင်းအင်းစိန် ထောင်ဝင်းအတွင်း လမ်းလျှောက်ရ သည်။ (၁၅)မိနစ်ခန့်ကြာသည်။

ထောင်ဖွင့်တန်းစီချိန်မှာ မနက် (၅း၃၀)နာရီအလှေ့အကျင့်ရနေ၍ပုံမှန် တန်းစီချိန်ကို ကွက်တိရောက်သည်။ ထောင်ဖွင့် လူခံပါင်းလိုက်သည်နှင့် မနက်အချုပ်သား၊ အကျဉ်းသားများ အလုပ်ဆင်းသည်ကို ကြီးကြပ်ရသည်။ မနက်(၇)နာရီ၊ နောက်တစ်ဖွဲ့ဝင်လာမှ ကျွန်တော်တို့ထောင်ဖွင့်အဖွဲ့အနားရပြီး ထောင်ပြင်ထွက်၍မနက်စာစားရသည်။ ထိုစဉ်က အရာရှိများ အရပ်ဝတ်ဖြင့် ထောင်ဖွင့်ဝင်ပြီးမှမနက်စာစားသောက် ၍ ယူနီဖောင်းလဲပြီး မနက်(၈)နာရီတွင် အလုပ်ပြန်ဝင်ရသည်။

ကျွန်တော် ယူနီဖောင်းလဲ၍ ခေတ္တ တည်းခိုသောအိမ်မှာ အပတ်စဉ်တူ၊ သူငယ်ချင်း ဦးစိုးသိန်း(တာကလေး)တို့ အိမ်ဖြစ်သည်။ ထောင်အပြင်ဘူး၀၊ လေး ခန်းတွဲ အိမ်ကြီး၏အပေါ်ထပ်၊ ဘယ် ဘက်အခန်းဖြစ်သည်၊ ဦးစိုးသိန်း၏ဇနီး

**သူဌေး ဦးကျောက်စိမ်း**

**ဆိုရှယ်လစ်စီးပွားရေးပုဒ်မအရ ထိန်းသိမ်းခံရစဉ်**

**ထောင်ထဲ ရောက်လာသောအခါ**

**ဝန်ထမ်းများနှင့် တွေ့ဆုံခြင်း ..**



ဖြစ်သူ မသင်းသင်းကလည်း အလွန် သဘောကောင်းသည်၊ ထိုအချိန်က ကျွန်တော်တို့လူပျို၊ ထောင်မှူးများကို အကျဉ်းထောင်ရိက္ခာရုံးခန်း၌ နေ့လယ် စာအခမဲ့ စီစဉ်ကျွေးမွေးပါသည်။

တစ်နေ့ ကျွန်တော် ရိက္ခာရုံးခန်း တွင် နေ့လယ်စာ စားပြီး နေ့လယ်(၁၂) နာရီခန့် ထောင်ပြင်ထွက်၍ ထောင်ဝင် တာ ဈေးတန်းတွင် လက်ဖက်ရည် သောက်ရန် ထွက်လာစဉ် ဘူးတံခါးကြီး အတွင်းရောက်သည်နှင့်ဝန်ထမ်းတစ်ဦး က ထောင်ပိုင်ရုံးခန်းပေါ်သို့တက်၍ဆင် နားရွက်တံခါးကလေးအား ဖွင့်၍ဝင် လိုက်စဉ်ထောင်ပိုင်ကြီးမစ္စတာမဟ္ဘနန်း နှံ့စားပွဲရှေ့၌ ရဲအုပ်ကြီး ဦးမြင့်မောင်နှင့် အမျိုးသမီး (၂)ဦး အကျဉ်းသားတစ်ဦး တို့ တွေ့လိုက်ရသည်။ ရဲအုပ်ကြီးကိုယ် တိုင် လာအပ်ခြင်းဖြစ်၍ အရေးကြီး အကျဉ်းသားဖြစ်ကြောင်းကျွန်တော် သိ လိုက်ပါသည်၊

ထောင်ပိုင်ကြီးက - "ဦးသိန်းဝင်း ရေ့ ဒီက အကျဉ်းသား ဦးကျောက်စိမ်း တို့ပုဒ်မ ၁၄(၁)နဲ့ ရဲအုပ်ကြီးက လာအပ် တာ၊ ခင်ဗျား အချုပ်ရုံးခန်းမှာ ခေါ်ထား ပြီးစောင့်ရှောက်ကြည့်ရှုပေးဗျာ"

"ဟုတ်ကဲ့ - ထောင်ပိုင်ကြီး"

ကျွန်တော် အပိုမပြောပါ၊ ထောင် ပိုင်ကြီးအားအလေးပြုပြီး ရဲအုပ်ကြီးအား နှုတ်ဆက်၍ အကျဉ်းသားဦးကျောက် စိမ်းကို ခေါ်ခဲ့ပြီး ထောင်တွင်းသို့ ပြန်ဝင် ခဲ့ရသည်။ ကျွန်တော်၏၁၊ ဆောင်ရုံးခန်း တွင် တန်းစီခန့်ထားသော အကျဉ်းသား လုသန်းအား သေချာစွာ အပ်နှံပြီး ကျွန် တော်ထောင်ပြင်သို့ထွက်ခဲ့ပြန်ပါသည်။ နေ့လယ်နေ့ခင်း နားချိန်ကလေးရတုန်း ရခိုက် လက်ဖက်ရည်ဆိုင်သို့ ထွက်ခြ ပြီးအပေါင်းအသင်းများဖြင့် စကာဝိုင်းဖွဲ့ ရသည်မှာ ကျွန်တော်တို့ အလုပ်ဖြစ် သည်။ လေးဖက်လေးတန်အုတ်တံတိုင်း ကာရံထားသော ထောင်အတွင်းမှာ ထက်ထောင်အပြင်လောကပိုသန့်သည် ဟု ထင်ပါသည်။ ပြီးမှ ဦးစိုးသိန်းအိမ်သို့ သွားပြီး ရေချိုး၊ အလုပ်ပြန်ဝင်ရန် ဖြစ် သည်၊

လက်ဖက်ရည်ဆိုင်ရောက်၍ ကျွန် တော် သူငယ်ချင်းများ စုဝေးရာ စားပွဲ တွင်း ဝင်ထိုင်မည်အလုပ် သူငယ်ချင်း ထောင်မှူး ဦးအုန်းဖေက -

"ကိုသိန်းဝင်း - ဒီမှာ မထိုင်နဲ့ ဟိုထောင့်စားပွဲမှာ ခင်ဗျားကိုတွေ့ချင်တဲ့ ညွှန်သည်တွေ စောင့်နေတယ်"

ကျွန်တော် လှမ်းကြည့်လိုက်တော့ အဲစောပိုင်းက ထောင်ပိုင်ကြီးရုံးခန်းတွင်

www.burmeseclassic.com

www.burmeseclassic.com



တွေ့ခဲ့ရသော အမျိုးသမီး(၂)ဦးဖြစ်သည်။ ကျွန်တော် စားပွဲနေရာရွှေ့ခဲ့ရသည်။

"ဆရာ - ထောင်မှူး ဦးသိန်းဝင်း တော့တိလားရှင်"

"ဟုတ်ပါတယ် ခင်ဗျာ"

"ထိုင်ပါ ဆရာ၊ လက်ဖက်ရည် သောက်ပါ၊ ကျွန်မက ဦးကျော်စိမ်း ရဲ့မနီလာ(နာမည်လွှဲ)ပါ၊ သူကတော့ ကျွန်မတူမ မဝေဝေလွင်ပါ၊ ဆရာ့ကို ဦးကျော်စိမ်းတို့ကြည့်ရှုစောင့်ရှောက် ဖို့အတွက် အပ်နံပါတယ်"

"ရပါတယ်ဗျာ၊ ကျွန်တော့်ရုံးခန်းမှာ တ ၁၄(၁)၊ ၁၅(၁)ပုဒ်မတွေနဲ့ ရောက် လာကြတဲ့ သူဌေးကြီးတွေ များပါတယ်၊ ထောင်ပိုင်ကြီးကလည်း ကျွန်တော့်ကို ယုံတော့ ပုံအပ်ထားပါတယ်"

"ကျွန်မတို့လည်း ဆရာ့ကိုအားကိုး ပါတယ်၊ ကူညီပါရှင်၊ ကျေးဇူးလည်း မမေ့ပါဘူး"

"ရပါတယ် ဗျာ၊ ကြည့် ရှုစောင့် ရှောက်ကူညီရမှာ၊ ကျွန်တော်တို့တာဝန် ပါ၊ အပန်းလည်းမကြီးပါဘူး"

"ဆ ရာ - နေ့ လ ယ် စာ ရော သုံးဆောင်ပြီးပြီလား၊ ကျွန်မတို့တော့ ထမင်းချိုင့်ထည့်လာလို့ စားပြီးပါပြီရှင်" အငယ်မက မေးခြင်းဖြစ်သည်။

"အော် - ဟုတ်ကဲ့၊ ကျွန်တော်တို့ လူပျိုထောင်မှူးတွေကို ထောင်တွင်း ရိက္ခာရုံးမှာ နေ့လယ်စာ စီစဉ်ပေးပါ တယ်၊ ဒါကြောင့် နေ့လယ်စာ စားပြီးမှ အပေါင်းအသင်းတွေနဲ့စုစုဝေးဝေး ဆိုပြီး စကားပြောရအောင် ထွက်လာတာပါ"

"ဒါဆို - ဆရာ့အိမ်ကရော ဒီထောင် ဝင်းထဲမှာ ပေးမထားဘူးလား"

"အိမ်ထောင်ရှိမှ အိမ်ခန်းပေးတာ ဗျ၊ ကျွန်တော်တို့အတွက် ဟိုး(၇)မျှော် စင်နားမှာ လူပျိုဘားတိုက်ပေးထားပေ မယ့် လူများလို့ကြပ်နေတာနဲ့ ကျွန်တော် က သမိုင်းအိမ်ကပဲ၊ ရုံးတက်ရုံးဆင်း လုပ်ရတာပေါ့၊ အိပ်ရာက စောစောထ ပြီး မိုးချုပ်မှ အိမ်ပြန်ရောက်တာပေါ့ဗျာ"

"နားရက်မရှိဘူးလား - ဆရာ"

"ရှိပါတယ်၊ ထောင်ဖွင့်အဖွဲ့(၂)ဖွဲ့ ခွဲထားလို့ တစ်လဲစီ စနေ၊ တနင်္ဂနွေ တစ် ရက်နားရပါတယ်၊ နောက်ပြီး မနက် (၅း၃၀)နာရီ ထောင်ဖွင့်ဝင်ရတဲ့အဖွဲ့က ညနေထောင်ပိတ်ပြီး ည(၇)နာရီ လောက် နားရတယ်၊ နောက်တစ်နေ့မှာ တော့ မနက်(၇)နာရီမှ အလုပ်ဝင်ရပြီး ညနေ(၄)နာရီ စောစောထွက်ရပါ တယ်"

"အော် - ဆရာတို့အလုပ်ကလည်း တာဝန်အလွန်ကြီးတယ်နော်"



"အသက်မရှိတဲ့ ဘဏ်လုပ်ငန်းမှာ တောင် ငွေအဝင်အထွက်ကိုက်ပြီးမှ ဘဏ်ပိတ်ရသလို၊ ကျွန်တော်တို့ထောင် မှာတော့ သက်ရှိလူတွေကို အုပ်ချုပ်ရ တော့ စားဝတ်နေရေး၊ ကျန်းမာရေး၊ လူမှု ရေး စသဖြင့် ပိုတာဝန်ကြီးတာပေါ့ဗျာ"

"ဟုတ်ပါတယ် ဆရာ၊ လူသားချင်း ဆိုတော့ ဘဏ်ထဲက ငွေစက္ကူတွေကို ကျွမ်းအောင် တံခါးပိတ်ထားရုံနဲ့ မရဘူး တ၊ (၂၄)နာရီ တာဝန်ရှိပြီး အလှည့်နဲ့ စောင့်ကြပ်ပေးရမှာပေါ့၊ ကျွန်မတို့ သဘောပေါက်ပါတယ်"

"ကဲ - စကားပြောလို့လည်းကောင်း ခဲ့၊ ကျွန်တော် ဧတ္တတည်းခိုအိမ်ကို ပြီး ရေချိုး၊ အလုပ်ပြန်ဝင်ရမှာမို့ ခွင့် ပြုပါ ခင်ဗျား၊ ဦးကျော်စိမ်းအတွက် တော့ ဘာမှမပူပါနဲ့၊ ကျွန်တော် လိုအပ် သလို ကူညီလိုက်ပါ့မယ်"

"ဟုတ်ကဲ့ - ကျေးဇူးတင်ပါတယ် ဆရာ၊ ဒါနဲ့ - ဆရာ နေ့လယ်နေ့ခင်း ချိုးပြီး အနားယူတဲ့ တည်းခိုအိမ်ကို ကျွန်မတို့ သတိထားရအောင် လိုက်ခဲ့ပါ ရစေရှင်"

"ဟုတ်ကဲ့ - အစ်မကြီး ရပါတယ်"

ကျွန်တော် ဧတ္တတည်းခိုသည့် သိန်းတို့အိမ်သို့ သူတို့ လိုက်လာကြ သည်၊ ဦးစိုးသိန်းနှင့် ကျွန်တော့်မှာ ထောင်ဖွင့်၊ ထောင်ပိတ်အဖွဲ့မတူ၍ ထွက်ချိန်၊ ဝင်ချိန်မတူ၊ ထို့ကြောင့် သူ အိမ်တွင် ရှိမနေပါ၊ သူ့ဇနီး မသင်းသင်း သာ ရှိနေသည်၊ ကျွန်တော် ဧည့်သည် များကိုလည်းသူမကကြိုဆိုနေရာချထား ပေးပါသည်၊

၈၈၈

ကျွန်တော်တို့ ဆက်တီ၊ စားပွဲတွင် နေရာယူပြီး ထိုင်ကြစဉ် မသင်းသင်းတာ အိမ်ထဲဝင်သွား၍ရေနွေးကြမ်းနှင့်လက် ဖက်စုံသုပ်ကို စီစဉ်နေသည်၊ ဧည့်သည် အစ်မကြီးက သူ၏တံတောင်ခန့်အရှည် ရှိ၊ ပိုက်ဆံအိတ်ဖောင်းဖောင်းကြီးကို ဖွင့်ပြီး ထိုစဉ်က အကြီးဆုံးဖြစ်သည့် မြသေ့ပုံပါ ရာတန်စိမ်းစိမ်းကြီး တစ်ထုပ် ကို ဆွဲထုတ်ပြီး စားပွဲပေါ်တင်၍ -

"ဆရာ့ကိုကန်တော့တာပါ၊ ကျွန်မ ခင်ပွန်းကို ကြည့်ရှုစောင့်ရှောက် ကူညီ ပေးပါနော် ဆရာ၊ ကျွန်မ အပ်ပါတယ်"

ရာတန် တစ်အုပ် ဆိုတော့ ကျပ် (၁၀၀၀၀/-) ရှိပါသည်၊ ထိုအချိန်က ငွေတန်ဖိုးမှာ အလွန်မြင့်သည်၊ ကျွဲကြီး တစ်စီးကို (၅၀၀၀/-)ကျပ်ခန့်သာ ရှိသည်၊ ကျွန်တော်တို့အခုရှိပေါက်စ၊ လစာမှာ (၂၁၀/-)သာ ကား၊ ရာရှင်မန်းနီး

www.burmeseclassic.com

www.burmeseclassic.com



ဝေါင်းပါမှ (၃၀၀/-)ကျပ်ခန့်သာ ရှိသည်၊ သို့သော်လုံလောက်ရုံတင်သာ မက ပိုလျှံနေပါသေးသည်၊ ထို့ကြောင့် သူမပေးသောငွေမှာ အလွန်များပါ သည်၊

"အစ်မကြီး ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ - ကျွန်တော် လက်မခံပါရစေနဲ့၊ ဒီငွေတွေကို လက်မခံပေမဲ့ ကျွန်တော် ဦးကျောက်စိမ်းကိုအကောင်းဆုံးကြည့် ရှုစောင့်ရှောက်မှာပါ၊ အရင်က ထောင် အရာရှိတွေလို ကျွန်တော်တို့မဟုတ်ကြ ပါဘူး၊ ခေတ်ပညာတတ် ဘွဲ့ရလူငယ် အရာရှိပေါက်စတွေပါ"

ထိုစဉ်ကျွန်တော်သတိထားမိသည် မှာ မဝေဝေလွှင် ဟူသော အမျိုးသမီး တလေးက သူမ၏ရင်ကို လက်ဖဝါး(၂) ဖက်ဖြင့် အုပ်ပြီး ကျွန်တော့်အား တလေး တစား ကြည့်ရှုအံ့သြနေခြင်းဖြစ်သည်၊

ယခုမှ ကျွန်တော်လည်း သူမကို အသေအချာကြည့်မိတော့မျက်လုံးချင်း ဆုံကြသည်၊ သူမ၏နုတ်ခမ်းလှလှလေး နှင့် မျက်လုံးရွဲရွဲကြီးတွင် နစ်လိုဖွယ်ရာ အပြုံးရိပ်များထင်ပေါ်နေသည်၊ သူမက အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ ထိုခေတ်က ဆင်နှာရှုတ်၊ အင်္ကျီလက်တိုဖြင့် လွန်စွာ ချောမောလှပသူ ကလေးတစ်ဦး ဖြစ် သည်၊

အစ်မကြီးက - "ကျေးဇူးတင်ပါ တယ် - ဆရာရယ်၊ ဒီမှာ ကျွန်မတို့ အိမ် လိပ်စာနဲ့ ဖုန်းနံပါတ်ကတ်ပါ၊ ဆရာ့အိမ် လိပ်စာလည်း ပြောပါဦး" ကျွန်တော်က ပြောပြတော့ မဝေဝေက သူ၏ မှတ်စုစာ အုပ်ကလေးကို ဟုတ်ပြီ၊ ကျွန်တော်၏ ဖုန်းနံပါတ်နှင့် လိပ်စာကို လိုက်ရေးပြီး ကျွန်တော်၏နာမည်ရက်နှင့် အလုပ်ဝင်ချိန် ထွက် ချိန်ကိုပါ ရေးမှတ်သွားပါသည်၊

သူတို့ပြန်တော့ ကျွန်တော် လိုက်ပို့ သည်၊ ကျွန်တော်တို့အိမ်ကြီးရှေ့ ကုက္ကို ပင်နှင့် ပိတောက်ပင်ကြီးအောက်တွင် ရပ်ထားသောမာစီးဒီးအနက်ရောင်ကား ကြီးပေါ်သို့တတ်သွားကြခြင်းဖြစ်သည်၊ ကျွန်တော့်ကို နှုတ်ဆက်ပြီး သူတို့ကား ကြီးထွက်သွားတော့ကျွန်တော် အိမ်ပေါ် ပြန်မတက်တော့ဘဲအလုပ်ဝင်ချိန် နီးနေ ၍ ထောင်တွင်းသို့ တန်းဝင်ခဲ့ရသည်၊ ထိုနေ့ကနေ့လယ်ခင်းရေမရှိုးဖြစ်တော့ ပါ၊

ထောင်တွင်းသို့ ရောက်သည်နှင့် အလုပ်များက တန်းစီစောင့်ဆိုင်းနေ သည်၊ ပထမဆုံး ပုံစံခန်းဝင်၍ လူသစ် ကြည့်ရသည်၊ ထိုစဉ်ဦးကျောက်စိမ်းကို လည်း တွေ့ရသည်၊ ကျွန်တော် သူ့အား ရုံးခန်းတွင် ခေါ်ထားလိုက်သည်၊



ဦးကျောက်စိမ်းမှာ တရုတ်ကပြား ဖြစ်ပုံရသည်၊ အသားဖြူဖြူ ပိန်ပိန်ပါးပါး၊ ဆံထိတ်ကျင်စွယ်နှင့် ခေါင်းက ဆံပင် ညိုဖြူဖြူနေပြီးအသက်(၅၀)ခန့်အရွယ် ရှိသူဖြစ်ရေးသမား၊ သူဌေးဖြစ်သော်လည်း သူဌေးရုပ်နှင့် မတူပါ၊ သောကများပါဒ တွေကြောင့်လည်းကောင်း၊ ထောက် လှမ်းရေးက ညှဉ်းဆဲထား၍လားတော့ မသိပါ၊ အတော်အိုစာပုံပေါက်နေသည်၊

ကျွန်တော်နှင့်တွေ့တော့ -

"ဦးကျောက်စိမ်း"

"ခင်ဗျာ"

ဒီနေရာက အကျဉ်းထောင်ဆိုပေ မယ့် ရဲအချုပ်ခန်းလို ထောက်လှမ်းစစ် ကြောရေးအခန်းတွေလိုမျိုး မဟုတ်ဘူး၊ လွတ်လွတ်လပ်လပ် အဆောင်ဝင်း ကျယ်ကြီးအထဲမှာ သွားလာလှုပ်ရှားလို့ ရတယ်၊ ရေတစ်ဝချိုးလို့ရတယ်၊ ထမင်း အစား၊ ကျန်းမာရေးအတွက် လမ်း လျှောက်၊ ကျွန်တော်စီစဉ်ပေးမယ်၊ ကျွန် တော်တာဒီအဆောင်မှူး၊ ဦးကျောက်စိမ်း ကို၊ ကျွန်တော့်အဆောင်မှာ ဆီစက်၊ ဆန်စက်၊ လုပ်ငန်းရှင်သူဌေးကြီးတွေ အများကြီးရှိတယ်၊ ဘာမှုမပူနဲ့ သူတို့က အဆင်ပြေအောင် လုပ်ပေးလိမ့်မယ်၊ အခန်းလူကြီးကလှသန်း၊ ဦးလေးလိုတာ သူ့ကိုပြော၊ အဆင်ပြေအောင်ကူညီလိမ့် မယ်၊ ကျွန်တော် မှာထားပေးမယ်"

"ဟုတ်ကဲ့ - ကျေးဇူးတင်ပါတယ် ဆရာ၊ ထောင်ကို ကျွန်တော် ကြောက် နေတာ၊ အခုတော့ ကျယ်ကျယ်ဝန်းဝန်း သန့်သန့်ရှင်းရှင်းနဲ့ စိတ်လွတ်လပ်ပြီး သက်သာပါတယ် - ဆရာ၊ ထောင်သား အချင်းချင်းလည်း ကူညီရိုင်းပင်းကြပါ တယ်၊ ဆရာ မှာထားလို့ ထင်ပါရဲ့၊ ကျွန် တော် ကျေးဇူးတင်ပါတယ်၊ အပြင်က ဇနီးသည်ကိုလည်း တွေ့ရင် အဆင်ပြေ ကြောင်း ပြောပေးပါ ဆရာ"

"ဟုတ်ကဲ့ - ထောင်ဝင်စာတွေ့ရင် လည်း ပြောလို့ရပါတယ်၊ ဒီကြားထဲမှာ လိုတာရှိလည်း ကျွန်တော့်ကို ပြောပါ"

"ဟုတ်ကဲ့ပါ - ဆရာ"

နောက်တစ်နေ့တွင် ဒေါ်နီလာ (နာမည်လွှဲ)နှင့် မဝေဝေတို့ ဦးကျောက် စိမ်းအား ထောင်ဝင်စာ လာတွေ့ကြရာ ကျွန်တော် အကူအညီပေး၍ လျင်မြန်စွာ တွေ့သွားရပြီး အဆင်ပြေ၍ ကျေးဇူးတင် ကြောင်း ပြောသွားကြသည်၊

နောက်တစ်နေ့တွင် ကျွန်တော် ညနေ(၄)နာရီစောစောထွက်ရသည့်နေ့ ဖြစ်သည်၊ ညနေ(၃)နာရီခန့် ဗိုလ်ချုပ် ရုံးခန်းသို့ ဖုန်းဝင်လာသည်၊

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို မဟုတ်လား၊ ကျွန်မ ဝေဝေလွင်ပါ၊ အစ်ကို - ဒီနေ့တော့ စော ထွက်ရမယ့်နေ့ ဟုတ်တယ်နော်"

"အော် - ဟုတ်ပါတယ်၊ မဝေဝေလွင် ဘာကိစ္စရှိလို့လဲ၊ ကျွန်တော် ထွက်ခဲ့ပါ့ မယ်"

"ဝေ လို့ပဲ ခေါ်ပါ - အစ်ကို ရယ်၊ အစ်ကိုနဲ့ အပြင်ခဏသွားချင်လို့ပါ၊ အခု ကျွန်မ ထောင်ရှေ့ကို ရောက်နေပြီ"

"ဟုတ်ပြီ - မဝေ၊ ကျွန်တော်အလုပ် လက်စသိမ်းပြီး ထွက်ခဲ့ပါ့မယ်၊ (၁၅) မိနစ်လောက် စောင့်ပါနော်"

"ရတယ် - အစ်ကို၊ ကျွန်မ စောင့် နေမယ်"

ကျွန်တော် အလုပ်လက်စသိမ်း၍ ထောင်မှူးကြီးကို ခွင့်ပန်ပြီး စောစော ထွက်လာခဲ့သည်၊ မဝေက ထောင်အဝင် ဝတွင် စောင့်နေသည်၊ ကျွန်တော်ချွေး တည်းခိုရာ ဦးစိုးသိန်းတို့ အိမ်ပေါ်တက် ၍ အရပ်ဝတ်လဲပြီး မဝေနှင့်အတူ ထွက် လာကြသည်၊

"ဘယ်သွားမှာလဲ - မဝေ"

"MAIN ထဲကို"

သူမ စီးလာသောကားက ကျွန် တော်တို့အား ရန်ကုန်တက္ကသိုလ် (RC) ရှေ့တွင် ချပေးပြီး ပြန်သွားသည်၊ (RC) ရှေ့ထိုင်ခုံတန်း၌ အမျိုးသမီးသုံးလေးဦး စောင့်နေပါသည်၊

မဝေက ကျွန်တော်နှင့် သူမ၏ အပေါင်းအသင်းများအား မိတ်ဆက်ပေး သည်၊ ရူပဗေဒ နောက်ဆုံးနှစ်ကျောင်း သူများ ဖြစ်ကြပါသည်၊ ကျွန်တော်တို့ အဖွဲ့အိကိုကန်တင်းဘက်လမ်းလျှောက် ကြပြီး ယမ်းဘီလူးဆိုင်တွင် စားကြ သောက်ကြသည်၊ ထိုအချိန်က မဝေက ကျွန်တော့်အား သူမ၏ သူငယ်ချင်းများ ဖြင့် မိတ်ဆက်ပေးသည်ကို ကျွန်တော် သဘောမပေါက်ပါ၊ စားသောက်ပြီး ကျွန် တော် ငွေရှင်းတော့လည်း မဝေက လက် မခံပါ၊ သူမ ရှင်းသည်၊ အပြန်ကျတော့ လည်း TAXI ငှားပေးပြီး သူမက ကား အတင်းပေးသွားသည်၊ နောက်နေ့များ တွင်လည်း သူမ မကြာမကြာ ဖုန်းဆက် ပြီး ကျွန်တော့်ကို သတိရကြောင်း ပြော သည်၊

တနင်္ဂနွေနေ့၊ ကျွန်တော် နားရက် တစ်ရက်၊ သမိုင်းအိမ်တွင် ရှိနေစဉ် သူ ရိုန်းမထားဘဲ ရုတ်တရက် တစ်ဦးတည်း ရောက်လာပါသည်၊

"မဝေ - ဘာကိစ္စရှိလို့လဲ"

"အစ်ကိုက အိမ်လိပ်စာ ပေးထား တယ်လေ၊ ကြက်မွေးမြူရေး လုပ်တယ် ဆိုတော့ လာပြီးလေ့လာတာပေါ့"



ကျွန်တော်က မိသားစုမွေးမြူထား သော အမေရိကန်ဥစားကြက်ခြံများအား ပြသပြီး ရှင်းလင်းပြရသည်၊

"အစ်ကို - ဒီနေ့ အားရက်ပဲ၊ ကျွန်မ တို့ အိမ်လိုက်လည်ပါလား၊ ဖေဖေက တွေ့ချင်လို့တဲ့၊ ဖေဖေက မွေးမြူရေး ဝါသနာပါတယ်၊ ဗိုလ်မှူးအငြိမ်းစားပါ၊ ကျွန်မက အစ်ကို့အကြောင်းကို ပြောပြ လို့ ဖေဖေက တွေ့ချင်နေတာ"

"ဘယ်မှာ နေတာလဲ - မဝေ"

"သုဝဏ္ဏ၊ ကျွန်းရွှေမြိုင်လမ်းမှာပါ"

ကျွန်တော်တို့ သူမ စီးလာသည့် ကားဖြင့် သုဝဏ္ဏမြို့သစ်သို့ သွားကြ သည်၊ ကျွန်းရွှေမြိုင်လမ်းထိပ်တွင် ဆင်း ကြ၍ သူမက ကားကို ပြန်လွှတ်လိုက် သည်၊

"ဒီကားက အန်တီနီလာကား (၂) နာရီလောက်ကြာမှ ပြန်လာကြိုလိမ့် မယ်၊ အခုတော့ ကျွန်မတို့ အိမ်ကို လမ်း လျှောက်ကြတာပေါ့၊ နော် - အစ်ကို"

"ရပါတယ် - မဝေရယ်၊ ကျွန်တော် လမ်းလျှောက်တာ ကျင့်သားရနေပါ ပြီ"

ကျွန်းရွှေမြိုင်လမ်းအဆုံး၊ နှစ်ထပ် တိုက်ကြီးတစ်လုံးအရှေ့သို့ ရောက် ကြသည်၊

"ဒါ - ကျွန်မတို့အိမ်ပဲ - အစ်ကို၊ လာဝင်ပါ၊ အိမ်ထဲမှာ ကျွန်မမိဘတွေ ရှိပါတယ်"

ကျွန်တော်တို့ အိမ်ထဲ လှမ်းဝင် တော့ ဧည့်ခန်းဆက်တီများပေါ်တွင် အဘိုးကြီး၊ အဘွားကြီးနှစ်ဦး ထိုင်နေကြ သည်၊ အသက် (၆၀) ကျော်အရွယ်များ ဖြစ်ကြပြီး မွန်ရည်သူများ ဖြစ်ကြသည်၊

"အော် - ဆရာ ထောင်မှူးကလေး ရောက်လာပြီကိုး၊ ထိုင်ပါ ခင်ဗျား၊ တင်တင်ရေ - ကော်ဖီလေး မုန့်ကလေး လုပ်ကွယ်"

"ဟုတ်ကဲ့"

သမီးပြောလို့ ကျွန်တော်က ဆရာ ထောင်မှူးကို တွေ့ချင်နေတာ၊ အသက် က ငယ်ငယ်ပဲ ရှိသေးတာကိုး"

"ဟုတ်ကဲ့ - (၂၅) နှစ်ပါ ခင်ဗျား"

"ဘွဲ့ရဆို"

"ဟုတ်ကဲ့ - ခင်ဗျား - ဝိဇ္ဇာဘွဲ့ နဲ့ ဂျပန်ဘာသာဒီပလိုမာ ရထားပါတယ်"

"အော် - ခေတ်ပညာတတ်၊ အရာရှိ တွေပဲ၊ တက်လမ်းရှိတာပေါ့၊ စစ်တပ်ထဲ ဝင်ရင် ဒီအရပ် အမောင်း၊ ဒီဘွဲ့တွေနဲ့ ရာထူးအတက် အလွန်မြန်တာပေါ့"

"ဟုတ်ကဲ့ ခင်ဗျား၊ ကျွန်တော် ၁၉၇၂ - ခုနှစ်တုန်းက ဘွဲ့ရပြီးတာနဲ့ EC

www.burmeseclassic.com



20(72) (OTS)ဗိုလ်လောင်းလျှောက်ခဲ့ဖူးပါတယ်။ အမေက သဘောမတူတာနဲ့ ဆေးစစ်ခါနီးမှ ထွက်လိုက်ရတာပါ"

"နမြောစရာပဲ - ခုဆို ဗိုလ်ကြီးဖြစ်ပြီး ဗိုလ်မှူးလောင်းစာရင်းတောင် ဝင်နေလောက်ပြီ"

"ဒါနဲ့ - ကြက်မွေးမြူရေးလုပ်တယ်ဆို သမီးက ပြောလို့ သိရတာပါ။ ကျွန်တော်လည်း မွေးမြူရေးကလေး လုပ်မလားလို့"

"လုပ်ပါဦး - ကျွန်တော် ကူညီပါ့မယ်။ ကျွန်တော်တို့က မိသားစုတစ်နိုင်တစ်ပိုင်လုပ်တာပါ။ ဝင်ငွေကောင်းပါတယ်"

"အဲ - အစားအစာနဲ့ ဆေးဝါး၊ ရေတော့ လိုပါတယ်။ အလုပ်သမားလည်း လိုပါတယ်၊ အဆောင်လည်း လိုတယ်ခင်ဗျ"

"ကျွန်တော်တို့မှာ ကားဂိုဒေါင် ရှိပါတယ်။ ကားမရှိတော့ အားနေပါတယ်။ အလုပ်သမားလည်းရှိပါတယ်၊ အခြေကျအောင် လမ်းညွှန်ကူညီမယ့်သူသာ လိုပါတယ်"

"ကျွန်တော် မိတ်ရက်တွေမှာ လာကူညီပါ့မယ်၊ လုပ်ပုံလုပ်နည်းသိသွားရင် လွယ်ပါတယ်၊ တာဝန်လည်း သိပ်မကြီးပါဘူး"

"ကျေးဇူးပါပဲ - ငါ့တူရယ်"

ဆလေး

ကျွန်တော် မဝေကို သဘောကျပါသည်၊ စိတ်ဝင်စားပါသည်၊ သို့သော် သူမက ပျောက်ချက်သား ကောင်းနေပြန်သည်။ သူမက ကျွန်တော့်အား သူမ၏ အပေါင်းအသင်းများဖြင့် မိတ်ဆက်ပေးပြီး သူမ၏မိဘများနှင့်ပါ တွေ့ဆုံပေးသည်က အကြောင်းတစ်စုံတစ်ရာ ရှိပါလိမ့်မည်၊ ကျွန်တော်တို့နှစ်ဦး တွေ့ဆုံမိကြသည်မှာ လပိုင်းပင် မပြည့်သေး။ ရက်ပိုင်းသာ ရှိပါသေးသည်၊ ထို့ကြောင့် ကျွန်တော့်အနေဖြင့် ချစ်ခွင့်ပန်ရန် စောလွန်းနေသေးသည်ဟု ထင်ပါသည်။

တစ်နေ့ နေ့လယ်တွင် ကျွန်တော် လက်ဖက်ရည်သောက် ထွက်တော့ ဦးကျောက်စိမ်း၏ဇနီး ဒေါ်နီလာ(နာမည်လွှဲ)၊ ကျွန်တော်တို့သောက်နေကျ လက်ဖက်ရည် ဆိုင်တွင် ထိုင်စောင့်နေသည်။

"လာ - ထိုင်ပါ - ဆရာ၊ ဆရာနဲ့တွေ့ချင်လို့ ထောင်ဝင်စာတွေ့ပြီး မပြန်သေးဘဲ စောင့်နေတာ"

"ဘာအကြောင်းထူးများရှိလို့လဲ အစ်မကြီး၊ ဒီအပတ် မဝေလည်း မပါလား"



"ဟုတ်ပါ့ - ဆရာရယ်၊ ဒီအပတ် သူမ မအားဘူးပြောတယ်၊ ဒါနဲ့ ဆရာ - မဝေနဲ့ ကျွန်မက တူဝရီးဆိုပေမယ့် ညီအစ်မလိုပေါင်းကြတာပါ၊ ဆရာနဲ့တွေ့တာ အရမ်းနောက်ကျတယ် ဆရာ၊ ဆရာ့ကိုလည်း ကျွန်မတို့ အလွန်လေးစားချစ်ခင်ပါတယ်၊ ဒါဖွံ့ပမဲ့ ဆရာရယ်"

"ဟုတ်ကဲ့ - ပွင့်ပွင့်လင်းလင်း ပြောပါ - အစ်မရယ်"

"ဟိုလေ ဆရာ - မဝေမှာ လူကြီးချင်း စေ့စပ်ထားသူ ရှိပါတယ်၊ သူက နိုင်ငံခြားဘာသာသိပ္ပံက ရုရှားဘာသာနည်းပြ ဦး ... ... ... ပါ - ဆရာ၊ ဆရာတို့ဆင်ခြင်နိုင်အောင် ကျွန်မ ကြားဝင်ပြီး သတိပေးရတာပါ၊ တကယ်တမ်း ဆရာနဲ့ မဝေတ အလွန်လိုက်ဖက်ပါတယ်၊ နှစ်ဦးလုံး အရပ်အမောင်းကောင်းကြတယ်"

ကျွန်တော်က ဥပဒေသမားအပြင် မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာဝင်ဖြစ်၍ ကံကောင်းသည်ဟု ဆိုရပါမည်၊ တစ်ပါးသူ၏ဇနီးလောင်းအား မနောစိတ်ဖြင့်တော့ ကြံရွယ်မိပါသည်၊ ကာယကံ၊ ဝစီကံတော့မမြောက်သေးပါ၊ ရက်ပိုင်းအတွင်း ရင်းနှီးလွန်းသဖြင့် ကျွန်တော် သံသယဝင်ပြီး မဝေဟာ propose မလုပ်မိခြင်း ဖြစ်သည်။

*ကျွန်တော်လည်း နိုင်ငံခြားဘာသာသိပ္ပံကျောင်းထွက်တစ်ဦး ဖြစ်ပါသည်။* ရုရှားဘာသာဌာနက ထို ဆရာကို ကောင်းစွာ မြင်ဖူးသည်၊ အသားမည်းမည်း၊ ဗိုက်ရွှဲရွှဲ၊ နဖူးပြောင်ပြောင်နှင့်ဖြစ်သည်။


ကျွန်တော် မကြာမီ ဗျားဝေဟာ ကေဒါသင်တန်းသို့တက်ရသည်၊ ကေဒါ အပတ်စဉ် (၁၄) ဖြစ်သည်၊ မဝေဖြင့်လည်းမတွေ့ရတော့ဘဲအဆက်အသွယ်လည်း ပြတ်သွားသည်။

ဗျားဝေဟာရောက်မှ ခင်မင်သော သင်တန်းဆရာတစ်ဦး၏ပြောကြားချက်အရ ကျွန်တော်တို့ ဗျားဝေဟာရုံးချုပ်ဖွင့်ထားသော ကုန်းမြင့်သာရှိ အဆောက်အအုံကြီးမှာ ထောင်တွင်း၌ရှိသည့် သူဌေးကြီးဦးကျောက်စိမ်းပိုင်ဖြစ်သည်၊ ပြည်သူ့ပိုင် သိမ်းထားခံရခြင်း ဖြစ်ပြီး ရန်ကုန်မြို့လယ်ရှိ နာမည်ကျော် သဓွတ ရုပ်ရှင်ရုံကြီးမှာလည်း ဦးကျောက်စိမ်းပိုင်ဆိုင်ခြင်းဖြစ်ကြောင်း သိရှိရပါတော့သတည်း။

⇨ ဖလောင်မှူးကြီး သိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



# မန္တလာသား

## ခိုင်မထက်

## ဒေသနတ်ချစ်တဲ့မုဆိုး



**တစ်ရက်၊** ရေးပြီးသွားသော တစ္ဆတလေး မင်္ဂလာဖင်းတိုက်မပို့မီ အမြည်း အတ်စေရန် (နေပြည်တော် တည်းမိုစန်း ပိုင်ရှင်) မုဆိုး ကိုသန်းထွန်းတိုက်သို့ ရောက်သွားသည်။ အိမ်ရှေ့မြက်ခင်းပြင် တဲစွဲတွင် ကျွန်တော့်အရင် ရောက်နှင့် နေသူနှစ်ဦးကိုတွေ့ရသဖြင့်ကြည့်လိုက် ရာတစ်ယောက်မှာ မျက်စိနားနားခေါင်၊ လည်ချောင်းဆေးရုံကြီးမှ အငြိမ်းစား ဆရာကြီး၊ ဦးခင်မောင်ဆွေဖြစ်ပြီး ကျန်

ဆုံနေတာကိုး၊ ချိန်းထားရင် လွဲချင် လွဲ နေဦးမှာ၊ တွေ့ရတာ ဝမ်းသာတယ်ဗျာ၊ ဆရာရော၊ အစ်ကို ကြီးစတ်ဝါ နှစ်ယောက်စလုံး ကျန်းမာရေးကောင်း ကြတယ်မို့လား"

ကျွန်တော့်ရဲ့ နှုတ်ဆက်စကားကို ကြားလိုက်ကြသော ဆရာ ဦးခင်မောင် ဆွေရော ဦးစက်ဖေကပါ ကျွန်တော့်ဆီ သို့ လှည့်ကြည့်ရင်း တစ်ပြိုင်တည်း–

"ဟာ–ကိုဘမင်းပါလား၊ လာဗျာ–

---

**စိုင်တစ်ကောင်ရပါက ဆုလာဘ်အဖြစ်**

**မုဆိုးပစ်သေနတ်ရမည်ဟု**

**အလောင်းအစားလုပ်ခဲ့ရာမှ စိုင်သတ္တဝါ**

**တကယ်ရလာသောအခါ ..**

---

တစ်ယောက်မှာ ကြေး၊ သံ၊ ဒန်၊ သတ္တု၊ ကုန်သည်ကြီး၊ ဦးစက်ဖေ ဖြစ်သည်၊

သူတို့နှစ်ယောက်စလုံးမှာ တစ်ချိန် က မန္တလေးမုဆိုးလောကတွင် နာမည် ကြီး၊ ဝါသနာကြီး၊ မုဆိုးကြီးများဖြစ်ကြ၍ ကျွန်တော်က အားရဝမ်းသာစွာနဲ့ နှုတ် ဆက်လိုက်ရသည်၊

"ဟာ–ကိုသန်းထွန်းဆီလာတာ၊ မျှော်လင့်ဘဲတကယ့်မုဆိုးကြီးတွေနဲ့ပါ

ထိုင်–မတွေ့တာ ကြာပြီနော်"

သူတို့ ယမကာဝိုင်း၊ နေရာလွတ် တွင် ထိုင်မိသွားသည်နှင့် ကိုသန်းထွန်း က ဖန်ခွက်တစ်လုံး ကျွန်တော့်ရှေ့ချပေး လိုက်ရင်း–

"ဘာသောက်မှာလဲ၊ အပြင်းလား အပျော့လား၊ ကြိုက်တာပြော"

"ဘီယာပဲပေါ့ဗျာ၊ ကျွန်တော်က အပြင်းမှမရတာ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ကိုသန်းထွန်းအမေး တို့ အဖြေပေးရင်း ဆရာတို့၊ အစ်ကိုကြီး စက်တို့ဘက် လှည့်လိုက်ပါသည်။

"နေကောင်းပါတယ် မောင်ဘမင်း ရေ၊ အစ်ကိုကြီးကတော့အခုအချိန်အထိ ကျန်းမာရေးက မဆိုးသေးပါဘူးကွ၊ သွားနိုင်လာနိုင်၊ စက်ဘီးစီးနိုင်တုန်းပဲ၊ အဲ - မျက်စိကတော့ မှုန်ပြီပေါ့ကွာ"

"အသက်(၇၀)ကျော်လာမှတော့ မျက်စိမှုန်တာလောက်က မဆန်းပါဘူး ဦးစက်ဖေရာ၊ ကျုပ် (၅၀)ကျော်တောင် မှုန်လာပြီဗျ"

ကိုသန်းထွန်းကစကားဝင်ထောက် လိုက်သည်။

"ဆရာ့ကျန်းမာရေးကရော ဘယ် လိုလဲ"

ကျွန်တော်က ဆရာခင်မောင်ဆွေ ကို အတဲခတ်ရင်း မေးလိုက်ပြန်သည်။

"ကျုပ်လည်းကျန်းမာရေးကတော့ မဆိုးလှပါဘူး၊ သွားနိုင်လာနိုင်ပါပဲ၊ ဒါပေမဲ့ - မျက်စိကတော့မရတော့ဘူးဗျ၊ ဦးစက်ဖေက မှုန်ရုံမှုန်တာ ကျုပ်က ဝါးပြီး တောင်းကောင်းကို မမြင်ချင်တော့ဘူး"

"အင်း - ပေါ့လေ - ဒီအသက် အရွယ်တွေရောက်လာမှတော့ တစ်ခုခု ချို့ယွင်းကြတော့မှာပေါ့၊ သွားနိုင်လာနိုင် တာ၊ ကျန်းကျန်းမာမာရှိတာကိုက တော် သေးတာ ဝမ်းသာစရာ"

"အဲဒါကတော့ ငါတို့ မင်းတို့ဟာ တစ်ရှိန်က တောသွားပြီး လေကောင်း လေသန့်ရှူ၊ တောသားတောငါး အစား သောက်ကောင်းကောင်းစား၊ ပေပေ တေတေ လှုပ်ရှားမှုအပြည့်အဝ လုပ်ခဲ့ ကြသူတွေဆိုတော့ ကျန်းမာသန်စွမ်း တာပေါ့၊ မောင်ဘမင်းရာ - ဟဲ - ဟဲ - ဟဲ"

"ဦးစက်ဖေရဲ့အဲဒီအဆိုကမှန်တယ် ကိုဘမင်းရ၊ ကျော့ကျော့မော့မော့၊ ခပ် ပျော့ပျော့လေး သွားလာနေခဲ့ကြတဲ့ ကျုပ်တို့နဲ့ရွယ်တူ သူငယ်ချင်းတွေ တချို့ သေ၊ တချို့ မသေရင်လည်း ကျုပ်တို့ ခင်ဗျားတို့လို မသွားနိုင်၊ မလာနိုင်တွေ ဖြစ်ကုန်ကြပြီဗျ"

ဆရာခင်မောင်ဆွေက ဦးစက်ဖေ အဆိုကို အပြည့်အဝ ထောက်ခံလိုက် သည်။

"အင်း - ဒါလည်း ဟုတ်တာပဲ၊ ဒီနေ့ ဆရာရော၊ အစ်ကိုကြီးစက်ရော အခု တောသွားဖို့ ဆန္ဒတွေရော ရှိကြသေး လား"

ကျွန်တော်က ဝါသနာပိုးကို တုတ် ထိုးနှိုးဆွကြည့်လိုက်သည်။



"အမှန်အတိုင်းပြောရရင် ဝါသနာ ...တော့ ဆန္ဒက အပြည့်အဝရှိပါသေး ...တယ်၊ ဒါပေမဲ့ - လက်တွေ့လုပ်ဖို့တော့ ...ယ်တော့ပါဘူးကွာ၊ မင်းရော အခု ...နိုင်လာနိုင် ပစ်နိုင်ခတ်နိုင်သေးရဲ့ ..."

"ဟာ - အစ်ကိုကြီးကလည်း - ကျွန် ...တ်တာ အစ်ကိုကြီးတို့၊ ဆရာတို့ ...တ်မှ မကြီးသေးတာ၊ ပစ်နိုင်၊ ခတ် ...လုပ်နိုင်ပါသေးတယ်၊ အခုလည်း ...ပုံတိုင်း သွားလာပစ်ခတ်နေတာ ...ကြီး မသိဘူးလား"

"ဟာ - မသိပါဘူးကွာ၊ အခုသွား ... ဘယ်တော၊ ဘယ်တောင်၊ ဘာ ...င်တွေ ပစ်ရလဲ၊ ဘာကောင်တွေ ...ဆုံးရလဲ၊ တို့လည်း စိတ်ကူးနဲ့ ...ညှိတာရအောင် မျှဝေဦးလေကွာ"

"အကောင်ကတော့ ချေ၊ ယုန်၊ ...ကြင်တနေ ဝက်၊ ဆတ်၊ စိုင်၊ ပြောင် ...အတုန်ကျွန်တော်ပစ်ချင်တာတွေ ...လေ၊ တောကလည်းကျွန်တော် ...ကြည့်ရတော့ သွားတာပဲ"

"ဘယ်ဟုတ်ပါလား၊ ဘယ်က ...နတ်နဲ့ ပစ်တာလဲ"

"သေနတ်ကလည်း အစုံပဲ၊ လေ ...။ ပွိုင့်တူးတူး၊ တူမီးနှစ်လုံးပြူး၊ တစ်လုံးထိုး၊ .30'-06 ရိုင်ဖယ်၊ .355 ရိုင်ဖယ်၊ .423 ရိုင်ဖယ်၊ အပြင် .470 နှစ်လုံးပြူး၊ ဆင်ပစ်ရိုင်ဖယ်ကြီးတောင် ပါသေး"

"ဟ - စုံလှချည်လား၊ ဒီခေတ် ဒီအခါမှာ အဲဒီသေနတ်တွေကို ဘယ်က ရှာရလာတုံး - မောင်ဘမင်းရ"

"အော် - အစ်ကိုကြီးကလည်း ကျွန်တော့်လက်ထဲရှိနေတာပဲလေ၊ ကျွန်တော့်စိတ်ထဲ ပစ်ချင်တဲ့သေနတ်၊ လက်ထဲ ချက်ချင်းရောက်လာတော့တာ ပဲပေါ့"

"ပိုင်လှချည်လား - မောင်ဘမင်းရ၊ တစ်ခါလောက်တို့လည်းဟင်းစားလေး အမြည်းလေး ပေးဦးလေကွာ၊ ဘီယာ လေး၊ ရမ် (RUM) ကလေးနဲ့ မြည်းရ အောင်"

"အစ်ကိုကြီးမြည်းချင်တဲ့အကောင် ပြောလေ၊ ကျွန်တော် ဖန်တီးပေးရင် ရပါ တယ်၊ အခုတောင် ကိုသန်းထွန်း မြည်း စမ်းဖို့ ဒရယ်နဲ့ ငှက်တွေ ဖန်တီးပေးလာ တာ"

ကျွန်တော်က ပြောရင်းဆိုရင်း လက်ကိုင်အိတ်အတွင်းမှ လျှောက်သွား စာရွက်တစ်ထပ်ကို ဆွဲထုတ်ပြီး ကိုသန်းထွန်းလက် အပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုသန်းထွန်းက အလိုက်သင့် လှမ်းယူပြီးဝထာစာမျက်နှာကိုမြည်းကြည့်လိုက်သည်။ ခေါင်းစဉ်က "မုဆိုးကုန်းကွမစား ရ" ခြင်လိုက်သည်နှင့်သဘောကျပြုံးစေဖြစ်သွားသည်။

"မောင်သန်းထွန်း - မင်းက ဒါတို့ကို နိုးတာပေါ့လေ၊ အရယ်သားနဲ့ငှသားတွေ မောင်ဘမင်းဆီက ရလျက်နဲ့ အမြည်းချ မတွေ့းဘူး၊ နည်းနည်း၊ တစ်တို့စီ လောက်တော့အမြည်းကျွေးပေးဦးလေကွာ"

အစ်ကိုကြီးစတ်စကားကြောင့် ကိုသန်းထွန်းတ သူဖတ်လက်စ စာမှ အထင်လိုက်တိုအစ်ကိုကြီးစက်ဆီကမ်းပေးလိုက်သည်။

"ဒါတ ဘာတုံးဟ၊ ဒရယ်သား၊ ငှသားအမြည်း ကျွေးပါဦးလို့တောင်းတာ၊ ဒီစာရွက်တွေပေးလို့ ဘာလုပ်ရမှာလဲဟ"

"အော် - ဦးစက်ဇေ - နယ်၊ ကိုဘမင်းပေးတဲ့ငှသားနဲ့ဒရယ်သားဆိုတာ အဲဒါပဲလေ၊ အဲဒီအထဲမှာ သူနဲ့ကျွန်တော် တစ်ခါက ဒရယ်နဲ့ ငှတွေ ပစ်ရခဲ့၊ စားခဲ့တာတွေ သူရေးထားတာပါတယ်"

"အဲဒါနဲ့ ဒရယ်သား၊ ငှသားအမြည်းနဲ့က ဘယ်လိုပတ်သက်တာလဲ၊ လင်းအောင်လည်း ရှင်းစမ်းပါဦးကွာ"

"ဒါက ဒီလို အစ်ကိုကြီးရေ- တစ်ချိန်က တောပစ်ခဲ့တဲ့ မုဆိုးအတွေ့ အကြုံတွေအကြောင်း ကျွန်တော် ...
အဖြစ်ပြန်ရေးပြီးလစဉ်မဂ္ဂဇင်းတိုက်တွေ ... ဆီ ပို့ခဲ့တာ အတော်တောင် ကြာပါပြီ ...
အခုလည်း ကိုသန်းထွန်းနဲ့ ကျွန်တော် ... တစ်ခါကထန်းကုန်းဘူတာ၊ "သရက်ထ ...
ရွာ" မှာ ဒရယ်၊ သမင်နဲ့ ငှတွေ ပစ်ခဲ့၊ ...
တဲ့အကြောင်း ရေးပြီးလို့ သူ့ဆီ အရင် ...
အမြည်းဖတ်ရအောင် လာပို့တာ ...
အစ်ကိုကြီးလည်း စားချင်တဲ့အကောင် ...
အမြည်းရအောင် တစ်ချိန်က အတွေ့ ...
အကြုံလေးတွေပြောပြလေ၊ ကျွန်တော် ...
ဖန်တီးပြီး အစ်ကိုကြီးကို အရင်အမြည်း ...
လာပေးပါ့မယ်"

"အိုး - ဟိုး - ဒီလိုကိုး - မသိပါဘူး ...
မောင်ဘမင်းရာ၊ အစ်ကိုကြီးက မင်း ...
တကယ်ပဲ တောပစ်ပြီး အကောင်တွေ ...
ရနေသလားလို့ထင်နေတာ၊ အခု မင်း ...
ရှင်းပြမှ သဘောပေါက်သွားပြီ၊ ဟုတ် ...
တာပေါ့၊ မင်းလက်ထဲက ကလောင် ...
(ဘောပင်)နဲ့မင်းပစ်ချင်တဲ့သားကောင် ...
မင်းပစ်ချင်တဲ့သေနတ် - မင်းဖန်တီး ...
ရနေတာပဲ - ဟင်း - ဟင်း၊ ဒါဆိုငါလည်း ...
စိုင်သားအမြည်းရအောင် မဟာမြိုင် ...
တောမှာ မောင်သန်းထွန်းကြောင့် ပစ် ...



... ိုင်အကြောင်းနောက်ကြောင်းလှန် ... ပြမှထင်တယ်"

"တာ - သိပ်ကောင်းတာပေါ့ ... တိုကြီးရာ၊ လုပ်လိုက်လေ - ကြာ ... လို့၊ ဒါမှ ကျုပ်တို့ဝိုင်း ပိုအသက် ... သွားတာပေါ့"

မုဆိုးဟောင်းကြီး(၄)ဦး ဘီယာ ... များ အသီးသီးကောက်ကိုင်၊ ခွက် ... ထိလိုက်ကြပြီး တစ်ဘရိုက်တည်း ... လိုက်ကြတော့သည်။

"... သား"

၁၀

"ရာသီကြွက်ဆောင်းလတပေါင်း" "... ပေါင်းသာခေါင်၊ လများနောင်" "... မာန်အပြောင်း၊ လတပေါင်း" ဟု ... ကြီးများ အမျိုးမျိုး အမှန်းတင်၊ ... စားဖွဲ့ဆိုခဲ့ကြသော နွေဦးပေါက်စ၊ ... ပေါင်းလထဲမှာပင် ဖြစ်သည်။

ခုနှစ်သက္ကရာဇ်ကို အတိအကျ ... ရမည်ဆိုပါလျှင် ၁၉၇၅ - ခုနှစ်၊ မတ် ... ထဲမှာဖြစ်သည်။

သူတို့မုဆိုးအဖွဲ့ မဟာမြိုင်တော ... အစရှေ့ဦး၊ ကလေးဝ၊ ကားလမ်းပေါ် ... "သက်တယ်ကျင်း" ရွာကလေးသို့ ... တ်ကြတော့ နံနက်(၆)နာရီထိုးနေ

ပေပြီ၊ နွေမိန်တပေါင်းလမို့ရာသီဥတုက မှန်မှန်မှိုင်းမှိုင်းပင် ရှိရှေသည်။

"နေ့ပူလို့ ညချမ်း၊ တပေါင်းလ သရမ်း" ဟူသော စာဆိုနဲ့အညီ တစ်ညလုံးတောလည်ရင်း "ကခုမတော"၊ "သစ်ဖြူတောင်" "မျဉ်းကိုင်း" "စီတစ်လုံး (စီဗလုံး)ချောင်း စသည့် တောင်ခေါ်တောတွေကို ဖြတ်သန်းခဲ့ရာ အအေးဓာတ်မှာ မြို့အရပ်ဆောင်းတွင်းမတာ အေးလှသည်၊ ညတခံခဲ့ရသည့်အအေးရှိန်မှာ မနက်(၆)နာရီထိမပြယ်ချင်သေး။

ဒါကြောင့်လည်း ဂျစ်ကားပေါ်မှ မုဆိုးများအားလုံးမှာ အနွေးထည်ကိုယ်စီ၊ ခေါင်းစွပ်ကိုယ်စီနှင့် ရှိနေကြသည်။ ဂျစ်ကားကလေးမှာ "သက်ကယ်ကျင်း ရွာထိပ်၊ ကားလမ်းဘေးမှ စရိုးသည်များ တည်းခိုရာ ရှည်လျားလျားတဲတန်းလျား ရှေ့တွင် ရပ်လိုက်သည်နှင့် ဆိုင်ထဲမှ အမျိုးသမီးခပ်ရွယ်ရွယ်တစ်ယောက် ထွက်လာပြီး ဖော်ရွေသောအပြုံးနှင့် -

"လာကြပါ - လာကြပါ၊ အစ်ကိုတို့၊ ဦးဦးတို့က "ကလေးဝ" သွားမယ့်ခရီးသည်တွေထင်တယ်၊ ဒီမှာ နားလို့ရ... အကုန် ရပါတယ်၊ လက်ဖက်ရည်၊ ကော်ဖီ၊ ကောက်ညှင်းပေါင်း အကြော်စုံ အပြင် ထမင်းဆီ...၊ ထမင်းကြော်၊

www.burmeseclassic.com

www.burmeseclassic.com



ခေါက်ဆွဲကြော် တြိုက်ရာသုံးဆောင်နိုင်ပါတယ်။ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ဖို့လည်း အရံသင့်ရှိပါတယ်"

"ကလေးမက အတော်ဖော်ရွေတာပဲ။ ဒီမှာပဲ တို့စခန်းချကြမယ်၊ ဦးဦးတို့က တလေးဝသွားမယ့် ခရီးသည်တွေ မဟုတ်ပါဘူးကွယ်၊ ဒီဘက်ကယကျင်းရွာမှာ တည်းပြီး မဟာမြိုင်တောကြီးအတွင်း အမဲပစ်မလို့လာကြတဲ့ မုဆိုးအဖွဲ့တွေပါ၊ ဒီမှာတည်းလို့ရတယ်မို့လား"

"အော် - ရပါတယ် - ရပါတယ်၊ ဒီမှာတည်းလို့ရပါတယ်၊ လိုအပ်တာရှိလည်း ပြောပါ၊ တခြားတောလည်လာကြတဲ့ အဖွဲ့တွေလည်း ဒီမှာတည်းကြတာ များပါတယ်၊ ဦးဦးတို့က ဘယ်ကလာတဲ့အဖွဲ့လဲ၊ မုံရွာလား၊ ရေဦးကလား"

"မန္တလေးကပါ - ညီမရာ၊ မုံရွာ၊ ရေဦးက မဟုတ်ပါဘူး"

ကိုသန်းထွန်းက လူဝယ်ပီပီ တခြားလူများထက် အာသွက်လျှာသွက်နှင့် အရင်ဖြေလိုက်သည်၊

"ဟင်း - ဒါမျိုးကျ သွက်လိုက်တာ၊ ဝက်မြီးကျနေတာပဲ"

ကိုဘသောင်းက မကြားတကြား ညာဘပေးလိုက်သည်၊

"မန္တလေးကဆိုရင် ခရီးဝေးကလာ ရတာပဲ၊ ပင်ပန်းကြရောပေါ့၊ နားကြ နားကြပါ၊ တဲက အကျယ်ကြီးပါ၊ လိုလ ရှိ၊ ကျွန်မ ပြောပါ၊ ကျွန်မနာမည် မကြည်ဝင်း တဲ့"

မိန်းမပျိုလေးမှာ နာမည်ပြောလျ ဆိုင်ဘက် ကျော့ကျော့လေး ကျော ထွက်သွားတော့သည်၊

"ကလေးမက ဖော်ရွေသလော ချောလည်း ချောတယ် - နော"

သစ်စက်မန်နေဂျာ ကိုလေးမော က ကားနောက်တွဲ ထရေလာပေါ် ပစ္စည်းများအား ကိုဘသောင်းကို တ ရင်း မှတ်ချက်ပေးလိုက်သည်၊

"ဟုတ်တယ်နော်၊ ကိုလေးမော ပြောသလို ဖော်ရွေသလောက် ချော တင်မကဘူး၊ သဘောလည်း ကောင်း ရတယ်ဗျ"

ကိုဘသောင်းကလည်း ကိုလေးမောင် မှတ်ချက်ကို အပြည့်အ ထောက်ခံလိုက်သည်၊

"ဟေ့လူတွေ - ဒီနေ့ ရှိုးမွမ်းခန်းဖွင့် လို့ပြီးဦးမှာလား၊ ကားပေါ်က အိုးခွက် ပစ္စည်းတွေ အရင်ချ၊ ဒါမှ ထမင်းဟင်း မြန်မြန်ချက်ပြီး ဗိုက်ဖြည့်ရမှာ၊ ကျုပ် ညကတည်းက ဆာနေတာ"



ကျန်းမာရေးဌာနက ကိုမြကကိုလေးမောင်၊ ကိုဘသောင်းတို့ပစ္စည်းချရင်း ကောင်မလေး ရှိုးမွမ်းခန်းဖွင့်နေတာကို သာသနာဖျက် ဝင်ဟန့်တားရင်း ဗိုက်ဆာတဲ့အကြောင်း ပြောလိုက်ခြင်းဖြစ်သည်၊

"ဗိုက်ကတော့ ကျုပ်တို့လည်း ဟာနေပြီဗျ၊ ချက်ပြုတ်လုပ်ကိုင်နေတာကို စောင့်နိုင်တော့ပါဘူး၊ မကြည့်ဝင်းတို့ ဆိုင်အားပေးရင်း ကျုပ်တော့ သွားကြိတ်တော့မယ်"

ကိုလေးမောင်က ကားပေါ်မှပစ္စည်းများကို အမြန်ချပြီး မကြည်ဝင်းတို့ဆိုင်ဘက် ခြေဦးလှည့်လိုက်သည်၊

"ဟေ့လူ - ဟေ့လူ - အဲဒီလို တစ်ကိုယ်ကောင်းဆန်ဆန်မလုပ်နဲ့လေ၊ ကျုပ်လည်း လိုက်မှာပေါ့"

သေနတ်တွေနှင့် အိပ်ရာလိပ်တွေကို နေရာထကျထားရင်း ကိုသန်းထွန်းက လှမ်းပြောလိုက်ခြင်းပင်၊

"အဲဒီလိုတော့ ခွဲခြားခွဲခြားမလုပ်ကြနဲ့လေ၊ ကျုပ်တို့လည်း တစ်ခါတည်း လိုက်မှာပေါ့"

ကိုမြနဲ့ ကိုဘသောင်းကလည်း ပစ္စည်းများ ချကာ လက်စသတ်ရင်း နစ်ယောက်သားတစ်ပြိုင်တည်း လှမ်းအော်လိုက်ကြသည်၊

"ဟဲ့ - ကလေးတွေ - လူကြီးတွေ မပါဘဲ နင်တို့ချည်းသွားလို့ ဘယ်ဖြစ်မှာလဲ၊ အထိန်းအကျောင်းအဖြစ် ငါတို့ လိုက်မှဖြစ်မှာပေါ့"

ဦးစက်ဖေနှင့် ဦးမောင်ကို လူကြီး ညီအစ်ကို တလည်း အခြေအနေကြ ကလေးပေးကာ ခပ်သွက်သွက်တလေး လိုက်သွားကြတော့သည်၊

ဤသို့ဖြင့် တစ်ဖွဲ့သားလုံးမှာ မကြည်ဝင်းတို့ စားသောက်ဆိုင်ထဲသို့ ရောက်ရှိသွားကြပြီး ကိုယ်ကြိုက်ရာတို မှာစားလိုက်ကြတော့သည်၊ မကြည်ဝင်းမှာ စားသောက်ဝိုင်းနားလာလျက် ဧည့်ခံပေးရင်း -

"အစ်ကိုတို့ - ဦးဦးတို့စားရသောက်ရတာ အဆင်ပြေကြ၊ ကျေနပ်ကြပါရဲ့လား၊ လိုအပ်တာရှိရင် အားမနာပါနဲ့ - ပြောကြပါနော်"

"ဟာ - စားရသောက်ရတာအဆင်ပြေပါတယ်၊ ကောင်းလည်း ကောင်းပါတယ် ကလေးမရယ်၊ လိုတာမရှိပါဘူး"

ဦးမောင်ကိုက လူကြီးပီပီ စကားဆိုလိုက်သည်၊ လူငယ်များအဖွဲ့ကတော့

"မကြည်ဝင်းကိုယ်တိုင် ဧည့်ခံပြီး အနီးမှာရှိနေလို့လားတော့ မပြောတတ်ဘူး၊ ခါတိုင်းထက် နစ်ဆလောက် စားကောင်းတယ်ဗျ - ပါလား"

www.burmeseclassic.com



"ဟင်း-ဟင်း-အစ်ကိုတို့ကတော့ ဗိုလ္လွန်းပြီထင်တယ်"

"မဟုတ်ပါဘူး မကြည်ဝင်းရယ်၊ လိုတောင် လိုသေးတယ်လို့ ကျွန်တော်တော့ထင်တာပဲ"

ကိုသန်းထွန်းက သူများထက် အရင်ဦးအောင် ပြောချလိုက်သည်၊

"ဒါဆိုရင်တော့ ဝမ်းသာပါတယ် အစ်ကိုရယ်၊ နောက်နေ့တွေလည်း အစ်ကိုတို့လာစားရင် ချက်ပြုတ်ကျွေးပါ့မယ်၊ များများသာ စားကြပါရှင်-ဟင်း-ဟင်း-ဟင်း"

တလေးမက စားပြီးသောက်ပြီး ပန်းကန်များကိုသိမ်းရင်းရယ်ကျဲကျဲနှင့် မျက်စောင်းလေးခဲရင်း အမူအရာနှင့် ချက်ပြုတ်ရာအခန်းတွင်းသို့ လုပ်သွားပါတော့သည်၊ မုဆိုးတစ်ဖွဲ့သားလုံးမှာလည်း တစ်ယောက်နှင့်တစ်ယောက်အဓိပ္ပာယ် ပါပါကြည့်ရင်း ပီတိတွေ ဖြာသွားကြလျက်-

"စားပါ့မယ်ဗျာ"

"စားရမှာပေါ့"

"စားဦးမှာ"ဟု အသံစုံ တစ်ပြိုင်တည်း ရွတ်လိုက်ကြသည်၊



မဟာမြိုင် ဟူသောစကားနှင့်ညီအောင် တောမှာကြီးကျယ်လှပေသည်၊ မုဆိုးအဖွဲ့မှာ တလေးဝသွား ကားလမ်းတစ်လျှောက်သို့လည်းကောင်း၊ "တြွေ" သစ်ထုတ်ရေးစခန်းဘက်နှင့် "ကမ်းပါးနီ" စခန်းများဆီသို့လည်းကောင်း သွားမလည်ကြဘဲ "ခေါင်နန်းရွာ" ဘက်သို့ သား၊ သွားလည်ကြရန် ဆုံးဖြတ်လိုက်ကြသည်၊

ခေါင်နန်းရွာစခန်းမှာ သက်ကယ်ကျင်းရွာနှင့် (၂၂)မိုင်မျှဝေးပြီး မဟာမြိုင်တောကြီးအလယ်ကြောကိုဖြတ်ဖောက်ထားသော တစ်ခုတည်းသောခရီးလမ်းဖြစ်သည်၊ ခေါင်နန်းလမ်းအဝင်ဝ၊ သက်ကယ်ကျင်းရွာမှ ထွက်စတွင် တောမှာ အင်တိုင်းတောမျိုးဖြစ်ပြီး အတွင်းထဲရောက်သွားသောအခါ ချုံတော၊ စေးပျစ်တော၊ အသားတော၊ ဝါးတော၊ သက်ကယ်တော၊ မြိုင်၊ ဂနိုင်၊ ဟေဝန်ဟေမာ၊ သေလာ အစရှိသော တောအမျိုးမျိုးတို့ကို တွေ့ရကြသည်၊

ဝါးတောများမှာလည်း စုံလှသည်၊ စုံလှသည်၊ မျှင်၊ သန၊ ကြခတ်၊ ကြသောင်း၊ ဝါးဖြူ၊ ဝါးဘိုး၊ ဝါးသလဲ၊ ဝါးနွယ်ကုတ်၊ ထီးရိုးဝါး အစရှိသည်တို့မှာ သူ့အုပ်စုနှင့်သူ ပေါက်ရောက်နေကြသည်မှာ မျက်စိတစ်ဆုံးပင်၊



တိုင်းပြည်၏အဖိုးတန်ရတနာများဖြစ်သော ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ ပိတောက်ပြင်း၊ အင်း၊ ကညင်၊ လက်ပံ၊ ဒီးဒူး၊ ထိတ်တောတ်၊ တမလန်း၊ ယင်းမာ၊ တမာ အစရှိသော သစ်ပင်ကြီးများမှာလည်း သူ့နေရာနှင့်သူ အစုလိုက်၊ အပြုံလိုက် ပေါက်ရောက်မထိုးနိုင်လောက်အောင် ပေါက်ရောက်နေကြသည်၊ တချို့အချို့အပင်များမှာ မိုးထိအောင်မြင့်မားသည် ဟုထင်ရမလောက် မြင့်ကြပြီး ပင်စည်လုံးပတ်များမှာလည်း လူကြီးလေးငါးယောက်ဖက်စာလောက် ကြီးကြသည်၊ ထို့ခိုလိမ်ယှက်၊ ဖက်တွယ်တက်နေသော နွယ်တန်းကြီးများမှာလည်း မြွေသလုံးပေါင်လယ်အရွယ်များကဒုနဲ့ဒေး၊ အော်-ပီတိတော၊ တောဆိုမှ တော၊ သတယ့်နာမည်နဲ့ လိုက်အောင်ကြီးသော မဟာမြိုင်တောကြီးပါတကား၊

သူတို့မုဆိုးကားကလေးက ခေါင်နန်းလမ်းထဲသို့ မှောင်ရီပျိုးစကပင် ဝင်လာခဲ့ကြခြင်းဖြစ်သည်၊ ကားပေါ်တွင် ဦးစက်ဖေ၊ ကိုလေးမောင်၊ ကိုမြ၊ ကိုသန်းထွန်းနှင့် ရှာစ်မုဆိုးတစ်ဦးသာ ပါသည်၊

ကိုလေးမောင်က ကားမောင်းပေးပြီး ဦးစက်ဖေက .30'-06 ရိုင်ဖယ်၊ ကိုသန်းထွန်းက (.222)ဗိုင့်တူးတူးတူး (TRIPLE TWO) ထရစ်ပယ်တူးရိုင်ဖယ်နှင့် ကိုမြက 12 ဘိုးနှစ်လုံးပြူးသေနတ်တို့ကို အသီးသီးကိုင်ထားကြသည်၊ ရှာမီးဆလိုက်ကိုတော့ ရှာစ်မုဆိုးက ထိုင်ရှာနေသည်၊

တောဝင်ခဲ့၍ (၃)မိုင်မျှ ရောက်သည်တွင် အောက်မြေရှင်းသော ဝါးတောတစ်ခုသို့ ရောက်လာသည်၊ လမ်း၏ဝဲဘက်ကိုက်(၇၀)လောက်တွင် မျက်လုံးဝင်းဝင်းတစ်စုံ တွေ့ကြရသဖြင့် ကားမောင်းသူ ကိုလေးမောင်က မြင်ကွင်းရှင်းသောနေရာတွင် ကားရပ်ပေးလိုက်သည်၊

သားကောင်မှာ ဖိုးရုံဘေးမှ လည်တိုင်နှင့်ခေါင်းလောက်သာထွက်နေခြင်းဖြစ်သည်၊ နှစ်လုံးပြူးကိုင်ထားသော ကိုမြက ပစ်ချင်ဖောနှင့် ထိုးချိန်လိုက်သည်၊

"ဘာ-ဘာကောင်လဲ မောင်မြရေ ဆတ်လား၊ ဆတ်ဆိုရင် ငါ့ .30-06 ရိုင်ဖယ်နဲ့ ပစ်မယ်၊ ဒါမှ သေချာအောင်"

ဦးစက်ဖေက တီးတိုးလေသံနှင့် အလောတကြီး မေးလိုက်သည်၊

"ဆတ်မဟုတ်ဘူး-ဒရယ်ပါ ဦးစက်ဖေရ"

www.burmeseclassic.com

www.burmeseclassic.com



ဦးစက်ဖေက မီးထိုးထားရာ လှမ်းကြည့်လိုက်ပြီး–"ဟုတ်တယ် – ရှေ့ပဲဟ၊ ရှေ့ဘာလုပ်ဖို့လဲ၊ ဒီမဟာမြိုင်တောကြီးလာတာ ရှေ့ပစ်ဖို့မှ မဟုတ်ဘဲ၊ ရှေ့လောက်ပစ်မယ်ဆိုရင် ဒီမိုင်(၂၀၀)တော့်ဝေးတဲ့တောကြီး ဘယ်လာနေမှာလဲ၊ ခန္တလေးပတ်ဝန်းကျင်အနီးအနားမှာပဲ ပစ်တော့မှာပေါ့"

"ဦးစက်ဖေပြောတာ မှန်တော့ မှန်ပါတယ်၊ ဒါပေမဲ့ – လာဘ်ဦးကောင်လည်း ဖြစ်၊ ကျုပ်တို့အဖွဲ့ အမြည်း၊ ဟင်းစားလေးလည်း ရအောင် တောဦးလည်း ထွက်သွားအောင်ပါ"

ကိုလေးမောင်က အကျိုးအကြောင်း ပြောပြလိုက်သည်၊

"ဒါဆိုလည်း အသံသိပ်မကြားရတဲ့ (.222) နဲ့ ပစ်လေ၊ နစ်လုံးပြူးနဲ့ အသံလည်းမြည်အားကြီးတယ်၊ အကွာအဝေးတလည်း လှမ်းတယ်၊ မသေချာဘူးကွ"

ဒီတော့မှ ကိုသန်းထွန်းက နေရာမှ ထ၍ သူ့လက်စွဲတော် (.222) TRIPLE TWO ရိုင်ဖယ်သေနတ်ကို သားကောင်ရှိရာသို့ ထိုးချိန်လျက် မောင်းခလုတ်ကို ဖြတ်ချလိုက်ပါတော့သည်၊ သေနတ်သံတ နစ်လုံးပြူးလောက် မကျယ်ပေမဲ့

တိတ်ဆိတ်တဲ့ညယံမို့ ပဲ့တင်ထပ်သွားစေသည်၊ အနီးအနားရှိ ဝါးရုံပင်များမှ တောကြက်များမှာ သေနတ်သံကြောင့် တဖြုန်းဖြုန်း တဖျန်းဖျန်း လန့်ပျံကုန်ကြသည်၊

အပစ်ခံလိုက်ရသောရှေ့မှာလည်း နေရာမှ မရွေ့တမ်း လဲကျသေဆုံးသွားရာ ကိုမြက အပြေးဆင်းသွားပြီး သယ်လာပါတော့သည်၊

"ဘယ်မှန်သလဲ၊ မျက်လုံးနစ်လုံးကြားပစ်လိုက်တာ"

ကိုသန်းထွန်းက ရှေ့သယ်လာသော ကိုမြက အပြေးဆင်းသွားပြီး သယ်မလာပါတော့သည်၊

"ဘယ်မှန်သလဲ၊ မျက်လုံးနစ်လုံးကြားပစ်လိုက်တာ"

ကိုသန်းထွန်းက ရှေ့သယ်လာသော ကိုမြကို လှမ်းမေးလိုက်ရာ –

"မျက်လုံးနစ်လုံးကြား ကွက်တိအာစရိ – ရေ"

"ကိုင်း – တွေ့တယ်မို့လား ဦးစက်ဖေ၊ ကျုပ်သေနတ် (.222) ဘယ်လောက်ကောင်းတယ်၊ တိကျတယ်ဆိုတာ ယုံပြီလား"

"ယုံပါပြီ မောင်၊ ယုံပါပြီ၊ ငါလည်း ဒါမျိုးလေးတော့ ရချင်သား..."



"ဦးစက်ဖေမှာ (.30'-06) ရိုင်ဖယ်ရှိလျက်နဲ့ (.222) သေနတ် ဘာလုပ်မှာလဲ၊ လောဘကလည်းကြီးလိုက်တာ"

ကိုလေးမောင်က ကားမောင်းနေရာမှ ဝင်ပြောလိုက်ခြင်းဖြစ်သည်၊

"အော် – မောင်လေးမောင်က လည်း (.222) လေးက ဖေ့ါပေါ့ပါးပါး အသံလည်း သိပ်မကြားရတဲ့ အပြင် ဖိုဖြောင့်တယ်မို့လား"

"အစ်ကိုကြီးစက်ထင်လို့ပါ၊ (.30'-06) လည်း (.222) လိုပါပဲ၊ သေနတ်ဖြောင့်ရုံနဲ့ ပြီးတာမဟုတ်ဘူး၊ လူလည်း လက်ဖြောင့်မှ ကောင်းမှ မှန်တာလေ၊ ဟုတ်တယ်မို့လား – ကိုသန်းထွန်း"

"ဟုတ်တယ် – ဦးစက်ဖေ – ရှေ့ ကိုလေးမောင်ပြောတာ မှန်တယ်၊ သေနတ်ကောင်းတာထက် လူ့လက်ကောင်းလို့၊ ဖြောင့်လို့ဗျ – ဟဲ – ဟဲ – ဟဲ"

"အရေးထဲ အသားယူနေပြန်ပါပြီ၊ အသဲဖြစ်ဖြစ်ကွာ၊ မင်းရဲ့ (.222) မျိုးလေးတော့ ငါ ရချင်ပါသေးတယ်ကွာ မောင်သန်းထွန်းရာ"

သူတို့အဖွဲ့ပြောရင်းဆိုရင်း ရှေ့ခရီးဆက်ခဲ့ကြပြန်သည်၊ ဂျစ်ကားလေးမှာ သဲတောထဲမှိုကီယာအကြီးနဲ့အတော်ရုန်းနေရသည်၊ သဲတော၊ ဝါးတောလွန်သွား

သောအခါ သစ်ပင်ပေါက်၊ ကျိုးတိုးကျဲတဲနှင့် သက်ကယ်တောကွင်းသို့ ရောက်ခဲ့ကြသည်၊ သက်ကယ်တောကွင်းမှာ မီးမလောင်သေးသော်လည်း နှင်းအက်၊ နေအက်များကြောင့် နီဝါရောင်ပြောင်းနေပြီး လဲတာ လဲ၊ ထောင်တာ ထောင်၊ ဒိုက်တာ ဒိုက်နှင့် ဖြစ်နေကြသည်၊

မီးရှာသမားက မီးကို ကောင်းတင်ထက်မှ တဖြည်းဖြည်းချင်း သက်တယ်ကွင်းသို့ ချလိုက်သည်၊ ကားရွေ့လျားမှု အတိုင်းလိုက်ပြီးမီးကို ရှေ့နောက် ဘယ်ညာ ဝှေ့ယမ်းလိုက်သည်၊ သက်တယ်ကွင်းအလယ်လောက်တွင် ရဲရဲနီနေသော မျက်လုံးအစုံကို တွေ့လိုက်သဖြင့် မီးသမားက "ကျား၊ ကျား ဆရာ – တားဟု ပါးစပ်မှ တီးတိုးပြောပြီး ကားမောင်းသူကို လက်တို့အချက်ပေးလိုက်သည်၊

ကားမောင်းသူက ဘရိတ်အုပ် ရပ်ပေးလိုက်သလို သေနတ်သမားများဖြစ်ကြသော ဦးစက်ဖေ၊ ကိုသန်းထွန်းနှင့် ကိုမြတို့က တစ်ပြိုင်တည်း ထကြည့်လိုက်ကြသည်၊ သားကောင်မှာ တိုက် (၁၀၀) အကွာလောက်ရှိ သက်တယ်ဘုတ်စုၡနောက်ကွယ်မှဖြစ်ပြီး မျက်လုံးရဲရဲကြီးနစ်လုံးသာ မြင်နေရခြင်းဖြစ်သည်၊

www.burmeseclassic.com

www.burmeseclassic.com



(.30'-06) ရိုင်ဖယ်ကိုင်ထားသူ ဦးစက်ဖေတာ မောင်းတစ်ဝက်တင်ထားသော သေနတ်ကို အပြည့်တင်လိုက်ပြီး ချိန်လိုက်သည်၊ ဒီအချိန်မှာပင် မျက်လုံးများတာပျောက်သွားသဖြင့်မောင်းမဖြုတ်လိုက်ရ၊ အားမလိုအားမရကြီးဖြစ်သွားတာ တားကို ရှေ့အနည်းငယ် တိုးနိုင်းလိုက်သည်၊

ကိုလေးမောင်က ကားကို ရှေ့တစ်လံလောက်တိုးလိုက်သည်နှင့် "ဖောင်း" ဟူသော အသံကြီး ပေါ်ထွက်လာပြီး "ဖေါင်း" ဟူသော ကျားဟိန်းသံပါ တစ်ဆက်တည်း ကြားလိုက်ရသည်၊

"တာ - သွားပါပြီ ဆရာတို့ရာ၊ မီးရောင်ထဲမှာ နောက်ကျွမ်းပစ်သွားတာ မြင်လိုက်ရတယ်၊ ပစ်ချက်မမှန်လိုက်ဘူးထင်တယ်"

မီးသမားက သူ့မြင်ကွင်းကို အားမလိုအားမရနှင့် တင်ပြလိုက်သည်၊

"ဟကောင်ရ - ငါက ပစ်တောင်မပစ်ရသေးဘူး၊ မောင်မြ ပစ်လိုက်တာလား"

"ဘယ်က ကျုပ်ပစ်ရမှာလဲ၊ ကားဘီးပေါက်သွားတာဗျ"

မှန်ပါသည်၊ မျက်လုံးပျောက်သွားသဖြင့် ဦးစက်ဖေတာ ကားကို ရှေ့တိုးပေးခိုင်းလိုက်သောကြောင့် ကိုလေးမောင်က ကားကို ရှေ့တိုးပေးလိုက်ရာ ဝါးမျက်ချွန်ကြီးကို နင်းမိပြီး ဘီးပေါက်ကွဲသွားခြင်းသာ ဖြစ်သည်၊

"တောက် - ကျားပစ်ရမယ် ဆိုမှ ပေါက်ပဲ ပေါက်တတ်တယ် ဘီးရယ်"

ဦးစက်ဖေက မချင့်မရဲ၊ အားမလိုအားမရ ဒေါပွပွနဲ့ တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်ရင်း ညည်းတွားလိုက်သည်၊

အဖွဲ့သားအားလုံးမှာလည်း အခွင့်ရေးကောင်းကြီးတစ်ခုလက်လွှတ်ဆုံးရှုံးသွားသဖြင့် သက်ပြင်း "ဟင်း" ချလိုက်ကြသည်၊

"ကိုင်း - ကျားမပစ်ရတာထက် ကားဘီးပေါက်သွားတာ ဘယ်လိုလုပ်ကြမလဲ"

"ဘီးပေါက် သွားတော့ လည်း လဲလိုက်ကြရုံပေါ့ မောင်သန်းထွန်းရာ"

"လဲဖို့ရာ စပယ်ယာဘီးက ပါမလာဘူး၊ စခန်းက ထရေလာ (TRALLER) ပေါ်မှာ ကျန်ခဲ့တယ်၊ တင်ယူလာခဲ့ဖို့ မေ့သွားတယ်"

ကိုမြက ဘီးပါမလာကြောင်း တင်ပြလိုက်သည်၊



"အဲဒါဆိုရင်တော့ ခက်ပြီ၊ ဘယ်လိုလုပ်ကြမလဲ"

"ဘာတတ်နိုင်တော့မှာလဲ၊ လုပ်သလိုမဖြစ်ရင်ဖြစ်သလို လုပ်ရတော့မှာပေါ့၊ ကိုင်း - လမ်းမလျှောက်နိုင်တဲ့ ဦးစက်ဖေနဲ့ ကိုမြတို့က ဒီမှာနေခဲ့ကြ၊ လမ်းလျှောက်နိုင်တဲ့ကျုပ်တို့သုံးယောက် စခန်းအထိ ခြေလျှောက်ပြန်ကြမယ်၊ ကျန်နေခဲ့တဲ့လူတွေ မီးမွှေးပြီး ရေသောက်စားရင်း လင်းကြပေါ့၊ အင်း - အိပ်ပျော်သွားလို့ ကျားဆွဲလည်း ခံနေကြရဦးမယ်နော်"

၁၀။

နောက်တစ်နေ့ နေ့လယ်ထမင်းစားပြီး အနားယူနေချိန်တွင် ရွာခံမုဆိုး "ဘိုတောဘို" ရောက်လာပြီး စိုင်ပစ်သွားဖို့ ခေါ်သည်၊

"တိုင်း - ဆရာတို့ - မနေ့ညက အမဲကြီး (ကျား) မပစ်ရပေမဲ့ ဒီနေ့ စိုင်ပစ်ရအောင် လာခေါ်တာ"

"စိုင်က ခြေရာကောက်လိုက်ပစ်ရမှာလား၊ လူတွေက မနေ့ည ခြေကျင်လျှောက်လိုက်ရတော့ ကွပြီးမလုပ်ချင်ကြဘူး - ဗျ"

ကိုလေးမောင်က သူတို့အခြေအနေ တင်ပြပြီး မေးလိုက်ခြင်းပင်၊

"ခြေရာကောက်လိုက်ရမှာမဟုတ်ပါဘူး၊ စိမ့်ထွက်ရေမှာ လင့်နဲ့ စောင့်ပစ်ရမှာ ဆရာရဲ့ - သက်သာပါတယ်"

"ဒါဆိုရင် မနေ့ညက ခြေကျင်မလျှောက်ရတဲ့ အစ်ကိုကြီးစက်နဲ့ ကိုမြသာ ခေါ်သွားပေတော့"

ကိုလေးမောင်က ခုံတန်းလျားတွင် ဝတ္ထုစာအုပ်ဖတ်နေသော ဦးစက်ဖေနှင့် ကိုမြဆီသို့ ညွှန်လိုက်သည်၊

"ထမင်းရည်ပူလာ၊ လျှာမလွှဲပါနဲ့ မောင်လေးမောင်ရာ၊ ကျုပ်တာအေးအေးလေး ဖတ်ပါရစေ၊ မောင်ရင်နဲ့ မောင်သန်းထွန်းတို့ လိုက်သွားကြပါ၊ မင်းတို့ကမှ အမဲကြီး၊ စိုင်၊ ပြောင် အတွေ့အကြုံရှိတာ၊ ပစ်ဖူးတာ၊ ငါက တစ်ခါမှ စိုင်၊ ပြောင် တွေ့ဖူး၊ မြင်ဖူး၊ ပစ်ဖူးတာ မဟုတ်ဘူး"

"အဲလိုအတွေ့အကြုံမရှိလို့ အတွေ့အကြုံရှိအောင် ပစ်ဖူးအောင် လိုက်ပစ်ရမှာလေ၊ ကြုံတောင့်ကြုံခဲအခွင့်အရေးဗျာ၊ လက်လွှတ်မခံစမ်းပါနဲ့"

"တွေ့ဖူးတယ်၊ ပစ်ဖူးတယ်ရှိအောင်တော့ လိုက်ချင်ပါတယ်၊ ဒါပေမဲ့ - နေ့လကြီးဆိုတော့ နေက ပူနဲ့ ပင်ပန်းမှာတွ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ - မပင်ပန်းပါဘူးဆရာကြီးရ၊ လမ်းနည်းနည်းအညောင်းပြေလောက် လျှောက်ပြီး ရေသောက် လာမယ့် အတောင် လင့်ပေါ်က စာဖတ်မပျက် အသာလေး စောင့်ပစ်ရုံပဲဗျ"

"သေချာလို့လား တောဘိုရာ၊ အဲလောက်လွယ်ရင်တော့ စိတ်ဝင်စားသလိုလိုပဲ"

"အော် - သေချာပါတယ်ဆို ဆရာကြီးရာ၊ စောစောမနက်က ရဲ(၂) ယောက်နဲ့ ကျုပ်တို့ဆီက မုဆိုးနှစ်ယောက် စိုင်ခြေရာ တောက်လိုက်သွားကြတယ်၊ သူတို့လိုက်တဲ့စိုင်အုပ်မောရင် သေချာပေါက် အခုစောင့်မယ့် စိမ့်ထွက်ရေလာသောက်မှာသေချာတယ်၊ ဆရာကြီး မှန်အောင်ပစ်နိုင်ဖို့ပဲ အရေးကြီးတယ်"

"ဒီလောက် သေချာအာမခံနေမှတော့ လိုက်သွားစမ်းပါ ဦးစက်ဖေရာ၊ ဒါမှစိုင်ပစ်ရဖူးမှာ၊ ကျုပ်ကလမ်းလျှောက်ထားလို့ ပင်ပန်းနေလို့သာ၊ နို့မဟုတ်ရင် လိုက်တယ်၊ ကိုင်း - ခင်ဗျား ကျုပ်သေနတ် (.222) ထရစ်ပယ်တူးကို ကြိုက်တယ်ဆို၊ ခင်ဗျားလိုက်သွားပြီး စိုင်ပစ်လို့ ရခဲ့ရင် ကျုပ်သေနတ်ကို အပိုင်လွှဲပေးမယ်ဗျာ - ဟုတ်ပြီလား"

ကိုသန်းထွန်းက လိုက်သွားအောင် အကြိုက်စကားနဲ့ မျှားလိုက်သည်။

ကိုသန်းထွန်းစကား ကြားရမှ ဦးစက်ဖေမှာ လှဲနေရာမှ ခေါက်ခနဲ ထထိုင်ပြီး -

"မောင်သန်းထွန်း - မင်းတကယ် ပြောတာလား၊ မင်းရဲ့ (.222) သေနတ်သာ ရမယ်ဆိုရင် ငါတကယ်လိုက်သွားမှာနော်၊ ပင်ပန်းချင် ပင်ပန်းပလေ့စေ"

"နစ်ကယ်ပြောတာပါ ဦးစက်ဖေရာ - နစ်ကယ်၊ စိုင်သာ ခင်ဗျားရအောင် ပစ်လာခဲ့လို့ကတော့"

"အိုကေ - ဒါဆိုစိတ်ချ၊ စိုင်ရအောင် ပစ်ခဲ့ဖို့ကငါ့တာဝန်၊ (.222) သေနတ်ပေးဖို့က မင်းတာဝန် - ကတိနော် - ကတိ"

ဤသို့ဖြင့် စိမ့်ထွက်ရှိရာသို့ ကိုတောဘိုနှင့်အတူ ဦးစက်ဖေနှင့် ကိုမြ တို့ ပါသွားကြသည်၊ စိမ့်ထွက်မှာ "တွေ စခန်း" သွားသောလမ်းမှ သွားရပြီး သစ်ကယ်ကျင်းနှင့် (၃)မိုင်မျှဝေးသည့် နေ လယ်နာရီပြန် (၁)ချက် အချိန်မို့ နေတ အစွမ်းကုန် ပူနေသဖြင့် (၃)ယောက် စလုံး ချွေးတွေရွှဲနေတော့သည်၊

"ဟ - တောဘို - ရ၊ နင့်ရေထွက်က မရောက်သေးဘူးလား - ကွ၊ ငါတော့ လူပေါင်းမှားပြီနဲ့တူပါတယ် - ကွာ"



ခန်းမှ ထွက်လာ၍ နာရီသုံးမတ် ...တ်ကြာသောအခါ ဦးစက်ဖေက ...တ်မသာ ညည်းညည်းတွားတွား ...ိုက်ခြင်းဖြစ်သည်၊

"ရောက်တော့မှာပါ ဆရာကြီးရာ၊ ...ဒီခင်ကျောကုန်းကလေးကျော်ရင် ...တ်ပါပြီ၊ ဒီနေရာမှာ အရှခင်းကြီး၊ ...င်းလေးလုပ်ချင်လုပ်ခဲ့ကြ၊ လင့်နား ...ာ့ပ်ရင် အနံ့ရပြီး ဝင်မှာမဟုတ်ဘူး"

စိမ့်ထွက်မှာ ခင်ရိုး၏မြောက်ဘက် ...ိုင်းတွင်ဖြစ်ပြီး စိုင်ခြေရာ၊ ချေခြေ ...သစ်အပေါင်းများမှာ ပွစာကြဲနေ ...သည်၊

"ဆရာကြီး - ချေလာရင် မပစ်နဲ့ ...ိုင်လာမှပစ်"

"အေးပါကွ၊ လင့်သာ နိုင်အောင် ...ချာ နီးပြန်တုပ်စမ်းပါ"

...င့်မှာ စိမ့်ထွက်၏ မြောက်ဘက် ...ချင်ခွကြားတွင် ထိုးထားခြင်းဖြစ် ...သင့်ပေါင်းဖြစ်သဖြင့် နီးချက် ...နိုင်ခံ့ဟန်မရှိတော့၊ ဒါကြောင့် ...ယ်နှင့် သေချာအောင် ထပ်ချည် ...ှုပ်နိုင်းရသည်၊ မျက်နှာစာရင် ... ချက်ကွယ်သစ်ခက်များမှာ ...အရွက်များကြွေ၍ရိုးတံသာကျန် ...ဖြင့် အသစ်လဲလိုက်ရသည်၊

"ကိုင်း - ဆရာကြီး၊ လင့်ပေါ်တက်ပြီး ခြေသံသာ နားစွင့်ပြီး ငြိမ်ငြိမ်လေး နေပေတော့၊ လာရင်ခင်ရိုးပေါ်က လာဖို့ များတယ်၊ မျက်စိလည်း လျှင်ထားဦး၊ အိပ်ပျော်နေလို့ မပစ်လိုက်ရဘဲလည်း ဖြစ်နေဦးမယ်"

ကိုယ်ခန္ဓာ ဝဝဖိုင့်ဖိုင့်ရှိသော ဦးစက်ဖေကို လင့်ပေါ်ရောက်အောင် မနည်းတွန်းတင်ပေးကြရသည်၊ လင့်ပေါ် ရောက်သွားမှ -

"ကိုင်း - ကျုပ်တို့နှစ်ယောက် သေနတ်သံကြားနိုင်တဲ့နေရာ သစ်ပင်ရိပ်ကောင်းကောင်းမှာ အိပ်စောင့်နေမယ်၊ ပစ်သံကြားမှ လာခဲ့မယ် သိလား"

တောဘိုနှင့် ကိုမြတို့မှာ နစ်လုံးပြူ ကို ထမ်းလျက် လင့်ရှိရာမှ ထွက်သွားကြတော့သည်၊ ဦးစက်ဖေမှာ လင့်ပေါ်တွင် တစ်ယောက်တည်း ကျန်ခဲ့ပြီး သေနတ်မဂ္ဂဇင်းတွင် ကျည်(၅)တောင့်မှ အမာဖူးကျည်တစ်တောင့်ကို ပြောင်းရင်းထဲသို့ ထိုးသွင်းမောင်းတင်ပြီး လုံခြုံရေးသော့ (SAFE) ကို ပိတ်ထားလိုက်သည်၊

အချိန်မှာ (၂)နာရီခွဲလောက်သာ ရှိသေးသဖြင့် နေရောင်က ...တွယ် အကာမရှိ၊ ဦးခေါင်းထက် ...ိုက်ရိုက်ကျ

www.burmeseclassic.com

နေသဖြင့် တစ်ကိုယ်လုံး နေရောင်လုံ အောင် ပုဆိုးကို ခေါင်းမြီးခြုံထားလိုက်ရသည်။ နေလုံသွားသလို လေလည်း လုံသွားသဖြင့် ပုဆိုးခြုံထဲတွင် ချွေးများက ဖြိုက်ဖြိုက်ကျကာ ရေချိုးထားသည့်နှယ်ပင်။

အမေမွေးကတည်းက တစ်ခါမှ ဒီလိုပင်ပန်းအထင်ရဲမခံခဲ့ဘူး။ အခုတော့ ဝါသနာ၊ စိုင်ပစ်ဖူးချင်တာက တစ်ကြောင်း။ (.222) သေနတ်လိုချင်တာက တစ်ကြောင်းကြောင့် မခံစဖူး၊ ပင်ပန်းဆင်းရဲဒုက္ခခံနေရသည်။ ခံပေဦးပေါ့။ သူများအသတ် သတ်ချင်တဲ့ကောင် (222) လိုချင်တဲ့ကောင်ဒီလောက်တော့ ခံရဝဝပေါ့။

ဤသို့ဤနယ် ကိုယ့်စိတ်ကိုယ်
ရင်းအချိန်တို့က ကုန်မှန်းမသိ ကုန်သွာ
သည်။ နေရောင်တလည်းတဖြည်းဖြည်
စောင်းသွားသဖြင့် အပူသက်သာလ
သည်၊ သားကောင်များ၏ အရိုး
အယောင်၊ ခြေသံ၊ အော်သံများကိုအာ
စိုက် နားထောင်သော်လည်း မကြား
သေး၊ ကြာတော့ မသိမသာ မျက်စိမျ
က မှေးမှေးကျသွားသည်။

ဒါကြောင့် သားကောင်လာဦးမ
မဟုတ်ပါဘူး၊ ငါခဏလောက်လှဲပြီးမှိ
နေလိုက်ပါဦးမယ်ဟု ကိုယ့်ကိုယ်ကို
ပြောပြီး လင့်ပေါ်တွင် လှဲ၍ မျက်စိမှိ
မှိန်းနေလိုက်သည်။ ဒီလိုမှိန်းလိုက်
စိတ်တို့က တောင်တွေး၊ မြောက်တွေ



“ စိတ်ကို အေးအေးထားလျက် စိုက်ကြည့်သွားရာ ဈေးအမှတ်ကြောင်းအတိုင်း လိုက်သွားရာ ခင်တော့တစ်ကောက်အမြဲ သစ်ပင်ကြီးတစ်ပင်မှာမှီပြီး ရပ်နေသော ဝိုင်မကြီးနှင့် ဘေးနားတွင် အခြားစိုင်(၅) ကောင်ကို တွေ့ရသဖြင့် တပျာတာရာ ထိုးချိန်လိုက်ပြီး မောင်းဆွဲလိုက်သည်။ ဒုပုတ်က မဖြုတ်၊ ကျည်က မထွက်။



ရောက်ချင်ရာ ရောက်သွားသည်၊ အတွေးထဲတွင် ...

ဒီမဟာမြိုင်တောကြီးမှာ ဂျပန်ခေတ်စစ်အတွင်းက ဂျပန်ပေါင်းမြောက်မြားစွာ သေခဲ့ကြတယ်လို့ ငါ့ မနက်တက်ခဲ့တဲ့ တအုပ်မှာ အတိအလင်းရေးထားတယ်။ ဒီတော့ ဒီတောကြီး၊ ဒီတောင်တွေမှာ မကျွတ်မလွတ်သေးတဲ့ ဂျပန်တစ္ဆေ၊ သရဲနာနာဘာဝတွေ နေရာတကာရှိနေမှာ။ ငါ့ အိပ်ပျော်သွားတုန်း ဂျပန်သရဲက ငါ့လာဖင်နှိုက်ရင်တော့ ဒုက္ခပဲ၊ ငါ အိပ်ပျော်သွားလို့မဖြစ်ပါဘူး။ ငါအိပ်ချင်စိတ်ပြေပြီး စိတ်ကြည်လန်းဆန်းသွားအောင် ဘာလုပ်ရပါ့၊ အော် - ဟုတ်ပြီ သတိရပြီ၊

သတိရလိုက်သည်နှင့် လှဲအိပ်နေရာက အမြန်ထထိုင်ပြီး ရေဘူးယူလျက် ရေကို တစ်ဝသောက် ချလိုက်သည်၊ ရေတစ်ဝသောက်ချလိုက်မှ မျက်စိကြည်ပြီး စိတ်ရှင်လန်းသွားတော့သည်၊ လက်ပတ်နာရီကြည့်လိုက်ရာ ညနေ (၄) နာရီထိုးမှ အနည်းငယ်သာ လိုတော့သည်၊ ဒီအချိန်မှာပင် တောင်တန်းခင်ရိုးပေါ်က သစ်ရွက်ခြောက်သံ၊ တရှောင်းရှောင်းကို ကြားလိုက်မိသဖြင့် သတိထား မျှော်ကြည့်လိုက်မိသည်။

အစတွင် ဘာမှမမြင်ရ၊ အသံများသာ ကြားနေရပြီး ခဏနေမှ ခင်ရိုးထိပ် အင်ပင်တောကြားတွင် နီရဲရဲ နွားထစ်ကောင်သဏ္ဌာန်က ပေါ်လာသည်၊

ဟာ - ဒီနွားက ဘယ်ကနွားပါလိမ့်၊ သစ်ခုတ်ဝါးခုတ်၊ ထင်းခုတ်သမားတွေရဲ့ နွားနဲ့တူတယ်၊ သူတို့ရှိနေရင် ငါ့စိုင်ရမယ့်စိုင်က လာပါဦးမလား၊ ဒုက္ခပါပဲ၊ အနှောင့်အယှက်ကလည်း များလိုက်တာ၊

ဤသို့ အတွေးရောက် စိတ်ပျက်သွားပြီးမှ ပြန်သတိရလိုက်မိသည်မှာ - “ဟာ - စိုင်ဆိုတာ နွားပဲ၊ ဒါ စိုင်များဖြစ်နေမလား၊ အသေချာကြည့်ဦးမှ” ဟုမြန်ကြည့်လိုက်ရာ စောစောက တစ်ကောင်တည်းမဟုတ်တော့ဘဲ အသင်းလိုက်၊ အတိုက်လိုက် (၆) ကောင် တွေ့လိုက်ရသည်၊ တချို့အကောင်တွေရဲ့ဦးချိုမှာ မေထုန်နွားမချိုသဏ္ဌာန် ခပ်သေးသေး ခပ်ကွေးကွေးတွေဖြစ်သော်လည်း တချို့အကောင်ရဲ့ချိုမှာ ကျွဲချိုများလိုကားကား ဝိုက်ဝိုက်ရှည်ရှည်စိုက်ကြီးတွေ တွေ့လိုက် မြင်လိုက်ရမှ - ဒါ - အိမ်တောင်နွားတွေမဟုတ်၊ တောနွားစိုင်အုပ်ပဲဟု သိလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



စိုင်အုပ်တုအသိစိတ်ဝင်သွားသည်နှင့် လက်တ သေနတ်ကိုင်ပြီး ဖြစ်သွားသည်။ အကောင်များရှိရာသို့ သေနတ်ကို ထိုးချိန်လိုက်မိသော်လည်း ပစ်ကွင်းတ မသာ။ ခင်ကျောထိပ်တွင် ပေါက်နေသောအခင်ပင်များက အကွယ်အကာဖြစ်နေသဖြင့် ပစ်မဖြစ်၊ ဒါကြောင့် ပစ်ကွင်းသာစည့်နေရာကို ရှာကြည့်လိုက်ရာ စိုင်များ ယခုရောက်နေသည့်နေရာ၏ ရှေ့ (၁၅)ကိုက်လောက်တွင် အင်ပင်များက အထော်တချို့နေသဖြင့် အဲဒီနေရာကွက်လပ်တို့ ပစ်ကွင်းသတ်ကွင်းဟု သတ်မှတ်ကာ သေနတ်ကြိုချိန်ထားပြီး စိတ်ရှည်ရှည်နှင့် စောင့်စားနေလိုက်ရသည်။

စိုင်များတ တရွေ့ရွေ့သွားနေကြသည်။ ပစ်ကွင်းမရောက်ခင် စောင့်ရသည်မှာမိနစ်ပိုင်းလောက်သာဖြစ်သော်လည်းကြာလှသည်ဟုခံစားနေရသည်။ ဒီကြားထဲ စိုင်ပစ်ရတော့မည်ဟူသောအသိစိတ်ကြောင့် လူမှာ တဆတ်ဆတ်တုန်လာသဖြင့်ပထမဦးဆုံးပစ်ကွင်းထဲဝင်လာသော ချိုကြီးကြီးအကောင်ကို ပစ်လိုက်နိုင်။

စိတ်ကို အနိုင်နိုင် ပြန်ထိန်းပြီး တဆတ်ဆတ် အတုန်ငြိမ်သွားမှ သေနတ်ကို စိုင်များရှိရာသို့ ပြန်လည်ဖြောင့်တန်းမှုယူ၍ ပစ်ကွင်းကို ချိန်လိုက်ရသည်၊ တရွေ့ရွေ့သွားနေသော စိုင်များထဲမှ တစ်ကောင်မှာ ပစ်ကွင်းထဲတွင် ရပ်တန့်လိုက်သဖြင့် ထိုကောင်ကို အမိအရ လက်နောက်ချိန်ပြီး မောင်းခလုတ်ကို ဖြုတ်ချလိုက်ရသည်။

(.30'-06) ကျည်ပေါက်ကွဲသံတ တောင်ယံတစ်ကျောတွင် "ဒိုင်း"ခနဲ မြည်ဟည်းပဲ့တင်ထပ်သွားသလို အဝင်ခံလိုက်ရသောစိုင်ကြီးမှာ "ဘော"ဟု တစ်ချက်အော်မြည်ရင်း ယိုင်လဲကျသွားတော့သည်ကို မြင်လိုက်ရသည်၊

ဝမ်းသာလိုက်သည်ဖြစ်ခြင်း၊ တော ပစ်ခဲ့သည့် သက်တမ်းတစ်လျှောက်တစ်ခါမှ ဒီလောက်ဝမ်းမသာခဲ့ဖူးဘူး။ ဝမ်းသာလွန်းသဖြင့် ပုဆိုးတောင်မဝတ်နိုင်၊ အောက်ခံဘောင်းဘီတိုနှင့်သေနတ်လွယ်လျက် လင့်ထက်မှ အမြန်ဆင်းလိုက်သည်။ အောက်ခြေလှူတစ်ရပ်ခန့်အရောက်တွင် ကိုယ့်ဝိတ် ကိုယ်မနိုင်လက်ကပြုတ်ကျသွားသဖြင့် အတော်နာ မထနိုင်။ မြီးညောင်းရိုး အတော်နာသွားသည်။

နာတာတွေကိုအပထား၊ ဂရုမစိုက်နိုင်၊ စိုင်လဲရာကိုသာ အားခဲ အပြေးသွား



ဆိုက်သည်၊ သို့သော် စိုင်မှာ နေရာတွင်ရှိတော့၊ သွေးအိုင်ကြီးသာ ကျန်ခဲ့သဖြင့် တာခနဲဖြစ်သွားရပြန်သည်၊

စိတ်ကိုအေးအေးထားလျက်စိုင်ထသွားရာ သွေးအမှတ်ကြောင်းအတိုင်းဆိုက်သွားရာ ခင်ကျောတစ်ဖက်အခြေအင်ပင်ကြီးတစ်ပင်မှာမှီပြီး ရပ်နေသော စိုင်ကြီးနှင့်ဘေးနားတွင်တခြားစိုင်(၅)ကောင်ကိုတွေ့ရသဖြင့် ကပျာကယာထိုးချိန်လိုက်ပြီး မောင်းဆွဲလိုက်သည်၊ လေ့ကျတ်တ မပြုတ်၊ ကျည်က မထွက်၊ ဒီတော့မှ စောစောက ပစ်ထားသော ကျည်ခွံမထုတ်ရသေးကြောင်း သတိရသာ အမြန်ဘိုးလှန်ဆွဲထုတ်ပြီး ကျည်အသစ်တစ်တောင့် ပြန်ထိုးသွင်းလိုက်ရာ "ဝလောက်" "ဂလောက်"ဟု မြည်သွားသဖြင့် စိုင်များ ထွတ်ပြေးပါတော့သည်။ ထွက်ပြေးသောစိုင်များကို သုံးချက်ထိတိ အပြေးပစ် ပစ်လိုက်သော်လည်း ထိဟန်မတူ။

ကျန်ခဲ့သောဒဏ်ရာနှင့် စိုင်မကြီးက ပြေးနိုင်တော့သော်လည်း မလဲသေးတဲ့ လူရှိရာဘက်လှည့်ပြီး မာန်ဖီနေသဖြင့် ထိပ်တည့်တည့်ကို ချိန်လျက် ကျန်ကျည်တစ်တောင့်နှင့် အနီးကပ်အဆုံးသတ်လိုက်ရတော့သည်၊

ဆက်ရန်

"ကိုင်း-မောင်သန်းထွန်း-ဒါ စိုင်ပစ်လို့တော့ ရခဲ့ပြီ၊ မင်းကတိအတိုင်း မင်းရဲ့(.222) ထရစ်ပယ်တူးသေနတ်၊ ငါ့လွှဲပေးဖို့သာ ပြင်ထားပေတော့"

စခန်းပြန် ရောက် ရောက် ချင်း ဦးစက်ဖေကအမောတကောစကားပြောလိုက်သည်၊

"ဒီလိုအပြောနဲ့တော့ ဘယ်ရမလဲဗျ။ လက်တွေ့သက်သေပြဦးမှပေါ့"

"ရပါတယ်မောင်ရာ၊ ကဲ-တောဘိုရေ-မင်းဖြတ်လာခဲ့တဲ့ စိုင်နားရွက်နဲ့အမြီးထုတ်ပေးလိုက်စမ်းကွာ၊ အားလုံးမြင်ရအောင်"

"ဟာ-တကယ်ပေါ့-တကယ်စိုင်ရလာတယ်-ဟ"

ကိုသန်းထွန်းက အံ့ဩဝမ်းသာစွာနှင့် အားလုံးကို အော်ပြောပြီး ဦးစက်ဖေကို လက်ဆွဲနှုတ်ဆက်ပြီး "ကွန်ဂရက်ကျူလေးရှင်း"ဟု ပြောလိုက်သည်၊

"ကဲ-ကွန်ဂရက်ကျူလေးရှင်းက နောက်မှလုပ်၊ ခုအရေးကြီးတာကမင်းရဲ့ (.222) သေနတ်ကလေး ငါ့ဆီအဝ်၊ အလွှဲအပြောင်းကတော့ နောက်မှလုပ်ကြတာပေါ့"

"အော်-ဦးစက်ဖေကလည်းဗျာ-အလုပ်ရှုပ်ခံပြီးနာမည်လွဲပြောင်းနေရ

www.burmeseclassic.com

www.burmeseclassic.com



မလိုပါဘူး၊ အခွန်ဆောင်ရတာပိုသေး၊ ကျွန်တော့်နာမည်နဲ့လည်း ဦးစက်ဖေ အချိန်မရွေး ယူပစ်ရင် ရနေတာပဲဥစ္စာ"

တို သန်းထွန်းက လေချိုအေး တလေးနဲ့ သွေးလိုက်သည်၊

"ဒါတော့ ဒါပေါ့ကွာ၊ ဒါပေမဲ့ - ငါက (.222) ကို ငါ့နာမည်နဲ့ အပိုင်ကိုင်ချင်တာကွ၊ မင်းသဲ ငါနိုင်ပစ်ရခဲ့ရင် အပိုင်လွှဲပေးမယ်လို့ကတိပေးခဲ့တာလေ၊ ဒီတော့ ကတိတည်တဲ့အနေနဲ့ ငါ့နာမည်လွှဲဖြစ်အောင်သာ လွှဲပေးကွာ၊ ငါ့ဆီရှိလည်း မင်းယူတာပါပဲ၊ မင်းသပ်ချင်တဲ့အချိန် ယူပစ်ရပါတယ်"

"မလုပ်ပါနဲ့ဦးစက်ဖေရာ၊ ဒါလေးက ကျွန်တော့်အသည်း၊ ကျွန်တော့်အသက်လေးဗျ၊ အိပ်ရင်တောင် ကျွန်တော့်ခေါင်းအုံးအိပ်တာ၊ ဒီ့ပြင် ခင်ဗျားဘာလိုချင်၊ လိုချင် ကျွန်တော် ပေးပါ့မယ်၊ အားမနာပါနဲ့ - ပြောပါ"

"ငါကလည်း (.222)ကလေးကလွဲရင်ဘာမှမလိုချင်ပါဘူး မောင်သန်းထွန်းရာ၊ ငါလိုချင်တာက မင်းရဲ့ (.222) ကလေးကိုပဲ"

"အဲဒါလေးတော့ သည်းခံပါဗျာ၊ တိုင်း - ကိုင်း - ကုန်ကုန်ပြောမယ်၊ ကျွန်တော့်သေနတ် (.222) TRIPLE TWO လေးအစား ခင်ဗျားကျွန်တော့်မိန်းမကြီး လိုချင်တယ်ဆိုရင်လည်း မန္တလေးမြန် ရောက်ရောက်ချင်းတရားဝင်လွှဲပေးမယ် ဗျာ၊ ကျေနပ်ပြီလား"

"ဟ - မောင် သန်း ထွန်း ရ - ငါ (.222)သေနတ်လိုချင်တာက ပစ်ဖို့ကွ၊ မင်းမိန်းမ ဝဝတုတ်တုတ်ကြီး ငါ ဘယ် သွားပစ်ရမှာလဲ - ဟေ"

"အဲ - ဒါတော့ - ကျုပ် မမေးနဲ့လေ ဗျာ၊ ခင်ဗျားကြိုက်တာ ပစ်ပေါ့ - ဟုတ် လား"

"ဟိုး - ဟိုး - နိုး (No) - နိုး (No) တော်ပါပြီ မောင်ရာ၊ သူများအပူ ကိုယ့်အပူတော့ မလုပ်ပါရစေနဲ့ - ဟင်း"

"ထားနဲ့ပဲ စားပါတော့မယ်ကွာ"

ဆက်ရန်

"ကိုင်း - မောင်ဘမင်းရေ - အစ်တို့ ကြီး မဟာမြိုင်တောမှာ စိုင်ပစ်ခဲ့ရတဲ့ အကြောင်းကတော့ ဒါပါပဲ၊ မင်းဝတ္ထု ရေးချင်လည်း ရေးပေတော့"

"ဟာ - ရေးမယ် - ရေးမယ်၊ ဒါ- ကျွန်တော့်အတွက် ကုန်ကြမ်းပဲပေါ့၊ ဒါပေမဲ့ - ကိုသန်းထွန်းနဲ့ အပေးအယူ အကြောင်းကလေးကတော့ ပါမှာနော်



"ပါ - ပါပေါ့ကွ - အမှန်တရားတွေပဲ ဥစ္စာ၊ အဲဒါ သူ့ပါးစပ်က အဖွဲ့တွေရှေ့မှာ သူကိုယ်တိုင်ပြောခဲ့တဲ့ကိစ္စပဲ၊ ဟုတ် ဘယ်ဖို့လား မောင်သန်းထွန်း"

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်ပြောခဲ့တာ အမှန်ပဲဆိုတော့ ရေးချင်လည်းရေးပေါ့၊ ကျုပ် စိတ်မဆိုးပါဘူး"

"ရေးရင် ခေါင်းစဉ် ဘယ်လိုပေးဖို့ စိတ်ကူးထားလဲ - ကိုဘမင်း"

တစ်ချိန်လုံး ဘာမှဝင်မပြော၊ စိတ် ဝင်စားစွာ ငြိမ်ပြီးနားထောင်နေသော ဆရာခင်မောင်ဆွေက ကြားဖြတ်မေး လိုက်ခြင်းဖြစ်သည်၊

"ခေါင်းစဉ်တော့ မစဉ်းစားရသေး ပါဘူး ဆရာ - ရာ"

"ဒါဖြင့် ခေါင်းစဉ် ကျုပ်ပေးလိုက်ပါ့ မယ်၊ ထိထိမိမိလေးဖြစ်အောင် ..."

"လုပ်စမ်းပါ ဆရာရယ် - ကြားရ အောင်"

"မိန်းထက် သေနတ်ချစ်တဲ့မုဆိုး လို့လေ၊ မကောင်းဘူးလားဗျာ"

"ဟာ - ကောင်းတယ် - ကောင်း တယ် - သိပ်ကောင်းတယ်ဗျို့"

(အမည်မှန်၊ နေရာမှန်၊ အဖြစ်မှန်၊ ကာယကံရှင်ကိုယ်တိုင် ပြောပြချက်ကို ပြန်လှန်ဖော်သည်ချလိုက်ခြင်းဖြစ် သည်၊)

မန္တလာသား

**[illegible]**

(၁) ကန့်ချုပ်နီမြစ်ခေါက်၊ ထင်းရှူးသား နှစ်မျိုးရော၍ နွားနက်ကျင်ငယ်ရည်နှင့် သွေး လိမ်းပါ။

(၂) နွားနက်ကျင်ငယ်ရည်နှင့် ချင်းခြောက်မှုန့်ရောကာ နေ့စဉ်သောက်ပါ။

(၃) ခွေးလှေးယားမြစ်အမှုန့်ကို ဆီနှင့်ချက်၍ လိမ်းပေး ပါ။


www.burmeseclassic.com

www.burmeseclassic.com



စစ်တပ်လိုင်းခန်းတွင်
သရဲခြောက်သည့်ကိစ္စမှ စတင်ကာ
သရဲတစ္ဆေအမှန် ဟုတ်၊ မဟုတ်
ချောင်းမြောင်းဖမ်းဆီးရာမှ
ဖြစ်ပေါ်လာသောဇာတ်လမ်း






**တစ်ခါတစ်ရံ** ချစ်သူငယ်ချင်း ရဲဘော်တွေ အကြောင်းကို ပြန်ပြီး တွေးမိတိုင်း ရဲဘော်မိုက်ခဲကိုပါ သတိတရရှိရသည်။ သူ့ကို သတိရသလို ဌွန်၊ ဂျိုး၊ ဂျိမ်းစ် ဆိုသည့်နာမည်တွေကပါ အစီအရီ ပေါ်လာပါတော့သည်။ ဟုတ်ပါသည်။ တစ်ခါက သည်လိုမှမဟုတ် တစ်ချိန်သော ကာလက ဆိုရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



တိတိကျကျ ရေးပြရပါက ၁၉၅၇ ခုနှစ်မှ ၁၉၆၁ - ခုနှစ်အတွင်းက ဖြစ်ပါသည်။ ကျွန်တော်တို့လူငယ်ရဲဘော်တွေအားလုံး အမှတ်(၂)လေ့ကျင့်ရေးတပ်မှ အခြေခံတပ်သားသင်တန်း ပြီးဆုံးသွား၍ မိခင်တပ်ရင်းဖြစ်သော အချက်ပြဆက်သွယ်ရေးတပ် (BURMA SIGNAL REGIMENT) ယခုအခေါ် ဆက်သွယ်ရေးတပ်သို့ ရောက်ရှိခဲ့ကြပါသည်။ ထိုအချိန်က ဆက်သွယ်ရေးတပ်အနေနှင့် အင်အားနည်းပါးနေသည်ဖြစ်ရာ ရန်ကုန်၊ မင်္ဂလာဒုံ၊ မန္တလေး၊ တောင်ကြီး၊ ပုသိမ်နှင့် မော်လမြိုင်မြို့များတွင်သာ အခြေစိုက်တပ်များ ရှိခဲ့ကြသည်။

ဆက်သွယ်ရေးတပ်များ၏ အကြီးဆုံးအရာရှိ (ညွှန်ကြားရေးမှူး)မှာ ဗိုလ်ကြီး ဘနီ ဖြစ်ပါသည်။ (နောင်အခါ ချက်ကို စလိုဗက်ကီးယား သံအမတ်ကြီး) ကျွန်တော်တို့ ဆက်သွယ်ရေးတပ်တွင် ဖွန်၊ ဂျိုး၊ ဂျိမ်း ဆိုသည့် ရှေ့ဆုံးနာမည်(၂)ပိုင်ရှင်ဗိုလ်ကြီးအဆင့်အရာရှိသုံးယောက်မှာ ရဲဘော်တိုင်း သိကြသောသူများ ဖြစ်ကြပါသည်။ သူတို့သုံးယောက် နာမည်ကြားရသူတိုင်း မျက်နှာမဲ့သွားကြသည်၊ နှာခေါင်းရှုံ့သွားကြသည်ချည်းဖြစ်ကြသည်။ သည်လိုရေးပြသည်ဆိုလျှင် ထိုဗိုလ်ကြီးသုံးယောက်အခြေအနေကို သိနိုင်လောက်ပါမည်။

ထိုဗိုလ်ကြီးသုံးယောက်ကလည်း ရဲဘော်တွေအားလုံး မေတ္တာထားရှင်စရာပင်။ ရဲဘော်တစ်ယောက်ကို မြင်သည်နှင့် ဖိနပ်ကြိုးချည်တာက ဘယ်လို၊ အင်္ကျီလက်ခေါက်တာက ဘာပုံစံ၊ မတ်တတ်ရပ်တာက ဘာနဲ့တူတာစသည်ဖြင့် အပြစ်ရှာကြံ ပြောဆိုကြိမ်းမောင်းလေ့ရှိသူတွေဖြစ်ကြသည်။ သည်တော့လည်း ရဲဘော်အားလုံးက ချစ်ကြသည်ပေါ့။ အဲ - သူတို့သုံးယောက်အပြင် မေတ္တာပိုရှင်နောက် တစ်ဦး ရှိပါသေးသည်။ သူလည်းဗိုလ်ကြီးတစ်ဦးပင်ဖြစ်ပါသည်။ ရဲဘော်တွေ ပေးထားသည့်နာမည်က "ဗိုလ်ကြီး ဖုန်းကင်" ဟူ၍ဖြစ်ပါသည်။

အဲသည် ဗိုလ်ကြီးက ပါးစပ်က သိပ်မပြောပါ။ နားရင်းအုပ်တတ်သည်။ နည်းနည်းအပြစ်ကြီးလျှင် ကွာတား(အချုပ်)ထဲ တန်းပို့တတ်သူပါ။ သူ့ကိုတော့ အားလုံးက တစ်မိုင်လောက်က ရှောင်သည်။ ကျည်ကွယ်မျက်ကွယ် အမြဲရှာထား ဘေးကင်းရန်ရှင်းသည်။ ကျွန်တော်တို့အားလုံး ဆက်သွယ်ရေးတပ်ကို ရောက်သည်နှင့် အစိကရှောင်ကြဉ်ရန် အရာရှိကြီးများတွင် ထိုအရာရှိလေးယောက်



...ဦးစားပေးအဆင့်အဖြစ် ရဲဘော် ...ဆရာတွေက သတိပေးခြင်းကို ...လိုက်ရသည်။ ဆုံးမစကားက ...သတိပန်မှတ်သားထိုက်သည်။

"ခင်းတို့တစ်ခုခုအပြစ်လုပ်မိလို့က ...-အင်း - နည်းနည်းအပြစ်ကလေး ...တွာတားထဲ ရောက်မယ် - ဒါပဲ"

အားရှိစရာ၊ မှတ်သားဖွယ်ရာ ဆုံးမ...စကားတွေပင်။

ထို့ကြောင့် ကျွန်တော်တို့ ရဲဘော်...တွေမှာ သွားသတိ၊ စားသတိ၊ အိပ်...ဆိုသလိုမဝံ့မရဲနေထိုင်ကြရသည်။ ...ဆောင်အပြင်ဘက်ရောက်သည်နှင့် ...ရှစ်မျက်နှာကို သေရာလှည့်ပတ်...ကြည့်ရသည်မှာ မပျက်မကွက်သော ...ဝန်ကြီးတစ်ခု ဖြစ်နေရပါသည်။ ...တော်တို့ကသာ သို့ကလိုဖြစ်နေကြ...လည်း ဘာမှဂရုတစိုက်မရှိသော ...တစ်ယောက်ကတော့ ကျွန်တော်...ဖြစ်နေပုံကိုကြည့်ပြီး လှောင်ပြုံး ခနဲ့...ပြုံးနေတတ်သည်။

ထိုရဲဘော်ကတော့ ရဲဘော်မိုက်ခဲ...သည်။

...သည်ကောင်က လေ့ကျင့်ရေးတပ်...နေခဲ့စဉ်ကလည်း ယခုလိုပင် နေခဲ့သူဖြစ်သည်။ အထက်အရာရှိ၏လစ်တာမှု၊ အမိန့်ပေးမှုတို့အပေါ် ချိုးဖွင်းချက်၊ ဟာကွက်များအပေါ်အမြတ်ထုတ်တတ်သူဖြစ်သည်။ အင်မတန် စည်းကမ်းတင်းကြပ်သောလေ့ကျင့်ရေးမှဆရာများသာမက ဗိုလ်ကြီးတွေကပင် ရဲဘော်မိုက်ခဲကို ရျော့မော့ပြောဆိုခဲ့ရသည်။ သူက ရဲဘော်ဆိုးပေ မဟုတ်၊ စည်းကမ်းဖျက်သူမဟုတ်၊ အမိန့်ကို နာခံသည်၊ တာဝန်ကျေသည်၊ စည်းကမ်းရှိသေသည်။ ရဲဘော်ကောင်းတစ်ယောက်ပင် ဖြစ်သည်။

သို့သော်လည်း မာန်မာနတက်သူ၊ ကိုယ်မှတစ်ပါး တခြားသူတွေကိုအထင်သေးတတ်သူ၊ စာနာစိတ်မရှိသူတွေဆိုပါက ရဲဘော်ချင်းကလွဲလျှင် အကြပ်များသာမက အရာရှိများကိုပင် ပညာပေးတတ်သည်။ သူ့အကြောင်း သိကြသည့် ရဲဘော်တွေက ရဲဘော်မိုက်ခဲအပြုံး၏ နောက်ကွယ်မှ အဓိပ္ပာယ်များစွာကို သိနေကြပါလေပြီ။

ရဲဘော်မိုက်ခဲပြုံးနေသော အပြုံး၏ သဘောအသွင်က မုဆိုးနှင့် ကျားတွေ့ကြသေးတာပေါ့ ဆိုသည့်အဓိပ္ပာယ်ပင် ဖြစ်ပါသည်။ သူ့ကောင်းလျှင် ကိုယ်

www.burmeseclassic.com

တောင်းမည်၊ သည်လိုမှမဟုတ်လျှင်ဖြစ်ပေါ်လာမည့် ရလဒ်အဖြေက ကောင်းလိမ့်မည်မဟုတ်ပေ၊

ကျွန်တော်တို့ရဲဘော်တွေကတော့ ရေးသုံးလုံးအရာရှိအုပ်စုနှင့် ရဲဘော်မိုက်ခဲတွေကြည့်ပွဲကိုစောင့်မျှော်နေမိကြပါသည်၊ သည်အခါ - သည်အခါ၊

နေရာဒေသက မော်ဘီမြို့၊

ကျွန်တော်တို့ ဆက်သွယ်ရေးတပ်တည်နေရာမှာ ပထမမူလအစ မော်ဘီလေးတာစခန်းသို့ဝင်ရာလမ်း၏လက်ဝဲဘက်တွင်ဖြစ်ပါသည်၊ သိပ်ကြောလိုက်ပါ၊ ဗိုလ်ချုပ်ကြီးနေဝင်းက သူ၏လက်စွဲလက်ရင်းတပ်ဖြစ်သည့် သ.န.က တပ်ရင်းထားရန် ဖယ်ပေးလိုက်ရသည်၊ တပ်ကြီးကုန်းရွာစပ်နားသို့ ပြောင်းရွှေ့ခဲ့ရသည်၊

ထိုနေရာကယခင်တောင်ပိုင်းတိုင်းအင်အားဖြည့်တပ်ဖွဲ့ (အ.ဖ.ရ) တပ်ရင်းနေရာဖြစ်၍ လိုင်းခန်း အိပ်ဆောင်တွေမှာ အဟောင်းအဆွေး၊ အပေါက်အပြဲများနှင့်ဖြစ်ပါသည်၊ လူပျိုလိုင်းအိပ်ဆောင်တွေ တွင်နေကြရသည့် လူပျိုရဲဘော်တွေအတွက်က အကြောင်းမဟုတ်ပါ၊ အဲ - ပြဿနာက အိမ်ထောင်သည်လိုင်းများတွင် နေကြရသော အိမ်ထောင်ရှင်တွေဖြစ်ကြသည်၊ အကာအရံဝါးထရံအပေါက်အပြဲတွေကိုစက္ကူတာထူပြားများနှင့်ကာ၊ ဖာထေးပိတ်ဆို့ထားသေးသည်၊ အိမ်တိုင်တွေ ဆွေးမြည့်ခြစားထားသဖြင့် ခပ်ယဲ့ယဲ့ယိုင်ယိုင်ဖြစ်နေပေရာ ချောင်းဆိုးလိုက်ရုံမျှနှင့် သွက်သွက် ခါနေတတ်သည်၊ သည်တော့အိမ်ထောင်သည်များမှာ ...၊

သည်လို လိုင်းခန်းတွင် နေကြရသူများမှာ စိတ်ဆင်းရဲခြင်းများစွာ ခံစားနေကြရသည်၊ ဘာကြောင့်လဲဆိုတော့ စဉ်းစားသာ ကြည့်ပါလေ၊ ပင်ကိုသဘာဝ စိတ်ကြမ်းလူကြမ်းသမား စစ်သားသဘာဝသမားတွေအဖို့တစ်နေ့တာ ပန်းခဲ့သမျှ ညအချိန် စိတ်လွတ်ကိုယ်လွတ် အားရပါးရအိပ်လိုပေမင့် မအိပ်ကြပါ၊ ရန်သူ နယ်မြေ မိုင်းခင်း ... လျှောက်သလိုမျိုး၊ ယိုးဒယားနစ်ပါး ... ကသလို ညင်သာစွာ လှုပ်ရှားနေကြ ... လေသည်၊

သည်လိုအခြေအနေမျိုး နေခဲ့ရ ... ရဲဘော်တွေအသိုင်းအဝန်းတွင် သတင်း ... တစ်ခု ပျံ့နှံ့လာသည်၊ ယင်းသတင်း ... အိမ်ထောင်သည် လိုင်းနှစ်ခုတွင် ...

... ခြောက်သည် ဆို သော သတင်း၊ ဖြစ် ... ၊ သည်အကြောင်းကို အိမ်ထောင် ... လိုင်းတင်းတာဝန်ကျသောရဲဘော် ... တာသူတို့တွေကြုံခဲ့ရကြောင်းပြော ... ကြသည်၊ ကျွန်တော်တို့မှာ တာဝန် ... သော၍ ယုံရခက်ခက်ဖြစ်နေသည်၊

"စစ်သားလုပ်ပြီး သရဲများ ကြောက် ... သယ်လို့၊ ဟင်း - တခြားလူတွေကြား ... အထင်သေးကုန်ကြမယ် - တော်စမ်း ...

... သရဲအယုံအကြည်မရှိသူတွေက ... ၊ မယုံကြပါ၊ ကြုံခဲ့ရသူတွေက ... အခိုင်အမာ ပြောနေကြသည်၊

"မင်းတို့ပြောသလိုတစ်ခါတလေမှ ... ဘာမဟုတ်ဖူးကွ၊ ငါ ကင်းကျတဲ့ည ... ခြင်ရတာ"

"တာကွာ - မင်းတို့က ညဘက် ... ယောက်တည်းဆိုတော့ စိတ်က ... ချင်ရာကို ထင်တာဖြစ်မှာ"

"သရဲက ကင်းကျတဲ့ လူတိုင်းကို ... ခြောက်မလားဆိုတာ စဉ်းစား ... ပေါ့၊ လူက သရဲခြောက်သလိုလုပ် ... မျိုးရော မဖြစ်နိုင်ဘူးလား"

... ကြီးရှင်သာကေတာကျော်စိန် ... ယောက်ကြီး ဦးစံရှားဟန်မျိုးနှင့် ပြောလိုက်သည်၊ သည်တောင်ခြောသလို ဖြစ်နိုင်စရာအကြောင်း ရှိသည်၊ သို့သော် တကယ်တွေကြုံခဲ့ရသူတွေက လက်မခံပါ၊

"ဟာ - လူလုပ်လို့ မဖြစ်နိုင်ပါဘူးကွာ"

"ဘာကြောင့် မဖြစ်နိုင်ရမှာလဲ - ပြောပါဦး"

"ဘာကြောင့်လဲဆိုတော့ လေးခန်းတွဲအိမ်ခန်းကြီးတွေကို ဘယ်သူက လှိုင်အောင် လှုပ်နိုင်မှာလဲကွ"

"ဘာ - အခန်းတွေကို လှုပ်ပြတာ မဟုတ်လား"

"အေး - ဒါကြောင့် ပြောနေတာကွ၊ ဒီလိုလှုပ်နိုင်တာဟာ သရဲလုပ်ပြတာ မဟုတ်ဖူးလား"

ပြောနေကြသူတွေ ငြိမ်သွားကြသည်၊ အတော်ကလေးကြာမှ ကျွန်တော်တို့အားလုံးထဲတွင် အသက်အကြီးဆုံးကိုထွန်းဝင်းက မေးမြန်းလိုက်သည်၊

"မင်းတို့က သရဲခြောက်တယ်လို့သာ ပြောနေကြတယ်၊ ဘယ်လိုပုံစံတွေ လုပ်ပြတယ်ဆိုတာ ဘယ်သူမှ သေချာ မပြောနိုင်ဘူး၊ တစ်ယောက်ကပြောလဲ အိမ်ခန်းလှုပ်ပြတယ်၊ နောက်တစ်ယောက်ကလဲအိမ်ခန်းတွေလှုပ်ပြတာခဲ

www.burmeseclassic.com



ပြောတယ်၊ တခြားဘာမှထူးခြားတာ မပြောနိုင်ကြဘူး"

"အာ - ကိုထွန်းဝင်းကလဲ - သရဲက ဒါတစ်ခုပဲ လုပ်ပြနေတာကိုးဗျ"

"ဟုတ် တယ် လေ - အစ် ကို ထွန်းဝင်းရဲ့ - တခြားပုံစံမျိုးတွေပြရင်း ပြတဲ့အတိုင်း ငါပြန်ပြောမှာပေါ့"

"အေး - ဒါကို ငါစဉ်းစားနေတာ၊ သရဲအစစ်မှ ဟုတ်ပါ့မလားဆိုတာကို လေ"

ကိုထွန်းဝင်းက စဉ်းစားသော အသွင်နှင့်ပြောနေသည်၊ ထိုအခါမှကျန် လူတွေတငါ သူတို့မတွေးမိခဲ့ကြသော အချက်ကို တွေးမိကြတော့သည်၊ သို့ သော်လည်း သရဲမဖြစ်လျှင် ဘယ်သူက လုပ်နေခြင်းဖြစ်ပါလိမ့် ဆိုသည့်အတွေး တ ပေါ်လာပြန်သည်၊

"ဒါဆို - ဘယ်သူက လုပ်နေတာ လဲ၊ ဒီအချိန်ကြီးမှာ အိမ်ထောင်သည် လိုင်းကို လူပျိုရဲဘော်တွေ ညဘက်သွား ခွင့်မှမရှိတာ"

"ဟုတ်တယ်နော်၊ ဒီအတိုင်းဆိုရင် တွေးရခက်ခက်ပဲ"

ရဲဘော်တွေ ဦးနှောက် ချောင်ကုန် ကြသည်၊

"အေး - ဒီကိစ္စပေါ်အောင်တစ်နည်း နည်းနဲ့ ကြိုးစားမှ ဖြစ်တော့မယ်"

"ကျွန်တော်တို့ တပ်ခွဲမှူးကို တင်ပြ ရင် မကောင်းဘူးလား၊ သူက ခွင့်ပြုရင် သွားစုံစမ်းနိုင်တာပေါ့"

"ခွင့်ပြုရင်တော့ ကောင်းတာပေါ့ ...တော်ကြာ - ပေါက်ကရတွေ လာပြော... မလားဆိုပြီး နားရင်းအုပ်လွှတ်ရင် ခံနေ... ရဦးမယ်"

"အင်း - ဒါလဲဟုတ်တာပဲ၊ တောတ်... ခက်ပါ့ကွာ"

ရဲဘော်တွေ မကြံတတ်အောင်ဖြစ် သွားကြသည်၊

"ကဲ - မထူးပါဘူး၊ ဒီအတိုင်းသာ... ကြည့်နေကြတာပေါ့၊ လူကို ဘာမှလာ... လုပ်တာမှမဟုတ်တာ"

"ဟာ - လူကိုဘာမှမလုပ်သေးပေမဲ့... ဖြိမ်နေမှန်းသိလို့ သရဲအစစ်ဖြစ်ပြီး... အတင့်ရဲလာပြီး လူကိုလာပြီးလုပ်ရင်... ဘယ်လိုလုပ်မလဲ၊ ကင်းကတစ်ယောက်... ထဲ စောင့်နေရတာလေ၊ ဘာတတ်နိုင်... မှာလဲ"

သန်းထွန်းလေးက အသက်အငယ်... ဆုံးမို့ ကလေးအတွေးမျိုးနှင့်တွေး... ပြောသည်၊ သူပြောသည်မှာလည်း မှ... နေသဖြင့် အားလုံးမကြံတတ်အောင်... ဖြစ်သွားကြရသည်၊

ကိုထွန်းဝင်းက အတော်ကြာကြာ... စဉ်းစားနေပြီးမှ ခပ်လှမ်းလှမ်းတွင်ရှိ...



...သော ရဲဘော်မိုက်ခဲကို လှမ်းကြည့်နေ သည်၊ ရဲဘော်မိုက်ခဲက အကြပ် အတည်း၊ အခက်အခဲဖြစ်လာပြီဆိုပါက ရဲဘော်မိုက်ခဲသည် အလွန်ဉာဏ်ထုတ် နိုင်သည်၊ အောင်မြင်သည်ထိ လုပ်ကိုင် နိုင်စွမ်းရှိသူမဟုတ်လား၊ ယခုရဲဘော် တွေ အခက်အခဲဖြစ်နေသော သရဲကိစ္စ တွင် သူ့ကိုပါ ဖြေရှင်းခိုင်းစေရပေမည်၊

"ဟေ့ကောင် မိုက်ခဲ"

"ဗျာ - ကိုထွန်းဝင်း - ဘာလဲဗျ"

"လာပါဦးကွာ - ငါတို့ ဒီမှာ"

"ဘာလဲ - သရဲကို ဖော်ထုတ်ခိုင်း လို့မဟုတ်လား"

"ဟာ - ငါက ဘာမှတောင် မပြောရ သေးဘူး၊ မင်းက ဘာကိစ္စ ဘာကိုခိုင်း မလဲဆိုတာပါ သိနေတာ အံ့သြစရာပါ လားကွ"

"အို - ဒါက ဘာမှအံ့သြစရာမဟုတ် ပါဘူးဗျာ၊ ထားပါတော့ - ကျွန်တော်က သရဲကိစ္စ ဖြေရှင်းပေးရမယ်ပေါ့"

"အေး - ဟုတ်တယ်"

"အော် - အော် - ကိုထွန်းဝင်းက ကျွန်တော့်ကို အပြင်မှာ နေတာ မျက်စိ နောက်လို့ အချုပ်ထဲရောက်စေချင်နေ တာပေါ့ - ဟုတ်လား"

"ဟာကွာ - မင်းကလဲ မဟုတ်တာ ပြောပြန်ပြီ"

"မဟုတ်တာပြောတာမဟုတ်ဘူး၊ မှန်တာပြောတာ"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာမှ သိပ်ကို ဆိုင်တာပေါ့ ကိုထွန်းဝင်းရဲ့၊ အခုကိစ္စက တန့်သတ် နယ်မြေထဲက နေရာမှာ ဖြစ်တာလေ၊ ကိုယ့်သဘောနဲ့ကိုယ် သွားလုပ်လို့ သိ သွားရင် ကွာတားထဲ နစ်ဆယ့်ရှစ်ရက် ဝင်ရမှာလေ"

ရဲဘော်မိုက်ခဲက ခပ်ပြုံးပြုံးလုပ်တာ ပြောလိုက်မှ ကိုထွန်းဝင်း စဉ်းစားမိသွား သည်၊ သို့သော် မလျှော့သေး၊

"ဟ - ဒါက ရဲဘော်တွေအားလုံး ခံစားနေရတဲ့ဒုက္ခအတွက် လုပ်တာလေ ကွာ"

"ကိုထွန်းဝင်းကလဲ မေ့နေပြန်ပြီ၊ ဒါက စစ်တပ်လေ၊ ဘာမှ ကိုယ့်သဘော နဲ့ကိုယ် လုပ်ခွင့်မရှိဘူးလေ၊ ကိုယ်ကြိုက် တဲ့မိန်းမကိုတောင် သူတို့ကို တင်ပြပြီး ယူခွင့်ပြုမှ သဘောတူမှ ယူနိုင်တာ မဟုတ်လား"

"အေး - အဲဒါတော့ ဟုတ်တယ် လေ"

"ဒီတော့ - အားလုံးအတွက် လုပ်ပါ တယ် ဆိုပြီး ကိုယ်ကလုပ်လိုက်မယ့် ပြဿနာက မနေဘူး၊ သူ့နောက်က ဖြစ် ဒဏ်ကပါ လိုက်လာမှာ

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်မိုက်ခဲက လေသံအေးအေးနှင့်ရှင်းပြလိုက်သည်။ သည်တော့လည်း ကိုထွန်းဝင်းအပါအဝင် ရဲဘော်အားလုံး ငိုင်မှိုင်တုန်ကြတော့သည်။ သည်သရဲတောင်ကို မည်သည့်သူရဲကောင်းက နှိမ်နင်းနိုင်ပါအံ့။ ရဲဘော်အားလုံး ငေးနေကြသည်။ တွေးနေကြပါသည်။

အမှန်စင်စစ် ရဲဘော်မိုက်ခဲ အရှုပ်ခန်းထဲ ရောက်စဉ်ကို ကြောက်သလို လန့်သလိုမျိုး ပြောခဲ့သော်လည်း သူချစ်ခင်တွယ်တာရသော ရဲဘော်တွေ၏စိတ်ညစ်ဖေးနိုင်နေကြပုံတွေကို မြင်နေရသောအခါ သူ၏ဇောဟာဉာဏ်အစိုင်အခဲကြီးကို ဖျော်ညှစ်ကာ အဖြေထုတ်တော့သည်။

"ဟာ - ဟုတ်ပြီ၊ ဒီအတိုင်းဆိုရင် ရွေးမသားသရဲတွေ ကြသေးတာပေါ့"

အတန်ကြာ ငြိမ်နေရာမှ ရုတ်တရက် ပြောလာသော ရဲဘော်မိုက်ခဲ စကားကြောင့် လက်မှိုင်ချစိတ်ညစ်နေကြသော ရဲဘော်အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

"ဘာလဲကွ - မင်း ဘာတွေစိတ်ကူးရသွားလဲ"

"ပြောစမ်းပါဦးကွ - မင်းက အားလုံးကို ဒုက္ခပေးနေတဲ့ ဒီသရဲကို ဘယ်လိုလုပ်မှာလဲ"

"မင်းသာ ဒီရွေးမသားကိုဖော်ထုတ်နိုင်ခဲ့ရင် မြေနီကုန်းကရီချန်းဆိုင်မှာ မင်းကို စပယ်ရှယ် ကျွေးမယ်ကွာ"

ရဲဘော်အားလုံးမှာ ရဲဘော်မိုက်ခဲက သရဲကိစ္စ လုပ်ဆောင်ပေးတော့မည်ဖြစ်ကြောင်း သိလိုက်ရ၍ ဝမ်းသာရွှင်လန်းသွားကြသည်။ ကိုထွန်းဝင်းက

66 သရဲပြဿနာက တစ်ရင်း ခြောက်ဘက်အတွင်းမှ အိပ်ထောင်သည် လိုင်းနှစ်ခုတွင် ဖြစ်နေခြင်းဖြစ်၊ သရဲက စစ်အားသောသရဲဖြစ်သည်လားမသိ။ အချိန်မှန်ခြောက်ခြသည်ဟု၍ ရဲဘော်တွေက ပြောကြသည်။





ညီး တတိစကားပြောကာ အားပေးလိုက်ပါသည်။

"မင်းက ဒီကောင်ကို ဘယ်လိုလုပ်မယ်လို့ စိတ်ကူးသလဲ၊ မင်းအစီအစဉ်ကို ပြောပြပါဦး"

"အေး - မင်းစိတ်ကူးနဲ့ အစီအစဉ်ကိုလဲပြောမှပေါ့၊ ငါတို့အဲ့ကလဲတတ်နိုင်တာ ဝင်ကူပေးတော့ မြန်မြန်ကိစ္စအေးတာပေါ့"

ကိုထွန်းဝင်းတို့ကလည်း အားတက်သရော ပြောလာကြသည်။

"အခုကိစ္စက ကိုထွန်းဝင်းက စီစဉ်ပေးရမှာရှိတယ်၊ အဲဒါမှ ကျွန်တော်က လုပ်လို့ရမှာ"

"ပြောလေ - ငါက ဘာတွေလုပ်ပေးရမှာလဲ"

"အစီအစဉ်က ကိုထွန်းဝင်းအနေနဲ့ လိုင်းလိုင်းတင်းတာဝန်လေးယောက်၊ တာဝန်ခွဲတဲ့အခါမှာ သရဲခြောက်တဲ့ ခြောက်ဘက်လိုင်းခန်းနေရာနှစ်ခုမှာ ကျွန်တော်နဲ့ ကိုထွန်းဝင်းနှစ်ယောက် ဆောင်ကြမယ်၊ တောင်ဘက်ခြမ်းက တာဝန်ကျနှစ်ယောက်ကိုတော့ လိုအပ်ရေသိပေါ်တာပေါ့"

"အင်း - ဟုတ်ပြီ - ပြောပါဦး"

"ကျွန်တော့်ဆီက အခြေအနေထူးတာနဲ့ ကိုထွန်းဝင်းဆီကိုအကြောင်းကြားမယ်၊ ကိုထွန်းဝင်းဆီက အခြေအနေထူးရင်လဲ ကျွန်တော့်ကို အကြောင်းကြားပေါ့၊ ဟုတ်လား"

"အေး - ဟုတ်ပြီ၊ နောက်ပြီး ဘာလိုသေးသလဲ"

"လိုတာက ကင်းတဲတွေမှာ တပ်ပေးထားတဲ့ စစ်မြေပြင်သုံးတယ်လီဖုန်းတွေကို ကြိုးလိုင်းတွေ စစ်ရမယ်၊ ဘက်ထရီတွေ အားကောင်းမကောင်းနဲ့ အားပြည့်မပြည့် စစ်ဆေးထားရမယ်၊ ဒါက အရေးကြီးတယ်"

"ဒါ ငါလုပ်ပေးပါ့မယ်"

"အဲဒါတွေလုပ်ပြီး စမ်းသပ်ကြည့်ဖို့ မမေ့နဲ့"

"အေး - အေး - စိတ်ချ - စိတ်ချ"

"အဲဒါတွေပြီးရင် ကျွန်တော်နဲ့ ကိုထွန်းဝင်းတို့ ညနေလေးနာရီလောက် တစ်ခေါက်ကြိုပြီး သွားကြည့်ရအောင်၊ တယ်လီဖုန်းကြိုးတွေတစ်ရင်း အခြေအနေကြည့်မယ်"

"ပြောနေတာကြာပါတယ်၊ အခုပဲ သွားလုပ်ရအောင်၊ လာကွာ - မိုက်ခဲ"

ကိုထွန်းဝင်းက ပြောပြောဆိုဆို ရဲဘော်မိုက်ခဲလက်ကို ဆုပ်ကိုင်တာ

www.burmeseclassic.com

www.burmeseclassic.com



(LINE MEN) လိုင်းမင်းဗြာနဆီ ထွက်သွားကြတော့သည်။

၁၀။

တွန်တော်တို့ ဆက်သွယ်ရေးတပ်တည်ရှိပုံက ရန်ကုန် - ပြည်သွား မော်တော်ကားလမ်းမကြီးကိုမျက်နှာပြုထားသည်။ လက်ဝဲဘက်တွင် တပ်ကြီးကုန်းရှာရှိသည်၊ လက်ျာဘက်က ခ.မ.ရ (၁၀၅)တပ်ရင်းရှိသည်၊ (နောင်အခါ အင်းတတော်သို့ပြောင်းရွှေ့သွားသည်။) တပ်နောက်ဘက်တွင်တော့ စာဖြူစုရှာ ရှိပါသည်။ ယခင်က အင်အားဖြည့်တင်းရေးတပ်အဖြစ် တည်ထားခြင်းဖြစ်၍ တာဝန်ယူလာသည်။

ထို့ကြောင့်နေ့စဉ်ကင်းတာဝန် သုံးမျိုးထားခဲ့ရသည်။

ပထမကင်းက တပ်များထုံးစံအတိုင်း အချုပ်ခန်းများ ပါရှိသော ဗဟိုတင်းကြီးရှိပါသည်။ ဒုတိယကင်းကတပ်ရင်းလုံခြုံရေးလှည့်ကင်း ဖြစ်သည်။ တတိယကင်းက အိမ်ထောင်သည်လိုင်းများအတွက် ထောင့်လေးထောင့်နေရာတွင် ကင်းတဲတစ်ခုစီနှင့် လေးကင်းထားရှိသည်၊ သရဲပြဿနာက တပ်ရင်းမြောက်ဘက်အစွန်မှ အိမ်ထောင်သည်လိုင်းနစ်ခုတွင် ဖြစ်နေခြင်းပင်။ သရဲက စစ်သားသေ၍ သရဲဖြစ်သည်လားမသိပါ။ အချိန်မှန် ခြောက်ပြသည်ဟု၍ ရဲဘော်တွေက ပြောကြသည်။

ညစဉ် ဆယ်နာရီခွဲနှင့် ဆယ့်တစ်နာရီကြားတွင် လိုင်းခန်းတစ်ခု လှုပ်ပြီး သိပ်မကြာလိုက်၊ နောက်ဘက်လိုင်းခန်းကပါ လှုပ်ပြတော့သည်ဖြစ်ကြောင်း ပြောနေကြသည်၊ ထိုသို့ အချိန်မှန် ပြုလုပ်ပြသည်ဆိုသောအချက်က ထူးဆန်းနေသည်၊ စဉ်းစားစရာအချက်တစ်ချက်ဖြစ်သည်ဟုရဲဘော်မိုက်ခဲမှတ်ထားသည်။ မည်သည့်အတွက်ဖြစ်သည်ကိုတော့ အဘက်ဘက်က စဉ်းစားကြည့်သော်လည်း အဖြေမရပေ။

ဖြစ်နိုင်သည်က တစ်ယောက်တည်း။ အဲ - သရဲက တစ်ကောင်တည်းသာ ဖြစ်နိုင်သည်၊ သည်အတွက် လိုင်းခန်းနစ်ခုကို တစ်ခုပြီးမှတစ်ခု လှုပ်နိုင်ခြင်းဖြစ်သည်၊ ရဲဘော်မိုက်ခဲက တွေ့ကြုံလာနိုင်သည်တို့ကို စဉ်းစားပြီး မော်ဘီမြို့ထဲသို့ သွားရောက်ကာ သားရေလေးခွတစ်လက်ဝယ်သည်၊ လောက်စာလုံးများလုံးသည်၊ ဝါးကြမ်းဝါးလုံးတဲတောင့်ထွာခန့် နစ်ချောင်းခုတ်၍ချောချောပြင်ဆင်ထားလိုက်သည်၊ သူ ...



... ချောင်းကိုထွန်းဝင်းအတွက်တစ်ချောင်းဖြစ်ပါသည်၊ သရဲအစစ်ဟုတ်သည်၊ ဟုတ်သည်ထား၊ အသေအချာ အားရအောင်ဆော်ပလော်တီးပစ်လိုက်မည်၊ သိကြသေးသည်ပေါ့၊

ရဲဘော်မိုက်ခဲက အားလုံးအစီအစဉ်တွေပြုလုပ်ပြီးတော့မှ ကိုထွန်းဝင်းကို သေချာပြောပြလိုက်သည်၊ ကိုထွန်းဝင်းက သူပြောသည်တို့ကို နားထောင်ပြီးရင်ခုန်သလို ပြောတော့သည်၊

"မင်းရိုက်တဲ့အခါ ခေါင်းကိုတော့ ရှောင်နော်၊ တစ်ခါတည်း သရဲမဟုတ်ဘဲ လူဖြစ်နေရင် ကိစ္စပြတ်သွားမယ်၊ အဲဒါမှ လူသတ်မှုနဲ့ နစ်ပါးသွားကနေရမှာ"

"ဟုတ်ကဲ့ - ကျွန်တော် ပခုံးနဲ့ခါးလောက်ရိုက်မှာပါ၊ မပူပါနဲ့ - ကိုထွန်းဝင်းရယ်"

"အေး - ဒါဆိုရင် - မနက်ဖြန်ညကင်းတာဝန်ကို မင်းနဲ့ငါဝင်ဖို့ ဆရာကျော်စိုးကို ပြောလိုက်မယ်"

"ဟာ - ကိုထွန်းဝင်းက ဆရာကျော်စိုးကို ပြောပြလိုက်ပြီလား"

ရဲဘော်မိုက်ခဲက အထိတ်တလန့်နှင့်ရိမ်တကြီး မေးလိုက်မိသည်၊ ကိုထွန်းဝင်းကလက်ကာပြရင်းပြောလာသည်၊

"ဟေ့ကောင် - ဆရာကျော်စိုးလည်း ဒီသရဲအကြောင်းကိုသိနေတာပဲ၊ နောက်ပြီး - ဆရာကျော်စိုးကိုယ်တိုင် ငါတို့နဲ့ အတူကူပေးမယ်လို့ပြောထယ်"

"ဟုတ်လား၊ ဒါဆိုရင်တော့ ပိုပြီးကောင်းတာပေါ့"

"အေး - မင်းဘက်က အစီအစဉ်တို့သာ သေချာလုပ်ပေပေါ့"

"ဟုတ်ကဲ့ - အခုမှ ပိုပြီးစိတ်တတ်တက်လာတယ်"

ရဲဘော်မိုက်ခဲက ဝမ်းပမ်းတသာ အားရပါးရပြောလိုက်မိသည်၊

တကယ်တမ်း ပြောရလျှင် ကိုထွန်းဝင်းအနေနှင့် သည်အကြောင်းကို စောစောက ပြောခဲ့လျှင် ပိုကောင်းမည်ဟု ရဲဘော်မိုက်ခဲ တွေးနေသည်၊ ယခု သူ ပင်ပန်းခဲ့ရသည်ကို ပြန်စဉ်းစားမိကာ သက်ပြင်းချနေသည်၊ အကြောင်းရင်းမှန်ကမူ ယခုကိစ္စကို ရဲဘော်မိုက်ခဲက မည်သူ့မှ အသိမပေးပဲ တစ်ယောက်ထဲ တိတ်တဆိတ် ကြံစည်ခဲ့ပြီး သရဲခြောက်သောလိုင်းခန်းနစ်ခန်းဆီသို့ လွှန်ခဲ့သောညကပင်သွားချောင်းကြည့်

www.burmeseclassic.com



ခဲ့ပြီးဖြစ်သည်။ နိုင်မာသေချာစေရန် ယခု ညတွင် ထပ်မံသွားကြည့်ရန် စိတ်ကူး ထားသေးသည်။ ယခုကိုထွန်းဝင်းစကား အရဆိုလျှင် ဆရာတော်စိုးကိုယ်တိုင်ပါ ပြည့်ရှိ ယခုညသွားရန်မလိုတော့။ ကင်း ကျသောနေ့မှသာ အပြီးအပြတ်လုပ်ရန် စိတ်ထဲက ကြံစည်ထားခဲ့သည်။ မည်သို့ သောအခြေအနေမျိုးကို ရင်ဆိုင်ရမှန်း မသိသော်လည်း အေးအေးချမ်းချမ်းဖြစ် ရည် မျှော်လင့်ထားခဲ့လေသည်။

ကင်းတာဝန်ကျသည့်နေ့ ထမင်း စားဆောင်တွင် ထမင်းစားပြီးချိန်တွင် ရဲဘော်မိုက်ခဲက ကင်းတာဝန်ကျသော ရဲဘော်နှစ်ယောက်ကိုပါ ခေါ်လိုက်ပြီး လူရှင်းသောနေရာတွင် စုဝေးလိုက် သည်။ သူနှင့်အတူ ကိုထွန်းဝင်းနှင့် ရဲဘော်နှစ်ယောက်တို့ကို အဲဗာရယ်ဒီ ထံဆိပ်ဓာတ်ခဲနှစ်တောင့်ထိုးတစ်လက် စီ ပေးလိုက်သည်။ ထိုဓာတ်မီးများမှာ လိုင်းမင်းဌာနမှ သွားရောက်ငှားရမ်းခဲ့ ခြင်းဖြစ်သည်။

"ဒီဓာတ်မီးက အချက်ပြဖို့အတွက် ပေးတာ၊ လိုင်းခန်းတွေရော၊ တခြားနေ ရာတွေရော ဘယ်နေရာမှမထိုးနဲ့၊ မသုံး နဲ့၊ ဒါကိုသေချာတိတိကျကျ လိုက်နာပါ၊ သေချာမှာထားလျက်နဲ့ တောင်ထိုး

မြောက်ထိုးလုပ်လို့ ပြဿနာဖြစ်ရင် တော့ မင်းတို့အဖြစ်နဲ့ မင်းတို့ခံရမှာနော်"

"စိတ်ချပါကွ - ငါတို့ကို ကူညီပေး တာကို ကျေးဇူးတင်လှပြီ၊ မင်းပြောတဲ့ အတိုင်း လိုက်နာမှာပါကွာ"

"အေး - ဒီညတော့ သေချာဂရုစိုက် ကွာ၊ ငါ့အစီအစဉ်အတိုင်းသာလုပ်ရင် အဖြေပေါ်မှာပါ"

ရဲဘော်မိုက်ခဲက ပြုံးရင်း ပြော လိုက်သည်။ သူ့အနေနှင့် သည်ညတွင် သရဲကိစ္စ ဖြေရှင်းနိုင်မည်မှာ သေချာ ပေါက် တွက်ဆထားပုံရသည်။

"မင်းအစီအစဉ်ကိုလဲ ပြောပြမှာပေါ့ ကွ၊ တို့တွေက ဘာလုပ်ရမှာလဲ"

သူငယ်ချင်းတွေက စိတ်ဝင်တစား ရှိနေကြသည်။

"အိုကွာ - ထွေထွေထူးထူး ခက် ခက်ခဲခဲတွေ မပါဘူး၊ အရေးကြီးတာက မင်းတို့တွေ အိပ်မငိုက်ဖို့က အဓိက အရေးကပဲ"

"အေး - ဟုတ်ပြီ - ဒါပဲလား၊ နောက် ရော ဘာရှိသေးလဲ"

"အေး - ရှိသေးတယ်၊ ငါ့ဘက်ကို မျက်ခြေမပြတ် လှမ်းကြည့်နေပါ၊ ည (၁၀)နာရီ (LINE DOWN) အိပ်ခေါင်း မှုတ်သံကြားရပြီး နောက်ပိုင်း ဂရုစိုက်



ကြည့်ကြပါ၊ ငါ့ဆီက ဓာတ်မီးရောင် အချက်ပြတာကို မြင်ရတာနဲ့ မင်းတို့နှစ် ယောက်က လိုင်းခန်းအမှတ် (၅)နဲ့ (၆) ကို ဟောဒီအတိုင်း နှစ်ဖက်ညှပ်ပြီး သောလေးလာခဲ့ကြ"

ရဲဘော်မိုက်ခဲက သူ့လက်ထဲမှ တ်နှိပ်ဓာတ်မီးကို သေချာအချက်ပြ ပြသည်။ အဆင်သင့် ရေးထားလာ သည့်စာရွက်မှ မြေပုံကို ချပြသည်။ ထွန်းဝင်းတို့ သုံးယောက်က ဂရု စိုက်ကြည့်ကြသည်။

"သေချာမှတ်မိအောင် ကြည့်ထား မြင့်စိုးတ မင်းကင်းထဲကဆိုရင် လိုင်း ဆီကို တည့်တည့်လာခဲ့ရမယ်နော်၊ အောင်က မင်းကင်းတဲကနေ ဘယ် တကွေ့ ပြီးလာရမယ်၊ အသံ စေနဲ့၊ ဓာတ်မီးမဖွင့်နဲ့နော်"

"ဟုတ်ပြီ - ပြီးတော့ရော"

"တွေ့ရင် တစ်ခါတည်း တုတ်နဲ့ရိုက် ရမလား"

"အာ - သောက်ရမ်းမလုပ်ပါနဲ့၊ မင်း ပြေးလာရင် ပါးစပ်က သတိပေး မယ်၊ နောက်ကိုပြန်လှည့်ပြေး ရင်တွေမှာပါ"

"အပြင် မရိုက်ရဘူးပေါ့"

"အဲဒီလိုလဲ မဟုတ်သေးဘူး၊ မင်း ကိုသူက တွယ်ဖို့လုပ်လာရင်တော့ ခါးနဲ့ ကိုယ်ထည်ပိုင်းကို ရိုက်ပေါ့"

ရဲဘော်မိုက်ခဲက သေချာရှင်းပြ သည်။ ပုံစံတွေကိုပါ လှုပ်ရှားပြသည်။

"သရဲဆိုတာ တို့ထက် အတောင် ကြီးတာကွ၊ သူက တန်နိုးလဲရှိတာ၊ မရိုက်လို့ရပါ့မလား"

"သရဲလည်း ခြေထောက်ကိုရိုက် ရင်ရပါတယ်၊ သူ့ထွက်ပြေးနိုင်မှာမဟုတ် တော့ဘူး"

"ဒီအတိုင်းဆိုရင် ခွေးမသားသရဲ တွေ့ကြသေးတာပေါ့၊ ခြေထောက်ကို ရိုက်ချိုးပစ်လိုက်မယ်"

စန်းမောင်က အံကြိတ်ပြီး အားရပါး ရပြောသည်။ မြင့်စိုးကတော့ ဘာမှမပြော ပါ၊ တစ်စုံတစ်ခုကို သေချာစဉ်းစားနေပုံ ရသည်၊ ဘာကိုစဉ်းစားနေသည် မသိပါ။ တစ်ခုခုကို ဝေခွဲမရဟန်၊ အတွေးမျိုးစုံ တွေးနေပုံမျိုးဖြစ်သည်။

x x x

ညနေတပ်ရင်းဘောလုံးကွင်းတွင် တန်းစီပြီး အပြန်တွင် ဆရာတော်စိုးတ သူတို့ အခြေအနေကို မေးကြည့်ပြီး တိ

www.burmeseclassic.com

www.burmeseclassic.com



တိကျကျ သေချာလုပ်ကြရန် သတိပေးလိုက်သေးသည်။

"မင်းတို့သေချာဂရုတစိုက်လုပ်ကြနော်။ လုလုချင်းကမြင်မြင်ထင်ထင်လုပ်ရတော့ ရှောင်နိုင်တမ်းနိုင်တယ်"

"စိတ်ချပါ – ဆရာကျော်ရဲ့၊ ဘာမှမပူပါနဲ့။ ကျွန်တော်တို့က လေးယောက်တောင်မှရှိတာ"

သည်နောက် လေးယောက်သား ညစာ စားသောက်ပြီး ခြောက်နာရီထိုးသည်နှင့် တင်းတာဝန်ကျရာနေရာသို့ ထွက်လာခဲ့ကြသည်။ ရဲဘော်မိုက်ခဲက ခပ်လှမ်းလှမ်းတွင် ရှိနေသည့် လိုင်းခန်းများကို ငေးကြည့်နေရင်းမှ သူ့အစီအစဉ်တွေကို ပြန်လည်တွေးနေသည်။

အိမ်ထောင်သည်လိုင်းတွေထုံးစံအတိုင်း စားသောက်ပြီးသည်နှင့် တစ်

> 66 ထိုအခါမှ တခြားလိုင်းခန်းတွေလည်း လှုပ်ယမ်းနေသည်ကို မြင်ရသည်။ သို့သော်လည်း သူတို့ ညာဘက်၊ တစ်ကြိုးတန်းလျာဘက်မှ လှုပ်ရှားနေကြသော လိုင်းခန်းနှစ်ခန်းနှင့် မတူပါ။ မသိမသာ လှုပ်သည်ဆိုရုံသာ တွေ့ရသည်။ ကိုထွန်းဝင်းက အံ့ဩစွာ ပြောသည်။

လိုင်းနှင့်တစ်လိုင်း၊ တစ်ခန်းနှင့်တစ်ခန်း ကူးသန်းသွားလာကြ၊ စကားပြောဆိုကြ နှင့် ဆူညံသံတွေ ဝေစည်နေသည်။ အလင်းရောင် ကွယ်ပျောက်သွားတော့ လျှပ်စစ်မီးရောင်တွေ ပေါ်လာသည်။ တစေ၊ လင်းသည့်နေရာ မှောင်သည့်နေရာတွေ ဖြစ်လာသည်။ ရှစ်နာရီ၊ ကိုးနာရီ ခန့် ရှိလာသည်တွင် စကားပြောဆိုသံတွေ ကြဲပါးလာသည်။ မီးရောင်ရှိသည့် အခန်းထက် မီးပိတ်မှောင်သွားသော အခန်းတွေ ပိုများလာသည်။

အချိန်တွေ တစ်စတစ်စ ကုန်ဆုံး သွားသလို အမှောင်ထုက ပိုများလာ သည်။ စကားပြောသံတွေက တစ်ချက် တလေမှသာ ကြားရတော့သည်။



အောက်ကြာလျှင် (LINE DOWN) ဆူညံသံ ကြားရပြီး မီးတွေ မှိတ်သွားတော့သည်။ မိုက်ခဲတစ်ယောက် သူ၏ မှတ်ချက်မှုအတိုင်း ဖြစ်လာမည်၊ မဖြစ်ဘူးဆိုသည်ကို စိတ်စောစွာ စောင့်ကြည့်နေသည်။ သူ၏ ရဲဘော်တွေဆီကလည်း ထူးခြားသောအချက်ပြမှုတွေကို မမြင်ရ။ အချိန်က တဖြည်းဖြည်း ကုန်ဆုံးလာသည်။ တစ်ရင်းတစ်ခုလုံး အမှောင်ထုသည် ငြိမ်သက်တိတ်ဆိတ်စွာ ရှိနေသည်။

မိုက်ခဲက သူ့ လက်ဝဲဘက်လက်ကောက်ဝတ်တွင် ပတ်ထားသော လက်ပတ်နာရီကို ကြည့်လိုက်သည်။ ညဆယ်နာရီခွဲပြီး သွားလေပြီ၊ သူ့ရှေ့တွင် ရှိနေသော အိမ်ထောင်သည်လိုင်းတွေဘက်မှ တိုးတိတ်သောအသံများက တစ်ချက်တစ်ချက် ထွက်ပေါ်လာသည်။ မိုက်ခဲက ပိုပြီး နားကို အာရုံစိုက် အာရုံပြုကာ နားထောင်နေသည်။ ကြားနေရသောအသံတွေက တစ်ခါတစ်ခါမှ ကြားရသည်။ တစ်နေရာတည်းမှမဟုတ်ပေ၊ ဟိုဘက်သည်ဘက် လက်ဝဲလက်ျာလိုင်းခန်းတွေမှဖြစ်သည်၊ မိုက်ခဲ သေချာအာရုံစိုက်နားထောင်ပြီး မှိတ်မိသည်။

သူလေ့လာစောင့်ကြည့်နားထောင်သည့်အတိုင်းပင်။

ကြားနေရသောအသံ တွေက ညနက်လာလေ တိတ်ဆိတ်လာလေမို့ အသံတွေက ပိုပြီးကြားလာရသည်။ ဆယ့်တစ်နာရီသံချောင်းခေါက်သံကြားရချိန်တွင်တော့အသံတွေနှင့်အတူလိုင်းခန်းတွဲတစ်ခုက ယိမ်းယိမ်းယိုင်ယိုင်ဖြစ်လာတော့သည်။ ခဏသေချာအောင်စောင့်ကြည့်လိုက်သေးသည်။ နောက်တော့မှ ရဲဘော်မိုက်ခဲက ကိုထွန်းဝင်းရှိရာကင်းတဲဆီတို့ လက်နှိပ်ဓာတ်မီးနှင့် လာခဲ့ရန် အချက်ပြလိုက်သည်။

"ဟော့ကောင် – မင်းသရဲက အခုတော့ လိုင်းခန်းတစ်ခုကိုပဲ လှုပ်ပြနေပါလား"

ရောက်သည်နှင့် ကိုထွန်းဝင်းနှင့် ဆရာ ကျော်စိုးက မေးသည်။ ရဲဘော်မိုက်ခဲက အသာစောင့်ကြည့်ရန် တိုးတိုးလေး ပြောလိုက်သည်။ သည်နောက် သုံးယောက်သားတိတ်ဆိတ်ကာ စောင့်ကြည့်နေကြသည်။ သူတို့ စောင့်ကြည့်နေစဉ်မှာပင် နောက်ဘက်မှ လိုင်းခန်းကပါ စတင်လှုပ်ရှားလာနေသည်။

"ဟာ – ဟိုနောက်ဘက်က လိုင်းခန်းပါ လှုပ်လာပြီ"

ကိုထွန်းဝင်းဘေးမှ ကြည့်နေသော ဆရာကျော်စိုးကပါ တအံ့တဩပြောနေသည်။

"ဟော့ကောင် - လာ - တစ်ခါတည်း သွားဖမ်းရအောင်"

"နေအုံး - ကိုထွန်းဝင်း၊ ဒီဘက် အခန်းတွေဘက်နဲ့ ယှဉ်ကြည့်ပါဦး"

ရဲဘော်မိုက်ခဲက ကိုထွန်းဝင်းကို တားဆီးရင်းမှ ပြောလိုက်သည်။ သည်အတွက်ကြောင့် ကိုထွန်းဝင်းနှင့် ဆရာကျော်စိုးတို့ပါ တခြားသောလိုင်းခန်းတွေနှင့် နှိုင်းယှဉ်ကြည့်ကြသည်။ ထိုအခါမှ တခြားလိုင်းခန်းတွေလည်း လှုပ်ယမ်းနေသည်ကိုမြင်ရသည်။ သို့သော်လည်း သူတို့ညာဘက်၊ တပ်ကြီးကုန်းရှာဘက်မှ လှုပ်ရှားနေကြသော လိုင်းခန်းနှစ်ခန်းနှင့်မတူပါ။ မသိမသာလှုပ်သည်ဆိုရုံသာ တွေ့ရသည်။ ကိုထွန်းဝင်းက အံ့သြစွာ ပြောသည်။

"ဟင် - အဲဒါက ဘယ်လိုဖြစ်ရတာလဲ၊ မင်းတို့သရဲက တစ်ကောင်တည်း မဟုတ်ဘူးထင်တယ်"

"အေးကွ - ထူးတော့ ထူးဆန်းနေတာ အမှန်ပဲကွ"

ဆရာကျော်စိုးက စိတ်ရှုပ်သွားသလိုပြောလိုက်သည်။ ရဲဘော်မိုက်ခဲကတော့ အမှောင်ထဲတွင် ပြုံးနေသည်။ ကိုထွန်းဝင်းက စိတ်မရှည်တော့သလို ပြောလာတော့သည်။

"မိုက်ခဲ - ဟောဟိုက ကောင်နှစ်ကောင်ကိုပါ ခေါ်ပြီး ဝိုင်းဖမ်းလိုက်ရအောင်"

အချိန်ကျမှပဲ ရဲဘော်မိုက်ခဲက သူ့လက်နှိပ်ဓာတ်မီးနှင့်မြင့်စိုးရောစန်းမောင်ကိုပါ အချက်ပြပြီး ခေါ်လိုက်သည်။

"ကဲ - ကျွန်တော်တို့က တပ်စည်းနှီးဘက်ကနေ သွားကြမယ်၊ ဟိုနှစ်ကောင်က အတွင်းဘက် လာကြမှာ"

သည်နောက် သုံးယောက်သားခြေသံလုံလုံနှင့် ယိမ်းကနေကြသော လိုင်းခန်းများဆီကို လာခဲ့ကြသည်။ လိုင်းခန်းအနီးရောက်သည်တိုင်လှုပ်ရှားနေသော လိုင်းခန်းတွဲနှစ်ခုက အလျားလိုက်ယိမ်းကနေကြသည်။ တစ်ဆက်တည်း အသံတွေကိုပါ မသဲမကွဲ ကြားကြရသည်။

"အင်း - အင်း"

"ဟင်း - ဟင်း - အင့် - အင့် - အားဟား"

"အား - ကျွတ် - ကျွတ်"

"ဟား - ဟူး - ဟူး"

စသည့် အသံတွေကို ပီပီသသ ကြားရသည်။ သုံးယောက်သာလိုင်းခန်းဘေးရပ်ပြီး ကျောက်ရုပ်တုကြီးတွေလို ငြိမ်နေမိကြပါတော့သည်။ မြင့်စိုးနှင့် စန်းမောင်တို့နှစ်ယောက်ပါ ရောက်လာ



ကြရာ ငြိမ်သက်စွာ ရပ်နေကြသော ရဲဘော်မိုက်ခဲတို့သုံးယောက်ကိုမြင်လျှင် သူတို့ပါ ငြိမ်သွားကြသည်။

ရဲဘော်မိုက်ခဲက ငြိမ်ငြိမ်နေပြီး နားထောင်ရန် အမူအရာနှင့် ကပ်ပြီးလုပ်ပြသည်။ မြင့်စိုးတို့နှစ်ယောက်ကလည်း ဘာမသိညာမသိယောင်ပေါင်တောင်နှင့်ငြိမ်နေကြသည်။ အဲတော့လေးကြာသော့မှ အခန်းထဲမှ လူလှုပ်ရှားသံများ၊ တီးတိုးပြောသံများ၊ ရေသောက်သံတွေ ကြားရသည်၊ ဆရာကျော်စိုးက လက်ဟိုတ နောက်ကြောင်းပြန်လှည့်ခဲ့ကြသည်။ အဝေးရောက်မှ တစ်ခါပြန်လှည့်သောအခါ လိုင်းခန်းတွေအားလုံး လုံးဝလှုပ်ရှားခြင်းမရှိတော့သည်ကို မြင်ကြသည်။

"တို့လူစုကိုမြင်လို့ သရဲကြောက်ပြီး ထွက်ပြေးသွားတာဖြစ်မယ်ကွ၊ ကဲ - ဟိုနှစ်ကောင်လဲ မြင်ခဲ့ပြီးပြီမဟုတ်လား၊ နောက်ထပ် ဘာမှမဖြစ်တော့ပါဘူး၊ တို့လဲနေရာကိုယ် ပြန်စောင့်ကြတော့"

ဆရာကျော်စိုးကအားလုံးလူစုခွဲရန် ပြောပြီး ပြန်လှည့်လိုက်စဉ် လက်နှိပ်ဓာတ်မီးရောင်သုံးခုက အမှောင်တွင်းမှ ရုတ်တရက် ပေါ်လာကာ ထိန်လင်းသွားတော့လေသည်။

"ဟ - ဟ - ဘယ်လိုဟာတွေလဲကွ၊ အဲမယ် - ဆရာကျော်စိုးလဲပါသကိုး"

ပြောဆိုသံနှင့်အတူ (R.S.M)တပ်ရင်းအရာခံဗိုလ်ကြီး ထွန်းခင်ကို တွေ့လိုက်ရသည်၊ ဆရာကြီးထွန်းခင်နှင့်အတူ တာဝန်ကျတပ်ကြပ်နှစ်ယောက်ကိုပါ တွေ့ရသည်၊ ဆရာထွန်းခင်က ငါးယောက်လုံးကို တစ်ယောက်ချင်း ဓာတ်မီးနှင့် ထိုးကြည့်သည်။

"ဟင် - ကမ္ဘာကျော်ပြဇာတ်ခေါင်းလဲ ပါနေပါလား၊ ကဲ - မင်းတို့အုပ်စုက ဘာကိစ္စနဲ့ ဒီမိန်းမလိုင်းထဲ ရောက်နေကြရတာလဲ၊ ပြောကြစမ်း"

အရာခံဗိုလ် ဆရာကြီးထွန်းခင်က ရဲဘော်မိုက်ခဲကိုပါ တွေ့မြင်လိုက်ရသဖြင့် မယုံသင်္ကာ သံသယလေသံဖြင့် မေးပါတော့သည်၊ သည်အခါကိုထွန်းဝင်းနှင့်မိုက်ခဲတို့က ဆရာကျော်စိုးကိုလှည့်ကြည့်လိုက်ကြသည်။

သူ တို့ ဆို လို သော သ ဘော အဓိပ္ပာယ်ကိုနားလည်လိုက်သည့်ဆရာကျော်စိုးက ကြားဝင်ရှင်းလင်းပြောရတော့သည်၊

"သူတို့လေးယောက်ကမိန်းမလိုင်းကင်းတာဝန်ကျနေသူတွေပါ - ဆရာကြီး"

"အင်း - ဟုတ်ပြီ - ထားပါတော့၊ ခင်ဗျားကရော ဘာကြောင့် သူတို့ဆီ ရောက်နေရတာလဲ၊ ဒီနေ့ကလဲ ခင်ဗျား ဂျူတီမဟုတ်ဘူးလေ"

ဆရာထွန်းခင်ပြောသောလေသံ တသူ့ကိုပါမယုံသင်္ကာသသောမျိုးပါနေ ကြောင်း၊ ဆရာကျော်စိုး နားလည်လိုက် သည်၊ ထို့ကြောင့် ချက်ချင်းဆိုသလိုပြန် ပြောလိုက်သည်၊

"ကျွန်တော်တို့ဒီကိုရောက်နေရတဲ့ အကြောင်းရင်းက ဆရာကြီးကို သေချာ ရှင်းပြရမယ်၊ ဒါပေမဲ့ - ဒီနေရာမှာ ပြောလို့မကောင်းဘူး"

"အင်း - ဒါဆို - တပ်ရင်းရုံးကို သွား မယ်၊ ဟိုကောင်တွေ ကိုယ့်တာဝန်ကျ နေရာပြန်သွားကြ၊ အိပ်လဲမနေကြနဲ့၊ ငါ နောက်တစ်ပတ် လာကြည့်မယ်"

"ဟုတ်ကဲ့ - ဟုတ်ကဲ့"

ထွန်းဝင်းတို့လေးယောက် ထွက် သွားကြသည်၊

"ကဲ - လာ - ဆရာကျော်စိုး"

ရှေ့မှ ဆရာကြီးထွန်းခင် ဦးဆောင် ကာ သူတို့တစ်တွေ တပ်ရင်းရုံးသို့ထွက် လာခဲ့ကြသည်၊ တပ်ရင်းရုံးကြီး(R.S.M) ရင်းအရာခံဗိုလ်ကြီး၏ရုံးခန်းထဲ ရောက် လျှင် တပ်ကြပ်နှစ်ယောက် ပြန်ထွက် သွားကြ၍ ဆရာကြီးနှင့် ဆရာကျော်စိုး တို့နှစ်ယောက်ထဲသာ ကျန်ခဲ့သည်၊

"ကဲ - ခင်ဗျားပြောမယ်ဆိုတာ ဘာ များလဲဗျ၊ အေးအေးဆေးဆေးပြောစမ်း ပါဗျာ"

အခန်းထဲတွင် နေသားတကျ ထိုင် မိတော့မှ အရာခံဗိုလ်ကြီးက ပြောတော့ သည်၊

"ကိစ္စကတော့ သရဲကိစ္စက စတာ ပေါ့ - ဆရာကြီး"

"ဘာ - သရဲ - ဟုတ်လား"

ကုလားထိုင်တွင် ခပ်အေးအေးထိုင် နေသော ဆရာကြီးထွန်းခင်မှာ ဆရာ ကျော်စိုးက သရဲကိစ္စ ဆိုလိုက်သည်နှင့် ကိုယ်ခန္ဓာမှာ ဆတ်ခနဲ တုန်လှုပ်သွားပြီး ရှေ့သို့ ခါးကိုင်းရင်း မေးလိုက်သည်၊

"ဟုတ်တယ် - ဆရာကြီး၊ အဲဒီကိစ္စ ဖြစ်နေတာ တစ်ပတ် ကျော် သွားပြီး ရဲဘော်လေးတွေ ကြောက်နေကြတာ"

"အဲဒီကိစ္စက တကယ်ရော ဟုတ်ရဲ့ သလား"

"အဲဒါကို ဖော်ထုတ်ဖို့ ကျွန်တော်နဲ့ မိုက်ခဲက စီစဉ်ပြီး ကျွန်တော့်ကို တိုင်ပင် တယ်၊ ကျွန်တော်ကလူကြီးတစ်ယောက် အနေနဲ့ ထိန်းကွပ်ဖို့ ရောက်နေတာ"



"အင်း - အင်း - ဟုတ်ပြီ - ခင်ဗျား ဆုံးဖြတ်တိုင်ပုံက မှန်ပါတယ်၊ ဒါနဲ့ ဆက်ပါ ဦးဗျ"

"အဲဒါ - ကျွန်တော်တို့ စောင့်ကြည့် တော့ သူတို့ပြောသလို တွေ့ရတယ်"

"ဟင် - ဟုတ်လား၊ သရဲကဘယ်လို ပုံသဏ္ဍာန်မျိုးနဲ့ လာတာလဲ၊ ခင်ဗျားတို့ ဘာဖိုင်းမတွယ်ကြဘူးလား"

ဆရာကြီးထွန်းခင်က စိတ်ဝင် တစားမေးလိုက်သည်၊

"ဟင်း - ဟင်း - သရဲက လူသရဲ ဗျာ"

"ဘာ - ဘယ်လို လူ သရဲလဲ ဗျ၊ ခင်ဗျားတာလဲ ရှင်းရှင်းလင်းလင်း ပြောမှ ပေါ့၊ လူက သရဲယောင်ဆောင်ပြီး ခြောက်လှန့်တာလား"

"မဟုတ်ဖူး - ဆရာကြီး၊ ဖြစ်နေ တာက မြောက်ဘက်စွန်က လိုင်းခန်းနှစ် ခန်းမှာဖြစ်တာ၊ အဲဒီလိုင်းခန်းတွေမှာ ထပ်ခွင့်ရတဲ့ ရဲဘော်တွေနေကြ တာလေ"

"တ - ဒါနဲ့ - သရဲကိစ္စက ဘာဆိုင် သလဲဗျာ"

အရာခံဗိုလ်ကြီးမှာ မျက်စိလည် လမ်းလည်ဦးနှောက်ခြောက်သွားဟန် ရှိသည်၊ ဆရာကျော်စိုးမှာလည်း ရှေ့ ဆက် ပြောရမည့် အကြောင်းအရာ အတွက် ခက်နေသည်၊

ရဲဘော်မိုက်ခဲက သရဲအကြောင်း ပေါ်လာသည်ကို သေချာနားထောင်ပြီး ကင်းတာဝန်ကျရဲဘော်တွေကို တစ် ယောက်ချင်း မေးမြန်းခဲ့သည်၊ ပြီးတော့ အပြန်အလှန် ဖြစ်နိုင်သမျှအကြောင်း တွေကို ထောင့်ပေါင်းစုံမှ တွေးဆကြည့် သည်၊ နောက်တစ်ခါပတ်ဝန်းကျင်အခြေ အနေ၊ မြေပြင်အနေအထား၊ လိုင်းခန်း များအခြေအနေ၊ လိုင်းခန်းတွဲနှစ်ခုတွင် နေထိုင်ကြသူတွေအကြောင်းထိ အသေးစိတ်စုံစမ်းခဲ့သည်၊ ထိုအခါတွင် လိုင်းခန်းတွဲနှစ်တွဲတွင် အခန်းလေးခန်း ရှိလိုင်းခန်းတွဲတွေမှ အခန်းပေါင်းရှစ်ခန်း ရှိနေသည်၊

၁၀

ညက်ကြီးရှင် ရဲဘော်မိုက်ခဲ ဦးနှောက်တွေ ဆူပွက်သည်ထိ အခြေ ရှာခဲ့သည်၊ အကြောင်းများစွာကိုတစ်ခု ချင်း ဆက်စပ်ကြည့်ခဲ့သည်၊ သူတာလွှတ် ဆိုတော့ ဘာမှမတွေးတတ်ခဲ့၊ ညနေ ညနေပိုင်း၊ တပ်ခွဲရိပ်သာတွင် သူငယ် ချင်းတွေ ဆုံမိကြသည်၊ တစ်ပတ်ထက်

www.burmeseclassic.com



ကြိမ် ထုတ်ပေးသော (ARMY RUM) ကို စုပေါင်းသောက်စားခဲ့ကြသည်။ သောက်ကြစားကြရင်းမှ ရဲဘော်မိုက်ခဲ က သူ တာဝန်ယူထားရသော သရဲ အကြောင်း သတိရတာ ပြောမိသည်။ သူတို့လူစုထဲတွင် မိန်းမရပြီးစ ရဲဘော် သုံးယောက်လည်းပါသည်မို့အငြင်းအခုံ ဖြစ်ကြတော့သည်။

သူတို့လိုင်းခန်းတွင် သရဲမရှိ ကြောင်း၊ ရှိလျှင် သူတို့က ဦးစွာတွေ့မြင် ရမည်ဖြစ်ကြောင်း ပြောကြသည်။

"သရဲရှိလဲ မင်းတို့က သိကြမယ့် ကောင်တွေမဟုတ်ပါဘူးကွာ"

ရဲဘော်မိုက်ခဲက အစတောင်ပေး လိုက်၍ ထိုလိုင်းခန်းတွင်နေကြသော ရဲဘော်သုံးယောက် မခံချင်ဖြစ်သွားကြ သည်။

"ဟ - ငါတို့က အဲဒီလိုင်းခန်းမှာနေ တာ နှစ်လတောင်ရှိတော့မယ်၊ တစ်ခါမှ မတွေ့ပါဘူးကွ၊ တို့ထဲကတစ်ယောက် မတွေ့လဲ တကယ်သာရှိရင် တယောက် ယောက်က တွေ့ရမှာပေါ့ကွ၊ မဟုတ်ဖူး လား"

"အေး - အောင်ထိန်ပြောတာဟုတ် တယ်၊ တို့အားလုံး ဆရာကိုကိုနဲ့ ဆရာ မြင့်ဦးတို့မိသားစုတောင် မတွေ့ကြပါ ဘူး။ သူတို့က တို့အရင်နေလာခဲ့ကြတာ လေ"

သူတို့စကား နားထောင်ပြီး ရဲဘော် မိုက်ခဲ စိတ်ကူးအသစ်တစ်ခု ရသွားခဲ့ သည်။ ထိုစိတ်ကူးက (LINE DOWN) ခရာသံ ကြားရပြီးချိန်တွင် ထိုလိုင်းခန်း တွေဆီ သွားချောင်းကြည့်၊ နားထောင် ရန်ဖြစ်သည်။ ယင်းစိတ်ကူးကို သူ ယုံ ကြည်ရသူကိုထွန်းဝင်းကိုပင်အသိမပေး ခဲ့ပေ။

သည်ကဲ့သို့ တာဝန်မဲ့ မိန်းမလိုင်း (FAMILY LINE)ကို ညအချိန် မည်သူ မှမသွားရန် (STANDING ORDER) တည်မြဲအမိန့်ထုတ်ပြီး ကန့်သတ်ထား ခြင်းဖြစ်သည်။ သူသွားခဲ့စဉ်ဖြစ်စေ၊ ပြန် လာစဉ်ဖြစ်စေ တစ်ယောက်ယောက်က တွေ့မြင်သွားပါက သေချာပေါက် ကွာတား (အချုပ်)ထဲ ဝင်ရပေလိမ့်မည်။

သို့တစေ၊ သည်လိုမှမလုပ်လည်း သရဲကိစ္စက ဖော်ထုတ်ရန် မဖြစ်နိုင် တော့။ ထို့ကြောင့် မိုက်ခဲမှာ အသည်း တထိတ်ထိတ် ရင်တလှပ်လှပ်နှင့် မိန်းမ လိုင်းထဲ ညအချိန် ခိုးဝင်သွားရောက် စမ်းခဲ့ရသည်။ တော်သေးသည်က ... တပ်ဝင်းထဲ ဖြစ်သောကြောင့် ပြင်ပ ... ကွက်ထဲလို ခွေးလေခွေးပေတွေ ... သည်ဖြင့် အောင်မြင်စွာ ဝင်ထွက်နိုင်ခဲ့ခြင်း ဖြစ်ပေသည်။

ရဲဘော်မိုက်ခဲ၏ တကူးတကန့် အချောင်းခန်းနှင့်ရင်း၍ စုံစမ်းကြည့်ရှုနိုင်ခဲ့ သည့်ကြောင့် ဆရာကျော်စိုးနှင့် ကိုထွန်း ဝင်းအပါအဝင်ရဲဘော်တွေကိုလက်တွေ့ ... ပြသ ရှင်းလင်းနိုင်ခဲ့ခြင်း ဖြစ်ပါ သည်။

"ဟော့လူ - ဆရာကျော်စိုး၊ ဘာငိုင် နေတာလဲ၊ ဆက်ပြီး ပြောလေ"

ဆရာကျော်စိုးမှာ သူ့ထက် ရာထူး ... မြင့်သော ဆရာကြီးထွန်းခင်ကို ဆက်လက်ပြောရန် သင့်၊ မသင့် စဉ်းစား ... နေသည်ကိုအားမလိုအားမရဖြစ် ... စိတ်မရှည်သော (R.S.M) ကြီးက ... လိုက်မှ အတွေးများ ပြတ်သွားကာ ဆရာကျော်စိုးက ဆက်လက်ပြောပြ ... ရတော့သည်။

"ရဲဘော်တွေမှာ အဲဒီလိုဖြစ်နေကြ ... ထွန်းဝင်းက မိုက်ခဲကို ဖြေရှင်းခိုင်း ... တယ်"

"အော် - လက်စသတ်တော့ ပြဿနာ ... မိုက်ခဲက ပါလာတာကိုး"

"ဟုတ်တယ် ဆရာကြီး။ ဒီကောင် ... တာဝန်ယူဖြေရှင်းပေးလို့သာ ခုလို ... သွားတာ"



"အင်း - ထားပါတော့၊ သရဲ ပြဿနာရဲ့နိဂုံးချုပ်ကိုလဲ ပြောပြလေ၊ ဘယ်လိုပြီးသွားတာလဲ၊ သရဲယောင် လုပ်တဲ့ကောင်ကို မိလို့လား၊ ဘယ်မှာ လဲ"

"ဆရာကြီးကို စောစောက ပြော သားပဲ၊ သရဲအစစ်ကလုပ်တာလဲမဟုတ် ဖူး၊ လူက သရဲယောင်ဆောင်လုပ်တာလဲ မဟုတ်ဖူး"

"ဟာ - ခင်များတို့ဟာက ဘယ်လို လဲဗျာ၊ ကျွန်တော်တော့ ရှုပ်တော့မယ်"

ဆရာကျော်စိုးပြောသမျှ နား ထောင်ရင်း ဆရာကြီးထွန်းခင်မှာ စိတ် ရှုပ်လာပြီး အော်ပါတော့သည်။ ဆရာ ကျော်စိုးမှာလည်း အားနာမှုတစ်ထစ် ကြောင်း ပြောရခက်လှ၍ ဝေ့လည်ကြော နေမိသော သူ့အဖြစ်ကို ပြန်စဉ်းစားမိ သည်။ နောက်တော့ မထူးတော့ပြီမို့ တစ်မျိုးလှည့်ကာ ယဉ်ယဉ်လေး ပြော လိုက်သည်။

"ဒီလိုလေ - ဆရာကြီးရဲ့ လိုင်းခန်း အားသလို လက်ထပ်ပြီးတဲ့ ရဲဘော်စုံတွဲ ကို ဆရာမြင့်ဦးတို့လိုင်းနဲ့ ဆရာကိုကိုတို့ လိုင်းမှာ ထည့်ပေးထားခဲ့တာကိုး"

"အေးလေ - ဟုတ်တယ်။ အားတဲ့ အခန်းတွေကိုပေးရတာကိုးဗျ။ ဒီကောင်

www.burmeseclassic.com

www.burmeseclassic.com



တွေ လေးစုံတွဲကို ပေးခဲ့တာ နှစ်လ တောင် ကျော်ပြီထင်တယ်"

"ဟုတ်တဲ့ - အဲဒီလိုပေးခဲ့ရတော့ အရင်မှုလနေတဲ့ဆရာတွေအဖို့ နေရ ထိုင်ရကြပ်သွားရာက ခုလိုတွေဖြစ်ကုန် တာပေါ့"

"တင် - ဘာကြောင့်လဲ ပြောပါဦး"

"ဖြစ်ရတာက ဆရာတွေနဲ့ တစ်လိုင်းထဲနေရတော့ဆရာတွေကလဲ ကိုယ့်အိတ္တာထိန်းရ ရဲဘော်တလည်း ဆရာတို့ အားနာပြီး ညပိုင်းဝယ်နယ်လ် တီးသောလုံးအွဲကိုမလုပ်ရဲကြဖြစ်နေတာ ကိုး"

"အသံနယ်လိုင်းခန်းထဲမှာ ဘော လုံးတာန်ရတယ်လို့ - ဆရာကျော်စိုး ရယ်"

ဆရာကြီးထွန်းခင် ခေါင်းကုတ် မျက်မှောင်ကျုံ့ကာ ပြောသည်။

"တကယ့်ဘောလုံးပွဲအစစ်ကိုပြော တာမဟုတ်ဘူး - ဆရာကြီးရဲ့ အနီးကပ် အုပ်စောင့်ပြောတာလေ၊ အဲဒီလိုနေရာ တ မစောင့်နိုင်တဲ့ အခန်းလေ။ ဝယ်နယ်လ်တီး သွင်းတော့ ကျန်တဲ့ အခန်းတွေကပါ (Follow) လိုက်တော့ တစ်ခါထဲ နဂိုက ပေါင်းနွှမ်းနေတဲ့လိုင်း ခန်းနှစ်ခန်းလုံး ရှေ့ယိမ်းလိုက်၊ နောက် ယိမ်းလိုက် ဖြစ်ရာကနေ အဝေးက မြင်ရတဲ့ ကင်းသမားအဖို့ သရဲခြောက်ပြ တယ်ထင်ကုန်ကြတာ"

ဆရာကျော်စိုးက သေချာရှင်းပြ လိုက်လျှင် အရာခံဗိုလ်ကြီးမှာ အတန် ကြာ ငြိမ်သွားပါသည်။ ဆရာကျော်စိုး ပြောပြသည်တို့ကို သေချာတွေးတော အဖြေရှာနေဟန်ဖြစ်သည်။ ငြိမ်သက်နေ ရာမှ တဖြည်းဖြည်းခေါင်းမော့လာသည်။ သူ့ရှေ့တွင် ထိုင်နေသည့် ဆရာကျော်စိုး ကို ပြုံးကြည့်ပြီး အားရပါးရပင် ရယ်မော လိုက်ပါလေသည်။

"ဟား - ဟား - ဟား - ဟား - အံမယ်လေး - ဆရာကျော်စိုးရယ် ခင်ဗျား မဆိုးဘူး။ ပြောမယ့်ပြောတော့ လဲ ယဉ်ယဉ်လေးနဲ့ ပညာပါပါ ပြော တတ်တယ်ဗျာ - ဟား - ဟား - ဟား"

"တိုတိုရှင်းရှင်းပြောလို့ရပေမယ့် ဆရာကြီးကိုမရိုသေရာရောက်နေမှာ လို့ စဉ်းစားနေရတာ"

"ဟာ - ဆရာကျော်စိုးကလဲ ကျွန် တော်တို့အားလုံး စစ်သားတွေပါဗျာ တိုတိုရှင်းရှင်းပြောနိုင်ပါတယ်ဗျ။ ကဲ - ကဲ - ပြဿနာတွေအားလုံး အေးချမ်း သွားပြီဆိုတော့ ခင်ဗျားတို့ကို ဘာမှ မလုပ်ပါဘူး။ လိုင်းတွေ ပြင်ပေးဖို့ ကျွန်တော် တပ်ရင်းမှူးကို တင်ပြလိုက် ပါမယ်၊ ကဲ - ကဲ - သွားနိုင်ပြီ"



"ဟုတ်ကဲ့ - ကျေးဇူးတင်ပါတယ် - ဆရာကြီး"

ဆရာကျော်စိုးက R.S.M ရုံးခန်း ထဲမှ ကြည်တက်ကြွသောအမူအရာ နှင့် ထွက်လာခဲ့ပါသည်။

လျှောက်လာရင်းမှ ဆရာကျော်စိုး မှာ သူ၏ ရဲဘော်မိုက်ခဲအုပ်ကြောင်းကို တွေးလာမိသည်။ ရဲဘော်မိုက်ခဲ၏ တပ် ထဲရောက်လာသောအကြောင်းရင်းနှင့် စစ်သားဘဝအကြောင်းတွေကို မသိ ခဲ့သော်လည်းတပ်ထဲရောက်လာသည် နောက်ပိုင်း တွေ့ထိသိရှိလာခဲ့ရသမျှ ထူးခြား သည့်ရဲဘော်တစ်ယောက်ဖြစ်ကြောင်း သတိထားမိသည်၊ စစ်စည်းကမ်းဥပဒေ ကိုလိုက်နာသည်၊ အမိန့်အတိုင်းတာဝန် ကိုကျေပွန်အောင်ထမ်းဆောင်တတ်သူ ဖြစ်သည်။

အထူးသဖြင့် ရဲဘော်ချင်း စာနာ တတ်သည်။ ရဲဘော်တစ်ယောက် မည် သည့်အခက်အခဲဖြစ်နေပါစေ၊ ကူညီ တတ်သူ၊ ထိုသို့ကူညီရင်း အချုပ်ထဲ ရောက်သွားပေါင်းများလှသည်။ အခက် အခဲမှန်သမျှ ဖြေရှင်းနိုင်စွမ်းရှိသည်မှာ သူ၏ ထူးခြားသည့် စွမ်းရည်ဝင်ဖြစ် သည်၊ သို့သော် အရာရှိနှင့် အကြပ်တွေ အဖို့တော့ ပြဿနာခေါင်းပြဿနာတောင်း ဖြစ်နေသည်။

တကယ်စင်စစ် တစ်ဖက်သတ် မဟုတ်၊ နှစ်ဖက်မျှပြီး တွေးကြည့်မည်ဆို လျှင် အထက်အရာရှိတွေအဖို့ သူတို့ အတွေးသာဖြစ်ပေသည်၊ မှန်လည်းမှန် များလည်း ရှုံး ဆိုသည့် အောက်ခြေ အဆင့် ရဲဘော်တွေအဖို့ကတော့ သူတို့ အတွက် ရဲဘော်မိုက်ခဲမှာ ကယ်တင်မစော် သော သူရဲကောင်းသာ ဖြစ်နေပါလေ သည်၊

⇨ တရာ

## [illegible]

(၁) ကန့်(၁၀)ကျပ်သား၊ လက်ချားမီးပေါက် (၅)ကျပ် သား၊ ယမ်းစိမ်း (၅)ကျပ်သား ဒုတ္တာ (၅)ကျပ်သား အမှုန့်ပြုကာ သံပုရာရေနှင့် လိမ်းပါ။

(၂) စားဆိုဒါနှင့် သနပ်ခါး ရောလိမ်းပါ။

www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



**ညဉ့်နက်** သန်းခေါင်အချိန်ကြီး မြို့လယ်တောင်တွင် တစ်ယောက်တည်း လမ်းလျှောက်နေရခြင်းကို မကြာခဏ တော့ကြုံခဲ့ဖူးပါ၏။ သို့သော် ဒီတစ်ခါကြုံ ရသည့်ပုံက ဆိုးရွားလွန်းလှသည်။ မိုးက သဲသဲ မဲမဲ ရွာနေသလို မိုးရေထဲမှ ဖြတ်တိုက် လာသော လေအေးစိမ့်စိမ့်တကြောက်သီး ဖျန်းဖျန်း ထသွားစေ၏။ သူတစ်ပါးတို့ အိပ်၍တောင်းစဉ် ကျွန်ုပ်မှာတော့ ကမ်း နားလမ်းတစ်လျှောက်တွင် မိုးထဲလေထဲ

"ဖေဟုကောင် မောင်နိုင်၊ မောင်နိုင် လမ်းနှင့် ကမ်းနားလမ်းထောင့်ကို ဒီည (၁) ချက်တီးသွား၊ ငါပြောထားသလို လူတစ်ယောက်လာမယ်၊ အဲဒီလူကို တွေ့တာနဲ့ ရိုက်နက်ပြီးဖမ်း၊ ရဲကိုကြိုမ မထားနဲ့၊ သူက ပါးတယ်၊ နပ်တယ်၊ မင်း လက်ရုံးရည်နဲ့ဖမ်းပြီး ရဲလက်အပ်လိုက် ပြီးရင် ငါ့ဆီပြန်ခဲ့၊ မင်း လိုချင်သိချင်တဲ့ အရာတွေ ငါပေးမယ်"

သည်လိုပြောလိုက်ကတည်းက

မျက်လှည့်ပညာ တစ်ဖက်ကမ်းခတ်
တတ်မြောက်သောလူတစ်ယောက်၏ ဇာတ်လမ်း၊
တစ်နေ့ သူနှင့် ရုပ်ချင်းလွန်စွာဆင်တူသော
လူတစ်ယောက်နှင့် ပတ်သက်မိရာမှ ..

ဒုက္ခခံနေရပြီး လူတစ်ယောက် ခွေးတစ် ကောင်မျှပင်မမြင်ပါချေ။ အချိန်ကလည်း မနည်းတော့ပြီကိုး။

ဘယ်သူကရော ညသန်းခေါင် ဒီလို နေချင်ပါမည်နည်း။ ယခုအခါတား ဆရာ ဖေသက်၏ စေခိုင်းချက်အရ တစ်စုံတစ် ဦးကို စောင့်နေရခြင်းပင်တည်း။ ဆရာ ဖေသက်က မျက်လှည့်ဆရာပီပီ လျှို့ဝှက် လွန်းသည်။

မောင်နိုင် ဆိုသော ကျွန်ုပ်မှာ ခိုင်းသည့် အတိုင်း ယခုလို ဒုက္ခခံနေရခြင်း တည်း။ လာမည့်လူသည် မည်သို့ သဏ္ဌာန်ရှိသည်ကို ကျွန်ုပ် မသိပါ သို့သော် ဆရာ ဖေသက်ပြောထားသ မိအောင်ဖမ်းချုပ်ရမည်ကိုတော့ သေ စွာလုပ်မှဖြစ်မည်၊

ကင်းတဲတစ်ခုဆီမှ (၂) ချက်တီး အကြားတွင်လူတစ်ဦးသည်ထီးတော



ညည်တစ်လက်ကို ဆောင်းလျက် လာဘုရားဘက်သို့ ဒေါ်းဆေးစွာ ဖြတ်လာလေသည်ကို တွေ့ရ၏။ အကျီအနက်နှင့် ဂျင်းဘောင်းဘီ ကိုဝတ်ဆင်ထားသည်။ ကျွန်ုပ်သည် လူကို တွေ့သည်နှင့်အနီးသို့ သေချာ သွားလေ့လာရာ ဆရာဖေသက်ပြော သည့်အတိုင်းပင် ယခုလာသောသူ ညည် ဆရာဖေသက်နှင့် ချွတ်စွပ်တူနေ ည်ကို တွေ့ရ၏။ ထိုအခါ များစွာမျှ အံ့ ပြီး ထိုလူကိုအနောက်မှနေ၍ တုတ် ဖြင့်ရိုက်ဖမ်းဆီးသည်၊

"ဗုစ်"

"တိတ် - ဘယ်သူလဲ"

ကျွန်ုပ်၏ရိုက်ချက်ကိုရှင်းကရှောင် သည့်အတွက် ဟန်ချက်ပျက်သွား ည၊ ထပ်မံ၍ ရိုက်ရန်ပြုရာ ရှင်းလူစိမ်း နှုန်ုပ်၏ ရင်ဘတ်အား ထိုးရိုးဖင်ဖြင့် ငဲ့ထိုးပြီး ခြေဖြင့် ကန်၏၊ ပြီးသော် သာတ်သား လုံးထွေးသတ်ပုတ်ကြ သည်၊ ထိုအခိုက် ပတ္တရောင်လှည့် ခဲ့တားလာရာ လူစိမ်းသည်ကျွန်ုပ် ဆတ်လက်မသတ်ပုတ်တော့ဘဲ ပြေးသွားတော့သည်၊ ရဲများသည် နေသော ကျွန်ုပ်ထံသို့ ရောက်လာ ကြ၊ စစ်ကြကုန်၏။

"ဘာဖြစ်တာလဲ - လုယက်တာ လား"

"အင် - ဟို - ဟာ - အမူးသမားပါ ဗျာ။ မူးပြီး လာရမ်းနေလို့ ထိုးကြ ကြိတ် ကြရင်း အခုလိုဖြစ်တာပါ၊ ရပါတယ်"

ရဲများက ကျွန်ုပ်အား သွားလိုသည့် နေရာကို လိုက်ပို့ပေးမည်ဟုပြောရာ ကျွန်ုပ်က ငြင်းဆန်ပြီး မိမိဘာသာ အိမ် သို့ပြန်ခဲ့တော့၏။ မျက်နှာနှင့် တံတောင် များကား ဒဏ်ရာများဖြင့် စုတ်ပြတ်နေ ရပြီ။ ဟိုရောက်လျှင် ဆရာဖေသက်နှင့် ရင်ဆိုင်ရဦးမည်တည်း။

၈၈၈

"သောက်သုံးမကျတဲ့ကောင် ..."

"အဲ့ လိုလဲ မဟုတ်ပါဘူး - ဆရာ ဖေသက်ရယ်"

"တော် - တိတ်စမ်း၊ မင်းကို ငါ သေ ချာမှာထားရက်နဲ့၊ ဒီလောက်တလေး တောင် အဖြစ်မရှိဘူး။ အဲဒီကောင်တာ ငါ့နာမည်တွေ အလွဲသုံးစားလုပ်နေတာ ကြာပြီ၊ ဒီကောင် တစ်ရက် လွတ်မ နေတာဟာ ငါ့အတွက် ဒုက္ခ တယ်၊ ငါကိုယ်တိုင် လိုက်ဖမ်း ပေါ့ကွာ၊ ငါ့ကိုတွေ့ရင် ဒီကော သေးဘူးဆိုပြီး ငါ့မိန်း

www.burmeseclassic.com



နေမယ်၊ ဒါကြောင့် မင်းကို လွှတ်ရတာ၊ ပြီးတော့ ဒီကောင့်ဆီမှာ ငါတို့လိုချင်တဲ့ ဝစ္စည်းလည်း ရှိတယ်ကွ၊ ဘယ်လိုထပ် ပေးရဦး"

ဆရာဖေသက်သည် ညစ်ခန်း အတွင်း ခေါက်တုံ့ခေါက်ပြန်လျှောက် ရင်းပုံရှာဖွေနေ၏။ ကျွန်ုပ်မှာကား ဆရာ သခင်၏ ပေးသောတာဝန်ကို မကျေပွန် ရတောင်းလားဟု ကိုယ့်ကိုယ်ကိုယ်စိတ် တိုမိသည်။ အဘယ့်ကြောင့် ဆိုသော် ဆရာဖေသက်သည် ကျွန်ုပ်များစွာလေး စားအားကိုးရသော ကျွန်ုပ်၏ အသက် တမျှရှိသေရသော ဆရာတစ်ဆူ ဖြစ်နေ ခြင်းကြောင့်ပင်တည်း။ ကျွန်ုပ်လိုချင်တာ မှန်သမျှ ဆရာဖေသက် ဖန်တီးပေးခဲ့ ၏။

ကျွန်ုပ် (၁၅) နှစ်သားအရွယ် တတည်းက ဆရာဖေသက်၏ မျက်လှည့် ပွဲအတွင်းသို့ ဝင်ကြည့်ရင်း တပည့်ခံခဲ့ရာ မှ ဆရာ့အနောက်မှ တကောက်ကောက် လိုက်ရသော တပည့်တစ်ယောက် ဖြစ် လာခဲ့၏။ ဆရာဖေသက်သည် ပဋ္ဌလက် ပညာ၌ သူမတူအောင် ပါရမီထူးသည်ဟု ဆိုရပေမည်။ သူတတ်သမျှပညာများ အားလုံးကို ကျွန်ုပ်အား လက်ထပ်သင် ပေးခဲ့၏။ အခြေခံဖြစ်သော လက်လှည့်

မျက်လှည့်များကစပြီး သင်ပေးသည်။ ပုဖောင်းတစ်လုံးကို မှုတ်ပြီး သံချွန်နှ ထိုးပြသည်။ မပေါက်ပဲ သံချွန်သာ ထုတ် ချင်းပေါက်သွားသောပြကွက်၊ တကယ် တော့ ထိုးမည့်နေရာကို (Solo) တိ အကြည်ဖြင့် ကပ်ထားသည်ကို သင် သိခဲ့ရ၏။ လျှာကို သံချွန်ဖြင့် ထိုးပြသည် တကယ်တော့ သံချောင်းကို ကော ထားသည်ကို၊ ဖန်ခွက်ထဲ ကြွေစေ့ထ ပြီး ပျောက်သွားအောင် လက်ကိုင်ပ ဖြင့် အုပ်ပြသည်၊ ပျောက်သွားတော့ တွေ့ အံ့အားသင့်ကုန်၏။ တကယ်တော ကြွေစေ့အရွယ် မှန်ပိုင်းလေးဖြင့် အ အလှယ်လုပ်ထားသည်ကို၊ ပြကွက် တွေကလည်း ထူးခြားသလိုပင်၊ လူ သေတ္တာထဲ ထည့်၊ မီးရှို့ပြ၊ ဓါးဖြင့် ထို ကြိုးတွေ အထပ်ထပ်တုပ်ပြီး ခြေ ခြင်း စသဖြင့် စုံသလို ကမ္ဘာကျော် လှည့်ဆရာကြီး ဒေးဗစ်ကော်ပါဖေး သို့သောပြကွက်များလည်း ရှိခဲ့ဖူးသ ထိုပြကွက်များကိုတော့ ဆရာဖေသ သိပ်မပြရေ။ အဘယ်ကြောင့်ဆိုသေ ဆရာဖေသက် ပြောဖူး၏။

"မျက်လှည့်ဆိုတာ နည်းသိရှိ ဘူးကွ။ ပြပုံပြနည်း၊ ပြကွက်ခင်း အပြောအဆို ဟန်ပန်အားလုံး ပြည်

သ်၊ အနုပညာတစ်ခုပဲပေါ့။ ဒါပေမဲ့ - တွေက လျှို့ဝှက်ချက်ကလေး နည်း သိပြီဆိုတာနဲ့ တတ်ယောင်ကား ချောင်ကြတော့တာပဲ၊ ဒီတော့ ရွှေ ၁ အဖိုးတန်တဲ့ပြကွက်တွေဟာ ပေါ တော့တယ်၊ ဒေးဗစ်ကော်ပါဖေးလ ၁င် သူ့ကို မနှာလိုတဲ့ ကုမ္ပဏီတစ်ခု လျှို့ဝှက်ချက်တွေ ချပြလို့ အခုမပြ ၁ဲ နားလိုက်တာ နှစ်(၂၀) လောက် တော့တ်လား"

ကျွန်ုပ်ကား လွန်စွာမှု တော်သော လှည့်ဆရာဖြစ်ချင်ရကား ဆရာ့ တို့ မြေဝယ်မကျ နားထောင်ခဲ့၏။ လည်း ဆရာဖေသက်ခိုင်းသော န်တိုလုပ်သာလုပ်ရသည်၊ အဘယ် ကြောင်းကြောင့်နည်းဟု ကျွန်ုပ် မသိ ။ ဆရာဖေသက်သည် သူ့ဇနီး သီတာနှင့် အတူမနေ (လင်မယား ) သည် မှ ကြာသည် ဖြစ်၏။ သီတာသည် သူဌေးသမီးဖြစ်ပြီး မာနကြီး၏။ ဆရာဖေသက်နှင့် ကြောင်းပါပြီးသော် သူမက ဆရာ့ကို ည့်မပြစေချင်ပေ၊ သို့သော်ဆရာ က်တ နယ်လှည့်မပြသော်လည်း နှင့် စားသောက်ဆိုင်များ၊ ဘုရား တွင် စတ္တေဘာမ၊ ပီကိုလာတို့နှင့်



အပြိုင်ပြလေရာ လင်မယားချင်း မတည့် ကြတော့ချေ။ ဆရာဖေသက်ကလည်း ပညာမာနအရ အတူတူမအိပ်တော့ဝဲ ယခုကဲ့သို့ ဗဟာန်းတွင် အိမ်ခွဲနေခြင်းပင် တည်း။ အခု ဆရာဖေသက်စိတ်ဆိုးရာမှ ငြိမ်၍နေပြန်၏။ ကျွန်ုပ်သည် အလိုက်သိ စွာပင် ဆရာ့ထံပါး ချဉ်းကပ်မေးလိုက် ၏။

"ဆရာ - ကျွန်တော့်ကို စိတ်ဆိုးနေ တာလား။ ကျွန်တော်တောင်းပန်ပါတယ် ဆရာရယ်။ နောက်တစ်ခေါက် ထပ်ကြိုး စားပါ့မယ်"

"အေးပါကွာ - ရပါတယ်။ မင်းလည်း ပင်ပန်းနေပြီ။ အိပ်တော့ - ငါသား"

ဆရာဖေသက်က သားဟုပင် စိတ် ကောင်းဝင်လျှင် ခေါ်တတ်၏။

"ကျွန်တော် မအိပ်သေးဘူး။ အဲဒီ လူနဲ့ ဆရာနဲ့ ဘယ်လိုကိစ္စတွေ ရှိခဲ့တယ် ဆိုတာ ပြောပြပါလား။ ဒါမှ - ကျွန်တော် လဲ ဝင်ကူရတာ စိတ်ပါတာပေါ့"

ကျွန်ုပ်၏အမေးကို ဆရာဖေသက် က မဖြေသေးပဲ ပြုံး၍ မျက်နှာ ည် သည်၊ ဒါက သူ့စတိုင်၊ အဲဒါ ရှိနေပြီဟု ကျွန်ုပ် သိ ပြီးသော် စ၍ပြောတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွ မောင်နိုင် - သားရဲ့ အခု ခင်းသွားပေးတဲ့လူက ငါ့ရဲ့အစ်ကိုအရင်း အမြွာကွ"

"ရှာ"

"ဟုတ်တယ်။ ဒီ့ထက်အံ့ဩစရာ ကောင်းတာက ငါဟာ မနန်းသီတာရဲ့ ခင်ပွန်းအစစ်လဲ မဟုတ်ဘူးကွ။ အဲဒီ့လူ ဟာမှ နန်းသီတာရဲ့ ခင်ပွန်း။ ဒါကြောင့် ငါ သူနဲ့ ထူထူအေးဆေးတာပဲ။ ဒါပေမဲ့ - မင်းရဲ့ ဆရာအစစ်ပါဘဲ"

"ဟာ - ထူးဆန်းပါလား။ သုန္ဒာမည် တာ"

"သုန္ဒာမည်က လင်းယုန်ကျော်စွာ တဲ့။ လင်းယုန် ဆိုတာ သူ့ရဲ့ဂလောင်း နာမည်ရင်းက ကျော်စွာပေါ့ကွာ။ အေး ငါတို့ဖာတ်လမ်းက လွန်ခဲ့တဲ့ (၁၅)နှစ် ကိုပြန်သွားရမှာပဲ။ အခုငါ့အသက် (၄၅) ဆိုတော့ လွန်ခဲ့တဲ့ ငါ့အသက် (၃၀) ကျော်ပေါ့ကွာ။ အဲဒီ့တုန်းက ငါတို့ ညီအစ်ကိုနှစ်ယောက်က မြိတ်ကျွန်း ဘက်မှာ ငါးလှေထောင်ပြီး လုပ်ကိုင်စား သောက်ကြတယ်ကွ။ မျက်လှည့်ဆရာ လည်း လုပ်ကြတယ်ကွာ"

66 အံ့ဩဖွယ်သော လက်လှည့် မျက်လှည့်များထဲတွင် သင်ပေးသည်။ ပုလောင်းတစ်လုံးကို မှုတ်ပြီး သံစုံနှင့် ထိုးပြသည်။ ပေါက်တဲ့ သံစုံသော ထုတ်ချင်းပေါက်သွားသောပြွတ်။ တကယ်တော့ ထိုးမှုတ်နေရာကို (Solo) တီးတဲ့ အကြည့်ဖြင့် ကပ်ထားသည်ကို သင်မှ သိခဲ့ရ၏။ ပျော်ကို သံစုံဖြင့် ထိုးပြသည်။ တကယ်တော့ သံချောင်းကို တောက်ထားသည်ကို၊ ဝန်ခွက်ထဲ မြှုပ်ပြီး ထည့်ပြီး ပျောက်သွားအောင် လက်ကိုင်ပဝါဖြင့် အုပ်ပြသည်။ ပျောက်သွားတော့ လူတွေ အံ့အားသင့်ကုန်၏။





ညက ရှည်သလို ဖာတ်လမ်းက လည်း ရှည်ပြီတည်း။

၁၈၉

မြိတ်မြို့တွင် ကိုဖေသက်နှင့် ကိုကျော်စွာဆိုသော ငါးလှေလုပ်ငန်းပိုင် ရှင် အမြွာညီအစ်ကို နှစ်ဦး ရှိကြ၏။ ငါးဖမ်းစက်လှေလုပ်ငန်းကို မိဘများ အဆက်ဆက် လုပ်ကိုင်ခဲ့သည်မို့ ၎င်းတို့ ညီအစ်ကိုလက်ထက်တွင် ဆက်လုပ်နေ ကြရသော်လည်း သူတို့၏သဘာဝမှာ ပျော်ပိုက်စွမ်းစားလိုစိတ်တွေနှင့်ဖြစ် သည်။ ထူးခြားဆန်းကြယ်သော ပညာ ရပ်များတွင် လေ့လာအားကောင်းပြီး အရွယ်ရောက်ကြသော် ပဉ္စလက်ပညာ ကို လေ့လာတတ်မြောက်ကြ၏။ သည် ကြောင့်ပင် မျက်လှည့်ဆရာတွေတစ် လဲ အသက်မွေးမှု ပြုကြလေသည်။ ကျော်စွာက အကြီးဖြစ်ပြီး ဂျစ်ကန်ကန် လုပ်ချင်ရာ လုပ်သည်။ ဖေသက်က ငယ်ဖြစ်သော်လည်း သွေးအေးအေး တွေးခေါ်ကာ ညဏ်ထက်မြက်လှ ၏။

တစ်နေ့ ၎င်းတို့ပိုင် စက်လှေတစ် စင်းငါးဖမ်းထွက်ရာမှ သေတ္တာငယ်တစ် လုံး ပင်လယ်ထဲမှ ရလာ၏။ လှေလုပ် သားများ လာအပ်သော် သေတ္တာကို ဖွင့် ကြ၏။ ထိုအခါပုံပြင်ထဲကလို ရတနာတွေ ပါမလာပဲ အင်္ဂလိပ်ဘာသာဖြင့် ရေးသား ထားသော ကျမ်းစာအုပ်ထူထူကြီးများ ဖြစ်နေလေ၏။ ဖေသက်နှင့်ကျော်စွာတို့ သည် ထိုစာအုပ်များကို ဘာသာပြန်ဖတ် ကြည့်ရာ ထူးဆန်းစွာပင် ပဉ္စလက်ပညာ များ၏ လျှို့ဝှက်ချက်များ၊ ပြကွက်များကို ရေးဖော်ညွှန်းထားသော ကျမ်းများ ဖြစ် နေသည်ကို တွေ့ရတော့သည်။ ထိုအခါ တွင် ကျော်စွာက သူ့ညီဖေသက်အား -

"ကဲ - ညီလေး - မင်းနဲ့ ငါ ပွင့်ပွင့် လင်းလင်း ဆွေးနွေးကြမှဖြစ်တော့မယ်။ မင်းလဲ ပဉ္စလက်ပညာရှင်၊ ငါလည်း ပညာရှင် ငွတစ်ငွထဲ ခြံသဲ့နစ်ကောင် မအောင်းနိုင်ဘူး"

ဟု ပြောရာ ဖေသက်က သဘော ကျစွာ ပြုံးလိုက်သည်။

"ဘာလဲ - အစ်ကိုကြီး - မင်းကဒီစာ အုပ်တွေ ခွဲဝေချင်တာလား"

"မဟုတ်ဘူး - မခွဲချင်ဘူး - အကုန် လိုချင်တာ"

"ဘာ - ဘယ်လို"

ကျော်စွာ၏စကားကြောင့် ဖေသက် ကြောင်ငေးသွား၏။

www.burmeseclassic.com



ဖေသက်၏စကားကြောင့် လူဆိုးနှစ်ဦးသည်ဇင်းအားဝိုင်း၍ရိုက်နက်ကြတုန်၏။ သတိမေ့လောက်အောင် ရိုက်ပြီးသောအခါ ဖေသက်လည်း ခပ်မြော့မြော့သာ ကျန်တော့သည်။ လှုပ်ပင်မလှုပ်နိုင်ပါတော့ချေ။ သတိကတော့ ရှိနေသေး၏။

"တော့တောင် - ဒီလူသေပြီလား မသိဘူး။ ဘယ်လိုလုပ်ကြမလဲ"

"တာ - ဘယ်လိုလုပ်ရမတုံး။ လက်လွန်သွားတယ်ထင်တယ်၊ရဲတွေလာရင် ငါတို့ ကွိသွားမယ်၊ သူ့ကို ဂုန်နီအိတ်ထဲထည့်ပြီး ပင်လယ်ထဲ ပစ်ချလိုက်ကွာ"

"ဖြစ်ပါ့မလား၊ ဆရာကျော်စွာ သဘောတူပါ့မလား"

လူမိုက်နှစ်ယောက်သည် ဝေခွဲမရသဖြင့် ကျော်စွာထံ ဖုန်းဆက်မေး၏။ ကျော်စွာက ဖေသက် သေပြီဟု ကြားသောအခါ -

"မထူးဘူးကွာ - ရဲတွေလာရင် ငါပါအမှုပတ်မယ်၊ ပင်လယ်ထဲသာ ပစ်ချလိုက်၊ ငါလဲ ဒီမြို့ကနေ ထွက်သွားတော့မယ်"

ဟု အမိန့်ပေးလေရာ လူမိုက်တို့သည် ဖေသက်ကို ဂုန်နီအိတ်ထဲထည့်ကာ ကားဖြင့် သယ်ဆောင်ပြီး ပင်လယ်ဝသို့ လှေဖြင့် ထပ်ယူသွားသည်။ လူ[...] ကင်းသောနေရာအရောက်တွင် ဂုန်[...] အိတ်အထုပ်ကို ရေထဲ ပစ်ချလိုက်[...] ၏။

"ဗွမ်း ..."

"သွားပြီ၊ သေပြီ။ ငါးမန်းစာပဲ[...]"

လူမိုက်များ ထွက်သွားကြကုန်[...] ဤနေရာတွင် ဇင်းတို့ မသိသေး[...] အချက်တစ်ချက်ကား ဖေသက်သ[...] ပဋ္ဌလက်ပညာရပ်၌ကြီးမြေခြင်း၊အ[...] အနှောင်မှလွတ်အောင်စွမ်းနိုင်ခြင်း[...] ပညာရှင်အဆင့် ဖြစ်နေသည်ကို[...] တည်း။ ဖေသက်သည် ပင်လယ်ရေ[...] ကျသွားသည်နှင့် သတိရှိသည့်အတိုင်[...] ဂုန်နီအိတ်ထဲမှ မိမိကိုယ်ကို လွ[...] မြောက်အောင် ပညာဖြင့် ပြသည်။ [...] လှည့်ပြကွက်များထဲကလိုကိစ္စမို့ အ[...] မကြီးပါချေ။ ပြီးသော် ရေပေါ်ကူးပြီး နီ[...] သမ္ဗန်တစ်စီးဆီ သွားပြီး အသက်ရှ[...] လျက် ရှိတော့၏။

နောက်တစ်နေ့၌ကား ရဲစခန်းတွ[...] မိမိအား လုပ်ကြံသူများကို တိုင်ချက်[...] လေရာ ရဲများသည် ကျော်စွာထံ[...] ဖမ်းဝရမ်းထုတ်ပြီးဖမ်းရန် သွားကြသည်[...] ကျော်စွာသည် တစ်ဆင့်စကားဖြ[...] ဖေသက် မသေဟု သိရသောအခါ [...] စွာ ပေါက်ကွဲဒေါသဖြစ်ပြီး -



"တောက် - တော်တော်အသက်[...] ကြီးတဲ့ကောင်၊ ငါလည်း ဒီမြို့ကနေ ပြေး[...] မယ်၊ ခင်းလည်း အသက်မသေပေမယ့် [...] သေတာထက်ဆိုးအောင် ငါလုပ်ပြမယ်"

ဟု ကြုံးဝါးပြီး မြိတ်မြို့မှ လေယာဉ်[...] ဖြင့် ထွက်မည်ပြုသည်၊ သို့သော် [...] ဖမ်းဝရမ်းထုတ်ထားသဖြင့် လေယာဉ်စီး[...] ရသဲ ကားတစ်စီးဖြင့်သာ ရန်ကုန်[...] သို့ထွက်ခဲ့တော့၏။ ကျော်စွာသည် [...] အား အစ်ကိုဖြစ်သူက ရန်ငြိုးထား[...] ခြင်းကို လွန်စွာမှ အံ့အားသင့်မိတော့[...] သည်။ ကျော်စွာဆို နာမည်ကြီးချင်ခြင်း၊ [...] စိမ်များ ပွားများလိုခြင်း လောဘတို့[...] ကြောင့် ရှေ့ဆက်အမှားများ ပြုလုပ်ပေ[...] တော့မည်။

(၃)နှစ်အကြာတွင် ထိုကိစ္စ မေ့မေ့[...] ပျောက်ပျောက်ဖြစ်ပြီး မြိတ်မြို့တွင် [...] အသက်တစ်ယောက်တည်း စီးပွားရေး[...] အလုပ်များနေရ၏။ တစ်နေ့ ရန်ကုန်[...] ဒိတ်ဆွေတစ်ဦးလာရာ စကားစမြည် [...] ပြောကြရင်း သူ့အစ်ကို၏သတင်းကို [...] ကြားရလေသည်။

"ဆရာဖေသက် - ရန်ကုန်မှာ [...] လက်ဖေသက် ဆိုပြီး ဆရာနဲ့ ရုပ်ချင်း [...] တူတဲ့ မျက်လှည့်ဆရာတစ်ယောက် [...] နာမည်ကြီးနေတယ်၊ မျက်လှည့်တစ်ပွဲလုပ်ရင် လူတွေ အုန်းအုန်းထအဲဖျူး အဲဒီဆရာ့ညီအစ်ကိုလား"

"ဗျာ - အင် - ဟုတ်ပါတယ်။ ဗျွန်တော့်နာမည်နဲ့လား"

"ဟုတ်တယ် - ထူးဆန်းတယ်ဗျ"

ဖေသက်လွန်စွာမှုလန့်သွားသည်။ ကေန္တ - မိမိနာမည်ကို အလွဲသုံးစားလုပ်ပြီး မကောင်းမှုတစ်ခုခု ပြုတော့မည်တန်ရာ၏၊ ဖေသက်သည် ထိုသတင်းကို ကြားကြားချင်း ကျော်စွာကို စုံစမ်းရန် ရန်ကုန်သို့ ထွက်လာခဲ့လေတော့၏။

ရန်ကုန်သို့ ရောက်သော သူထင်သလိုပင် ကျော်စွာအား မျက်လှည့်ပွဲကြီးများ၌ ပဋ္ဌလက်ဖေသက်ဟု တွေ့ရသည်။ ကျော်စွာကား ဖေသက်အစစ် လိုက်လာသည်ကို သတိထားမိဟန်မတူချေ။ ဖေသက်သည် ကျော်စွာကို နောက်ယောင်ခံ သတင်းစုံစမ်းရာ ရှမ်းတရုတ် သူဌေးသမီးလေး နန်းသီတာနှင့် အိမ်ထောင်ကျနေသည်ဟု သိလိုက်၏။ ထို့ပြင် အပျော်တန်း ပြည့်တန်ဆာခန်းများ၊ မာဆတ်များနှင့် မကောင်းသော လောင်းကစားရုံများကို ဖေသက် ဟု သော နာမည်ဖြင့် လုပ်ကိုင်နေသည်ကို တွေ့ရသဖြင့် စိတ်ဓာတ်ကျသွားရလေ၏။ ဥပဒေနှင့်မလွတ်ကင်းသောအလုပ်

www.burmeseclassic.com

www.burmeseclassic.com



တူသမျှကို မိမိနာမည်ဖြင့် လုပ်ကိုင်နေခြင်းသည် အမှန်တကယ် အဖမ်းခံရမည်ဆိုပါက ဖေသက်အစစ်ဖြစ်သော မိမိကိုသာ လက်ညှိုးထိုးရန် ကြံစည်ထားပုံရ၏။ ထို့ကြောင့် ဤကိစ္စ အပြတ်ရှင်းရန် ဖုန်းထဲသို့ စာတစ်စောင် ပို့လိုက်သည်။

သို့ -

ကျော်စွာ

ဒါလိုက်လာပြီ မင်းငါနဲ့လာတွေ့ပါ။ ငါ့နာမည်နဲ့လုပ်နေတာတွေ ရပ်ဖို့ ငါအဖေအလုပ်ဖယ်၊ မင်းလိုချင်တဲ့ ကျမ်းစာတွေ ငါ့ဆီမှာ လာယူပါ၊ မနက်ဖြန် သန်လျင်၊ အောင်ချမ်းသာဘက်မှာ ငါစောင့်နေမယ်၊ မင်းရဲ့ညီ...။ ဖုန်းနံပါတ်

××× ××× ×××

"ဖေသက်"

ထိုစာကို ကျော်စွာရတော့ တဟားဟားရယ်သည်။

"ဟား - ဟား - ဟား - ဒီလိုပဲဖြစ်ရမယ်လေ၊ မင်းတစ်သက်လုံး ငါ့ကိုပဲ ကြောက်နေမှာပါ၊ ငါက မင်းအစ်ကိုလေ ဖေသက်ရဲ့ - ဟား - ဟား - ဟား"

သို့နှင့်ပင် ကျော်စွာသည် စာထဲမှ ဖုန်းနံပါတ်ကို ဆက်သွယ်ပြီး ချိန်းထားသော ညတွင် ဖေသက်နှင့် တွေ့ရန် သန်လျင်သို့ ထွက်ခဲ့လေတော့၏။

ဆရာဖေသက်သည် သူ၏ ဇာတ်လမ်းကိုရှည်လျားစွာပြောပြီးအာခြောက်လာသဖြင့် ရေထသောက်သည်။ ကျွန်ုပ်ကကောင်းခန်းရောက်မှနားလိုက်သဖြင့် စိတ်မရှည်ပဲ မေးမိသည်။

"သန်လျင်မှာ ချိန်းပြီး ဘာဆက်ဖြစ်သလဲ - ဆရာဖေသက်၊ ကျမ်းစာအုပ်တွေ ပေးလိုက်သေးလား"

ကျွန်ုပ်၏အမေးကို ဆရာဖေသက်က ပြုံး၍ -

"မပေးပါဘူးကွာ - ငါ နှစ်လများစွာ တန်ဖိုးထားခဲ့တဲ့အရာတွေကို ငါ့အသက်နဲ့ လဲပြီး ကာကွယ်မှာပါ၊ သန်လျင်ကိုရောက်တော့ ရဲကို အကြောင်းကြားပြီး အရင်က အမှုတွေရယ်၊ အခုလုပ်နေတဲ့ တရားမဝင်လုပ်ငန်းတချို့ရယ်ကို ငါတမျက်မြင်သက်သေအနေနဲ့ တိုင်ချက်ဖွင့်ပြီး ဖမ်းဝရမ်းနဲ့ အမှုဖွင့်လိုက်တာပေါ့။ ကျော်စွာလည်းလာရော ရဲက သူ့ကိုဖမ်းတယ်လေ၊ ဒီလိုနဲ့ သူ့အမှုမှာ နာမည်အလွဲသုံးစားမှု၊ လုပ်ကြံမှု၊ တရားမဝင်ပြည့်တန်ဆာကုန်ကူးမှု အစုံပဲ၊ ထောင်(၈)နှစ် ကျသွားတယ်၊ ဒါပေမဲ့ - သူထောင်ကျတော့ ငါ့ကို တွေ့ချင်လို့ ခေါ်ခိုင်းတယ်ကွ၊ ငါလဲ အစ်ကို ဆိုတဲ့ သံယောဇဉ်ရှိနေတော့ တွေ့လိုက်တယ်၊ သူ ထောင်ကျတာကို သူ့ဇနီး နန်းသီတာကိုမသိစေချင်ဘူးတဲ့၊ ဒီတော့ ငါလဲ မသိစေရပါဘူးလို့ ကတိပြုပြီး ဒီအတိုင်း နေခဲ့တယ်၊ ဒါပေမဲ့ - တစ်နေ့ကျတော့ သူ့မိန်းမ နန်းသီတာက ငါ့ကို တွေ့သွားပြီး သူ့ယောကျ်ား ဖေသက် အတုထင်နေတယ်လေ၊ ငါ့မှာငြင်းလို့လဲ မရဘူး၊ ငါက တကယ့်ဖေသက်ကိုကွ၊ ဟား - ဟား - ဟား၊ ရှင်းပြလို့လဲမရတော့ ငါ လက်ခံပြီး အသာနေလိုက်တယ်၊ ဒါပေမဲ့ - သူ မျှားသားမယားကို ငါ စောက်ပြားပါဘူး၊ နယ်လှည့်ပြီး မျက်လှည့်ပြနေခဲ့တယ်၊ နောက်တော့ မင်းရောက်လာပြီး မင်းက ငါ့တပည့်ဖြစ်လာတယ်"

ဟု၍ ရှင်းပြရာ ကျွန်ုပ်မှာ သက်ပြင်းချမိသည်။

"အခု - သူက ထောင်က လွတ်လာတာပေါ့၊ ဟုတ်လား - ဆရာဖေသက်"

"အေးလေ - (၆)နှစ်ရှိပြီ လွတ်လာတာ၊ လွတ်လာကတည်းက ငါ့ကို လိုက်ပြီး လက်စားချေဖို့ လုပ်နေတော့တာပဲ တော့၊ ငါ လုပ်ကြံခံရတာ (၁၈)ခါရှိပြီ၊ ငါ့အစားစာထဲမှာ အဆိပ်ခတ်တယ်၊ ဆိုင်းကို သွားတုန်းက ဖသေနတ်နဲ့ ပစ်ပြီး လုပ်ကြံတယ်၊ ငါလဲကံကောင်းလို့မသေတာပဲပေါ့၊ အခုတော့ ငါလဲ ရှောင်နေရတာထက် သူ့ကိုပါ ရှာသတ်မယ်လို့ ဆုံးဖြတ်လိုက်တော့တယ်၊ ဒီလိုလူကိုတရားချလို့လဲရမှာမဟုတ်ဘူး၊ သူဦး သူသတ်ကိုယ့်ဦး ကိုယ်သတ်မယ်ဆိုပြီး ငါလည်း လူမိုက်ဆန်ဆန် ဆုံးဖြတ်လိုက်တာ၊ နို့မဟုတ်ရင် - ငါသေသွားမယ်လေ"

ဆရာဖေသက်ပြောစကားများကို ကျွန်ုပ်အနေဖြင့် လက်ခံမိတော့သည်။ ခွေးရူးနှင့် ခွေးကောင်းကိုက်လျှင် ခွေးကောင်းက နာသည်ဆိုသောစကားလို ပင် ဖက်၍ရန်ဖြစ်နေရခြင်းထက် တစ်ခါတည်း လက်စတုံးခြင်းက ငြိမ်းချမ်းစေသည်ဟု ကျွန်ုပ်လည်း ဖွတွေးမိသည်။

"ဒါနဲ့ - ဆရာဖေသက် - မျက်လှည့်ကျမ်းစာတွေကို ဘယ်မှာသိမ်းထားလဲ"

"မြိတ်က ငါ့ရဲ့စိတ်ချရတဲ့ မိတ်ဆွေတစ်ယောက်ဆီမှာ အဲဒီ့သေတ္တာကိုအပ်ထားတယ်၊ အနားမှာထားရင် စိတ်မချလို့လေ၊ ကျော်စွာကို ကိစ္စတုံးပြီးတာနဲ့ စာအုပ်တွေ ပြန်ယူထားမှာပါ"

"သူ့ကို ဘယ်လိုကိစ္စတုံးမလဲ - လွယ်ပါ့မလား"

"လွယ်ပါတယ်၊ သူ့မိန်းမကိုတော့ သူ အတော်ချစ်တယ်၊ ဒါနဲ့ပဲ မျှားခေါ်ရ



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့၊ ဒီကောင် ဒီတစ်ခေါက် ဖုန်းဆက်ရင် ငါ စီစဉ်လိုက်မယ်"

ကျွန်ုပ်တို့ ဆရာတပည့်သည် ရှည်လျားစွာ စကားပြောပြီး နောက်(၄)နာရီ ကျော်ကျော်တွင် အိပ်ရာဝင်ခဲ့ကြတော့၏။ နောက်တစ်နေ့ နံနက်(၁၀)နာရီမှ နိုးလေ၏။ ဆရာဖေသက်သည် သူ၏ အကြံအစည်ကို အကောင်အထည်ဖော်ရန် နန်းသီတာထံသို့ ပြန်သွားသည်။ နန်းသီတာက ဆရာဖေသက်အားတွေ့သည်နှင့် ရန်စောင်လေသည်။

"ရှင် လာဖော်ရသေးတယ်နော်၊ ကိုယ့်မိန်းမကို နှစ်လများစွာ ပစ်ပယ်ပြီး နေထက်တဲ့ယောကျ်ားကို ကျွန်မက အယ်လိုစိတ်နဲ့ ခေါ်ရလဲ။ ဒီအသက်အရွယ်ရောက်မှ နောက်လင်လဲ ယူလို့ ရသေးရှင့် - သိရဲ့လား"

ဆရာဖေသက်က မနန်းသီတာအား ချော့မော့ပြောပြီး ပြေလည်အောင် ညှိနေသည်။ အဆင်ပြေသွားသောအခါ မနန်းသီတာ သွားချင်သည့် Shopping Mall များ လိုက်ပို့ခြင်း၊ ဘုရားဖူးပို့ခြင်း စသည်များဖြင့် ချော့မြူ့ထားသည်။ တစ်နေ့ ကျော်စွာထံမှ ဖုန်းဝင်လာ၏။

"ဖေသက်လား - ငါ ကျော်စွာပါ၊ မင်း ငါ့မိန်းမနဲ့ အတူမနေပါနဲ့၊ ငါ စိတ်မရှည်ဘူးနော်၊ မင်းတို့နှစ်ယောက်လုံးကို ငါ သတ်မိမယ်"

"ဟား - ဟား - ဟား - သတ်ချင် လာသတ်လေ - ကျော်စွာရဲ့၊ ငါကလည်း မင်းနဲ့ ယှဉ်ပြိုင်ချင်နေတာ၊ ငါတို့ဖက်လမ်းက ကြာနေပြီ၊ မနက်ဖြန်ည (၁၀) နာရီ ငါ မင်းမိန်းမနဲ့ အိမ်မှာ ရှိနေမယ် လာခဲ့၊ ငါနဲ့ စာရင်းရှင်းမယ်၊ သူ့သေကိုယ်သေပေါ့ကွာ"

ထိုသို့ ဖုန်းပြောပြီးသည်နှင့် ဆရာဖေသက်သည် ကျွန်ုပ်အား စေခိုင်းတော့၏။

"မနက်ဖြန်ညကျရင် နန်းသီတာကို ဟိုကောင် လာခေါ်မယ်၊ နန်းသီတာကို အခန်းထဲမှာ ကြိုးတုပ်ထားလိုက်"

သို့နှင့်ပင် ကျွန်ုပ်လည်း ဆရာခိုင်းသမျှ ပြုရတော့၏။ ဆရာဖေသက်၏ အကြံအစည်လျှို့ဝှက်ချက်များကို ကျွန်ုပ် မသိပါချေ။ သို့သော် သူ့ကို ယုံကြည်ရ တစ်ယောက်မို့ရဲရဲပင်လုပ်ဆောင်သည်။ ထိုညမတိုင်မီ နံနက်ခင်းပိုင်းက ဖုန်းတစ်ခု ဝင်လာ၏။ ကျွန်ုပ်ထံသို့ စီအိုင်ဒီ စုံထောက်အဖွဲ့ကပါဟု ပြောသည်။ ဆရာဖေသက်၏ လိပ်စာနှင့် ဖုန်းကို တောင်းယူသည်။ ကျွန်ုပ်အထင် ဆရာဖေသက်၏ အကူအညီ တောင်းထားသဖြင့်



...တော်အဖွဲ့နှင့် ရဲများ လာမည်ဟု ခန့်...ထိလေ၏။

သို့နှင့်ပင် ညသို့ ရောက်ခဲ့ချေပြီ၊ နန်းသီတာအား ပါးစပ်အဝတ်စည်းပြီး အိပ်ခန်းထဲတွင် ကြိုးတုပ်ထားလိုက်သည်။ ဆရာဖေသက်သည် ည(၉)နာရီ ...ဖွင့်ရုတ်တရက် ဓာတ်ဆီပုံးတစ်ဂါလံ ...ယ်လာ၏။

ကျွန်ုပ် အံ့အားသင့်သွား၏။

"ဆရာ - ဓာတ်ဆီက ဘာလုပ်ဖို့လဲ ...လို့လား"

"ဒါလျှို့ဝှက်ချက်ပါကွ၊ မျက်လှည့်ပြ...တ်လိုပဲလေ၊ သူ့မိန်းမကို ဓာတ်ဆီ...ာင်းပြီး မီးရှို့ပြမယ်၊ တကယ် မသေ..."

"ဟာ - ဖြစ် - ဖြစ်ပါ့မလား - ဆရာ..."

ကျွန်ုပ်မှာ အနည်းငယ်တော့ လန့်...သည်။ မျက်လှည့်ပြကွက်ဆိုသည် ...မသိအောင် ကြိုတင်ကြံစည်ထား...လျှို့ဝှက်ပြကွက်ရှိ၏။ အစုဟာက ...ယ်လောင်းပြီး မီးရှို့မှာ၊ ည(၁၀) ...ိုးသောအခါ ခြံထဲသို့ ကျော်စွာ ဝင်...သည်ဟု ဆရာဖေသက်က မျှော်ရင်း ...တာမှ စောင့်နေ၏။ ထိုနေ့မတိုင်မီ အိမ်ရှိ အိမ်ဖော်များကို နယ်သို့ပြန်လွှတ်ထားခဲ့သဖြင့် ခြံထဲတွင် ဒရမ်ဝမ်မှလွဲ၍ အိမ်ထဲတွင် လူမရှိပါချေ။ ည(၁၀)နာရီခွဲ ခါနီးတွင် ရဲကားတစ်စီး ခြံထဲ ဝင်လာ၏။ ရဲများ ဆင်းလာပြီး အိမ်ထဲ ဝင်လာသော အခါ ဆရာဖေသက်သည် ကျွန်ုပ်အား -

"ရဲတွေကို မင်းခေါ်ထားတာလား မောင်နိုင်"

"မ - မခေါ်ထားပါဘူး၊ ဆရာခေါ်ထားတယ်မှတ်လို့ လိပ်စာပဲ ပေးထားမိတာပါ"

"ဟာ - တောက် - ခွေးသားရာ - ဒုက္ခပဲ"

ရဲများနှင့် စုံထောက်တစ်ဦးသည် အိမ်ပေါ်ထပ် တက်လာရာ ကျွန်ုပ်က တပည့်ပီပီ ရှေ့မှ ဆီးကြိုရင်း ကာကွယ်ရသည်။

"ကျွန်တော်တို့က စီအိုင်ဒီကပါ၊ ဒီက ကိုဖေသက်နဲ့ တွေ့ချင်လို့ပါ"

"ဘာကိစ္စများရှိလို့လဲ ခင်ဗျ၊ ဆရာ ပင်ပန်းလို့ အခန်းထဲမှာ မိန်းမနဲ့ အိပ်နေပါတယ်"

ကျွန်ုပ်၏စကားကို စုံထောက်က ပြုံး၍ ပခုံးဖက်သည်၊ ပြီးတော့ လေသံ တိုးတိုးဖြင့် -

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘယ်သူဆိုတာ ကျုပ်တို့ သိတယ်၊ ခင်ဗျားတို့လုပ်နေတာတွေလဲ သိတယ်၊

"ကျုပ်က စုံထောက်မောင်မောင် လွင်ပါ၊ ဒီကိစ္စမှာ ခင်ဗျား ဘာမှသိပ်မသိ သေးဘူး - ကိုမောင်နိုင်"

ဟု ပြောရာ ကျွန်ုပ်လည်း အံ့အား သင့်သွားသည်။

"ကို - ကိုမောင်မောင်လွင် - ဘာကို ဆိုလိုတာလဲ"

"ဒီလိုဗျ - ခင်ဗျားဆရာဖေသက်က ကျုပ်တို့ စီအိုင်ဒီက အလိုရှိနေတဲ့ စိတ္တဇ ရောဂါသည်ပဲ၊ ယဉ်ယဉ်လေး ရှာနေတာ၊ သူ့ရှာနေတဲ့ ကျော်စွာဆိုတာလဲ မရှိ ဘူး၊ ကျုပ်တို့သူ့ကိုစုံစမ်းနေတာ (၅) နှစ် ရှိပြီ၊ ခင်ဗျား မယုံရင် တံခါးဖွင့်နိုင်းလိုက် ပါ၊ မဟုတ်ရင် ခင်ဗျားကိုပါ ကြံရာပါဆို ပြီး ကျုပ်တို့ ဖမ်းရလိမ့်မယ် - ကိုနိုင်"

ကျွန်ုပ် လန့်သွား၏၊ ဆရာဖေသက် က စိတ္တဇဝေဒနာသည် ဆိုပါလား၊ ကျွန်ုပ် သည် ယုံတစ်ဝက်၊ မယုံတစ်ဝက်ဖြင့် ဆရာဖေသက်ကို တံခါးခေါက်လိုက် သည်၊ ထိုအခါ အထဲမှ အသံတစ်သံ ထွက်လာ၏၊

"ဟော့ကောင် - မောင်နိုင် - မင်းက ငါ့ကို ရဲနဲ့ပေါင်းပြီး ဖမ်းဖို့လာတာပေါ့ လေ၊ ငါ ရှောင်းနားထောင်နေတာ မင်းလဲ သေရမယ်"

ထိုသို့ ပြောပြီးသည်နှင့် တံခါးဖွင့် လိုက်သည်တွင် -

"ဝုန်း"

"အား"

အခန်းထဲမှ မီးခိုးလုံးများ၊ မီးလျှံ ထွက်လာချေ၏၊ ရဲများ ယောက်ယ ခတ်ကုန်ကြ၏၊ ဆရာဖေသက်သည် တစ်ခန်းလုံး ကို ဓာတ်ဆီလောင်းပြီ မီးရှို့ချေပြီတည်း၊ ကိုမောင်မောင်လွင် မီးလောင်နေသည့်အခန်းထဲသို့ သေနတ် ဖြင့် ချိန်ပြီး အော်ပြော၏၊

"ကိုဖေသက် - ခင်ဗျားလုပ်ရပ် ကို ရပ်လိုက်ပါတော့၊ ကျုပ်တို့က မြို့ မှမဟုတ်ဘူးနော်၊ အခုထွက်ခဲ့ပါ"

မိနစ်ပိုင်းအတွင်း ရပ်ကွက်ထဲ မီးသတ်ကားများ ရောက်လာ၏၊ ရဲ ခေါ်လိုက်သည်ကိုး၊

အတန်အကြာတွင် ဆရာဖေသ သည် နန်းသီတာကို ပွေ့၍ အခန်း လျှောက်လှမ်းထွက်လာ၏၊ သူ့ ပြင်ကို မီးတွေ လောင်နေသည် နန်းသီတာကို မီးအနည်းငယ်သာ သူမကား သတိလစ်မေ့မြောနေ

"ဟား - ဟား - ဟား - ခင်ဗျားတို့က ကျုပ်ကို ဖေသက်လို့ ထင်နေတာကိုး၊ ကျုပ်က ကျော်စွာဗျ - ဟား - ဟား - ဟား"

"တော်စမ်း - ခင်ဗျားဇာတ်လမ်း တွေကို ရပ်လိုက်၊ အခု အဖမ်းခံပါ"

စုံထောက် က ပြောရာ ဆရာ ဖေသက်သည် မီးညွန့်များကြားထဲ ဝင် တိုးရန်ပြု၏၊ ထိုအခါ ရဲများက ဝိုင်း၍ အဝတ်ဖြင့်လုံးပြီးဖမ်းဆီးလိုက်ကြတော့ သည်၊ မီးသတ်ရဲဘော်များလာပြီးမီးများ ငြိမ်းတော့ မနန်းသီတာကိုလည်း ဆေးရုံ သို့ ပို့ရလေသည်၊ ကျွန်ုပ်မှာ အဖြစ် အပျက်များကို လွန်စွာမှအံ့အားသင့်ပြီး ဘာတစ်ခုမှ နားမလည်နိုင်အောင် ရှိတော့၏၊

"ကျုပ် ဘာမှုကို မသိတော့ဘူးဗျာ၊ ဘာတွေ လျှို့ဝှက်ထားတာလဲ - ဆရာ ဖေသက်ရယ်"

၁၀၉

အထက်ပါကိစ္စများပြီးနောက်တွင် ရဲခန်းမှ ကျွန်ုပ်အား ခေါ်၍ရှင်းပြလေ၏၊ စီအိုင်ဒီမှ ကိုမောင်မောင်လွင်က -

"ခင်ဗျား တကယ်ပဲ မသိတာလား ကိုမောင်နိုင်၊ ခင်ဗျားဆရာအကြောင်း ကို၊ ကျုပ်ဖြင့် အံ့သြတယ်ဗျာ၊ ဒီလောက် နှစ်တွေ အကြာကြီးနေလာပြီးမှ မသိရ လေလို့၊ တကယ်တော့ - ခင်ဗျားဆရာ က စိတ်နှစ်ခွဖြစ်နေတာဗျ၊ သူ ပြောပြော နေတဲ့ ကျော်စွာဆိုတာလဲ မရှိဘူး၊ သူ ပြောသမျှဇာတ်လမ်းဟာလည်း တစ်ခုမှ မမှန်ဘူး၊ သူက စိတ်ဝေဒနာသည်ပါ၊ သူ့ကိုယ်သူ ကျော်စွာဖြစ်လိုက်၊ ဖေသက် ဖြစ်လိုက်နဲ့ လုပ်ချင်ရာ လုပ်နေတာပဲ၊ လွန်ခဲ့တဲ့ (၁၅) နှစ်လောက်က သူတို့ အရှေ့ထောင်မှာ ကုခဲ့ကြတယ်၊ သူက မျက်လှည့်ပညာတတ်တော့ ရအောင် ထွက်ပြေးတယ်၊ နည်းမျိုးစုံနဲ့ပေါ့၊ သူ့ ကိုယ်သူလည်း မသိဘူးဗျ၊ ပညာတ အရမ်းတော်တော့ ရောက်ရာအရပ်မှာ ဆရာကြီးဖြစ်နေတာပဲ၊ သူ့အကြောင်း ကို သူ့ဇနီးပဲ သိတယ်၊ ခင်ဗျားက မသိ ဘူးလေ၊ ပြီးတော့ - သူ့စိတ်ထဲမှာ သူ့ ကိုယ်သူ ကျော်စွာလို့ ထင်လာရင် ကျော်စွာအဖြစ်နဲ့ လုပ်ချင်တာတွေ လျှောက်လုပ်တော့တာပဲ၊ လူတွေဘာ တွေ သတ်လာတဲ့အထိပေါ့"

"ဗျာ - အဲလောက်တောင်လား"

"ဟုတ်တယ်၊ ဟိုမိန်းမသော့ညတာ ခင်ဗျား သွားဖမ်းတဲ့ ကျော်စွာ ဆိုတာလဲ သူပဲ၊ ခင်ဗျားနဲ့ သတ်ပုတ်ပြီး သူတအရှင်



www.burmeseclassic.com

www.burmeseclassic.com



...ိမ်ဖြန်တာ။ စိတ်က မူမမှန်ဘူး။ သူဘာ ...ချင်တယ်ဆိုတာ ဘယ်သူမှမသိဘူး။ ...သ်လယ်တာ စိတ်ရူးပေါက်ပြီး မဟုတ်တဲ့ ...ထေးတွေ အလွန်အကျွံ သုံးစွဲခဲ့ပုံရပါ ...ယ်။ အခုတော့ သူ့ကို တရားရုံးမှာ ဆုံး ...တ်ရတော့မယ် – တိုနိုင်ရေ၊ ခင်ဗျားကို ...တော့ ချက်ခြင်းသတ်ဒေသဲ ထားဖို့မယ်။ ...ဲလဲ တတယ်ဆို သူ့အကြောင်း ...နေ့ည်းနံ့စမ်းရတယ်၊ တိုင် ...န်တဲ့လူတွေ ရှိလာတော့လဲ ဖမ်းရ ...တော့တာဲ၊ အခုပဲကြည့်လေ – မနန်း ...သိတာတောင် ကံကောင်းလို့ မသေ ...တယ်"

ကျွန်ုပ်သည် စုံထောက် ကိုမောင် ...မောင်လွင်၏စကားကို နားထောင်ပြီး ...ခင်းထဲတွင် တာတာတာကြီး ဖြစ်သွားရ၏။ ငါ တော်တော်ညံ့ပါလားဟုလည်း ကိုယ့်ကိုယ်ကိုယ် သုံးသပ်မိသည်၊ လူသည် ဖြစ်ချင်စိတ်အတ္တတွေ ကြီးလာပြီး အစွန်းရောက်ပါက စိတ္တဇဖြစ်နိုင်သည် ဟု ဤဖြစ်ရပ်က သက်သေပြ၏၊ သံတိုင်ကြားထဲမှ ဆရာဖေသက်က ကျွန်ုပ်အား ပြုံပြုကာ –

"လူတွေအားလုံး ရူးနေတာပါကွာ။ သူနည်းသူ့ဟန်နဲ့ပေါ့။ မင်းလဲရူးနေတာ – ငါ့သား၊ မရူးနဲ့ – မရူးမိစေနဲ့ – ဟား – ဟား – ဟား"

ဟူ၍ပြောကာ ရယ်လေသည်။ ကျွန်ုပ်သည် ဆရာသခင်၏ အဖြစ်ကို မျက်ရည်အဝိုင်းသားဖြင့် ဦးချရုံမှတစ်ပါး ဘာမျှ မတတ်နိုင်ပါတော့ချေတကား။

⇨ ဝေယံသိန်း

[illegible]

(၁) ငှက်ပျောနိုင်-ငှတ်ပျောလက်ကို ခုတ်လိုက်ပါက ကျလာသောအရည်များကို ခွက်သန့်သန့်ဖြင့် ခံထားပြီး–ထိုအရည်ကို ဦးရေပြားထိအောင် လိမ်းပေးပါ။ (၃)ရက် ပြည့်မှ ခေါင်းလျှော်ပါ။




www.burmeseclassic.com

www.burmeseclassic.com



**သူမ** နာမည်က တင်ကြည်မတဲ့၊ ရှိလှမှ အသက်က (၂၅)ဝန်းကျင်၊ သို့သော် သူမကို လျှော့တွက်လို့တော့မရ၊ တညစဉ်စခန်းတွင်ရှိနေကြသောမုဆိုးကြီးများထင် သူမကို လိုက်မမီသည့် တောင်ရှောက်ဆင်မုဆိုးမလေးတစ်ဦးပင်၊

ထိုင်ဆောင်သည်က ဒူးလေးတစ်လက်၊ မြားအုံသည်တောက်အတွင်းမှမြား တံတို့အပြင်ခါးတွင်အမဲလိုက်ဓားမြှောင်တစ်ချောင်း၊တစ်ခါတစ်ရံထောင်ချောက်ကြိုးတစ်ကောင်နှင့်ပက်ပင်းတိုးကာရင်ပတ်လိမ်ညှစ် ဆွဲဆန့်အမျိုးခံ လိုက်ရသောကြောင့် သေဆုံးသွားသဖြင့် ဖခင်ပြုစုစောင့်ရှောက်မှုဖြင့် ကြီးပြင်းလာခဲ့ရသူကလေး၊

(မှတ်ချက်)နေ့ပြသာဒ်ကို စာဖတ်သူတို့အနီးစပ်ဆုံးပုံဖော်ပြရလျှင် ယနေ့ရုပ်ရှင်ပိတ်ကားထက်တွင် မြင်ရသည့် "အန်နာကွန်ဒါမြွေကြီး" လိုပုံသဏ္ဌာန်မျိုးဖြစ်ပေသည်၊

ယောက်ျားသားမုဆိုးများအလယ်မှ ထူးထူးခြားခြား အမျိုးသမီးမုဆိုးမ၏ စွန့်လွှတ်စွန့်စား သားကောင်ဖမ်းဆီးပစ်ခတ်ပုံကို ဖတ်ရှုရပါမည် ..

မိသားကောင်ကို စခန်းသိမ်း (အသေသတ်)ရန်အတွက်ကိုင်သည်က (ပစ်လှံနှင့်အောင်းလှံ)နှစ်ချောင်း၊

သူမဖခင်ကလည်း အသက်ထင်ရှား ရှိစဉ်အခါက သည်နယ်တစ်ကြောတွင် ဟိုးလေးကျော်ခဲ့သည့် (တစ်ပွဲစားဝင်းနိုင်)ဖြစ်သည်၊မိခင်ဖြစ်သူ "ဆုမွန်ဦး" ဆိုသူမှာ သူမငယ်စဉ်မှိုကျင်းဆီသွားရာသူ့အရင်ရောက်နေသည့် "နေ့ပြသာဒ်"

တင်ကြည်မက ပလူမွေး၊ ပလူတောင်အရွယ်ကလေးမို့ ဖခင်ဖြစ်သူ တစ်ပွဲစား ဝင်းနိုင်ကလည်း အမဲလိုက်သွားရာတွင် သူမကို အိမ်တွင် ထားခဲ့လို့မရသဖြင့် ချင်းစောင်နှင့် သမီးကလေးကိုကျောပိုးကာအမဲသားကောင်တွေကိုရှာဖွေပစ်ခတ်ဘဝကို ရပ်တည်နေလာရင်းက ဖခင်လုပ်ငန်းကို ကြိမ်ဖန်များများတွေ့မြင်နေရပြီး ဖခင်မုဆိုးကြီး တစ်ပွဲ



စား ဝင်းနိုင်ကလည်း အိုမင်းလာသည့်အချိန် တောခွေးအုပ်နှင့်တိုးတာ ကိုက်သတ်စားသောက်ခြင်းကိုခံလိုက်ရသည့်အတွက် သေဆုံးသွားသည့်အခါ သူမတစ်ဝမ်းတစ်ခါး ဘဝရပ်တည်ရေးအတွက် မည်သူ့အကူအညီကိုမှမယူပဲ ဖခင်လက်စွဲတော်ဒူးလေးကို ကိုင်ကာ သူ့ဘဝကို သူ့အကြောင်းရင်းဘဝကိုရင်ဆိုင်နေသည့်မုဆိုးမလေးဖြစ်လာခဲ့ရသူပင်၊

ဖခင်ဖြစ်သူ တစ်ပွဲစား ဝင်းနိုင်သေစင်အခါက ငယ်သေးသည့် သမီးသ်အားအဆိပ်အကြောင်းကိုမသင်ပြခဲ့(ငယ်သေးသည့်ကလေးမို့ပင်)၊သူမကို "တစ်ထွေခွန်၊ နှစ်ထွေခွန်၊ တစ်လံကွာ၊ တစ်တွင်းဖြတ်၊ တစ်ကုန်းကျော်ပြီး တစ်တောင်ဆင်း၊ နောက်ထပ်တစ်တောင်တစ်" စသည့် အဆိပ်အာနိသင်တို့အကြောင်းကိုသာ ပြောပြခဲ့သည်၊ကိုယ်တိုင်လည်းအလေးသိပ်မထားမိခဲ့၊အဆိပ်အကြောင်းကို အလေးလဲ မထားခဲ့၊ သို့အတွက် အဆိပ်အကြောင်းကို အလေးထား၊ ယခုအချိန်တွင် ဖခင်ဖြစ်သူ ကွယ်လွန်အနိစ္စရောက်သွားသလိုဖခင်သေဆုံးမီ ဖော်စပ်ထားခဲ့သော အဆိပ်တွေကလည်း သုံးပါများ၍ ကုန်ပြီဖြစ်

သည့်အတွက် မြားဆိပ်ကို ထပ်မံဖော်စပ်ဖို့ဘယ်အပင်က အစေးကိုဘယ်ဟာနှင့် ရောစပ်ပြီး ရောနှောကြိုချက်ရမှန်းလည်း မသိ၊

သို့အတွက် အဆိပ်မလူးသည့်မြားတံဖြင့် ပစ်ပြန်တော့လည်း နေရာတွင် မလဲ၊ မြားတန်းလန်းဖြင့် လွှတ်တင်းရာဆီသို့ ထွက်ပြေးကြသည်ချည်းပင်၊ သေဆုံးပြီး တစ်နေရာတွင် ပုပ်ပွလာတော့ အပုပ်နံ့ထွက်မှ တွေ့ပြန်တော့လည်း အသုံးမဝင်ဖြစ်ခဲ့သည်၊

သို့အတွက် သားကောင်တွေကို မလိုအပ်ပဲ ဖြုန်းတီးရာကျမှာစိုးသည့်အတွက် ဖခင် ဒူးလေးကို မကိုင်တော့ပဲ ထောင်ချောက်ဆင် ဖမ်းဆီးသည့်ဘဝ ကိုပြောင်းကာမုဆိုးဘဝဖြင့်ရပ်တည်နေ ရသူကလေး၊

သူကလေး ပုံပန်းကို ကြည့်လိုက်လျှင် ဖြူဖြူဖွေးဖွေး နုနုညက်ညက် ကလေးတော့မဟုတ်၊ ပျော့ပျော့ပျောင်းပျောင်းနဲ့ ကန္တဲ့ကလျနှင့်လည်း မဟုတ်၊ ကျစ်ကျစ်လျစ်လျစ်ကလေးလို့ ဆိုရပေမယ့်ခေသူတော့မဟုတ်၊သည် "တညစဉ်" အကျောတွင် ညိုညိုညက်ညက် ဆံသွက်သွက်ရောရောလေးမို့ တောင်ကိုင်တွေထက် သာသော ရုပ်ရည်မျိုး

www.burmeseclassic.com



ပြောရမည်ဆိုရလျှင်တော့ သူမတို့နေထိုင်ရာ "တာဉစမ်း" စခန်းဆိုသည်က ရန်ကုန်မြို့နှင့် မိုင်(၆၀)လောက် ဝေးသည့် ပဲခူးရိုးမအတွင်းရှိ ရွာမည်သော (စခန်းတလေး)တစ်ခုရယ်သာပင်။

ထိုရွာတွင် နေထိုင်လုပ်ကိုင် ရှာဖွေစားသောက်ကြသည့် အများစုက မြို့ပြ လူတွေနဲ့ တွေ့ကြတာက အမှန်။

စိတ်ရင်းတွေက ရိုးသားကြသည်၊ ပွင့်လင်းကြသည်၊ အကြားမမြင် အထိ အတွေ့ဗဟုသုတကလည်း နည်းသလို အတုယူစရာကလည်း နည်းကြသည်၊ စာတတ်ပေတတ်ကလည်း နည်းကြသည်၊ အချိန်တန်လို့ အရွယ်ကလေးတွေ ရောက်လာတာနဲ့ မျှစ်ချိုး မှိုရှာ၊ သခွေချဉ်၊ ပုတတ်စာနုတ်၊ ဖရစ်ရိုးဖြတ်၊ ဖုံမင်း၊ တောက်တာ၊ ဖလံတောင်ဖွေးနုတ်၊ တောစာတောင်စာရှာကြသလို ယောက်ျားကလေးတွေဆိုပါက ငှက်ပစ်၊ ကြွက်ရှာ၊ ချိုးရိုက်၊ အမဲလိုက် (ယုန်၊ ကြောင်၊ မျောက်) စသည့်လုပ်ငန်းတွေ အပြင် သစ်ခုတ်၊ ဝါးခုတ်၊ မီးသွေးဖုတ်၊ ထင်းခုတ်၊ ကြိမ်နှင့်တောင်ထန်းကိုခုတ်ကြသည့်အပြင် ကိုင်းထောင်အမဲထောင် နောက်လိုက်ဟူသည့် အလုပ်ချည်းသာ လုပ်ကြသူများပင်။

တောနေလူတန်းစားဆိုသည်တ ခက်တော့အခက်သား၊ မှဆိုးအလုပ်ဖြ အသက်မွေးဝမ်းကျောင်းပြုနေကြသည့ "ဝင်းနိုင်၊ သိန်းဝင်း၊ မြတ်မင်းဟန်" တို့ လျှင် ထမင်းဖိုး ဟင်းဖိုး အရက်ဖိုးလေ မြိုးမြိုးမြက်မြက်ကလေး ရလိုက်ပြီဆို လျှင် နောက်ရက်တွေ အလုပ်မလုပ်ကြ တော့။ ရှိတာလေး ထိုင်စား၊ ညောင်း တယ်ကိုက်တယ်ဆိုတာ စွဲကပ်နေသည် ငှက်ဖျားကို အကြောင်းပြရမည်ရှာပြီ အရက်ကလေးသောက်၊ အိမ်ခန်းထဲမှာ နပ်နေကြသူတွေ၊ ပိုက်ဆံခါလီဖြစ်ပြီ စားစရာမရှိတော့မှ ဓားထိုးသူထိုး၊ ရဲတင် (ပုဆိန်)ကိုင်သူကိုင်၊ လှေကိုပခုံးထမ်း ထမ်း၊ ဒူးလေးကို ပြန်ကိုင်ပြီး တောထဲ ပြန်တိုးကြသူ သူတို့လိုလူတွေက အများ အပြားရယ်သာ။

ထူးထူးခြားခြား "တင်ကြည်မ" ဆို သည့်ကလေးမကအဲဒီရွာမှာမွေးပြီး ကြီး ပြင်းလာခဲ့ရပေမယ့် တင်ပြထားသည် စရိုက်ထဲသူမကမပါ၊ အခြားမိန်းကလေး တွေလို သနပ်ခါးလိမ်း၊ ပါးကွက်ကလေး ကွက်ပြီးလည်း မနေ၊ မိုးလင်းပြီဆိုတာ မိုက်ဖြည့်စားသောက်လို့အပြီး ထ လုပ်ရမည့်လုပ်ငန်းအတွက် လိုအ သည့် အသုံးအဆောင်ကိုယူကာ အ



တော် အမဲလိုက်ကောင်းသည့် ခွေးကြီး "ရှုံ့" ကိုအဖော်ခေါ်ကာ ဆင်ထားသည့် ထောင်ချောက်တို့တွင် သားကောင် မိ၊ မမိကို လိုက်ကြည့်ရင်း ခြေရာသစ်ကိုရှာသည်၊ ခြေရာသစ်တွေ့လျှင် ခြေရာရှင် သားကောင် သည် မည်သည့် သားကောင်မျိုး ဖြစ်သည်ကို တွေးတောကာ မိနိုင်မည့်နေရာကို မှန်းဆပြီး လိုက်ဖက်ညီ့ထောင်ချောက်ကိုဆင်သည့်အလုပ်ကိုလုပ်ရင်း အချိန်ကုန်သည်၊

၈၀၉

သားကောင်ခြေရာကို တွေ့လျှင် ကိုက်ဖက်ပြီး မိနိုင်မည့် ထောင်ချောက်မျိုးကို ဆင်ရသည်၊ ထောင်ချောက်တွေကလည်း ပုံစံအမျိုးမျိုး၊ အမည်အမျိုးမျိုးရှိကြသည်၊ ပမာပြရင် –

လယ်ကိုးကွင်း (ကွင်းရိုးရိုး၊ ထိုင်သယ်)၊

ကြောင်တုံးဆွဲ၊

သုတ်ကိုင်း၊

သံညှပ်၊

တုံးဘိ၊

တင်ဘိ၊

တုံးတိုက်၊

တားညွှတ်၊

ကုန်းဆတ်၊

ဂုတ်ပိုက်၊

တုပ်(ကုန်းမှာတောကြောင်၊ ရှေ့ပါးကြီးများ)၊

ဗိုင်(ကကန်းထောင်သောထောင်ချောက်)၊

ပါတုံးထောင်ချောက်၊

ခြောင့်တွင်းထောင်ချောက်၊

လေးချက်စသည်တို့ပင်ဖြစ်သည်။ (ထိုထောင်ချောက်ကို အချို့က သေနတ်နှင့် ထောင်သလို အချို့က ဒူးလေးဖြင့် ထောင်သည်။) သေနတ် (သို့) ဒူးလေးကို သားကောင်အနေအထားကိုကြည့်ပြီး သစ်ပင်တွင် ချည်ထားရသည်။ မောင်းခလုတ်ကို အသင့်ပြင်ဆင်ထားပြီး ခလုတ်ပြုတ်စေရန်အတွက် နွယ်ကြိုးဖြင့် ဆိုင်းကာ တစ်ဖက်တစ်စကို သားကောင်ဝင်လမ်းထွက်လမ်းတွင် တန်းလန့်ဖြတ်ပြီး သားကောင် မရိပ်မိအောင် ထားခြင်းဖြင့် ပစ်ခတ်သည့်နည်းပင်ဖြစ်ပေသည်။

သရုလည်း တင်ကြည်မတစ်ယောက် မိုက်ဖြည့်စားသောက်လို့အပြီး လက်စွဲတော်ဒူးလေးကိုကိုင်ကာ "ရှုံ့" ကိုခေါ်ပြီး ရွာအနောက်ဘက်(၃)မိုင်ခန့်ဝေးသည့် "မဟာရာချောင်း" ဘက်ဆီသို့

www.burmeseclassic.com

www.burmeseclassic.com



သားကောင်မှာ ခြေရာသစ်ကို ရှာရင်းဟို နေ့က ထောင်ထားရာဆီသို့ ဦးတည် လျှောက်လှမ်းခဲ့ပေသည်။

ရှာမှအတွက်ခင်တန်းကိုလွန်တော့ တောလမ်းအတိုင်းသွားရင်း ကျတော ကြီးတိုကျော်၊ တိုင်းတောကြီးကိုလွန် တော့ ငါးသင့်တောဆီ ရောက်လာ သည်။ အထိုကြီးကြွက်နွယ်တော၊ ထောင့် အလောင်တောထိုဖြတ်တာ ခပ်သွက် သွက် လျှောက်ခဲ့သည်။ ခပ်သွက်သွက် ဆိုသော်လည်း အရှုပ်တောကို ဖြတ်ခဲ့ ခြင်းမို့ ရှေ့တွင်ဝိတ်ဆို့ကာဆီးယိမ်းယိုင် နေသည့်အပင်တို့က အဟန့်အတားလို ဖြစ်နေသည့်အတွက် အမဲလိုက်ဓား မြှောင်ကိုထုတ်ကာ ဖြတ်တောက်ရှင်း လင်းသွားနေရသည်မို့ ခရီးကသိပ်မတွင် လှ၊ သို့သော်ကြွက်ခြမ်းတောဆီရောက် လုနီးနေပေပြီ၊ ယခုချိန်ထိတိုင် သား ကောင်ခြေရာသစ်ကို မတွေ့မြင်ရသေး၊ အရှုပ်တောကြီးကို ဖြတ်တိုးနေရသည့် အတွက် ခြေရာကို တွေ့နိုင်မည်တော့ မဟုတ်၊

ကြွက်ခြမ်းပင် ဆိုသည်က အမြင့် က လူတစ်ရပ်နီးပါးပင်၊ အနီးစပ်ဆုံး ပြောရလျှင် "ငွေပန်း၊ ရွှေပန်းပင်" ပုံသဏ္ဌာန်မျိုး၊ အပင်ခြေရင်းအမြစ်တို့ အထက် မြေပြင်ကိုကပ်လျက် အမြွှာလိုက် အနိုင်လိုက် သီးကြပြီး အရွယ် အစားက ခြေမသာသာ အသီးတို့က ရဲရဲ နီနီအသွင်မျိုးနှင့် အခွံကို ခွာလိုက်လျှင် အတွင်းအဆန်ကလေးတွေကဖြူဖွေးပြီး ဆန်စေ့ကလေးတွေကို တန်းစီထား သည့်နှယ် အကန့်လိုက် အကန့်လိုက် အစီအရီ စားလို့ကောင်းပြီး အလွန်ဆိမ့် သည်။ သို့အတွက် ကျေးငှက်သာရကာ တို့နှစ်သက်သည့်အပြင် "ကြွက်နှင့်ရစ်" ဆိုသည့်အကောင်တွေကလည်းအလွန် ကြိုက်သည်၊ သို့အတွက် ကြွက်ခြမ်း တောအတွင်း လယ်တိုးကွင်းထွေ ထောင်ထားခဲ့ခြင်းဖြစ်ပေသည်။

ရစ်ဆိုသည့်အကောင်အရိုက သုံး ပိဿာပင်ကျော်သည်၊ ဖခင်ဖြစ်သူ "တစ်ပွဲစား ဦးဝင်းနိုင်" မသေဆုံးခင်က ပြောပြခဲ့ဖူးသည့် "ရစ်" များနှင့်ပတ်သက် သည့် ပြောစကားအမှာပါးခဲ့ပုံကိုလဲ ပြန် လည်ကြားယောင်နေမိသည်က –

"သမီး – ရစ်ဆိုတဲ့အကောင်မျိုးက လေးမျိုးလေးစားရှိတယ်ကွဲ့"

ဖခင်ကြီး ပြောလိုက်သည့်စကား ကြောင့် တင်ကြည် တအံ့တသြနှင့် ပြန် မေးလိုက်မိသည်က –

"ဟုတ်လား – အဖေ၊ ဘယ်လို(၄) မျိုးလဲဟင် – ရှင်းပြပါလား"



"အေး – ပြောပြမယ် မှတ်ထား – သမီး၊ အကြီးဆုံးအကောင်မျိုးကို (ဖိုင်) လို့ခေါ်ကြတယ်ကွ၊ အကောင်ကြီးသလို ဦးစွန်းတန်းကလဲ ကြီးတယ်"

"ဦးစွန်းတန်းဆိုတာ ဘယ်ဟာကို ပြောတာလဲဟင် – အဖေ"

"အမောက်ကို ပြောတာပေါ့ကွယ်၊ အကောင်ကလဲကြီးသလို အမောက်က လည်းကြီးတယ်၊ (ဖွန်)ဆိုတဲ့အကောင် မျိုးက တောကြွက်ဖတွေ အမောက် လောက်ရှိတယ်၊ နှစ်ပိဿာလောက် ရှိ ကြတယ်၊ အတက်ကတော့ ရှည်တယ် ဟ (ဘော) ဆိုတဲ့ အမျိုးအစားက အမောက်လဲသေးတယ်၊ တစ်ပိဿာ ကျော်ကျော်ရယ်၊ နောက်ဆုံးအမျိုး အစားက ဦးစွန်းတန်း (အမောက်)မပါ ဘဲ အကောင်ကလဲ အသေးဆုံးကွ၊ မှတ်ထား"

"ဒါနဲ့ အဖေ – အဲဒီ(၄)မျိုးကိုအဲဒီလို ဘာကြောင့်ခေါ်ကြတာလဲ – ဟင်"

"ဘာကြောင့် အဲဒီလိုခေါ်တယ်ဆို တာတော့ ငါလဲမသိဘူး၊ သွားလေသူ ဘိုးအဘိုး၊ ငါ့အဖေ ဦးသိန်းဝင်းက ပြော ခဲ့ဖူးတာ မှတ်ထားတာပဲ"

တွေးရင်း လျှောက်လှမ်းလာခဲ့ရာ ကြွက်ခြမ်းတောအစပ်ဆီသို့ရောက်လာ ပြီမို့ ပထမဦးဆုံး ထောင်ထားသည့် လယ်တိုးကွင်းဆီ လှမ်းကြည့်လိုက် တော့ မူလထောင်ထားခဲ့သည့်အတိုင်း ပုံစံမပျက်၊ ဒုတိယထောင်ထားသည့်နေ ရာလည်း မထူးသဖြင့် တတိယထောင် ထားသည့်ဘက်ဆီလျှောက်လှမ်းလိုက် တော့ လည်ပင်းကြိုးကွင်းစွပ်လျက် အသက်ပျောက်နေပြီး တွဲလောင်းဖြစ် နေသော တောကြွက်ဖတစ်ကောင်ကို တွေ့လိုက်ရသည်၊ အထီးကောင်မို့ အရောင်ကရဲရဲတောက်နေပြီး မြီးဆံဖွား ဖွားနှင့် အတက်က လက်တစ်ဆစ်သာ သာ၊

တောကြွက်ဖကိုဖြုတ်ယူပြီး လယ် တိုးကွင်းကို မူလပုံစံအတိုင်း ပြန်ထောင် ထားလိုက်၊ အခြားထောင်ထားသည့် လယ်တိုးကွင်းတို့ဘက်ကို လျှောက် လှမ်းလိုက်သည်၊ တွေ့လိုက်ရပြန်ပြီ သည့်အကောင်က ရစ်ဖကြီး၊ ဖြုတ်ယူ ကာ လယ်တိုးကွင်းကို မူလပုံစံအတိုင်း ပြန်ထောင်ကာ လျှောက်လှမ်းခဲ့ပြန် သည်၊

နောက်ဆုံး ထောင်ထားသည့် လယ်တိုးကွင်းဆီ ရောက်တော့ တင်ကြည်မတွင် ရစ်က အိုးတောင်၊ တောကြွက်ကငါးကောင်၊ ဘုတ်ငှက်အ

www.burmeseclassic.com

www.burmeseclassic.com



နစ်ကောင်၊ ရေကြက်မက နစ်ကောင်၊ ဖြူတ တစ်ကောင်၊ နွယ်တန်းလျှောက် (ခ) ဝါးယောင်းကြောင်ပြောက်နှင့် ကြောင်ငါးဗိတ တစ်ကောင်စီ။

(ကြောင်ငါးဗိဆိုသည်က လယ်ကွင်းကြွတ်နီးငါးလောက်ပင် ရှိသည်၊ ကြွက်ထိုးလိုတွင်းထဲမှာနေပြီး အစာရှာသစ်ပင်အတက်မှာသစ်သီး၊ သစ်ခြစ်၊ သစ်မှုတွေကို ရှာစားကြသည်။ သူ့အနံ့က ငါးဗိနံ့ထွက်နေသည့်အတွက် ကြောင်ငါးဗိဟု ခေါ်ကြသည်။ ရရှိပါက ရေနွေးဖျော၊ အမွေးခြစ်လိုက်လျှင် ငါးဗိနံ့ ပျောက်သွားပြီး ချက်စားလျှင် လွန်စွာ စားလို့ကောင်းသည့်ဟင်းတစ်ပွဲ ဖြစ်သည်။)

ရရှိသည့်အကောင်တွေကို ဝါးတစ်လုံးတွင် ရှေ့နောက်မျှထမ်းရန် နွယ်ကြိုးနှင့်ချည်ကာ မဟူရာချောင်းရိုးအတိုင်း သားကောင်ခြေရာကြည့်ရင်း ပြန်ခဲ့ပေသည်။

တပေါင်းလရာသီ နံနက်ခင်းမို့ နှင်းငွေ့တွေကို နေခြည်ထွေးထွေးက ထိုးခွဲအနိုင်ယူပြီးပြီမို့ အရာအားလုံး သဲသဲကွဲကွဲ မြင်နေရသလို တိုက်ခတ်နေသည့် လေပြည်ရှူးကြောင့် တောပန်းတောပန်းရနံ့လေးတွေက သင်းပျံ့ပျံ့၊ ထိုအချိန် "ကျည်" ခနဲ ဝိုင်းအော်လိုက်ကြသည့် ပုစဉ်းရင်ကွဲတို့၏အသံကဝန်းကျင်တောတစ်ခွင်လုံးကိုဖုံးလွှမ်းသွားသည်။ ချောင်းဘက်ဆီမှ "ကုတ် - ကုတ် - ကုတ်" ဟူသော ဖြုတစ်ကောင်တွန်သံတို့လည်း ကြားလိုက်ရသည်။ ထိုအချိန်-

"ဝပ် - ထရိမ်း - ဝပ် - ထရိမ်း"

မှဆိုးလက်ဆုပ်ပင်ကြီးထက် နွယ်တက်နေသည့် "သပွန်းသိမ်ချုံနွယ်ပင်ကြီးအတွင်းမှ အသီးမှည့်တွေကို စားသောက်နေကြသည့် "ငှက်ငနွား" အုပ်၏နွားသိုးကြီးများကဲ့သို့ တွန်သံတို့တိုလည်း ကြားနေရသည်။

ထိုငှက်မျိုးကလည်း မက်လောက်စရာကောင်းသည့်ငှက်မျိုးပင်ဖြစ်သည်။ အချို့သောအရပ်က "ရှန်းပတီငှက်" ဟုခေါ်သလိုအချို့အရပ်က "ပိန်းတူးမငှက်" ဟုလည်း ခေါ်ကြသည်။ ထိုငှက်ကို ဧည့်သို့ပင် ခေါ်စေကာမူ အရောင်အဆင်းရော၊ အရွယ်အစားနဲ့ အသံက တူပြီး အလေးချိန် (တစ်ကောင်လျှင် (၃၅) ကျပ်သား အလေးချိန်ရှိပြီး (၃)ကောင်ပေါင်းလျှင် တစ်ပိသာ (ပိုနည်းနည်းလိုနည်းနည်း)ပင် (ယခုထက်တိုင်တောသူတောင်သားတို့ကထိုငှက်(၃)ကောင်အလေးချိန်ကို (တစ်ပိသာ)အဖြစ်အသိအမှတ်ပြုကာ လက်ခံကျင့်သုံးနေ



ကြတုန်းပင်၊ (ရန်ကုန်မြို့ဈေးအတွင်းသောခိုချိန်ခွင်နှင့် မတိုင်းတာမိသဖြင့်သူတွေကိုတော့ မသိ)။

ထိုငှက်အသားက စနိုက်ငှက် (ဘိုငှက်)အသားကဲ့သို့နူးညံ့ပျော့ပျောင်းပြီး ပေါင်းစားလျှင် ပထမတန်းတောင်းသည့် ငှက်အမျိုးအစားပင်။ ငှက်အကြောင်း မသိသူတွေက ထိုငှက်ကို မြင်ရုံဘဲနှင့်အသံကိုကြားလိုက်သည်နှင့် (တချွေသရဲ) ပူးကပ်နေသည့်ငှက်ဖြစ်သည်ဟု ကြောက်လန့်အောင် ပြောပြီး ထိတ်လန့်အောင်ပြောကာ ချောက်ကျန်သူတွေလည်းရှိနေကြသည် (တောသွင်းအတွေ့အကြုံ)။

မည်သို့ပင်ဖြစ်စေ၊ သူတို့ပြောသလို ထိတ်လန့်ဖွယ်ကောင်းသည့် သူတို့၏အသံတို့အော်မြည်သံပင်၊ သဘာဝအော်သံတို့။

နွေကာလနံနက်ခင်းမို့ ထွက်ပြူစနေခင်းကအနိုင်ယူသည်ဆိုသော်လည်း အထိုက်အလျောက် လက်ကျန်နှင်းငွေ့တို့ကြောင့် အေးမြသည်ဆိုပေမယ့် ပခုံးထက် ထမ်းလာခဲ့သည့် အလေးချိန်ကြောင့် တင်ကြည်မအတွက် ချွေးများစို့လာသည်၊ ချောင်းစပ်ကိုရောက်သောအခါမှအမောဖြေရင်း ရေသောက်မည်ဟု စိတ်ကူးလိုက်သည်၊

ရွက်ဝါတွေကို ခြွေချထားသော ရိုးတံကျဲကျဲ သစ်ပင်ကြီးတို့ထက်တွင် အောက်ချင်းငှက်အုပ်၊ တင်ကျီးငှက်အုပ်၊ ဦးဘန်းငှက်အုပ် (ဦးဘန်းငှက်ဆိုသည်က တင်ကျီးငှက်မျိုးပင်၊ အကောင်ပိုကြီးမားသည့်အကောင်၊ ရေထဲငုပ်ပြီး အစာကို ဖမ်းယူစားသောက်ကြသည်)။ ချိုးနှင့် လင်းဝက်အုပ်တို့က သူ့အုပ်စုနှင့်သူနားနေပြီးအတောင်ဖြန့်နေစာလှုံနေကြသည်၊ နေရောင်ခြည်က တသွင်သွင်စီးဆင်းနေသော "မဟူရာတောင်ကျချောင်း" ရေကို သောက်ချိုးရန် လာကြရင်း နေစာလှုံနေကြဟန်၊

ဘုတ်ငှက်၊ ငှက်ဝါးယောင်း၊ ဘွတ်ကလုံငှက်၊ ငှက်ဝါ၊ ငှက်ဖြာတို့တလည်း သဘာဝအော်မြည်သံကိုပေးရင်း တေးသီသံတို့ကို ကြားနေရသည်။

သစ်ရိုင်းပင်ကြီးတို့ထက်တွင်လည်း "ရှဉ့်၊ ရှဉ့်ဘေးကြား၊ ရှူးပျံ၊ လင်းသက်တို့ကလည်း သဘာဝမိတ်ဆော်ကြရင်း တစ်ကိုင်းနှင့်တစ်ကိုင်း တစ်ပင်နှဲ့တစ်ပင် ခုန်လွှားအော်မြည်သံတွေကို လဲကြားနေရသည်၊

ဟိုမှာဘက် ချောင်းစပ်ထော်ချိုးတွေပေါ်တွင် ငှစိမ်းတစ်အုပ်ကြက်တူရွေးတစ်အုပ်က လူ့လာတဲ့ ခေါက်

www.burmeseclassic.com

www.burmeseclassic.com



ဖုံသန်းနေကြသည်၊ နေလုံးနီနီသည်ဟို အဝေးတွင် လှမ်းမြင်နေရသည့်ပဲခူးရိုးမ တောင်နဲ့ မြောက်ကို တန်းနေသည့် တောင်ထိပ်တွင် မေးတင်ပြီး မြူငွေ့တွေတို့ သူ၏အလင်းရောင်ဖြင့် ထိုးဖောက်အနိုင်ယူခဲ့ပေပြီ။ ထိုအချိန် "တင်ကြည်မ" ထစ်ယောတ် ချောင်းစပ်ဆီ ရောက်လာသည်။

ထိုစဉ် –

ဝုန်းထက်မျှ ထမ်းလာသည့် သားတောင်များနှင့် လေးကို မြေပြင်သို့ ချလိုက်စဉ် လက်စွဲတော် သူမနှင့်အတူပါလာသည့်အမဲလိုက်ခွေး "ဂျုံမုံ" က ရှုံးခနဲ လာရာလမ်းဘက်ကို တစ်ဟုန်ထိုးပြေးလွှားသွားသည်ကို တွေ့လိုက်ရသည်။ သည်အပြုအမူသည် ဖွတ်လိုအကောင်ကိုတွေ့လိုက်ရသည့်အတွက် လိုက်သွားခြင်းမျိုး ဖြစ်သည်ကို သူမ သိနေသည်၊ သို့အတွက် သူ့အလုပ်ကို သူဆက်လုပ်မှာမို့ ရေဆင်းသောက်ရန် ချောင်းတွင်းကို လှမ်းကြည့်လိုက်တော့ ရေကိုငုံ့သောက်နေသောအကောင်တစ်ကောင်က သူမလှုပ်ရှားသံကိုကြားသွားသည့်အတွက် ကမ်းပါးယံထက် အသံကြားရာဆီသို့ မော့ကြည့်လိုက်သည်၊ နှုတ်ဖျားကလည်း –

"ဝှ – ဝှ – ဝှ"

အော်မြည်သံပေးရင်း ဟိုမှာဘက် ချောင်းရိုးကိုဖြတ်ပြီးကမ်းပါးယံထက်သို့ အရှိန်အဟုန်နှင့် ပြေးတက်ကာ နောက် ကျောတောကြီးအတွင်း ပြေးဝင်ပျောက် ကွယ်သွားသည်ကို ငူငူငိုင်ငိုင် လိုက်ကြည့်နေမိသူကတော့ တင်ကြည်မ ရယ်သာပင်။

အမှတ်မထင်မြင်တွေ့လိုက်ရသည်မို့ ထိုအကောင်ကြီးကို "စိုင်" ဟူသော အတွေးမဝင်ခင် သူက အရင်မြင်ပြီး ဟိုမှာဘက်ကမ်းပါးယံထက် ပြေးတက်ပြီး နောက်ကျောတောကြီးအတွင်း ဝင်ရောက်ပျောက်ကွယ်သွားသော ထိုအကောင်ကြီးကို ထောင်ချောက်ဆင်ကာ ဖမ်းမည်ဆိုသည့် သူမ ရမ္မက်တို့ တောပိုင်တောင်ပိုင်တွေနဲ့မဟူရာချောင်းစောင့်နတ်မှတစ်ပါး မည်သူမှ သိလိုက်ကြမည်မဟုတ်ချေ။

ဓဓဓ

"မယ်ဇက်ကယ်ဆို – ဈေးချောင်းလိုက်ပါဦး – တစ်မတ်ဖိုး"

တဲခေါင်းရင်း "လိပ်ရိုးပင်ကြီး" ထက် အသီးမှည့်တွေကို စားနေရင်း ငှက် (ဘုမ္မတီးငှက်) ငှက်အုပ်လှည့် တောပြောနေသည့်အတိုင်း ဟစ်ကြွေးသံကို ကြားနေရသည်။

ငှက် (ဘုမ္မတီးငှက်) ဆိုသည်က (၂) မျိုးရှိသည်၊ ယခုလိုလူစကားပြောသည့် အကောင်မျိုးက (မြေစိမ်း) မျိုး၊ အကောင်က ပိုကြီးပြီး အလေးချိန်က (၁၀) သားကျော်သည်၊ ကျန်တစ်မျိုးက "ငှုတုလား" ခေါ်သည့်အမျိုး (မြေနီ) မျိုး၊ အသံက ကုလားများ စကားပြောသလို သူလုံးနားမထွင်းနိုင်မို့ ငှုတုလားဟု ခေါ်ကြသည်။ အကောင်သေးပြီး (၂၅) ကျပ်သားခန့်၊ သူတို့အသားကလည်း စားလို့ကောင်းသည့်ငှက်မျိုးပင်။

လိပ်ရိုးပင်အောက် တဲကလေးအတွင်း ထမင်းစားခုံတွင် ကျွန်တော်နှင့် ရွာခံမုဆိုး "တင်ထွန်း" တို့နှစ်ယောက်တချက်နှာချင်းဆိုင် တင်ပျဉ်ခွေထိုင်ရင်း အရက်နှင့် ရစ်သားချက် ဆီပြန်ဟင်းချဉ် မှိုပေါင်းဟင်းနှင့် စားသောက်နေကြသည်၊

ဗူးလင်းထဲက အရက်ကို ဖန်ခွက်ထဲ ထောင်းထည့်၊ ရေရောကာ သောက်ပြီး၊ အမြည်းကို စားလိုက်လုပ်ရင်း ကျွန်တော်က –

"တင်ထွန်း – ခုတစ်လော သားကောင်အခြေအနေ ဘယ်လိုလဲကွ၊ ပြောစမ်း"



"ရိုးမကြီးအတွင်းပိုင်းဆိုတော့ ရှိတာပေါ့လေ၊ ဒါပေမဲ့ – သေနတ်မရှိတော့ အရင်ကလိုတော့ သိပ်မလွယ်ဘူးပေါ့"

"မင်းတို့အရင်ပစ်နေကြတဲ့ ဒူးလေးတွေကရော"

"ဘကြီးတစ်ပွဲစားဝင်းနိုင်ရှိတုန်းကတော့ သူဖော်ပေးတဲ့အဆိပ်သုတ်ပစ်ကြတော့ ရတာပေါ့။ ခု သူဆုံးပြီးနောက်ပိုင်း လက်ကျန်အဆိပ်လည်း ကုန်ရော ကျွန်တော်တို့ ဒုက္ခရောက်ကြတော့တာပဲ"

"ဘယ်လိုဖြစ်လို့လဲဟ၊ ပြောစမ်းပါဦး"

"အဆိပ်ကိုမဖော်တတ်ကြလို့လေ၊ အဆိပ်မပါဘဲ ရိုးရိုးမြှားတံနဲ့ပစ်ပြန်တော့လည်း ဆုံးတာများတယ်၊ မနက်က တင်ကြည်မဆိုတဲ့ မုဆိုးမလေး စိုင်လို အကောင်မျိုးနဲ့ တိုးတာတောင် လက်လွှတ်လိုက်ရတယ်၊ နားလိုက်တာဗျာ၊ သားကောင်ကြီးတွေတောင် ရွာနားကို ကပ်နေကြပြီဆိုတော့ ပေါလည်း ပေါသလို ရဲတင်းလာကြပြီ ပြောရမှာပေါ့"

"ဘယ်သူကွ – တင်ကြည်မဆိုတာ၊ ဘယ်သူလဲ၊ ဘယ်ကလည်း၊ မုဆိုးမလေးလား၊ မကြားဖူးပါလား"

"ရွာဖျားက ဆင်နင်းသေလို့ သေသွားတဲ့ တစ်ပွဲစားဦးဝင်းနိုင်ရဲ့သမီးလေး

www.burmeseclassic.com



လေ။ ခုစားနေတဲ့ ရစ်သားကလည်း သူပို့ပေးတာ"

"ဟိုအရင်ငါတို့တောမောင်းပစ်ရင် လိုက်ခြောက်ပေးတဲ့ကလေးမလား"

"ဟုတ်ပါ့ - ဟုတ်ပါ့။ ဘိုလေး ရောက်နေတာသိလို့ ဒီမှာ ထမင်းအတူစားမယ်တဲ့၊ လာပါလိမ့်မယ်၊ မနက်ကိုလည်း တောင်ချောက်ဆင်သွားမလို့ လိုက်ခဲ့ပါဆိုလို့ သူနဲ့လိုက်သွားဦးမယ်"

"ဘယ်လိုတောင်ချောက်မျိုးဆင်မှာလဲ"

"သုတ်တိုင်းတောင်ချောက်"

"ဘာကောင်ကိုတောင်မှာလဲ"

"စိုင်"

"စိုင် - စိုင်ကို တောင်မှာ၊ ဟုတ်လား"

"ဟုတ်တယ် - အထောင်ကြီးလို့ သူတို့ ထိန်းနိုင်မယ့် ခြောက်မှုးလုံးစတီးချော့ကြိုးကို ဆတ်သေမြောင်က မုဆိုးမြတ်မင်းဟန်ထံမှာ သွားယူနိုင်းထားတာ။ တော်တော်ကြာပြန်ရောက်လာမှာပါ"

နှစ်ဦးသား စားလိုက်သောက်လိုက် လုပ်နေစဉ် နာရီဝက်လောက်ကြာတော့ စတီးချော့ကြိုးကို ခွေကို ထမ်းကာ ဝင်လာသည့် သူမ ရောက်လာသည်၊ တဲအပြင်တွင် ချလိုက်ပြီး ကျွန်တော့်ကိုဖြူးကြည့်လျက် -

"ရှာထိပ်ရောက်တော့အဘတို့အခွဲ့ရောက်နေတယ် ပြောကြတယ်၊ ခုတော့ ဘဘဦးဘိုလေးတစ်ယောက်တည်းပါ လား။ သူတို့ ဘယ်သွားကြလဲ"

"ဟုတ်တယ် - သမီးရဲ့သူတို့မအား ကြလို့ သန်ဘက်ခါလောက်မှ လိုက်လာကြမယ်၊ လာချင်လွန်းလို့ငါတစ်ယောက်တည်း ထွက်လာခဲ့တာကွယ်"

"ဟုတ်လား - သူတို့ရောက်တော့ တစ်ဝကြီးပစ်ကြတာပေါ့၊ ခု - တအားပေါ်တယ် - ဘဘရဲ့မနက်ကလယ်ထိုးကွင်း ထောင်ထားတဲ့ဆီသွားရင်းချောင်းထဲကို ရေဆင်းသောက်နေတဲ့ စိုင်ကြီးတစ်ကောင်ကို တွေ့ရတယ်၊ ကျွန်မက ရှာထားနယ်ကျွံပြီး ချောင်းထဲကို ရေဆင်းသောက်နေတယ်ထင်လို့ ငေးကြည့်နေတုန်း သူက မြင်သွားပြီး နောက်တော့ ကမ်းပါးယံပြေးတက်ပြီး တောကြီးထဲ ဝင်ပြေးသွားတယ်၊ အဲဒီအကောင်ကြီးကို သုတ်ကိုင်းထောင်ဖမ်းမလို့ လိုအပ်တဲ့ပစ္စည်းငှားခဲ့ပြီး ခုပြန်ရောက်လာတာလေ"

"နင် - ထောင်မှာက စိုင်ဆိုတဲ့ အကောင်ကိုလားကွဲ့"



"ဟုတ်ကဲ့ - စိုင်ကို ဖမ်းမယ့် သုတ်ကိုင်းကို ဆင်မှာပါ - အဘ"

"သုတ်ကိုင်းနဲ့ စိုင်လိုအကောင်ကို ထောင်မယ်ဆိုတော့ အန္တရာယ်ကြီးလှပါတယ်ကွယ်၊ နင့်သုတ်ကိုင်းမှာ မိပြန်တော့ ရောအသေမိမှာတဲ့လားဟ၊ ဒီကောင်ကြီးကို အသေသတ်ဖို့ဆိုတာ လွယ်မှတ်လို့၊ နောက်ပြီး - နင်မနက်ကတွေ့လိုက်တဲ့အကောင်ကြီးကို ထောင်လို့ရအောင် နောက်တစ်ခါ ဒီကိုပြန်လာခဲ့မယ်လို့ ပြောသွားလို့လား။ ကြိုးချည်ထားလို့ရတဲ့ အကောင်မျိုးလည်း မဟုတ်ဘူးလေကွယ်"

ကျွန်တော့် အပြောကြောင့် သူကလေးတ ပြုံးစစနဲ့ ငဲ့ကြည့်လိုက်ရင်း -

"အဘဦးဘိုလေးက မြို့မှာနေပြီး သူတွေကို အန္တရာယ်ပြန်မပေးတဲ့ ချေ၊ ဒရယ်၊ ဆတ်၊ ယုန်နဲ့ကြောင်လိုအကောင်လေးတွေ ပစ်ခတ်ပြီး ကိုယ့်ကိုယ်ကိုယ် မုဆိုးဆိုတဲ့ဘွဲ့ခံထားသူတွေအတွက်တော့ ခုအဘပြောနေတာတွေက ဟုတ်မှာပေါ့။

ကျွန်မတို့လို တောထဲမှာ မွေးပြီး ကြီးပြင်းလာရတဲ့ တောကို မှီလုပ်ရင်း တိုင်ရင်း တစ်ဝမ်းတစ်ခါး ရှာဖွေစားနေကြရတဲ့သူတွေဆိုတော့ ဘဝကိုဒီလိုရှန်းကန်ရင်ဆိုင်အနိုင်ယူပြီးရပ်တည်နေကြရသူတွေပါလေ၊ ဘဝသမားစစ်စစ်တွေပါ"

သူမစကားက ဘဝဆိုတာကိုဘယ်အတိုင်းအတာထိ ရည်ရွယ်ပြောနေမှန်းကို နက်နက်ရှိုင်းရှိုင်း မတွေးနေတော့၊ ကျွန်တော် တွေးလိုက်မိသည်က ကျွန်တော့်မုဆိုးမာနကို ချိုးဖဲ့လိုက်ခြင်းကို သိလိုက်ခြင်းပင်။ သို့အတွက် ရင်တွင်းဖြစ်မာနကို လုစ်ဟာပြရင်း ပြန်ပြောလိုက်မိသည့်စကားတို့က -

"သမီး - မင်းပြောတာတွေ မှန်တယ်။ ငါဒီကိုလာတာ သေနတ်ယူခဲ့ပေမယ့် မသုံးဘူးကွာ၊ မနက်ဖြန် မင်းသုတ်ကိုင်းသွားထောင်တဲ့နောက်ကိုငါလည်း လိုက်ခဲ့မယ်၊ ဘာကြောင့်လဲဆိုတော့ တကယ့်မုဆိုးဘဝကိုသိချင်လို့လေ့လာရအောင်လေ"

ကျွန်တော်တို့ ထမင်းစားလိုက်ကြပြီး သူမလည်းပြန်သွားသလို ကျွန်တော်တို့လည်း တစ်ရေးတစ်မောအိပ်စက်နားနေလိုက်ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပဲခူးရိုးမကြီးအတွင်းပိုင်းကျသည့်နေရာဖြစ်သည့်မို့ စိမ့်ကြီးမြိုင်ကြီး၊ သစ်ပင်ကြီးများတောင်တန်းတောင်သွယ်တို့နှင့်မို့ သိပ်သည်းထူထပ်လှသည်၊ သစ်ပင်ကြီးတို့ထက်တွင် ကျေးငှက်သာရကာပေါင်းစုံအပြင် မျောက်အုပ်မျိုးစုံ၊ လင်းသတ်၊ ရှူးပုံ၊ ရှဉ့်နီပေါ၊ ရှဉ့်ဘောကြား၊ ရှဉ့်ပုံ၊ ရှဉ့်ခေါင်းပု၊ တောယုန်၊ တောကြောင်ဖွတ်၊ သင်းခွေချပ်၊ မွေး ပုတတ်တို့တ သီးဝင်များဖြစ်ကြသည့် "တောင်ဆိတ်သမင်ဒရယ်လိပ်မျိုး သပွတ်သိန်းဥန်၊ ဆောင်မွှေးဆုပ်၊ တတွတ်၊ လင်းယော၊ ဆီးလောက်၊ မျောက်ဆီးသီး၊ တောကြည်းတောငှက်ပျောဆိုသည့်စားပင်တွေတလည်းပေါက်နေကြသလိုကြွက်နှယ်တော၊ဒေါင့်အလောင်တော၊မြေသိုင်းတော၊ရေငန်းတော၊ပိစပ်တော၊တပ်ဆေးနဲ့တော၊နဘူးတော၊မငယ်တော၊နွယ်ပေါက်တော၊ ကြိမ်တောနှင့် ဝါးရုံတောကြီးများအပြင် တောင်ကျချောင်းများ၊ ကျောက်ပြန့်ရေအိုင်ကြီးတွေကလဲရှိနေကြပြန်သေးသဖြင့် ရိုးမကြီး သရွေ့သကာန်က ဝိပြင်နေသည်၊

သားကောင်မျိုးကလည်း စုံသလိုတွားသွားသတ္တဝါတွေကလည်းစုံသည်၊ ဖန်ခါးပင်ကြီး ပင်စည်လုံးကို ကျောကပ်အပန်းဖြေရင်း ကျွန်တော်က ရှမ်းဖက်လိပ်တိုကိုမီးတို့ဖွာရှိုက်ရင်းနားနေလိုက်သည်၊

တင်ထွန်းက မျောက်ချောပင်ထက်ကိုတက်ပြီး "မျောက်ချောသားကိုင်းတံ" ကို တက်ခုတ်ဖြတ်နေသည်မို့ စောင့်စားနေခြင်းပင်၊

66 သုတ်ကိုင်းတစ်ခုအဖြစ် ရောက်ရှိလာသောအခါ ကိုင်းများတွင် ဆွဲချည်ထားသော စတီးပျော့ကြိုး၏ ကွင်းလျှောကို သားကောင်စိုင်ကြီး မရိုပ်မိစေရန် မြေပြင်တွင် ပိုင်းထားလိုက်ပြီး မြေသားမှုန့် သစ်ရွက်ခြောက်တို့ဖြင့် ဖုံးအုပ်ကာ ကြွေကျထားသည့် သဖန်းသီးမှည့်၊ ဖန်ခါးသီးတို့ဖြင့် ကျဲဖြူးထားလိုက်သည်၊



BURMESE CLASSIC



တင်ထွန်းက "တင်ကြည်မ" ခုတ်ပေးသည့် မျောက်ချောသားကိုင်းတံလုံးပတ်က အရင်းပေါင်လုံးခန့်၊ အရှည်ကအတောင်(၂၀)သာသာ၊အဖျားသွယ်ပြီးသတ်မောင်းရင်း အလုံးထက် မငယ်စေအောင်ပေါတက်ကြည့်ပြီးစိတ်တိုင်းကျတွေ့တော့မှ ခုတ်နိုင်းရသည့်မို့စောင့်စားရင်း ဆေးပေါ့လိပ်ကို ရှိုက်ဖွာနေသလိုသူကလည်းကြိမ်နွယ်ကြိုးကိုနီးဖြာနေသည်၊အတန်ကြာတော့မြေပြင်ထက်ဆီသူလာသောမျောက်ချောကိုင်းကိုသေးသွတ်အတက်တွေကို ဓားနှင့် ဖြတ်တောက်လိုက်ပြီး -

"ကဲ - ညီမ - ငါ့ကိစ္စတော့ ပြီးပြီ၊ ကျန်တာ နင့်အပိုင်းပဲ၊ လိုအပ်တာကိုပြော၊ ငါတို့ ဝိုင်းလုပ်ကြမယ်"

ကျွန်တော်တို့(၃)ဦးသား တင်ထွန်းခုတ်ဖြတ်ချပေးလိုက်သော ကိုင်းတံကိုတွေ့ခဲ့ကြပြီး ကိုင်းတံအရင်းပိုင်းကိုဖန်ခါးပင်ရင်း ကပ်လိုက်ပြီး အဖျားပိုင်းအနီးရှိသဖန်းပင်လူတစ်ရပ်နီးပါး ခွဆုံပိုင်းတင်၍မှေးကပ်ထားလိုက်ပြီး ကြိမ်နွယ်ကြိုးတို့ဖြင့် မရွေ့လျား ပြုတ်ထွက်မသွားအောင် အထက်အောက်တွင် အခိုင်အမာ တုပ်နှောင်လိုက်သောအခါ မျောက်ချောသားကိုင်းတံမှာ (၃၅)ဒီဂရီလောက် တိမ်းစောင်းနေသည်ကို တွေ့လိုက်ရသည်၊

စိတ်ချရသောအဆင့်ကို ရောက်တော့ သဖန်းပင်ခွဆုံအကြား မျောက်ချောသားကိုင်းတံအဖျားတွင် သယ်ဆောင်လာသည့် ခြောက်မူးလုံးသံမဏိစတီးပျော့ကြိုးတစ်ဖက်စတို ပြုတ်ထွက်မသွားစေရန် အခေသအချာ နိုင်မာစွာချည်နှောင်လိုက်ကြပြီး မျောက်ချောသားအဖျားပိုင်းကို ကုတ်တို့ဖြင့် ခဲရာခဲဆစ် (၃)ဦးသား မြေပြင်ကို ကွေးညွှတ်လိုက်ကြပြီး မြေပြင်တွင် သုတ်အားကောင်းသော သုတ်ကိုင်းတစ်ခုအဖြစ် ရောက်ရှိလာသောအခါ ကိုင်းများတွင် ဆွဲချည်ထားသော စတီးပျော့ကြိုး၏ ကွင်းလျှောကို သားကောင်စိုင်ကြီးမရိပ်မိစေရန် မြေပြင်တွင် ပိုင်းထားလိုက်ပြီး မြေသားမှုန့် သစ်ရွက်ခြောက်တို့ဖြင့် ဖုံးအုပ်ကာ ကြွေကျထားသည့် သဖန်းသီးမှည့်၊ ဖန်ခါးသီးတို့ဖြင့် ကျဲဖြူးထားလိုက်သည်၊

ဆက်လက်ပြီး စိုင်ကြီး ဝင်လာနိုင်သည့်အခြားသောနေရာတို့တွင်လည်း ထောင်ချောက်တွေကို ထောင်ထားလိုက်ရာ ညနေစောင်းတော့ ပြန်လာခဲ့ကြပေသည်၊

www.burmeseclassic.com

www.burmeseclassic.com



အိပ်တန်းပြန် ကျေးငှက်တို့ရဲ့အော်မြည်သံများ၊ တောကြက်ဖတွန်သံ၊ ချေ ဟောက်သံ၊ ဆတ်တစ်သံ၊ မျောက်အုပ်အော်သံတို့ကို ကြားနေရသည်။ သုံးဦးသား မားများကိုယ်စီကိုင်လျက် အရေးကြုံပါက အသင့်ကာကွယ်နိုင်အောင် ကိုင်ဆောင်ကြရင်း တောလမ်းအတိုင်း ခပ်သုတ်သုတ် ပြန်ခဲ့ကြပေသည်။ တစ်လလုံး တစ်ဦးနှင့်တစ်ဦး စကားပင်မပြောနိုင်ကြ။ မျက်စိလျှင်လျှင် နားပါးပါး ထားတော အရောက်ပြန်ခဲ့ကြပေသည်။

ဝင်ဝန်းလာကြ၍လားတော့ဖြင့်မသိ၊ ညနေစာ စားသောက်လိုက်ကြပြီး အိပ်ရာထက် ခေါင်းချလိုက်သည်နှင့် အိပ်ပျော်ခြင်းက ကပ်ပါသွားပေသည်။ နံနက်လင်းတော့ တင်ကြည်မတစ်ယောက် ကျောပိုးအိတ်အပြင် လုံ(၂)ချောင်း(လုံတို၊ လုံရှည်)ယူလာသည်ကို တွေ့လိုက်ရပေသည်။ သို့အတွက် ကျွန်တော်က လိုရမည်ရ သက်တော်စောင့် ပစ္စတိုလေး(နိုင်းအမ်အမ်)ကို ချိုင်းကြားသေနတ်အိတ်အတွင်း ထည့်ခဲ့ပြီး တင်ထွန်းက ဖူးလေးကိုင်ကာ (၃)ဦးသား ရွာကို ကျော်ခဲ့ကြပေသည်။

ရွာမှအထွက် ကျွန်တော်တို့ (၃)ဦးသား လှူလျှောက်လမ်းအတိုင်း လျှောက်လှမ်းခဲ့ကြရာ လေတစ်ချက် သုတ်လိုက်မှုကြောင့် စိမ့်ခနဲ အေးမြသွားသည်။ တောပန်းတောင်ပန်းရနံ့တို့သည် မွှင်ညှိညို့တောင်တန်းကြီးဘက်ဆီမှ တိုက်ခတ်သည့်လေပြည်၏ သယ်ဆောင်လာမှုကြောင့် မွှေးပျံ့သင်းကြိုင်သောရနံ့တို့ကိုလည်း ရနေသည်။ သုံးဦးသား တောတောင်၏နံနက်ခင်းအလှအပတို့အပေါ် ကြည်နူးခံစားမနေနိုင်၊ မရပ်မနားလိုရာဆီသို့ လျှောက်လှမ်းခဲ့ကြသည်။

တဖြည်းဖြည်း နေခြည်ထွေးထွေးက ရိုးမကြီးရင်ခွင်အတွင်း စူးရှူးရဲရဲ ဖြာဆင်းလာသော်လည်း သစ်ပင်ကြီးတို့ထက် သစ်ရွက်တို့အကြိုအကြား တွဲခိုနေသော နှင်းစက်တို့ကို အနိုင်ယူလို့မရကြသေး။ မြေပြင်ကို အပြိုင်လုဆင်းနေကြတုံး။

လှူသွားလမ်းအဆုံး လိုရာဆီဦးတည်နေသည့် လမ်းချိုးတစ်ခုဆီအရောက် လမ်းလယ်ကောင်တွင် ကန့်လန့်ဖြတ် အိပ်ပျော်နေသော ချေဖိုတစ်ကောင်က ဝုန်းခနဲ ထရပ်လျက် အိပ်ချင်မူးတူးဖြင့် ခပ်ကြောင်ကြောင်စိုက်ကြည့်နေရင်း ပါးစပ်ကလဲ တဝေါက်ဝေါက်ဟောက်တာ ကျိန်းဆဲပြီး အရှေ့ဘက်တောနက်ကြီးအတွင်း ပြေးဝင်တော့သည်အလှုပ် -

"ဝုစ်"

"စွပ်"

တင်ကြည်မကိုင်ဆောင်ထားသည့် လုံနှစ်ချောင်းအနက် လုံတိုကလေးကို ဆွဲပြီး ချေဖို၏နလုံးသားရှိရာဆီ စိုက်ဝင်သွားပြီး မြေပြင်ကို ဖူးညွှတ်လျက် ဘေးတိုက်လဲကျပြီး လူးလိမ့်နေရင်း အသက်ပျောက်ကာ ငြိမ်သက်သွားသည်ကို အံ့သြဖွယ် တွေ့မြင်လိုက်ရပေတော့သည်။ ကျွန်တော်ကိုယ်တိုင်ပင် -

"သမီးအစွမ်းကို ဒီလောက်ထင်မထားဘူးကွယ်။ ခုတော့ - အဘ မျက်မြင်ပါပဲ၊ သူတို့ယုံအောင် ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး"

"ကျွန်မတို့ သုတ်ကိုင်းထောင်ထားတဲ့ နေရာနဲ့ နီးနေပြီ၊ လေတင်လေအောက် ကြည့်လိုက်ကြရအောင်နော်"

ကျွန်တော်က သူမစကားကြောင့် အိတ်တပ်အတွင်းမှ ရှမ်းဖက်လိပ်တိုကို ထုတ်၊ မီးညှိဖွာရှိုက်လိုက်ပြီး မီးခိုးတွေကို တောင်းကင်ထက် မှုတ်ထုတ်လိုက်သည်။ မီးခိုးငွေ့တွေက ကျွန်တော်တို့ သွားကြမည့်ဘက်ဆီသို့ လေနှင့်အတူ ရွေ့လျားသွားနေကြသည်ကို မြင်လိုက်ကြရသည့်အတွက် ချေဖိုကို သစ်ပင်ခွကြား ချိတ်လိုက်ရင်း -

"ကျွန်မတို့ လေအထက်က ဖြစ်နေကြတယ်။ ချောင်းဘက်ဆင်းသွားမှ လွတ်မယ်၊ လာ၊ သွားလိုက်ကြရအောင်"

ကျွန်တော်တို့(၃)ဦးသား "မတူရာချောင်း" ကမ်းခြေဘက်ကို ဆင်းလိုက်ကြသည်။ ချောင်းရိုးအတိုင်း လိုက်ကြရင်း မနေ့က သုတ်ကိုင်းနှင့် သံညှပ်များ ထောင်ထားရာဆီသို့ ချုံနွယ်တောအတွင်း တိုးကပ်လိုက်ချိန် -

"ရှေ့ကြည့် - ရှေ့ကြည့်"

ကညင်ဝင်ထိပ်ဖျားထက်ဆီမှ "ပြည့်ကျိုးငှက်" ငယ်တစ်ကောင်၏ အော်သံကို ကြားလိုက်ရသည်။ တောတောင်များအတွင်း ယခုကဲ့သို့ လူတွေစကားပြောသည့်အသံမျိုးနှင့် အော်ဟစ်မြည်ကြွေးတေးသီတတ်ကြသည့် တေးငှက်သံတွေက အများသား။ သို့သော် ယခုလိုအချိန်ကိုရောက်မှ "ပြည့်ကျိုးငှက်" ကလေးအော်သံက လူတွေစကားပြောသလိုမျိုးနှင့် ကျွန်တော်တို့ကိုလှမ်းသတိပေးနေသည့် အသံ ဘယ်သဘောကို ဆောင်နေသည်တော့ဖြင့် မသိ၊ သုံးဦးသား ချုံနွယ်တောကြီးဆီ

www.burmeseclassic.com



ခြတ်တိုးရင်း သုတ်ကိုင်းတောင်ထားရာ သစ်ပင်ကြီးရှိရာဆီကို ချိန်ရွယ်တော့ အကာအကွယ်ယူပြီး လှမ်းကြည့်လိုက်ကြရာ -

"ဝေါ - ဖျော - ဝုန်း"

တစ်နည်းနည်းဖြင့် ကျွန်တော်တို့ လှုပ်ရှားမှုကို ရိပ်မိသွားသည့် သုတ်ကိုင်းမိ သားတောင်ကြီး၏ ရှန်းတန်လှုပ်ရှားလိုက်သည့်အသံကြီးကြောင့်ညနဲ့ပင်ကြီး ထက်အသီးမှည့်တွေကိုစားသောက်နေကြသည့် "ဘွန်ကလုံငှက်အုပ်၊ ဘွတ်ချွဲငှက်အုပ်၊ ငှက်ဝါအုပ်နှင့် ငှက်ပြာအုပ်" တို့အပြင် တောကြက်ဖအသံတို့က ညံအောင်ပေးပြီး တထိတ်တလန့် ပျံသန်းပြေးထွက်သွားကြသည်။

ရှေ့မှ ချိန်ရွယ်တောကို အကာအကွယ်ယူထားသည့် "တင်ကြည်မ" က သူမကိုယ်တိုင် ချိန်ရွယ်တောတစ်ခုဆီ တိုးတာပ်ဝင်ရောက်မည်။ လိုအပ်ပါက အကူအညီပေးရန်အထာပြလျက်လုံနှစ်ချောင်းကို ကိုင်ပြီး သုတ်ကိုင်းမိ စိုင်ကြီးနောက်ဘက် ချုံတောကြီးအတွင်းကုန်းတွတွနင့်သွားနေသည်ကိုတွေ့မြင်လိုက်ရသည်။

တင်ကြည်မ လှုပ်ရှားမှုကို စောင့်ကြည့်နေသည့် ကျွန်တော်နှင့် မောင်တင်ထွန်းတို့နှစ်ဦး ချုံပင်တွေကို အတောအကွယ်ယူရင်း သူနှားကို တိုးကပ်ကာလေသံနှင့် -

"ကလေးမ လှုပ်ရှားမှုကို မြင်နိုင်မယ့် ရှေ့ကို တိုးလိုက်ကြရအောင်"

သူကလည်းသဘောပေါက်သည်မို့ ထိုင်နေရာက ကုန်းကွကွဖြင့် စိုင်ကြီးနှင့် တင်ကြည်မတို့ လှုပ်ရှားမှုကို မြင်နိုင်လောက်သည့် နေရာဆီသို့ တဖြည်းဖြည်း တိုးကပ်ကာ "မုဆိုးလက်ဆုပ်ပင်ကြီး" ထက်ကို မှီတွယ်တက်နေသည့် "ဒိုးနွယ်ပင်ကြီး" မှ အောက်ကိုဖြာကျနေသည့် အရွက်တွေအကြား အရှုပ်တောအတွင်း အသာတိုးဝင်လိုက်ကြရင်း ရှေ့မြင်ကွင်းဆီ လှမ်းကြည့်နေလိုက်ကြပေသည်။

စိုင်ကြီးမှာ ညာဘက်လက်မောင်းရင်းတွင် ခြောက်မှူးလုံးသံမဏိစတီးပျော့ကြီးကွင်းလျှောက ညာဘက်လက်မောင်းတွင်ရောက်နေပြီးကိုင်းတံအဖျားက အပေါ်ကိုဆွဲတင်ထားသည့်အတွက် တင်းကြပ်နေ၍ ရှန်းကန်ထားသည့်အတွက် အရေခွံအတွင်း နစ်ဝင်ကာ သွေးများ ဒလဟော စီးကျနေသည့်အတွက် မြေပြင်တွင် မြင်မကောင်း၊ သွေးညှီနံ့တို့နှင့်အတိ၊ မကြာမီအချိန် တွင် လှန့်ရသွားသည့်အတွက် သူ၏ အသက်ကိုပေးဆပ်ရတော့မှာသိရှိထားသဖြင့် ရှန်းကန်အော်ဟစ် လှုပ်ရှားနေသော်လည်း ညာဘက်လက်မောင်းရင်းတွင်မိခံထားရသည့်စတီးပျော့ကြိုးကွင်းလျှောက ပြုတ်ထွက်မသွားဘဲ မျောက်ရှောသားကိုင်းတံအဖျားဖက် နိမ့်တုံမြင့်တုံ ညွတ်ပုံ့ညွတ်ပုံ့ဖြစ်ကာ အောက်ကို နိမ့်ကွေးလာလိုက်၊ အထက်ကိုပြန်ဆန့်ထန်းသွားလိုက်ဖြစ်လျက် နာနာကြည်းကြည်း အော်ဟစ်သံကြီးမှာ ဝန်းကျင်တစ်ပိုက် ဆူညံနေပေတော့သည်။

ထိုအချိန် စိုင်ကြီးမှာ ကျွန်တော်တို့နှစ်ဦးကိုမြင်တွေ့သွားသဖြင့်ရဲရဲတောက် မျက်လုံးအစုံနှင့်လှမ်းကြည့်နေစဉ်လက်တစ်ဖက်စီတွင် လှံတစ်ချောင်းစီ ဆုပ်ကိုင်လျက် သားတောင်နောက် အရှုပ်တောကြီးအတွင်းက အလစ်အငိုက်ကို စောင့်စားနေသည့် "တင်ကြည်မ" က သားတောင်ကြီးနောက်ကျောမှ ဘယ်ဘက်လက်ပြင်နလုံးသားရှိရာဆီသို့ညာဘက်တွင် ကိုင်ဆောင်ထားသည့် (ပစ်လှံ)ဖြင့် ပြေးဝင်ထိုးစိုက်ပစ်လိုက်သည်ကို တွေ့မြင်လိုက်ရသည်။

ထိုအချိန်တွင်စိုင်ကြီးမှာကျွန်တော်တို့နှစ်ဦးကို မြင်တွေ့သွားသဖြင့် ရဲရဲ



တောက် မျက်လုံးအစုံနှင့် လှမ်းကြည့်နေစဉ် လက်တစ်ဖက်စီတွင် လှံတစ်ချောင်းစီ ဆုပ်ကိုင်လျက် သားတောင်နောက် အရှုပ်တောကြီးအတွင်း အလစ်အငိုက်ကို စောင့်စားနေသည့် "တင်ကြည်မ" က သားတောင်ကြီးနောက်ကျောမှ ဘယ်ဘက်လက်ပြင်နလုံးသားရှိရာဆီသို့ညာဘက်တွင်ကိုင်ဆောင်ထားသည့် (ပစ်လှံ)ဖြင့် ပြေးဝင်ထိုးစိုက်ပစ်လိုက်သည်ကိုတွေ့မြင်လိုက်ရသည်။

စိုင်ဆိုသည့်အကောင်က အိမ်မွေးနွားနှင့် အလားသဏ္ဌာန်တူသော်လည်း အကောင်ကပိုကြီးပြီးနွားနွားမလောက်ပင်။ ဦးချိုက ပြောင်ချိုကဲ့သို့ပင်။ အသွေးအရောင်ကညိုတိုတို၊ ကတ္တီပါသားရောင်ပြောင်ချောနေသည်။ ဝမ်းဗိုက်အောက်ခြေနှင့် လက်တို့မှာ အဖြူရောင်၊ ဦးချိုက ကွေ့ဝိုက်ညွှတ်ကားပြီး ပြောင်လက်ချောမွတ်ကာ အဖြူရောင်ဘက်ကို အားသာသည်။ အိမ်မွေးနွားနှင့်တူသော်လည်း အသေအချာကြည့်က ကွဲပြားသည်။ နွားပြောင်လို (ဘို့)မပါ၊ လည်ပင်းအိုးအားလည်း တုတ်ခိုင်ကြီးမားသည့်အပြင် ချပ်မိုးက ပြားပြားထောင်ထောင်၊ နဖူးမှ နှာ ယောင်ထိ အသားပြီး အလုံးအဖောက်

www.burmeseclassic.com

www.burmeseclassic.com



ကြီး ရှိနေသည် (စိုင်မချိုက ဆိတ်ချိုလို ခပ်လိမ်လိမ်အရစ်များနှင့်ခေါင်းကိုကား ထွက်သည်၊ အပေါ်ကို ပြန်ကွေးပြီး တစ်ဖန် ရှေ့ကို ညွတ်ထွက်သည်) ဦးချိုအရင်းက ကြီးမားပြီး တဖြည်းဖြည်း သွယ်လျက် ရှေ့ကို ချွန်ထွက်ကာ အဖျားနှစ်ဖက်အကွာအဝေးက တစ်ပေနီးပါးခန့်ဝင်း

စိုင်ကြီးနောက်ဘယ်ဘက်မှ လျှပ်တစ်ပြက် ထွက်လာပြီး ညာလက်တွင် ကိုင်ထားသည့် (ဖစ်လုံ)ဖြင့် ခေါင်းကို ဖစ်ရိုက်လိုက်သည့်အတွက် ထိုလုပ်ရပ်ကိုလုပ်ခဲ့သူမှာ မိုးလေးတင်ကြည်မတို့လည်း တအံ့တဩ ဖြစ်သွားမိသည်၊ အဘယ်ကြောင့်ဆိုသော် ပြောင်နှင့် စိုင်ဆိုသည့်အကောင်မျိုးတ ယခုလို တစ်ကောင်ချင်း တွေ့ရခဲသည်၊ သူ့အုပ်နှင့်သူ စားစားသွားသွား လုပ်ကြသည့် အကောင်မျိုးပင်၊

ယခုတောအုပ်မှခွဲကာ တစ်ကောင်ထဲ တွေ့တတ်ကြသည့်အကောင်မျိုးက ထီးကောင်လို အကောင်မျိုး (သင်းကွဲ) ဆိုသည့်အကောင်မျိုးဖြစ်ပေသည်၊

စိုင်ဆိုသည့် အကောင်မျိုးက သဘာဝအရ အုပ်နှင့်ရောက်ကာ စားစား သွားသွား နေထိုင်ကျက်စားကြသည့် အကောင်မျိုး၊ ထိုအုပ်ကို ထိန်းကျောင်းသူက အုပ်တွင်းရှိ အားကောင်းမောင်းသန် စိုင်ထီးကြီးတစ်ကောင်က ဖြစ်သည်၊

သဘာဝအရ အုပ်နှင့် နေထိုင်သွားလာစားသောက်ကြသည့်ထိုအုပ်ကြီးကို အထီးကောင်ကြီးတစ်ကောင်ကသာ ဦးဆောင်ထိန်းသိမ်းသည်၊ အုပ်အတွင်း ပါသည့် အခြားသောအကောင်တွေက အမများနှင့်သူနှင့်ရသည့်သားသမီးများ ဖြစ်ကြသည်၊

သဘာဝအရ ထိုကဲ့သို့ အထီးကောင်ကြီး အုပ်ထိန်းကွပ်ကဲစောင့်ရှောက်မှုနှင့်သွားလာလှုပ်ရှားနေကြရင်း ကာလကြာညောင်းလာသည့်အခါ အုပ်ကို ထိန်းသည့် အထီးကောင်ကြီးတလည်းအိုမင်းရင့်ရော်လာသလိုစိုင်မတမွေးသော သူ့သားငယ်များကလည်း အားတောင်းမောင်းသန် အရွယ်ကို ရောက်လာကြပြီး ဖခင်ဖြစ်သူ အဘိုးကြီးနှင့် ဦးချိုခွေးရင်း အားစမ်းလာကြသည်၊

ဖခင်အဘိုးကြီးမှာ နောက်တတ် အားကောင်းမောင်းသန်ဖြစ်သည့် သားဖြစ်သူနှင့် အားစမ်းဝေ့စတ်ရာတွင် ယှဉ်ပြိုင်လို့ မနိုင်တော့သည့်အတွက် အုပ်



အမြင်ကို ရှောင်ပြေးကြရသည်မှစပြီး အုပ်အတွင်းကိုပြန်အဝင်မခံတော့သည့်အတွက် သင်းကွဲအဆင့်ကိုရောက်သွားကြပေတော့သည်၊

အုပ်အတွင်း ပြန်ကပ်လျှင်လည်း သူ့ကို မောင်းထုတ်လိုက်သည့်သားက ပြန်အကပ်မခံ၊ သူ၏မယားပေါ်သီတွေကလည်း သူလို အဘိုးကြီးနားကို မကပ်၊ နောက်တက် အားကောင်းမောင်းသန် အကောင်လေးနားက မခွာမို့ ပြန်တွေးလိုက်ရင်း ဒေါသအမျက် ချောင်းချောင်းထွက်ကာ ဝန်းကျင်ကို မြင်မြင်သမျှကို ချိုရှာ၊ ရန်လိုပေတော့သည်၊ အုပ်တွင်းတို့လည်း ပြန်ကပ်လို့မရတော့သဖြင့် သားမယား သားသမီးသံယောဇဉ်ကြောင့် ခွာမသွားဘဲ အုပ်နောက်က လိုက်နေပေတော့သည်၊ စိတ်တွင်းက အော့အလိုလိုဒေါသထွက်ပြီးရန်လိုနေကြသည်၊

အုပ်တွင်းကို ပြန်ကပ်လို့မရတော့သည့် အတွက် သံယောဇဉ်ကြောင့် နောက်က လိုက်နေတတ်သည်၊ ထိုကဲ့သို့ (အထီး)ကောင်ကြီးတစ်ကောင်တည်းမျိုးကို တွေ့ခဲ့ဖူးဖူးသည်၊

ယခု ကျွန်တော်တို့ (၃)ဦး ထောင်ခဲ့သည့် သုတ်ကိုင်းတွင် မိထားသည့် အကောင်ကြီးကလည်း ကျွန်တော်တင်ပြခဲ့သည့် (ထီးတောင်း)ကြီးဖြစ်သည်က မလွဲတောန်ပင်၊

ထိုအချိန် တင်ကြည်မ ပစ်လုံထိုးစိုက်ကာ ခေါင်းကို ထိသွားသည့်စိုင်ကြီးက မြေပြင်ဆီ ခေါင်းတိုက်လဲကျကာ လူးလိမ့်ရင်း နာနာကြည်းကြည်း လူးလိမ့်အော်ဟစ်နေစဉ် ဖန်ခါးပင်ကို ကွယ်ကာ နေရာယူထားသည့် တင်ကြည်မက ရှေ့ဘက်ရှိ သဖန်းပင်စည်လုံးကို လှစ်ခနဲ ပြေးထွက်အကာအကွယ်ယူလိုက်သည်ကို တွေ့လိုက်ရပေသည်၊

ထိုအချိန် ကျွန်တော်ကလည်း အရေးပေါ်ပြီကို သိရှိလိုက်သည့်အတွက် ချိုင်းကြားအတွင်း သူ့တို့မသိအောင် ဝှက်ယူလာခဲ့သည်၊ သက်စောင့်ပစ္စတို (နိုင်းအမ်အမ်) ဆွဲထုတ်မောင်းတင် လိုက်ပေသည်၊ ထိုအချိန် သားကောင်ကြီး သေငယ်ဇောနှင့် လှုပ်ရှားလိုက်မှုကြောင့် မျောက်ချောသားကိုင်းတံကြီးနှင့်သဖန်းပင်ခွဆုံပိုင်းထိတွေ့မှတ်တိုက်သံကို ပြင်းထန်စွာ ကြားနေရပေသည်၊

မောင်တင်ထွန်းက ထိုအဖြစ်အပျက်ကို ငုငုငိုင်ငိုင်နှင့် [illegible] ငေးမောကာ စိုတ်ကြည့်[illegible] သဖန်းပင်အနီးကပ်ကာ [illegible]

www.burmeseclassic.com



ကြည့်နေသည့် "တင်ကြည်မ" က လက်တွင်းရှိ (အောင်းလုံ)ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရင်း မြေပြင်က တုံးသတာ နောက်ဆုံးပိတ် သူ့ဖမ်းရန်သူ ဘယ်သူဖြစ်သည်ကို သိလိုက်ရသည့် အသိကြောင့် ပြေးဝင်ကာ ပင့်ကော်လိုက်စဉ် -

"ဦး-ဝှစ်"

"စွပ်"

"ဈောင်း-ဝရော"

သဘာဝအတိုင်း နွားများကဲ့သို့ ပင့်တော်ဝှေ့ခတ်တတ်သည့်အကောင်မျိုး တောတ်ဝဲ ပြေးဝှေ့ပြီး အပေါ်ကိုကော်တင်တတ်သည့်အကောင်မျိုး ဆိုသည်ကို သိရှိထားသော "တင်ကြည်မက" အောင်းလုံနှင့် အသာပင့်ထောက်ပေးလိုက်ပြီး လွတ်ရာဆီသို့ ကျွမ်းထိုးရှောင်ထွက်သွားလိုက်ချိန်၊ မျောက်ချောသားကိုင်းတံအဖျားက နောက်ကို တုံ့ပြန်ဆွဲလိုက်သည့်အရှိန်ကြောင့် သေကွင်းကို လုံနစ်ချောင်း စိုက်ဝင်လျက် အသက်ပျောက်သွားသည့် စိုင်ကြီးအဖြစ်ကို ကျွန်တော်တို့နှစ်ဦးသား မျက်စိရှေ့တွင် ပီပီပြင်ပြင် မြင်တွေ့လိုက်ကြရပေတော့သည်။

ကျွန်တော်က လက်တွင်းကိုင်ထားသည့် သက်စောင့်သေနတ်ကလေးကို အသုံးချရန် မလိုအပ်တော့သည့်အတွက် ချိုင်းကြား သေနတ်အိတ်အတွင်း ပြန်သွင်းလိုက်ချိန် မုဆိုးမလေး တင်ကြည်မက စိုင်ကြီးကိုယ်တွင် စိုက်ဝင်နေသည့်လုံတွေကိုဆွဲနုတ်ကာသွေးတွေကို တောင်စွန်းဖက်ဖြင့် သုတ်ပြီး ဖယ်ရှားနေသည်ကို တွေ့လိုက်ရပေသည်။

တင်ကြည်မ ဆိုသည့် မိန်းမမုဆိုးမလေးတစ်ယောက် အမှတ်မထင် သူမနှင့် ဆုံစည်းခဲ့ရပြီး ပိသဘာချိန် (လေးရာနီးပါး စိုင်ကြီး)ကို သုတ်ကိုင်းထောင်စခန်းသိမ်းခဲ့ပုံကိုကိုယ်တွေ့မြင်ခဲ့ရသည့် ကျွန်တော့်အတွက် ရုပ်ရှင်ပိတ်ကားထက်တွင်ကြည့်မြင်ခဲ့ရသလိုမျိုးမျက်ဝါးထင်ထင်မို့ မေ့ပျောက်နိုင်တော့မည်မဟုတ်သဖြင့် ရင်ထဲက အမြင်ကို ဝတ္ထုကလေးဖြင့် မှတ်တမ်းတင်ထားလိုက်မိပေတော့သည်။

လေးမောင်




www.burmeseclassic.com

www.burmeseclassic.com



**ချစ်လုံး** ရင်ထဲတွင်ကပ်ငြိနေဆဲ ဖြစ်သည့်ဝေဒနာ၊ ဒါကြောင့်လည်း မချိုသိပ်နိုင်သည့်ဖေဖြင့် သွက်လက်သည့် ခြေလှမ်းအစုံက လှမ်းနေမိခြင်းဖြစ်သည်၊ သို့တိုင် သည်နေရာ သည်ဒေသတ ချစ်လုံးနှင့် အကျွမ်းတဝင်မဟုတ်ခဲ့၊

အကျွမ်းတဝင် မဟုတ်လင့်ကစား ချစ်လုံး နှလုံးသားကို စေခိုင်းနေသည့် အသိစိတ်က ဖုံးလွှမ်းနေဆဲဖြစ်သည်၊

ကြည့်လေ၊ ဝတ်ဝန်းကျင်တစ်ခုလုံးက ပိန်းပိတ်မှုမှောင်နေသည်၊ ညဥ့်အမှောင် ချစ်လုံးစိတ်အလျဉ်ဆီမှ ထွက်ပေါ်လာသည့်ဖေဒွေးများ၊

ချစ်လုံး ရှေ့တူရူရှိရာအရပ်သို့ လှမ်းမျှော်ကြည့်လိုက်မိသည်၊ ပိန်းပိတ်မှောင်နေသည့် ညဥ့်အမှောင်ထုနှင့်အတူ တဖြည်းဖြည်း တိုက်ခတ်နေသည့် လေပြင်း၊ သာမန်အချိန်များဆိုလျှင် ချစ်လုံး ညဥ့်အမှောင်ထုကို ကြောက်တတ်သူဖြစ်သည်၊

ယခုတော့စိတ်မနောတွင်ထင်ဟပ်လာသည့်ဖေကြောင့် ချစ်လုံး ကြောက်

**လူသူဝေးသည့် ရွာပျက်ထဲရှိ**
**ဘုရားတစ်ဆူရှိရာသို့ ရောက်ရှိသွားသည့်**
**လူတစ်ယောက်အကြောင်း ..**

ထုတမ္ဘာ၊ ချစ်လုံး ညဥ့်အမှောင်ထု အတွင်းချဉ်းနင်းတိုးဝင်ခဲ့မိသည်က နာရီဝင် မည်မျှကြာလင့်ခဲ့မိသည်မသိ၊

ချစ်လုံးခန္ဓာကိုယ် လေအဝှေ့တွင် ချမ်းစိမ့်စိမ့်ဖြစ်သွားမိသည်၊ သည်တော့မှ ချစ်လုံး မိမိခန္ဓာကိုယ်ကို သတိပြုလိုက်မိသည်၊ ချစ်လုံး ဝတ်ဆင်ထားသည့် အင်္ကျီအောက်မှ ထိုးဖောက်ထွက်လာသည့် ချွေးစများ၊ ထိုချွေးစများထက် ရွံ့ခဲ့သည်၊ ညဥ့်အမှောင်ထုထဲသို့ တစ်ယောက်တည်း စွန့်စားပြီး လာခဲ့မိခြင်းဖြစ်သည်၊ ချစ်လုံး ပတ်ဝန်းကျင်အနှံ့သို့ အကဲခတ်ကြည့်လိုက်မိသည်၊ ချုံနွယ်ချုံတန်းများနှင့်အတူ သစ်ပင်ကြီးငယ်များ အုပ်မိုးနေသည့်နေရာ၊

ချစ်လုံးလက်ထဲတွင်အသင့်ပါလာသည့် လက်နှိပ်ဓာတ်မီးဖြင့် အနှံ့ထိုး ကြည့်လိုက်သည်၊ ဘယ်နေရာကြည့်



ကြည့်၊ တိတ်ဆိတ်ငြိမ်သက်မှုနှင့်အတူ ချက်တရက် တိုးဝင်လာသည့် လေပြင်းကြောင့် သစ်ပင်များ၊ လှုပ်ရှားသံက ဖုံးလွှမ်းသွားသည်၊ ချစ်လုံး ခေါင်းနားပန်း အလိုလိုကြီးသွားမိသည်၊

ချစ်လုံး လွယ်အိတ်ထဲမှ ထည့်ယူလာသည့် အရက်ပုလင်းကို သတိရပြီး မော့သောက်လိုက်သည်၊ သည်တော့မှ ချစ်လုံးကို ဖိစီးနေသည့် ကြောက်ရွံ့စိတ် ပြေသွားသလို ခန္ဓာကိုယ်က ပူနွေးသွားသည်၊ ချစ်လုံး လွယ်အိတ်ထဲသို့ စမ်းကြည့်မိရင်း အလိုလို ပြုံးသွားမိသည်၊ ချစ်လုံး မပြုံးလို့မဖြစ်၊

ချစ်လုံးအဖြစ်က လူသိခံလို့မရ၊ ဒါကြောင့်လည်းချစ်လုံးတစ်ကိုယ်တည်း ကြိတ်ကြံစည်ခဲ့ခြင်းဖြစ်သည်၊ ချစ်လုံး ခန္ဓာကိုယ်ဆီမှ ယမကာအရှိန်ကြောင့် ပူနွေးမှုနှင့်အတူ အဆင်ပြေခဲ့လျှင်ဟု သောမျှော်လင့်ချက်များက ဖုံးလွှမ်းလာ ပြန်သည်၊ ချစ်လုံး အရာရာကို မမှုတော့၊ မမှုဆို၊ ချစ်လုံး တွေ့ကြုံခဲ့ရသည့် အဖြစ်က အံ့ဩမကုန်နိုင်ဖွယ်ရာမဟုတ်ပါလား၊

ကြည့်လေ၊ ချစ်လုံးမျက်တွေ့လက်တွေ့ တွေ့မြင်ခဲ့သည့်အရာက ရွာပျက်ကုန်း၊ သည်ရွာပျက်ကုန်းထဲသို့ ချစ်လုံး ထူးထူးဆန်းဆန်း ရောက်ခဲ့မိသည်က အံ့ဩစရာဖြစ်ခဲ့သည်၊ အမှန်တော့ ချစ်လုံးဘဝအခြေအနေက ရွာပျက်ကုန်းနှင့် လားလားမှမဆိုင်ခဲ့၊

တတယ်ဆို ချစ်လုံးက တစိမ်းရွာသား၊ သည်ရွာပျက်ကုန်းနှင့် အနီးဆုံးတည်ရှိနေသည့်ရွာက ရွာသစ်ကုန်း၊ ရွာသစ်ကုန်းတွင် ချစ်လုံးဘကြီးရှိသည်၊ ဘကြီးရှိရာ ရွာသစ်ကုန်းသို့ ချစ်လုံးလာရင်း ရွာပျက်ကုန်းထဲသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်၊ ချစ်လုံး ရွာပျက်ကုန်းထဲသို့ ရောက်ရှိခဲ့သည်ကို ပြန်သတိရမိသွားသည်၊

ရွာပျက်ကုန်းဆိုသည့် အတိုင်း သစ်ပင်ကြီးငယ်များ၊ ချုံနွယ်ချုံတန်းများက တိုးမပေါက်အောင် တည်ရှိနေသည်၊ ချစ်လုံး ရွာပျက်ကုန်းထဲသို့ တိုးဝင်သွားရင်း မမျှော်လင့်ဘဲ တွေ့လိုက်ရသည့် အရာ၊ ချစ်လုံး ကြည့်ရင်း အံ့အားသင့်သွားမိသည်၊ ချုံနွယ်အောက်ရှိ အုတ်ကျိုးအုတ်ပဲ့များတွင် မမျှော်လင့်ဘဲ တွေ့လိုက်ရသည့် ထူးဆန်းသည့်အရာ၊

"ဟင် - စေတီပျက်လေး တစ်ဆူပါလား"

ချစ်လုံးစေတီပျက်လေးကိုလှမ်းမြင်ပြီးပေါက်နေသည့် နွယ်ပင်ပြတ်နှိုင်းများ

www.burmeseclassic.com



နှင့်ချုံပင်များကိုဓားမဖြင့် တဖြည်းဖြည်း ခုတ်ထွင်ရှင်းလင်းလိုက်သည်။ နစ်ပေါင်း ငည်ချကြာမြင့်ခဲ့သည်မသိ၊ ရွာပျက်ကုန်းထဲတွင် တည်ရှိနေသည်က အုံ့ဩစရာပင်။ ချစ်လုံး စေတီပျက်လေးပေါ်မှ သစ်ပင်ချုံနွယ်များကို ရှင်းလင်းရင်း ချစ်လုံးရင်ထဲတ သောကအပူကိုပင် တအင့် မေ့လျော့သွားမိသည်။

အခုနတော့ ချစ်လုံးက အိမ်ထောင်သည်။ ဇနီးနှင့် သားသမီးသုံးယောက်ရှိသည်။ ချစ်လုံးအလုပ်ကကြုံရာကျပန်းအလုပ်။ အလုပ်က မဆိုးပါ။ ချစ်လုံး လုပ်နိုင်ရင် လုပ်နိုင်သလောက် ရသည်၊ သို့ပေမယ့် ချစ်လုံးက အသောက်အစားလေးရှိ၍ ဇနီးသည်နှင့် တကျက်ကျက် စကားများခဲ့ရသည်က အခါခါ။

"ရှင် ..."

ချစ်လုံး ဓားမဖြင့် စေတီပျက်လေးဘေးရှိ သစ်ပင်ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းရင်း ရုတ်တရက် ဓားမဖြင့် ထိနိက်ပြီး ထွက်ပေါ်လာသည့် အသံ။ ချစ်လုံးအတွေးစပျက်သွားသည်၊ အုတ်ကျိုးအုတ်ပဲ့များကြားမှရုတ်တရက်တွေ့မြင်လိုက်ရသည့် ဝင်းလဲ့လဲ့အရာများ။

ချစ်လုံး သည်လိုအဖြစ်မျိုးကို တစ်ခါမှမကြုံဘူးခဲ့၊ ဘာများပါလိမ့်ဟူသော အတွေးဖြင့် ကြည့်မိရင်း အလိုလို ကြောက်ရွံ့စိတ်ဝင်သွားမိသည်၊ ချစ်လုံး ကမန်းကတန်း အုတ်ကျိုး၊ အုတ်ပဲ့များ ဖြင့် ကလိုက်ပေါက်ကို ပြန်ပိတ်လိုက် သည်၊ ချစ်လုံးနဖူးဆီက စီးကျလာသည့် ဇောချွေးကို သုတ်ပြီး ပတ်ဝန်းကျင်အနှံ့ သို့ကြည့်လိုက်မိသည်။ လေတိုးသံပြင်း ပြင်းကလွဲ၍ဘာမျှမကြားရသည့် တော ကြီးမျက်မည်းဖြစ်နေသည့် ရွာပျက် ကုန်းကြီး နေရာ။

၀၀၀

ချစ်လုံး ရွာပျက်ကုန်းရောက်ခဲ့စဉ် က ဓားထစ်ပြီး မှတ်သားထားခဲ့သည့်နေရာ။ ချစ်လုံး မှန်းဆပြီး လက်နှိပ်ဓာတ်မီး ဖြင့်တဖြည်းဖြည်းလာခဲ့မိသည်၊ ချစ်လုံး ဓားဖြင့် ထစ်ထားခဲ့သည့် သစ်ပင်ကြီး အရောက် ခန္ဓာကိုယ်တစ်ခုလုံး ချွေးများ ရွှဲနစ်ပြီး နံးရိုလေးလဲနေဆဲဖြစ်သည်၊

သို့တိုင် ချစ်လုံး အနားယူလို့မဖြစ်။ ချစ်လုံး မျက်စိဖြင့် တပ်အပ်တွေ့မြင်ခဲ့ သည့်အရာ။ ချစ်လုံးခဏတာအမောဖြေ ပြီး သစ်ပင်ကြီးမနီးမဝေးရှိ စေတီပျက် လေးရှိရာသို့ လက်နှိပ်ဓာတ်မီးဖြင့် လှမ်း ထိုးကြည့်လိုက်မိသည်၊ ချစ်လုံးကြည့် ရင်း အလိုလို တုန်ခါသွားမိသည်၊ ပြီး



ဖြတ်သီးမွေးညင်း ထသွားမိသည်၊

"ဘာဖြစ်တာပါလိမ့်" ဟု ချစ်လုံး တွေးမိရင်း စေတီပျက်လေးဘေးဆီသို့ လက်နှိပ်ဓာတ်မီးဖြင့် စူးစမ်းထိုးကြည့် လိုက်သည်၊ စူးရှသည့်လက်နှိပ်ဓာတ်မီး အလင်းရောင်အောက်ဆီမှ တွေ့မြင် သမျှ အရာအားလုံးက ပြြက်ပြြက်ထင် သင်၊ ဘာလှုပ်ရှားမှုမှမတွေ့ရ၊

ချစ်လုံး စိတ်ချသွားသည်၊ ကြည့် လေ၊ ချစ်လုံးအဖြစ်ကို တစ်စိမ်းတစ်ရံ ပြောနှင့်၊ ဘကြီးဖြစ်သူပင် လုံးဝမရိပ် စားမိခဲ့၊ ချစ်လုံး သိုင်းလွယ်ထားသည့် လွယ်အိတ်ကြီးထဲမှ အရက်ပုလင်းကို ဖွင့်ပြီး မော့သောက်လိုက်သည်၊

ချစ်လုံး လက်နှိပ်ဓာတ်မီးအလင်း ရောင်ဖြင့် တွေ့မြင်နေရသည့် စေတီ ပျက်လေးဆီသို့ သွက်လက်စွာ လှမ်း လိုက်မိသည်၊ စေတီပျက်လေးရောက်မှ ချစ်လုံး အုတ်ကျိုးအုတ်ပဲ့များ ပိတ်ဆို့ ထားသည့်နေရာသို့ လက်နှိပ်ဓာတ်မီး ဖြင့် အနီးကပ်ထိုးကြည့်လိုက်မိသည်၊

"ဟင် - စေ - စေတီလေး"

ချစ်လုံးပါးစပ်များဆီမှ မယုံနိုင် ဖွယ် ထွက်ပေါ်လာသည့် အသံနှင့် အံ့ဩတကြီး ဖြစ်သွားမိသည်၊ ချစ်လုံး အမှတ်မထင်တွေ့ခဲ့ရသည့် စေတီ ပျက်လေး၊ ချစ်လုံးမျက်စိကိုအခါခါဖွင့် သပ်ကြည့်ရင်း စေတီပျက်လေးနေရာ တွင် တွေ့မြင်နေရသည့် ချုံနွယ်ပိတ် ပေါင်းများသာ၊

"ငါ တွေ့ခဲ့တဲ့ စေတီလေးက ဒီနေ ရာမှာပါ"

ချစ်လုံး မပြုံးသိပ်နိုင်ပဲ ထွက်သွားမိ သည့်စကားသံ၊ ချစ်လုံး လက်နှိပ်ဓာတ် မီးအရောင်ဖြင့် စေတီပျက်လေးကို အကြိမ်ကြိမ် ရှာဖွေနေမိသည်၊ ချစ်လုံး ကိုယ်တိုင် တွေ့ခဲ့ရသည့် စေတီပျက် လေးကို ရှာမတွေ့တော့၊ ချစ်လုံးရင်တစ် ခုလုံး လှိုက်ဖိုမောသွားမိသည်၊

ချစ်လုံး ဇောချွေးမောချွေးတို့နှင့် အတူ မျှော်လင့်ချက်တို့ ပြိုလဲခဲ့ပြီးဖြစ်၍ သောကနှင့် ထပ်ဆင့်ပေါ်လာသည့် တောက်ခေတ်သံ၊ ချစ်လုံး အားလျော့လို့ မဖြစ်၊ ပတ်ဝန်းကျင်ကိုစိတ်မပူရ၊ သည် အချိန်၊ သည်ကာလတွင် ဘယ်သူမှ ရွာ ပျက်ကုန်းသို့ လာဖို့စိတ်ကူးပင် မရှိနိုင်၊

ချစ်လုံး လာခဲ့သည့်လမ်းကြောင်း က မှားယွင်းနေပြီလားဟု သံသယစိတ် ဖြင့် ဓားထစ်ခဲ့သည့် သစ်ပင်ကြီးသို့ ကြည့်လိုက်မိသည်၊ ဓားထစ်ထားသည့် သစ်ပင်ကြီးက ယိမ်းနွဲ့လှုပ်

သည်၊ ချစ်လုံး စိတ်

www.burmeseclassic.com

www.burmeseclassic.com



ဝင်ကြီးကိုကျော်မှီပြီးထိုင်ချရင်းအမောဖြေလိုက်မိသည်။

ချစ်လုံး အမောဖြေရင်း စိတ်က လွင့်ပြန့်နေဆဲဖြစ်သည်။ အဆစ်ပြေခဲ့လျှင်တော့သောအသိက ချစ်လုံးရင်ကို နှိုးဆွနေဆဲဖြစ်သည်၊ သို့လင့်ကစား၊ ချစ်လုံးလက်တွေ့ချက်တွေ့မြင်ခဲ့ရသည့်စေတီပျက်လေးတဲ့ ထူးထူးဆန်းဆန်း ပျောက်ကွယ်သွားသည်ကား အံ့ဩစရာဖြစ်နေသည်။

ချစ်လုံး တွေးမိရင်း နေဝင့်တရစ်နေမိသည်။ ချစ်လုံးစတွေ့မြင်ခဲ့တုန်းကယူထားခဲ့လျှင်ယခုလို စိတ်မပင်ပန်း၊ လူပင်ပန်းဖြစ်ရည်မဟုတ်။ ချစ်လုံး မိမိကိုယ်မိမိ ဒေါသဖြစ်သွားမိသည်။

ချစ်လုံး တဒင်္ဂစိတ်အမောပြေရန် လွယ်အိတ်ထဲမှ အရက်ပုလင်းကို ထုတ်ပြီး မော့သောက်လိုက်ပြန်သည်။ ချစ်လုံးသူ့အဖြစ်ကို မကျေနပ်နိုင်ခဲ့၊ ချစ်လုံးလက်နှိပ်ဓာတ်မီးဖြင့် လှမ်းထိုးကြည့်လိုက်မိသည်။

"ဟင် - ငါ - ငါရှာနေတဲ့ - စေ-စေတီလေး - ခုမှပဲတွေ့တယ်"

ချစ်လုံး ဝမ်းသာအားရစိတ်ဖြင့် စေတီပျက်လေးရှိရာသို့ ကမန်းကတန်း အပြေးသွားမိသည်၊ ချစ်လုံး စေတီပျက်လေးကို မလွှတ်တမ်း လက်နှိပ်ဓာတ်မီး ထိုးပြီး စေတီပျက်လေးအနားရောက်ရ ချိတ်ခြည်းမတွေ့ရတော့၊ ချစ်လုံးအသံ လိုမင်သက်မိသွားမိသည်။

"ငါ့ - အကြည့် - မမှားဘူး - မမှားဘူး"



> **66** ချစ်လုံး ကားမကြွင် စေတီပျက်လေးဘေးရှိ သစ်ပင်ချုံနွယ်များတို့ ခုတ်ထွင်ရှင်းလင်းရင်း ရုတ်တရက် ကားမကြွင်ထိမိုက်ပြီး ထွက်ပေါ်လာသည့်အသံ၊ ချစ်လုံးအမွေးစ ထူကြသွားသည်။ အုတ်ကျိုးအုတ်ပဲ့များကြားမှ ရုတ်တရက် တွေ့မြင်လိုက်ရသည့် ငင်းလုံးလုံးအရာများ။



ချစ်လုံးမျက်စိရှေ့တွင် ပျောက်ကွယ်သွားသည်၊ စေတီပျက်လေးအကြောင့်ပါးစပ်များမှစကားသံထွက်သွားမိသည်၊ ချစ်လုံး စေတီပျက်လေးရှိသည့်နေရာကိုကြည့်လိုက်မိသည်၊ ချစ်လုံးအကြည့်မမှားပါ၊

ချစ်လုံး စေတီပျက်လေး တွေ့စဉ်အခုန်းက ခုတ်ထွင်ထားခဲ့သည်၊ ချုံနွယ်အပိုင်းအစများ၊ ချစ်လုံး ဘာဆက်လုပ်ရမှန်းမသိတော့၊ ချစ်လုံးညဦးကတည်းက ရှာပျက်ကုန်းထဲသို့ တစ်ယောက်တည်း ရောက်ခဲ့ခြင်းဖြစ်သည်၊ ချစ်လုံးအနှောက မပြတ်၊ မိုးလင်းအောင်စောင့်ဆိုင်းပြီးစေတီပျက်လေးကိုရှာရန်စိတ်တုံးတုံးချလိုက်မိသည်၊

"ရှီး - ရှီး"

"ဟင်"

ရုတ်တရက် ကြားလိုက်ရသည့် မြွေတွန်သံကြောင့် ချစ်လုံးရင်ထဲက သိမ့်ခနဲ ဒိန်းမြည်အောင် ခုန်သွားမိသည်၊ ချစ်လုံး မြွေတွန်သံကြားရာဆီသို့ လက်နှိပ်ဓာတ်ဖြင့် လှမ်းထိုးကြည့်လိုက်မိသည်၊ ချစ်လုံးလက်နှိပ်ဓာတ်မီးအလင်းရောင်နှင့်အတူ တုံ့ပြန်ပေါ်လာသည့် နီနီရဲရဲမျက်လုံးနှစ်လုံး။

ချစ်လုံး ယိမ်းနွဲ့လှုပ်ရှားနေသည့် နီနီရဲရဲမျက်လုံးနှစ်လုံးကို ကြည့်ပြီး ငူငူကြီး ရပ်နေမိသည်။ "ဝေါ - ဝေါ" ရုတ်တရက်ထပ်ဆင့်ပေါ်လာသည့်အသံများကြောင့် ချစ်လုံး အသံကြားရာဆီသို့ လက်နှိပ်ဓာတ်မီးဖြင့် လှမ်းထိုးကြည့်လိုက်သည်၊ နီရဲသည့်မျက်လုံးအစုံဖြင့် ယိမ်းနွဲ့နေသည့်မြွေကြီး။

"မြွေ - မြွေကြီး - မြွေကြီး"

ချစ်လုံးပါးစပ်များဆီမှ ကြောက်ရွံ့တကြီး ထွက်လာသည့်အသံနှင့် ထပ်တူ ချုံနွယ်များကို ဝရုန်းသုန်းကား တိုးဝှေ့လာသည့်အသံများ၊ ချစ်လုံး မည်မျှအားသွန်ပြေးနေမိသည်မသိ၊ ချစ်လုံးအားသွန်ပြေးရင်း ရုတ်တရက် လစ်ဟာသွားသည့်အသိနှင့်အတူ ချစ်လုံးမျက်စိထဲတွင် တွေ့မြင်လိုက်ရသည့်မြွေကြီး။

"မြွေတွေ လိုက်လာပြီ - မြွေတွေ"

"ချစ်လုံး - ချစ်လုံး"

ချစ်လုံး အားသွန်ပြေးရင်း အော်နေမိသည်၊ ရုတ်တရက်ထွက်ပေါ်လာသည့် အသံကြောင့် ချစ်လုံး အလိုလိုမှ အားသင့်သွားပြီး မျက်စိကို ဖွင့်ကြည့်လိုက်မိသည်၊ ချစ်လုံးမျက်စိထဲတွင် တွေ့မြင်

www.burmeseclassic.com

www.burmeseclassic.com



နေရသည့် မြွေကြီးနှစ်ကောင်၊ မြွေကြီးနှစ်ကောင်က ချစ်လုံးမျက်နှာကို စူးစိုက်ပြီး ကြည့်နေသည်က အသည်းထိတ်စရာ၊

"ကျုပ် မယူတော့ပါဘူး - ကျုပ်ကို မသတ်ပါနဲ့ - မသတ်ပါနဲ့"

"ချစ်လုံး - စိတ်နိုင်နိုင်ထားစမ်း၊ ဘယ်တမ္ဘေလဲ - ဘကြီးကို ပြောစမ်း"

ချစ်လုံးမျက်စိထဲတွင် တွေ့မြင်နေရသည့်မြွေကြီး စိုးရိမ်တကြီး ထွက်ပေါ်လာသည့်ဘကြီးအသံတို့ကြားလိုက်ရ၍ ချစ်လုံးယုံနိုင်အောင်ဖြစ်သွားမိသည်၊ ချစ်လုံးမျက်စိကိုမရဲတရဲဖွင့်ကြည့်လိုက်သည်၊ ချစ်လုံးအဖြစ်ကို မယုံနိုင်သည့် အကြည့်ဖြင့် ဝိုင်းကြည့်နေသည့် ဘကြီးနှင့် ရွာသားသုံးယောက်၊

ချစ်လုံးလူးလဲထလိုက်ပြီး ပတ်ဝန်းကျင်ကိုကြည့်လိုက်မိသည်၊ သည်တော့မှ ချစ်လုံးဘကြီးအိမ် ရောက်နေမှန်း သိရသော်လည်း စိတ်မလုံသလို ခံစားနေမိသည်၊

"ချစ်လုံး - မင်း ဘာဖြစ်လာတာလဲ၊ မင်းကို ရွာပျက်ကုန်းနားမှာ သတိမေ့လဲနေတာ ဟောဒီက ထွန်းလူတို့တွေ့လို့ ခေါ်လာခဲ့ရတာ"

"ဗျာ - ကျုပ် - ကျုပ် - သတိမေ့ပြီး လဲနေတာ - ဟုတ်လား ဘကြီး"

"ဟုတ်တယ် - ချစ်လုံး၊ ညဦးကတည်းက ခင်ဗျား ပျောက်သွားလို့ ကျုပ်တို့ တစ်ညလုံး ရှာနေတာဗျ၊ မိုးလင်းလို့ ကျုပ်တို့ပြန်တော့ ခင်ဗျားလဲနေတာ တွေ့လို့ ဘကြီးဆီ ခေါ်လာခဲ့တာ"

ချစ်လုံးအဖြစ်အပျက်က မယုံနိုင်စရာ၊ ချစ်လုံးကို တစ်ညလုံး ရှာဖွေနေသည့်ကိုထွန်းလူကိုကြည့်ရင်း ဘာပြောရမှန်းမသိတော့၊ ဘကြီးကတော့ လက်ဖက်ရည်ကြမ်းသောက်ရင်း စဉ်းစားနေသည်ကို တွေ့လိုက်ရသည်၊

"ဘကြီးတူ ချစ်လုံးကို ရှာဖွေပြီးပြန်လာပို့တာ ကျေးဇူးတင်တယ် ထွန်းလူ၊ တစ်ညလုံး ရှာဖွေရလို့ ပင်ပန်းနေပြီ၊ ပြန်ပြီးအနားယူပါဦး"

"ဟုတ်ကဲ့ပါ ဘကြီး"

ကိုထွန်းလူနှင့် ရွာသားနှစ်ဦးထွက်သွားမှ ဘကြီးက ဆေးတံကိုဆေးထည့်ပြီးမီးညှိဖွာရှိုက်နေသည်၊ ပြီးငူငူကြီးထိုင်ပြီး အိမ်ရှေ့ဆီသို့ ငေးကြည့်နေသည်၊ ချစ်လုံးကို အကဲခတ်ကြည့်နေသည်၊ ချစ်လုံး ဘကြီးနားလည်အောင် မည်သို့



ပြောစရမှန်းမသိတော့၊ ချစ်လုံး၏ အဖြစ်ကို ဘကြီးသိအောင် ဖွင့်ပြောရသည်ကို အလိုလို စိုးရွံ့နေမိသည်၊

"မင်း - အတော်ကို မိုက်လုံးကြီးပါလား"

"ဗျာ"

ဘကြီး၏ အပြစ်တင်စကားသံကို ထုံးတိတိကြီး ကြားလိုက်ရ၍ ချစ်လုံးရင်ထဲ ဗလောင်ဆူဝေသွားသည်၊

"မင်းက ဒီရွာသားမဟုတ်ဘူးလေ၊ သွားချင်လာချင်တာ ရှိရင် ဘကြီး စိတ်ချရတဲ့ သူနဲ့ လွှတ်မှာပေါ့၊ ခု မင်းတစ်ယောက်တည်း အရဲကိုးကြီး ရွာပျက်ကုန်းကြီးထဲ သွားခဲ့တာမဟုတ်လား"

ဘကြီးစကားကို ချစ်လုံး မငြင်းသာတော့၊ ခေါင်းကြီးငုံ့ထားပြီး စကားမတုံ့ပြန်နိုင်ဘဲ ဝန်ခံလျက်သား ဖြစ်နေမိသည်၊

"မင်း ရောက်ခဲ့တဲ့ရွာပျက်ကုန်းမှာ ဘာထူးခြားတာတွေ့လို့ မင်းသွားရတာလဲ ဘကြီးကို ပြောစမ်း"

"ကျုပ် - ကျုပ် - ရွာပျက်ကုန်းထဲမှာ တွေ့ရတဲ့ စေတီပျက်လေးမှာ ရွှေ - တွေ တွေ့လို့ - ယူမလို့ - သွားတာ - ဘကြီး"

"ဟေ့ - စေတီပျက်က ရွှေ ဟုတ်လား"

ချစ်လုံးစကားသံကို မမျှော်လင့်ဘဲ ကြားလိုက်ရ၍ ဘကြီး မယုံနိုင်အောင် ဖြစ်သွားမိသည်၊

"ဟုတ်ကော - ဟုတ်ရဲ့လား - ချစ်လုံးရာ၊ ဘကြီး ဒီရွာမှာ နေလာတာကြာပြီ၊ မင်းတွေ့ခဲ့တဲ့ ရွာပျက်ကုန်းထဲက စေတီပျက်ဆိုတာ ရှိမှန်းတောင် မသိခဲ့ဘူး"

ဒီတစ်ခါ အံ့ဩတကြီးဖြစ်ခဲ့ရသူက ဘကြီးမဟုတ်၊ ချစ်လုံးကိုယ်တိုင် ဖြစ်နေသည်၊

"ကျုပ် - ကျုပ် - တကယ်တွေ့ခဲ့တာ ဘကြီး၊ အဲဒီစေတီပျက်ထဲမှာ ရွှေတွေကို တွေ့ခဲ့ရတာဗျ၊ အဲဒါ - ကျုပ်သွားယူတာ စေတီပျက်ကို မတွေ့ရတော့ဘဲ မြွေကြီးတွေကိုတွေ့လို့ကျုပ်အသက်လုပြေးခဲ့ရတာ"

ချစ်လုံး ဘယ်လိုပြောပြော ဘကြီး မယုံကြည်မှန်းသိသည်၊ ဘကြီးက ဆေးတံကို တွင်တွင်ဖွာရှိုက်ရင်း စဉ်းစားနေဟန်တူသည်၊

"မင်း - အရက်မူးမူးနဲ့ ထင်မြင်ခဲ့တာပဲဖြစ်မယ် - ချစ်လုံး၊ မင်းရောက်ခဲ့တဲ့ ရွာပျက်ကုန်းနေရာက ဟိုတုန်းက စည်ကားခဲ့တဲ့ရွာကြီးကွ၊ အဲ - ဓားပြတွေ ရွာကိုတိုက်ခဲ့လို့ ရွာပျက်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတာ။ အဲ - တစ်ခုတော့ရှိတယ်၊ ရွာပျက်ကုန်းထဲ ထင်းရှာသွားတဲ့သူတွေ မြွေကြီးတွေ လိုက်လို့ ပြေးခဲ့ရတာ - အဲသတာကြောင့် - ရွာပျက်ကုန်းထဲကို ဘယ်သူမှ မသွားရဲကြဘူးကွ"

ဘကြီး ဘယ်လိုပဲရှင်းပြပြ ချစ်လုံး အဖြစ်တ မယုံနိုင်စရာဖြစ်နေသည်။ ရွာပျက်ကုန်းတွင် မြွေကြီးနစ်ကောင်ရှိ၍ မြွေလိုက်သည်ဆိုသည်တ သဘာဝကျသည်။ ခု ချစ်လုံး လက်တွေ့မျက်တွေ့ တွေ့မြင်ခဲ့ရသည်က စေတီပျက်လေး၊ စေတီပျက်လေးတွင် တွေ့ခဲ့ရသည့်ရွှေ၊ ဘကြီးပြောသလိုချစ်လုံးအရက်မူးမူးနှင့် တွေ့ခဲ့တာလား၊ ချစ်လုံး သူ့အဖြစ်ကို ဝေဝေဝါးဖြစ်သွားမိသည်။

"ကျုပ် စေတီပျက်လေးပေါ်က ချုံနွယ်သစ်ပင်တွေကို ရှင်းလင်းပြီး ဘုသိုလ်ယူခဲ့သေးတယ် ဘကြီး၊ အဲဒီမှာ စေတီပျက်လေးကလိုဏ်ပေါက်မှာ ရွှေကို တွေ့ခဲ့တာ၊ အဲဒါ ယူဖို့သွားတာ - စေတီပျက်လေးကိုဘယ်လိုရှာရှာမတွေ့ခဲ့ဘူး - ဘကြီး"

"အင်း - မင်းဘက်က နိုင်နိုင်လုံလုံ ပြောပြနေတော့ ဘကြီး ပြန်သတိရမိတယ်"

ဘကြီးစကားကြောင့် ချစ်လုံး စိတ်ဝင်စားသွားမိသည်၊ ချစ်လုံးမျက်စိထဲတွင် မြင်ယောင်နေမိသည်က စေတီပျက်လေးရှိ ရွှေများ။

"ဘကြီးရဲ့အဘိုး ဖိုးတက်တူ ပြောဖူးခဲ့တာက သူ့နမ မယ်မင်းဖဲက ဒီရွာဘက်မှာ စေတီတစ်ဆူ တည်ခဲ့ဖူးတယ်ကွ၊ နှစ်တွေကြာတော့ ဓမ္မလျော့ပြီးနေခဲ့ကြတာ ဆွေမျိုးဆက်တွေ ပြတ်သွားတာလဲပါတယ်၊ အဲဒီတော့ မင်းမျိုးဆက်ပဋ္ဌာန်းဆက်ရှိလို့ တွေ့ခဲ့ရတာပဲလို့ နောက်ဆုံး သတ္တုချရမှာပဲ"

ဘကြီးစကားကြားမှချစ်လုံးအမှတ်ရသွားမိသည်၊ ချစ်လုံး ဘကြီးရှိရာ ရွာသစ်ကုန်းသို့အလာ ရွာပျက်ကုန်းနားအရောက် ထူးထူးခြားခြား တွေ့လိုက်ရသည့်မိန်းမပျို၊ ချစ်လုံး နောက်ယောင်ခံလိုက်ကြည့်ရင်း ရွာပျက်ကုန်းကြီးထဲတွင် မမျှော်လင့်ဘဲ တွေ့ခဲ့ရသည့် စေတီပျက်လေး။

"ဒါပေမဲ့ - မင်းက စေတီပျက်ထဲက ဌာပနာ ထည့်ထားတဲ့ရွှေကို လောဘစိတ်ဖုံးလွှမ်းပြီးယူငင်ဖို့ကြံစည်ခဲ့တာကို သက်ဆိုင်သူတွေက ကြိုသိနေတာက အံ့သြစရာကွ၊ လောကကြီးမှာ မြင်အပ်



မမြင်အပ်တဲ့အဖြစ်တွေက အများကြီး ရှိတယ်ကွ၊ ဒီတော့ မင်းမသေဘဲ ပြန်ရောက်လာတာပဲ ကံကောင်းတယ်လို့ ခုတ်၊ မင်းအဖြစ်က ရွာပျက်ကုန်းထဲမှာ သေနိုင်တယ်"

"ဘုရား - ဘုရား"

ဘကြီးစကားသံကိုနားထောင်ရင်း နောက်ဆုံးစကားသံကြောင့် ချစ်လုံးရင်ထဲ တဒိန်းဒိန်း ခုန်ပြီး ကြက်သီးထသွားတာ ဘုရားတသံက ပေါ်လာသည်၊ ချစ်လုံး ဘုရားမတလို့မဖြစ်၊ ချစ်လုံး ရွာပျက်ကုန်းထဲတွင် တောမှောက်ခဲ့တာလား၊ ချစ်လုံး တွေ့ခဲ့ရသည့် မြွေကြီးက စေတီပျက်လေးကို စောင့်ရှောက်နေတာလား။

"ငါးပါးသီလကို တတ်စွမ်းသမျှ လုံလုံခြုံခြုံအောင်ထိန်းရင်း ဘဝကံ အကျိုးပေးပါတယ် ချစ်လုံးရာ၊ ဘကြီး မင်းကို ရွာပြန်လက်ဆောင်ပေးမယ်"

ဘကြီးက ဘုရားကျောင်းဆောင်ပေါ်တွင် ချိတ်ဆွဲထားသည့် ပုတီးလေးကိုယူပြီး ပေးလိုက်သည်။ ချစ်လုံး ဘကြီးပေးသည့် စိပ်ပုတီးလေးကိုကြည့်လိုက်မိသည်၊ ဘကြီးမည်မျှစိပ်ပုတီးနှင့်အထုံအမွှန်းပါခဲ့သည်မသိ၊ စိပ်ပုတီးတစ်ခုလုံး တောက်ပြောင်နေသည်၊ အဖြစ်က အံ့သြစရာ။

"ကျုပ် - ဘကြီးပြောသလို ငါးပါးသီလကိုအတတ်နိုင်ဆုံးထိန်းပါ့မယ်လို့ ကတိပေးပါတယ်"

"သာဓုကွယ် - သာဓု - သာဓု"

ဘကြီးထံမှ လှိုက်လှဲစွာ ထွက်ပေါ်လာသည့်သာဓုသံကြောင့်ချစ်လုံးရင်ထဲတွင် အလိုလို ကြည်နူးသွားမိသည်၊ ချစ်လုံး ဘကြီးကို ဦးချကန်တော့ပြီး ရွာသစ်ကုန်းမှ ထွက်ခဲ့သည်၊ ချစ်လုံး တွေ့မြင်လိုက်သည့် ရွာပျက်ကုန်း။

ရွာပျက်ကုန်းကတော့ တိတ်ဆိတ်ငြိမ်သက်နေဆဲဖြစ်သည်၊ သို့တိုင် ချစ်လုံး ကြုံတွေ့ခဲ့ရသည့် စေတီပျက်လေး၊ ချစ်လုံးတကယ်ပဲတွေ့ခဲ့ခြင်းလား။ ချစ်လုံးပြတ်ပြတ်သားသား တွေးလို့မရ။ ချစ်လုံး ဘကြီးပေးလိုက်သည့် စိပ်ပုတီးလေးကိုကိုင်ပြီး ရွာပျက်ကုန်းထဲတွင် တွေ့မြင်ခဲ့ရသည့် စေတီပျက်လေးကို ရည်မှန်းပြီး ကန်တော့လိုက်သည်။

⇒ ချစ်ကျော်ဦး

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ - ဟိုမှာ"

ရွာသားတစ်ယောက်က လက်ညှိုးထိုး၏။ ဟုတ်ပ၏ အဝေးပျပျ ကွေ့ကောက်လမ်းမထက်မှာ ဖုန်လုံးကြီးတွေ အုန်းအုန်းထလို့၊ အဲ့မှာပဲ -

"ခွပ် - ခွပ် - ခွပ်"

မြင်းခွာသံသဲ့သဲ့ကို ကြားရလေ၏။

"အဲ ..."

"ဘွတ်သရွတ်"

"သောက်ခွေး"

အားလုံးမျက်လုံးပြူးကုန်၏။ တားပြလာပေါ့၊ ရင်ထိတ်ထိတ်နဲ့ ဆက်ရှိုးကြပြန်တယ်။ ဖုန်လုံးကြီးတွေကြားမှ မြင်းတစ်စီး ဝေါခနဲ ပြေးထွက်လာ၏။

"ခွပ် - ခွပ် - ခွပ်"

မြင်းခွာသံတို့သည် မီးပွင့်မတတ်၊ မြင်းပေါ်မှာ လူတစ်ယောက် ပါလာ၏။ ဘယ်ယိမ်း၊ ညာယိမ်းနှင့် ဘယ်အချက်ပြုတ်ကျကာ မြင်းခွာစာမိမည်မသိ၊

သူ၏ ရှည်လျားနီကြောင်သော ဆံပင်တို့သည် လေဝယ် နန့်ကြောဆွဲနေ၏။ အင်္ကျီကို ခါးတွင် စည်းနှောင်ထားသဖြင့် ကျော၊ ရင်ဘတ်၊ လက်မောင်း၊ လက်ဖျံတို့တွင် ကပ်ပါလာသော အရုပ်များက ဖွက်ထလို့၊

ရုပ်ကီတွတ်ထားသဖြင့် သူ၏ မျက် (မျက်လုံး)များသည် ပိတ်မတတ် ရှိရေ၏။ ရွာဝင်ဝရောက်သည်နှင့် မြင်းပေါ်မှ လူညိုထွားသည် မြင်း၏ ပြေးနှုန်းကို အနည်းငယ်ဘရိတ်အုပ်လိုက်လေ၏။ ရွာအတွင်းသို့ ဝင်လာခဲ့လေ၏။

လူညိုထွားသည် မျက်နှာရှေ့ဝဲကျနေသော နီကြောင်ကြောင်ဆံပင်များကို ဖတ်ခနဲ ခါကာ ရွာသားများကို -

"ဟီး ..."

ဟု ဆို ကာ သွားဖြီးပြလေ၏။ ပြီးနောက် -

"ဝေ့ ..." ခနဲ လေချွန်တက်ပြလေ၏။ ရွာသူရွာသားများသည် သူ့အားဘုကြည့်ကြည့်ကြ၏။ မသင်္ကာကြည့်ကြလေ၏။ လူညိုထွားက မြင်းကို ရပ်တန့်ကာ -

"ဒါ ဘာရွာလဲဟင်"

ရုပ်ကီသံကြီးဖြင့် မေးလေ၏။ ဘုဆတ်ဆတ်ရွာသားတစ်ယောက်က -

"စာမတတ်ဘူးလား။ ဆိုင်းဘုတ်ရေးထားတယ်လေ၊ မမြင်ဘူးလား"

လူညိုထွားက ဆိုင်းဘုတ်ကိုကြည့်ကာ ဖိုသီဖတ်သီပြုံးပြီး -

"ဦ - ဦ - ဦ" ဟု ရယ်ကာ -

"သက်လား ..."



ခေါင်းတုံးခေါ်နှင့် လူဝဝဘုတ်ကြီးက -

"ဘာ - တက်ရမှာလဲ - နင့် ကြီးတော်လား"

လူညိုထွားသည် ဖိုသီဖတ်သီပြုံးစသဲ့ကာ -

"ရွာကခေါင်းလိုင်လူတွေကလည်း အယောင်တွေ ထင်ပါတယ်လေ၊ မြို့ကဆော်ကီတွေကိုပေမယ်၊ ဒေါက်မမီဖြစ်နေကြရှာတာကို ။ သက်လား ဆို တာ သီလားလို့ ပြောတာဗျ - ဟွင့်"

ခပ်စွာစွာပာန်ရှိသော တစ်ခုလပ်မကြီးက -

"ဓားပြရုပ်နဲ့ ကျောင်းဆရာလုပ်ချင်တဲ့ အာပေတုံးကြီးရဲ့၊ ငါတို့က ဘာကို သက်လား - အဲ - သီရမှာလဲဟဲ့"

လူညိုထွားရဲ့မြင်ကွင်းမှာ အားလုံးဟာ ဝါးတားတားကြီး။ တွတ်ထားတဲ့ ရုပ်ကီအရှိန်ကြောင့် ပလပ်တွတ်ချင်သလို ဖြစ်နေပြီ၊ မြင်းပေါ်မှ ခွေးကျ ကျချင်စိတ်ကို မနည်းကြီး မျိုသိပ်ထားရသား၊ လူညိုထွားက -

"ဘာလုပ်နေကြတာလဲဟင်"

လူတစ်ယောက်က -

"မြို့ကလာမယ့်ကျောင်းဆရာကို ကြိုဖို့ စောင့်နေတာဗျ"

မိန်းမတစ်ယောက်က -

"စိတ်ထဲကမပါလို့ အားအားယားယားလုပ်ပြီး လာကြိုတာ ဟုတ်ဘူးနော်"

အခြားတစ်ယောက်က ဝေါက်ခနဲ ဆိုတာ ဒီလိုကြီး -

"သူကြီးက အရေးယူမယ်၊ အဒဏ်စားမယ်ပြောလို့ - ဟွင့်"

ဤကားမမြင်ရသေးသောကျောင်းဆရာအပေါ် ထားအပ်သော ရွာသားများ၏ စေတနာပေတကား။ လူညိုထွားသည် -

"ဦ - ဦ - ဦ" ဟု ရယ်ကာ သူ့ရင်ဘတ်ကြီးအား -

"အုန်း - အုန်း" မြည်အောင်ထုကာ ဂုဏ်မောက်သံကြီးဖြင့် -

"ကျော်က ..."

"လာပြန်ပြီ - ဘာကျော်လဲ၊ နင့်ကြီးတော်ကြီးကို ကျော်ရမှာလားဟဲ့"

စံတွင်းပျက်နေသော မုဆိုးမကြီးက ဘုစကား ဝင်ထောက်၏။ လူညိုထွားသည် ဖိုသီဖတ်သီပြုံးကာ -

"ကျော် - အဲ - ကျွန် တော် က ကျောင်းဆရာပါလို့"

ဘတ်ခနဲကြားလိုက်ရသောစကားကြောင့် ရွာသားများသည် [illegible] ပါလာသော သူတို့နှာ[illegible] ညင်ကတ်သွားကြလေ၏။

www.burmeseclassic.com



"ဘာရယ် - ဘာရယ် - စားပြရှပ်
ကြီးတဲ့ကျောင်းဆရာ"

"ဟုတ်"

"ဘယ်လို - ဘယ်လို - ဒါကြီးက
ကျောင်းဆရာ"

"ဟုတ်ပါတယ်ဆိုနေ"

တစ်ကိုယ်လုံးမှာ အရုပ်တွေနဲ့
နေလေးရှုပ်ထွက်နေတဲ့လူကိုဘယ်သူ
က ကျောင်းဆရာလို့ထင်မှာလဲ။

"ဒီအရွက်ကြီးက ကျောင်းဆရာ"

"ဟုတ်ပ - ပြောရက်လိုက်တဲ့ပါးစပ်
ကြီး - သောက်ရှက်ကိုမရှိဘူး"

"အေးဆို - စိတ်ဆင်းရဲ၊ ထမင်းစား
ရက်မည့်မျက်နှာရွက်ကြီး - ဝေါ့"

တစ်ယောက်တစ်ပေါက်နဲ့ ပြောက်
တနေကြတာ။ ဒါမြင်းပေါ်မှ လူညိုထွား
ရဲ့မြင်တွင်းမှာတော့အရာရာဟာဝါးတား
တား။ လူညိုထွားက လျှာတစ်ချောင်း
ထိုက်သံကြီးဖြင့် -

"သတ်လား"

သိလားတဲ့။

"တော်တ ..."

ကျွန်တော်ကတဲ့။

"ကျောင်းဆရာ"

ဟုဆိုကာမြင်းပေါ်မှ -

"ဆုန်း" ခနဲ ကျသွားပါလေရော။
ခွေးကျ ကျတာ။

၁၀၈

ကျောင်းအုပ်ဆရာကြီးသည်
အသစ်ရောက်လာသော ကျောင်းဆရာ
လေးကိုကြည့်ကာ ကျွတ်စဉ်ဖြစ်နေလေ
၏၊ ရဲရဲပင် မကြည့်ရဲ၊ စာရွက်ကိုင်ထား
သောလက်သည် ဆတ်ဆတ်တုန်နေ
လေ၏။

ကျောင်းဆရာရဲ့ရုပ်က မြူမြူးနွဲ့နွဲ့
လေးမှ မဟုတ်တာ၊ ဆံပင်ရှည်ကြီးတွေ
က နီကြောင်ကြောင်နဲ့၊ ထိုးထားတဲ့
အရုပ်တွေကရောင်စုံ၊ မွှေတာကိုတက်နေ
တာ၊ လူသတ်စားပြရှပ်ကြီး၊ ဆရာကြီး
ဦးဘဝိုက ကျောင်းဆရာအသစ်ကို မဲ
တရဲကြည့်ကာ လေသံပိစိလေးနဲ့ -

"နာမည်က - ဟိုနဝ်း"

ကျောင်းဆရာအသစ်က -

"ကျော့ --"

"ဘာကျော့ - လဲဟင်"

ကျောင်းအုပ်ဆရာကြီးက မျက်
လွှာလေးကို ဖိုးသိုးဖတ်သတ်လုပ်ထား
မရဲတရဲပြန်မေးရှာပါတယ်၊

"ကျော့အဲ - ကျွန်တော့်နာမည်က
လူလွှန်ကျော်ပါ - ဇိ - ဇိ - ဇိ"



"အထောက်အထားတွေအရ
အရွက်စာတမ်းတွေအရဆိုရင်တော့
ကျောင်းဆရာဆိုတာ ယုံလိုက်ပါပြီ
ကွယ်၊ နို့ - ဒါပေသိကွယ်"

ဦးဘဝိုသည် စကားလုံးတို့ကို တစ်
အရိုက်ထဲမဖြတ်၊ ဟတ်ကော့ကြီး လုပ်
ထား၏၊ ကျောင်းဆရာလေး လူလွှန်
ကျော်က -

"ကျော့ကို ပြောပါ - အားမနာနဲ့ -
သတ်လား"

လာပြန်ပြီ သတ်လားတဲ့၊ ကျောင်း
ဆရာလေး လူလွှန်ကျော်သည် ရုပ်စံနဲ့
လုပ်ကြံလို့အားမရသေး၊ လူနားမလည်
သောစကားလုံးတွေနဲ့ နှိပ်စက်နေပြန်
ချေတကား။

ကျောင်းအုပ်ဆရာအိုကြီး ဦးဘဝို
အငိုသံလေးဖွက်ကာ -

"လူလိုပြောပေးရင် ကျေးဇူးတင်
ပါတယ်"

လူလွှန်ကျော်က -

"ဇိ - ဇိ - ဇိ"

ဟု ပါးစပ်ကြီးနင့်ရယ်တာ သုဘာဝ
သုတေနပ်နေလေ၏။ ဦးဘဝိုက လစာ၊
ရှာ၏ ဝန်ဆောင်မှုများကို ရှင်းပြ၏၊

အဲ့နောက် -

"တနဲ့ဝေးနေတဲ့ရွာကကလေးတွေ
ကို စေတနာ - ဝါသနာ - အကြင်နာ -
ဂရုဏာ - အနစ်နာတွေနဲ့ပညာအရောင်
အလင်းရောင်တွေ ပေး - ပေး"

စကားလုံးတွေက ဂိတ်မဆုံးသေး။
ဆရာလေး လူလွှန်ကျော်က စားပွဲပေါ်
လက်တင်ကာ မျက်နှာရှေ့ငိုက်ကျနေ
သော နီကြောင်ကြောင်ဆံပင်တို့ကို
ဖတ်ခနဲခါကာ -

"နည်းနည်းတော့ များသွားပြီထင်
တယ်"

"အင် - လစာလား"

"ဟုတ်ဘူး"

"ဒါဖြင့်"

"ပေးထားတဲ့ လစာက မဖြစ်
စလောက်လေးနဲ့ ဘယ်လိုစိတ်ကြီးနဲ့ -
နာငါးနာထားပြီး သင်ရမှာလဲဗျ"

ဦးဘဝိုက ပြတင်းပေါက်မှတစ်ဆင့်
မြင်နေရသော တောင်စဉ်တောင်တန်း
တွေ့ကောက်ကောက်များတို့ ဘာရယ်
မဟုတ် ငေး၏၊ သက်ပြင်းကို ချ၏။

"မောင့်သဘောဗျာ - ဒါတလည်း
အလွတ်ကျက်ထားတဲ့ စကား[illegible]
ပြောရတာ၊ ရွာမှာ ကျောင်းဆရာ[illegible]
ချင်ရင်လည်း မထား[illegible]"

www.burmeseclassic.com



ကျောင်းဆရာလေး လှလွန်ကျော် တခေါင်းကိုစိုက်၊ မျက်လုံးကိုမှိတ်ကာ -

"လေ့ပ် - လုံးဝမလေ့ပ်"

ဟု ဆို တဒဲ မျက် လုံး ကို ဖွင့်အကြည် -

"တင်"

ဘယ်အချိန်က ရောက်လာတာလဲ မသိ၊ ချောစမောလေးတစ်ယောက်၊ ဦးသဝိုသေးမှာ ရိုရိုကလေး ရပ်လို့၊ ချော ချော်းလှရက်တာ လန်ထွက်နေတာ၊ သူမ ချောစမောလေးရဲ့ အလှကို တကမျာဖွဲ့ တေးလုံးတွေကာလနာတိုက်ကုန်ပါပြီ၊ လှတာ မွေးသာမှ ဟုတ်ပါလေစ၊

လှလွန်ကျော် လူဖြစ်နေရသော သူ့ဘဝကို မေ့သွား၏၊ ပါးစပ်ဟောင်း လောင်းကြီးနဲ့၊ ဆောင့်တက်လာသော ထံတွေးကို ဂလုခနဲ မျိုချကာ ဝေမာနီသံ ကြီးဖြင့် -

"လုပ်မယ်"

"ဘာရယ်"

"ဖြောင်း"

"အောင့်ချက်လေး"

သွက်သလား မမေးနဲ့၊ ချောစမော ရဲ့ လက်ဝါးတစ်ဖက်က လှလွန်ကျော်ရဲ့ ပါးဆီ လက်ခနဲ ရောက်လာတာ၊ လှလွန် ကျော် ပါးဖြတ်ရိုက်ခံလိုက်ရတာ၊ နံပေါ် မှမေ့ခါးစိုက်ကျသွား၏၊ ချောစမောလေး ရဲ့ လုပ်ရပ်က ရုပ်နဲ့ ကို မရိုက်ကွာ၊ ဦးဘဒိုက မျက်ကလဲဆန် များဖြစ်သွား ကာ -

"ဟဲ့ - ဘယ်လိုလွှပ်လိုက်တာလဲ ဘိုမရယ်၊ နင့်ဟာက"

ချောစမောလေး ဘိုမက -

"ဘဘဝို - မကြားဘူး လား၊ ဟိုလူကြီး"

လှလွန်ကျော်က -

"တို့ဘာများမှားခဲ့လို့လဲ ညေးရယ်"

ပါး ဖြတ် ရိုက် ခံ ရ တာ တောင် သောက်မှတ်က မရှိဘူး၊ အကြောင်း တင်းသလားမမေးနဲ့၊ ညေးရယ်၊ ညီမ လေးရယ်တဲ့၊ ဝေမာန်ထဆဲ၊

"ရှင်ကြီးပဲ ပြောတာလေ"

"ဘာပြောခဲ့လို့လဲ ညေးလေးရယ်"

လှလွန်ကျော်က အလွမ်းမင်းသား ကြီးဟန်ဖြင့် ပလီညိုစကားကို ခင်းလေ၏၊

"ဘိုမက မြင်တာနဲ့ လုပ်မယ်ဆို"

လှလွန်ကျော်က -

"ဆရာကြီး"

"အင်း"

"စောနက ကျော့ကို ဘာလုပ်ရို ပြောတာလဲဟင်"



"ကျောင်းဆရာ"

လှလွန်ကျော်က ဘိုမ်ကို ပေါ်တင် ကြီးမေးကာ -

"သက်လား - ညေး"

"ဘာသိသက်လားလဲ - ဟွန်း"

"ကိုက ကျောင်းဆရာလုပ်မယ်လို့ ပြောတာပါကွယ်၊ တိုတိုဆိုင်သွားတာပါ ညေးလေးရယ်"

လှလွန်ကျော်သည် ယောက်ျားရင့် ကြီးပီပီ ပြောင်လိမ်လေတော့၏၊ ရှာတေးလန်အထာရှိသော ချောစမော လေး ဘိုမက ဟတ္တလေးကို နောက်မစ် အာခါးလေးကို ထောက်ပြီး -

"ရှင်ကြီးက ...

ဟီး ...

ကျောင်းဆရာ"

"အေးဆို"

ဘိုမရင်ဘတ်ကို ဖိကာ -

"ဝေါ့ ..."

အန်ဟန်ပြကာ -

"မှတ်တောင်ထားချင်မယ်၊ လူမိုက် အပြုရုပ်ကြီးက ကျောင်းဆရာတဲ့၊ လင် မိတ်သားစိတ်တောင် တုန်တယ် - ဟွင့်"

ဟုဆိုကာ ခေါင့်ခဆောင့် ဆောင့် ဆောင့် တုန်တုန် တုန်တုန်နှင့် ထွက် သွားလေတော့၏တကား၊

[illegible]

ဘောလယ် ဆိုတဲ့ ရွာကလေးဟာ သာ ဘားရဲ့ အလွန်ပေါ်တဲ့ တောနက်နက်ထဲ မှာ ရှိပါတယ်၊ အိမ်ခြေက (၂၅၀) လောက် ပါတယ်၊ အဲဒီရွာလေးကို လှမိုက်ရုပ်နဲ့ ကျောင်းဆရာတစ်ယောက် ရောက်လာ ပါတယ်၊ နာမည်က လှလွန်ကျော် ဆိုပဲ၊

လှလွန်ကျော် စာသင်ဟန်က ဆန်း ပါတယ်၊ မွန်းအိုက်ကျပ်လှောင်နေတဲ့ စာသင်ခန်းထဲမှာ သင်တာ မဟုတ်ပါဘူး၊ အရိပ်အာဝါသကောင်းတဲ့ သစ်ပင်ကြီး အောက်မှာ၊ ချောင်းအစပ်မှာ၊ လယ်ကွင်း အစပ်မှာ၊ ဘာမှမသိမတတ်ရှာတဲ့ တပည့်လေးတွေကို ငါသိ ငါတတ်ဆိုတဲ့ ဆရာကြီးအထာနဲ့ ဂိုက်ပေးဆွေးနွေး ပြီး စာရေးပြရာဆေးရာ ဟာသရေးတွေ နဲ့ သင်ပါတယ်၊

အားလပ်တဲ့အချိန်မှာ တပည့်လေး တွေနဲ့ ချောင်းထဲမှာ ရေကူးပါတယ်၊ ကျားထိုးပါတယ်၊ ဘောတန်ပါတယ်၊ သစ်ပင်တက်ပါတယ်၊ ကလေးတွေဟာ လည်း ပျော်လို့ပေါ့၊

ကျောင်းဆရာလေး လှလွန်ကျော် ဟာ ဂျူတီချိန်မှာ ရုပ်ကီ လုံးဝ [illegible] ဘူး၊ ကျောင်းပိတ်ရက်မှာ [illegible] ရင်ကစ်တာပါ၊ တစ်ရွာလုံး [illegible] လှလွန်ကျော်ကို [illegible]

www.burmeseclassic.com



ခေါ်ကြတယ်၊ ဘားပြရုပ်နဲ့တူလို့တဲ့၊ ကျောင်းဆရာလေး၊ ကျောက်စာလေး၊ ကျောက်စရာလေးပေါ့၊

၆၈၉

ဘိုမယာတောကပြန်လာပါတယ်၊ တောင်းတလေးကို ရွက်လို့၊ အဲ့မှာပဲ –

"ရွှပ် – ရွှပ် – ရွှပ်"

ထန်းတောဘက်ဆီမှ ပြေးထွက်လာသော မြင်းခွာသံများကို ကြားရ၏၊ ရွာအဝင်လယ်တွင်းစပ်ရောက်သည်နှင့် ဘိုမတို့ မီလာ၏၊ မြင်းငါးစီး၊ လူငါးယောက်၊

"ဟား – ဟား – ဟား"

ရယ်သံတွေ ညံနေ၏၊ မြင်းငါးစီးသည် ချောစမောလေး ဘိုမအား ဝိုင်းဝတ်နေကြ၏၊ ဘိုမ ရင်မခုန်ပါ၊ လက်ထဲ တတောင်းဖြင့် –

"ဝိုး ... ခနဲ" ပစ်ပေါက်ကာ –

"ဒီအကန့်က လန့်စရာမဟုတ်ဘူး နွားရဲ့"

နွားဟု တင်စားခြင်းခံရသော သူကြီးသား ချက်ကြီးသည် မြင်းပေါ်မှနေ၍ သူ့ဆီ ပြေးလာသော တောင်းကို ညာခြေဖြင့် –

"ဖြောင်းခနဲ" ဖြတ်ကန်ကာ –

"ဟား – ဟား – ဟား"

ဟားတိုက်ပြီး မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်၊ အော်တိုလှနေသော ဘိုမ၏ မျက်နှာလေးကိုကြည့်ကာ –

"နင်က ငါ့အတွက် လူဖြစ်လာတာပါကွယ်၊ နင့်ကို ငါ ကြိုက်တယ်၊ မတားတရားအမှားတွေ မဖြစ်အောင် ရှေ့ငါ့နောက် လိုက်ခဲ့"

ဘိုမက ခစ်ခနဲ ရယ်ကာ –

"ရုပ်ကြမ်းကြီးနဲ့ လာကြွေပြမနေနဲ့၊ ငါ့မှာ အကြွေမရှိဘူး၊ ပေါက်တယ်နော် – ခစ် – ခစ်"

အဲ့တာ ဘိုမပါ၊ သူကြီးသားဆိုပြီး တစ်စက်ကလေးမှ မခန့်၊ မလန့်၊ စကားတွေနဲ့ ပါးပါးလေး ပုတ်လိုက်သေး၊ ချက်ကြီးက –

"ရွှေလက်နဲ့ ခေါ်တုန်း ပြုံးပြလိုက်ပါလား" ဘိုမက –

"အနူလက်ကြီး – တွန်း"

ချက်ကြီး တင်းသွားတယ်၊

"မမလေးကို မြင်းပေါ်တင်ပြီး ဘိလူးက ကာရတော့မှာလေ – သားကြီးတို့ရေ"

ဟု ချက်ကြီးက အရိပ်ပြလိုက်၏၊ မြင်းပေါ်မှ လူ(၄)ယောက် လွှားခနဲ ခုန်ဆင်းလာကာ ဘိုမအား ဆွဲလားရမ်းလား လုပ်ကြလေတော့၏၊ အဲ့မှာပဲ –

"ဖြောင်း – ဖြောင်း"

လက်ခုပ်တီးကာ လူတစ်ယောက် ရောက်လာ၏၊ ချက်ကြီးက အထင်သေးသည့်ဟန်ဖြင့် –

"ကျောင်းဆရာ"

ဟု ဖွဖွရွတ်၏၊ ဆံပင်ဖားလျားပုဆိုးဒိုတို ဝတ်ထားသော ကျောက်စရာလေးက –

"ဒီလောက်ခေါင်တဲ့ရွာမှာ ကျောင်းဆရာ မလုပ်ချင်ပါဘူးဆိုပြီး လှည့်ပြီးပြန်လို့ပဲ သားကြီးရဲ့"

ဟုဆိုကာ ချက်ကြီး၏ပခုံးကိုပုတ်၏၊ ပြီးနောက် ချက်ကြီး၏နားကြားမှ ဆေးလိပ်တိုကိုယူကာ မီးညှိဖွာရှိုက်၏၊ ဆေးလိပ်ငွေ့များကို ချက်ကြီး၏မျက်နှာဆီသို့ မှုတ်ထုတ်ကာ –

"သက်လား"

သိလားတဲ့၊

"သားကြီး – ငါ ဒီရွာမှာ ဘာ့ကြောင့် အသင်နေရတာလဲ သိလား"

ချက်ကြီးက ဘာမှမပြော၊ ကျောက်ဆရာလေးက ဘိုမအား ကြည့်ကာ –

"သူလေးကို နိုက်လို့ဟ"

"ဘာရယ်"

ချက်ကြီး ဒေါ်ဒီးလေပြီ၊ ကျောက်ဆရာလေးက –



"ကြိုက်လို့ပါဆိုနေ – အပေား"

ချက်ကြီးက –

"ကျောင်းဆရာ သနားစရာလေး ရာ – ပေဘာဒီရွာမှာ ချက်ကြီး ဘာကောင်လည်းဆိုတာ မသိဘူးထင်တယ် – အပေား"

ဘိုမက သူမအတွက် စေမာန်ထနေသူများကိုကြည့်ကာ –

"အရူးတွေ"

ဟု ဆိုပြီး ရွာဘက်သို့ ကော့ပတ်ကော့ပတ်နှင့် ထွက်သွားလေတော့၏၊ နှစ်ယောက်သား တားဖို့ သတိမရ၊ ကျောက်စရာလေးက ဆေးလိပ်တိုကို နောက်ပြန်လွှင့်ပစ်၏၊ ကောက်ရိုးပုံထဲ ကျသွား၏၊ ချက်ကြီးက –

"အကြိုက်ချင်း တူနေတော့လဲ"

"ဝိုး"

ဟုဆိုရင်း ကျောက်စရာလေး၏ မျက်နှာကို ဖြတ်ထိုး၏၊

"ဟဲ့"

ဟုဆိုကာ ကျောက်စရာလေးက ဖတ်ခနဲ ရှောင်ပေး၏၊ အရှိန်လွန် တန် ချက်ပျက်သွားသော ချက်ကြီးအား လှမ်းဖက်ဆွဲကာ ကိုယ်ကို ပြန်မတ်စေရင်း –

"သားကြီး – ချက်ကြီး [illegible]

မင်းက ငါ့ပြိုင်ဘက် [illegible]

www.burmeseclassic.com



ချက်စာလည်းမက နှစ်ချက်စာလည်း မရ-ဘူး"

…တဲ့ဆိုကာ ရင်ဘတ်ကို တွန်းထုတ်လိုက်၏။ ချက်ကြီး အနောက်သို့ ယိုင်ထွက်သွား၏။ ကောက်ရိုးပုံ မီးစိုးတွေ အူနေတာကို လေမြေက ကြည့်ကာ ပြုံး၏။

"မင်းတပည့်တွေထဲက အသွက်ဆုံး ထောင်ကိုထွက်နိုင်းလိုက် သားကြီး"

"ငါထွက်တယ်ဟွာ"

ဗလဇွေ အသယ်ကျစ်နေသော ဗလကြီးတစ်ယောက် ထွက်လာ၏။ သူကြီးသား ချက်ကြီးရဲ့ ညာလက်ရုံး၊ ထောင်ထွက်လူမိုက်ကြီး စံလှကြီးပါ။

"မင်းကို ဇွဲမယ်"

"လာလိုက်ပါ-အဘေး"

လေမြေ၏ မြောက်ထိုးပင့်ကော လုပ်နေမှုကြောင့် ကောက်ရိုးပုံမီးလောင်လေပြီတကား။

"တိုင်းယား"

ဟုဆိုကာ စံလှကြီးက ကျောက်စရာလေး၏ရင်ဝကို ဒူးဖြင့်ခုန်တိုက်လေ၏။

"ဝှစ်"

ကျောက်စရာလေးက ဒူးကိုလက်နှစ်ဖက်ကာဖိပြီး အောက်သို့ ဆွဲချ၏။ အရှိန်လွန်လာသော စံလှကြီး၏မျက်နှာအား ခေါင်းဖြင့်-

"ခွပ်"

တိုက်ချက်။

"အီး"

နှာခေါင်းကိုထိကာ စံလှကြီး နှာ… ကျိုးသွား၏။ သွေးများ မြင်မကောင်းအောင်…

သူကြီးသား ချက်ကြီးတို့ လူသိုက်မှာ-

"ဟင်" ခနဲ။

"ဟာ" ခနဲနှင့် ကျွတ်ကျဲကုန်ကြလေ၏။ ကျောက်စရာလေးရဲ့ လက်ဖော… အံ့လောက်ကြီး ပြင်းမယ်လို့ ထင်မထားဘူးလေ၊ ကျောက်စရာလေးက မျက်နှာရှေ့ကျနေသော နီကြောင်ကြောင်ဆံပင်များကို လေဖြင့် မှုတ်၏ ပြီးနောက်-

"မြောင်း-မြောင်း"

ဟုဆိုကာ လက်ပန်းပေါက်ဆော်ကာ-

"လာပါ သားကြီးရဲ့"

ကောက်ရိုးပုံများ မီးကူးလေပြီ။ မီးလောင်တယ်ထင်ပြီး ရွာထဲမှ လူများ ပြေးထွက်လာကြ၏။ ထဘီရင်လျားနှင့် မိန်းမများလည်း ပါ၏။ ရွှေပန်းခေါက်တောက်၊ ပုစုချွတ်တားလေးများလည်း ပါ၏။ အောင်နက်တို့၊ ရန်လုံတို့၊ မိနီတို့ ဂုတ်ကျားမတို့လည်းပါလေ၏တကား။

ကျောက်စရာလေးနှင့် စံလှကြီးတို့၏ ဖိုက်တင်ပွဲကို ကြည့်ကာ မီးငြိမ်းနှ… …ကြတော့ရော၊ ဘာလုပ်ကြတယ် …လဲ။

"ငါက ကျောက်စရာလေးဘက်က …ယ်-လယ်ပယ်အရှုံး"

"လောင်းတယ်ကွာ"

လောင်းကြေးထပ်ကြ၏။ ရွှေပန်းခေါက်တောက်လေးများက-

"ဒါတို့ဆရာကွ"

"ရှိ-ရှိ"

လက်ခေါက်မှုတ်ကာ မြှောက်ပေးကြလေ၏။ အောင်နက်တို့ ခွေးတစ်သိုက်လည်း အားကျမခံ။

"ဝုတ်-ဝုတ်-ဝုတ်"

"အူ-အူ-အူး"

အူကြ၊ ဟောင်ကြလေ၏။ ပွက်ပွက်ဘယ်ညံလို့။ စံလှကြီးနှင့် ကျောက်စရာလေးကို့သည် ကောက်ရိုးမီးပုံ မီးစိုးငွေ့များအကြားတွင်-

"ယား-(စ်)"

"ကျား-(စ်)"

ထိုးကြလေ၏၊ ကြိတ်ကြလေ၏၊ ကန်ကြလေ၏၊ ကျောက်ကြလေ၏၊ ဒူးဖြင့် တိုက်၏၊ တံတောင်ဖြင့် ပွတ်ဆွဲကြလေ၏၊ ခေါင်းဖြင့် ဆောင့်ကြလေတော့၏။

"အင်းဟာ"

"မြောင်း"

"အီး"

"ကဲဟာ"

"ခွပ်"

"အား"

မြောင်းမြောင်း ခွပ်ခွပ်နှင့် မြောင်းကိုသတ်လို့၊ နှစ်ယောက်သား၏မျက်နှာမှာ မြင်မကောင်း။ ဖူးရောင်ကားနေပြီ၊ သွေးစတွေ ပေကျံလို့။ စံလှကြီးသည်-

"ကျား"

ဟုအော်ကာ ခုန်ကန်၏။ ကျောက်စရာလေးကလည်း-

"ဟိုင်းယား"

ဟု ဝမ်းခေါင်းသံကြီးနှင့်အော်ကာ လေထဲ ခုန်၏၊ ကျောက်စရာလေး၏ ညာဒူးသည် စံလှကြီး၏ အရှိက်အား-

"ဒုန်း …" ခနဲ ပြေးဆောင့်သဖြင့် စံလှကြီးမှာ-

"အင့်" ခနဲ အော်ကာ မီးပုံထဲသို့ ပြုတ်ကျပြီး အဝတ်အစားများကိုမီးစွဲ၏။

"အောင့်မလေး-မီး-မီး"

ဟုဆိုကာ စံလှကြီးသည် လူးလဲထကာ ရေကန်ထဲသို့ ခုန်ချလိုက်လေတကား။



www.burmeseclassic.com

www.burmeseclassic.com



လ – လုလုလေး သာနေ၏၊

နှင်းတို့ကား အပျင်းပြေဝေနေ၏၊

ကြက်မတမ်းမလေးများနှင့် "ဒန် – တန့် – တန့် – ဒန့်" ဇာတ်ကထားသော စစ်တကောင်းကြက်ဖကြီးသည် ဒူးသိပ် ခိုင်ချင်တော့ပေ၊ ထုတ်တန်းပေါ်မှ ချော်ကျမလိုဖြစ်သွားရာ၊ လန့်လက်ပြီး –

"အောတ် – အီး – အီး – အွတ်"

ဟု အော်လိုက်၏၊ အဲ့သတာကို လူသားတွေက သန်းခေါင်ကြက်တောင် တွန်ပြီဟု တုဆိုကာ ရေထ သောက်ကြလေ၏၊ ဆေးလိပ်ထဖွာကြလေ၏၊ ရှုးရှူးထ ပေါက်ကြလေ၏၊ ပြုတ်ပျက်တုန်လေသော ခြင်ထောင်ကြီးများကို ထရှည်ကြကုန်လေ၏၊

အဲ့မှာပဲ –

"ကယ်ကြပါ – ကယ်တော်မူကြပါရှင့် – တင့်"

"အီး – ဝါး"

မိန်းမသားတစ်ယောက်၏ သနား စဖွယ်အသံသည် ရွာလယ်ပိုင်းမှ ထွက် ပေါ်လာလေ၏၊ တိတ်ဆိတ်သောညဉ့် ထိုအသံကို တစ်ရွာလုံး ကြားနေရလေ ၏၊ သို့သော် မည်သူမှ တုတ်တုတ် မလှုပ်၊

"အမလေးတော့ – သေပါပြီတော့"

"ဟင် – ကယ်ကြပါဦး – အရပ်တို့ ရဲ့"

အသက်အန္တရာယ်နှင့် နီးတစ်ပြား စာ ရင်ဆိုင်နေရဟန်တူပါ၏၊ ကယ်ပါ ယူပါ အသံလေးကရယ်ပင် သနား ကောင်းပါဘိတောင်း၊

"ကျွန်မကို ချစ်လှပါတယ်ဆိုတဲ့ ကိုမှတ်ကြီးရဲ့၊ ကျွန်မ မသေသေးပါဘူး တော့၊ ကျားကကျွန်မကိုလေကြောင်း ကြွက်ကို ကစားသလို ကစားနေတာပါ တော့ – ဟင့် – အီး – ဝါး"

66 လရောင်တွေ ကယောင်ထင်နေသော ရွာလမ်းမပေါ်မှာ ကျားနှင့် ကျောက်စရာလေးတို့ ဗိုက်တင်ဆွဲနေကြလေပြီတကား၊ ရွာသားများသည် ထွက်တုန် သေးမရှိသော်လည်း ချောင်းကြည့်ရန် သေးအပြည့် ရှိကြလေ၏တကား





သဲ့ သဲ့ ကြားလိုက်ရသောအသံ ကြောင့် –

"ဟ – ဟ – ဘာလဲဟ"

ကျောက်စရာလေး လူလွန်ကျော် သည့် အိပ်ရာမှ လူးလဲထ၏၊

"ကျွန်မကို အသည်းပေါက်အောင် ချစ်ပါတယ်ဆိုတဲ့ ကိုမှတ်ကြီးရဲ့ ကျား ကိုက်လို့ ကျွန်မ သေရပါတော့မယ်ရှင့်၊ ဘုတ်ဓားဆွဲပြီးကျွန်မကိုလာကယ်ပါရှင့် အီး – ဝါး"

"ဟင် – အဲ့လိုကြီးလား"

ဟုဆိုကာကျောက်စရာလေးသည် မီးတုတ်ကိုဆွဲ၊ ဝါးရင်းတုတ်ကိုကိုင်ကာ ရွာလယ်ပိုင်းသို့ ထွက်လာခဲ့လေ၏၊ လရောင်နှင့် နှင်းစက်တို့ပေကျံနေသော ရွာလယ်လမ်းမကြီးသည် မှုန်ဖျော့လင်း လျက်ရှိချေ၏၊

"ကျောက်စရာလေး ဘယ်လဲဗျ"

ခြံအတွင်း အမှောင်ရိပ်ဆီမှ တုန် တက်တက်အသံ ထွက်ပေါ်လာလေ၏၊

"ကယ်ပါ၊ ယူပါ တစာစာနဲ့ မကြား ဘူးလားဗျ"

တုန့်တက်တက်အသံရှင်က –

"ကြားလို့ ကြားတဲ့နေရာမှာ ကြံ့ ဘာလိုငြိမ်ကုပ်နေတာပေါ့လို့"

ကျောက်စာလေးက မီးတုတ်ကို ညည်ရိုးနားကပ်ကာ –

"အဲ့မိန်းမက ဘာဖြစ်လို့လဲ"

တုန်တက်တက်ဝေါက –

"ကျားဆွဲလို့"

"ဘာ – ကျား"

"ဟုတ်တယ်၊ တော်တော်အကြော တင်းတဲ့ကျား၊ လူကိုကိုက်ပြီး အဝေးကို ချီသွားတာမဟုတ်ဘူး၊ ရွာလယ်မှာပဲ ကြောင်ကကြွက်ကိုကစားသလိုလုပ်နေ တာ၊ မခန့်တာဗျာ"

"ဘာလို့ထွက်မလိုက်ကြတာလဲ"

"ထွက်လိုက်ရင် ရှောမှာပါလို့ – ဟင့်"

ဟုဆိုကာ တုန်တက်တက်ဝေါ သည် အမှောင်ထဲသို့ ပြေးဝင်သွားလေ တော့၏၊ ကျောက်စာလေးသည်မီးတုတ် ကို ဘယ်လက်ဖြင့်ကိုင်၊ ဝါးရင်းတုတ်ကို ညာလက်ဖြင့် တင်းတင်းဆုပ်ကိုင်ကာ –

"ကယ် – ကယ် – ကယ်ကြပါ"

ကယ်ပါ အမျိုးသမီးရှိရာသို့ သွတ် သွက်ကြီး ပြေးထွက်လာခဲ့လေ၏၊ ကြော ပါချေ၊ ပေါ်တင်ကြီး တွေ့လိုက်ရပါပြီ၊ လရောင်ဆမ်းထားသော လမ်းပေါ်မှာ ပေါ့၊

မခန့်သော၊ အကြောတင်းသော ကျားသည် မိန်းမတစ်ယောက်အား လက်နှင့်ပုတ်ကာ ဆော့ကစားနေလေ ၏၊ ကျောက်စာလေးသည် [illegible]

www.burmeseclassic.com

www.burmeseclassic.com



အတွာလေးရောက်သည်နှင့် ခြေလှမ်းကို သရိတ်လိုက်၏။

ကိုးတောင်ကျားကြီးသည် မီးရောင်ကိုမြင်သဖြင့် အာရုံနောက်သွားလေ၏။ ရှေ့သို့ ခြေလှမ်းအနည်းငယ်တိုးကာ ကျောက်စာလေးအား -

"ဝေါင်း"

အသံဖြင့် ဟောက်စားလုပ်လေ၏။ ကျောက်စာလေးက -

"ဝါး"

အသံတုန် ပြန်အော်၏။ သူ့ထက် အကြောတင်းသောလူနှင့် လာတိုးနေသဖြင့် ကိုးတောင်ကျားကြီး မြဲစတုန်ဖြစ်သွားလေ၏။ ကျောက်စာလေးက အနောက်သို့အနည်းငယ် ဆုတ်လေ၏။ ကိုးတောင်ကျားကြီးက ရှေ့သို့ လိုက်တိုးကာ -

"ဝေါင်း" အသံဖြင့် ဟောက်စားလုပ်ပြန်လေ၏။ ကျောက်စာလေးက -

"ဝါး" ဟုဆိုကာ အသံဖြင့်မခန့်ပြ၏။ ကျားနှင့်လူ ရေစက်မတိုးကြ၊ အကြည့်ချင်း ဆိုင်ထားကြ၏။ အဲ့သဟာကို အခွင့်ကောင်းယူကာ အမျိုးသမီးသည် ကျားနှင့်ဝေးရာသို့ တရွတ်တိုက်ကာ တွားသွားနေလေ၏။ ကျောက်စာလေးက ကျားမျက်စိနောက်အောင် မီးတုတ်ကို ဝှေ့ယမ်းကာ စားပြရင်း -

"......"

"တောလည်ရွာမှာ တောလည်နေတဲ့ကောင်တွေ မင်းတို့ရွာသူကို မြန်မြန် လာခေါ်ကြ၊ မင်းတို့ထွက်မလာရင် ရွာကို မီးတိုက်ပစ်လိုက်မှာနော် - ဟွင်း - ဟွင်း"

ဟုဆိုကာ အသံပြကြီးနှင့် ကြိမ်းလေ၏၊ မကြာပါချေ၊ ရွာသားနှစ်ယောက် ထွက်လာကာ ဒဏ်ရာရထားသော မိန်းမအား ပွေ့ခေါ်သွားကြလေ၏။

ကိုးတောင်ကျားကြီးသည် ကျောက်စာလေးကို မျက်စိနောက်လာဟန်တူလေ၏။ ဝင်းဝင်းတောက် မျက်လုံးကြီးများနှင့် ဖမ်းရှိုးကာ -

"ဝေါင်း" ခနဲ ဟိန်းကာ -

"ဝိုး" ဆိုကာ ခုန်အုပ်လေ၏။

ကျောက်စာလေးက မီးတုတ်ဖြင့် ကျားကြီး၏မျက်နှာကို -

"ဖြောင်း"

ဖြတ်ရိုက်ချလိုက်လေ၏။ အားသောရိုက်ချက်၊ မီးပွားများက ကျားကြီး မျက်လုံးကို ထိသွားလေပြီ၊ ကျားကြီး အသည်းပေါက်လေပြီ၊ ဒေါသတို့ဖြင့် ဆတ်စလူး ခါလေပြီတကား။

"ဝေါင်း"

"ဝါး"

လရောင်တွေ ကယောင်ဖတ်သောရွာလမ်းမပေါ်မှာကျားနှင့်ကျောက်



စရာလေးတို့ ဗိုက်တင်ဆွဲနေကြလေပြီတကား။ ရွာသားများသည် ထွက်ကူရန် သွေးမရှိသော်လည်း ချောင်းကြည့်ရန် သွေးအပြည့် ရှိကြလေ၏တကား။

ကျားကြီးသည် -

"ဝေါင်း" ဟုဆိုကာ ခုန်အုပ်လေ၏။ ကျောက်စာလေးက အလိုက်သင့်ရှောင်ကာ ဝါးရင်းတုတ်ဖြင့် အားပါစွာ -

"ဒုတ် ..."

ဖြတ်ရိုက်ချ၏၊ ကျားကြီး၏ ခြေထောက်ကို ထိသွားသဖြင့် -

"ဝေါင်း"

ဟု မချိမဆန့်အော်ကာ ဗုန်းခနဲ မြုတ်ကျလေ၏၊ ကြောင်ကျ ကျတာလည်း မဟုတ်၊ ကျားကျ ကျတာလည်း မဟုတ်၊ ခွေးကျ ကျခြင်းပင်တည်း။

ကျောက်စရာလေးသည် ကျားကြီးအား အခွင့်အရေးမပေးတော့ပါ၊ ဝါးရင်းတုတ်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ကျားကြီး၏ ခြေထောက်များအား -

"အင်းဟာ"

"ဖြောင်း"

"ဝေါင်း"

"တဲဟာ"

"ဖြောင်း"

ရိုက်ချိုးပစ်လေတော့၏တကား၊ ပြီးနောက် ကျားကြီး၏ခေါင်းအား ဝါးရင်းတုတ်ဖြင့် ဆင့်ကာ ဆင့်ကာ -

"အင်းဟာ"

"ဖြောင်း"

ကိုးတောင်ကျားကြီး၏ မချိမဆန့် အော်သံနက်ကြီးသည် -

"ဝေါင်း"

အသည်းပျက်ဖို့ ကောင်းပါဘိတောင်း။

၈၀၉

တောင်တောတို့၏ အလယ်မှာ တည်ရှိသော တောလည်ရွာကလေး၏ နံနက်ခင်းမှာ နှင်းတွေ နှင်းကန်ဝေနေပါသည်။

ကျောင်းအနောက်ဘက်တွင် ဖွဲ့ဖွဲ့ ကြွေနေသော ခရေပင်ကြီးရှိ၏၊ ထိုခရေပင်ကြီး၏ ဝါးတစ်ရိုက်တွင် သွင်သွင်စီး ကာ နေသော ချောင်းကလေး ရှိ၏။

ကျောက်စရာလေးသည် ချောင်း ရေပင်ထဲ ခေါင်းစိုက်ကာ မျက်နှာသစ် လေ၏၊ ပြီးလျှင် ကုန်းပေါ်ပြန်တက်ကာ ပုဆိုးဖြင့် မျက်နှာသစ်လေ၏။

အဲ့မှာပဲ -

"ကျောက်စရာလေး

www.burmeseclassic.com

www.burmeseclassic.com



"ညင်"

ခေါ်သံနှင့်အတူ နင်းကြားမှပေါ်လာသောလူအချို့ သူတို့တပည့်လေး တွတ်နီ၊ ဘိုမ၊ ပြီးတော့ ဘိုမနှင့် ခပ်ဆင်ဆင်တူသော မိန်းမတစ်ယောက်၊ တောင်းလေးတို့ရွက်လို့၊ နောက် - ကုပ်ရှောင်းရှောင်း ယောကျ်ားတစ်ယောက်၊ ကျောက်စာလေးတာ နင်းကြားမှာ လက်ဖျားခါလောက်အောင် လုနေသော ဘိုမအား ခေါ်တော့မှီးမှီးကာ -

"ဋ-ဋ"

ဟု ရယ်ပြီး -

"သက်လား" တဲ့၊

"ဒီနေ့က ကျောင်းပိတ်ရက်လေ၊

တပည့်ကျော် တွတ်နီလေးက -

"သက်တာပေါ့ - ကျရာလေးရဲ့"

တွတ်နီလေးကလည်း မခေ၊ ဆရာတောင်းတပည့် ပီသပါဘိတောင်း။ သိတာပေါ့ ဆရာလေးရဲ့တဲ့၊

"ကျရာလေးက တီတို့ကိုကြိုက်နေတာမို့လား။ အာ့ကြောင့် ကျရာလေးမင်းဖို့ တီတို့ကို အပါခေါ်လာ"

"ဟဲ့"

ဘိုမရဲ့လက်က သွက်သလားမမေးနဲ့၊

"ဒေါက်"

တွတ်နီခေါင်းပေါ် ရောက်သွား၏။

"အီး"

ငမ်းတာ လူမိသွားသဖြင့် ကျောက်စာလေးက အရှက်ပြေဟီကာ -

"ကိုစွရှိ မယ်ထင်တယ် - လာ - လာ - ဟီး"

သူနေသော တဲရှေ့ရှိ ကွပ်ပျစ်သို့ အပါခေါ်လေ၏။ ရောက် သည်နှင့် တောင်းရွက်ထားသော ခပ်ချောချော မိန်းမသည် တောင်းကို အသာချကာ -

"အဲ့ ဒီမှ ခဏထိုင်ပေးပါလား ကျောက်စာလေးရယ်"

ကျောက်စာလေးသည် ကြောင်တက်တက်ဖြင့် ကွပ်ပျစ်ပေါ် ဝင်ထိုင်၏။ ခပ်ချောချော မိန်းမက မြေကြီးပေါ်တွင် ထိုင်ကာ -

"လာ - သား - လာ - ယောကျ်ား"

တွတ်နီကလေးနှင့် သူ့အဖေပါ ဝင်ထိုင်၏။ လက်အုပ်ချီကာ ကန်တော့ခံပြင်လေ၏။ ကျောက်စာလေးက အလန့်တကြား မတ်တတ်ရပ်ကာ -

"ဒါ - ဒါက ဘာလုပ် - လုပ်"

အနားတွင်ရှိသော ဘိုမက ခစ်ခနဲရယ်ကာ ကျောက်စာလေး၏ဖနောင့်ကိုဖိပြီး -

"အဲဒါ တို့အစ်မ ညီမြ တဲ့"



"အဲတော့"

"ကျားဆွဲခံရတာ တို့အစ်မလေ"

လွန်ခဲ့သော တစ်ပတ်ခန့်က ကျားဆွဲခံရသော မိန်းမသည် အခြားမဟုတ်၊ ဘိုမရဲ့အစ်မ ညီမြ ပင်တည်း၊ ညီမြက ကျောက်စာလေးကိုအထင်ကြီးလေးစားသောအကြည့်ဖြင့် ကြည့်ကာ -

"ဟုတ်ပါတယ် ကျောက်စာလေးရယ်၊ ကျွန်မမှာမိဘတွေမွေးတဲ့အသက်ယောကျ်ားက ပေးခဲ့တဲ့ အသက်ရှိတော့ပါဘူး၊ ကျောက်စာလေးပေးတဲ့အသက်ပဲ ရှိတော့တာပါရှင်၊ ဒါ့ကြောင့် ကန်တော့ပါရစေရှင်"

ဟုဆိုကာ သားအမိ၊ သားအဖသုံးယောက် ကန်တော့ကြလေ၏၊ မငြင်းသာတော့ပေ၊ ကျောက်စာလေး ကန်တော့ခံလိုက်လေ၏၊ မိန့်မိန့်ကြီးပြုံးလို့၊

ညီမြက တောင်းကို ကွပ်ပျစ်ပေါ် တင်ကာ ဖွင့်ပြီး -

"တောက်ညှင်းငရုတ်ပေါင်း - ငှက်သီးငါးပေါင်းကြော် - ဒါက ငါးကြော် - ဒါက ပဲပြုတ် - ဟောဒီမှာ ရေနွေးပါ အဆင်သင့်၊ ကျောက်စာလေး စားဖို့ ယူလာတာ"

ကျောက်စာလေးက -

"ဆာနေတာနဲ့ ကွက်တိ၊ လာလေ တူတူစားကြမယ်၊ လက်ရေတစ်ပြင်တည်းပေါ့ - အဖေး"

ပျော်ပျော်ပါးပါး စားသောက်ကြလေ၏၊ ကျောက်စာလေးက တောက်ညှင်းပေါင်းကို ပလုတ်ပလောင်း စားရင်း -

"ခင်ပျားမိန်းမကို ကျားဆွဲတဲ့ညတုန်းက ခင်ပျား ဘယ်ရောက်နေတာလဲဗျ"

ကျောက်စာလေးရဲ့ အမေးကြောင့် ညီမြရဲ့ယောကျ်ား စံပွား -

"ဗွီး ..."

ရေနွေးသီးလေပြီ၊ ပြီးမှ စံပွားတာ လေသံပီပီလေးဖြင့် -

"သွားကယ်ရင် ကျုပ်ပါသေမှာပေါ့ ဟင့်" တဲ့၊ တွတ်နီလေးက သူ့ဒယ်ဒီကို ကြည့်ကာ -

"အိမ်သာထဲ ဝင်ပုန်းနေတာ ကျရာလေးရဲ့ - အဟီး" ဟု လူစုံတုန်းရှင်းပြလေ၏။ အားလုံးဟားတိုက်ကာ -

"ဟား - ဟား - ဟား"

ရယ်ကြလေ၏။ ကျောက်စာလေးက -

"မညီမြ ..."

"ရှင် ..."

www.burmeseclassic.com

www.burmeseclassic.com



“ခင်ဗျားယောကျ်ားကိုစိတ်မနာဘူး
လား”

အရောက် ပို့ သော မေးခွန်း ပင်
တည်း။ ညီမြကသူ့လင်ကိုအမြစ်မမြင်၊
ချစ်ကြင်သောမျက်ဝန်းများဖြင့် ကြည့်
ရင်း -

“ကိုယ့်လင်ရဲ့စိတ်ကိုယ်သာအသိဆုံး
ပါတော်။ သူလာတယ်လည်းဘာထူးမှာ
လဲ၊ နှစ်လောင်းထပ်သွားမှာပေါ့၊
ကျောက်စာလေးလောက်မှမစွမ်းတာ -
တင်း - တင်း”

တစ်ခါတလေမှာတော့ပေါ့။ မိန်းမ
တို့၏သဘောတား စောကြောရန် ခက်
ပါသတော်။ အဲ့မှာပဲ -

“ဒူ - ဗူ - ဗူ”

မောင်းသံသဲ့သဲ့သည် နင်းထုလွင်
ပြင်ကို ထွင်းဖောက်ကာ လေနှင့်အတူ
တရွတ်တိုက် ပါလာလေ၏။ သူကြီးအိမ်
မှ မောင်းသံပင်တည်း၊ ညီမြတို့လင်
မယား မျက်နှာပျက် သွားကြလေ၏၊
ညီမြက -

“လာ - ယောကျ်ား”

ဟုဆိုကာမောင်းသံကြားရာသူကြီး
အိမ်ဘက် သို့ ပြေးထွက်ကြလေ၏၊
ကျောက်စာလေးက -

“ဘာမောင်းလဲဟင်”

ဘိုမက နှုတ်ခမ်းဖူးဖူးလေးကိုပြင်
လုမတတ်ကိုက်ကာ -

“ဓိုက်တာမောင်း”

“ဘာရယ် ...”

တွတ်နီလေးက -

“အဲဒီမောင်းသံကြားရင်မြင်းနဲ့လာ
တဲ့ ရုပ်ဆိုးကြီးတွေကိုက် ပိုက်ချမေး
တယ်ဂျ - ကျရာလေးရဲ့”

“ဟေ - အဲ့လိုကြီးလား”

၁၈၉၃

ကျောက်စာလေးရဲ့ စာသင်ပုံအ
လန်းတယ်လို့ ပြောထားပြီးပြီနော်။ မွန်း
ကြပ်ပိတ်လှောင်နေတဲ့အခန်းထဲမှာသင်
တာဟုတ်ဘူး။

သူသင်ချင်တဲ့နေရာမှာသင်တာ။
သူ သင်သလို ချွတ်တားကလေးတွေက
သွက်နေတော့ ကျောင်းအုပ်ဆရာကြီး
ကလည်း ဘာမှမစွက်ဖက်ပါဘူး။ လွှတ်
ပေးထားလိုက်တာ။

ဒီနေ့မှာလည်း ကျောက်စာလေး
စာသင်နေပါတယ်။ သစ်ရိပ်ဝါးရိပ်
ကောင်းတဲ့ တလင်းပြင်ထဲမှာပေါ့။ ခပ်
လှမ်းလှမ်းမှာတော့ ကွေ့ကောက်လိမ်
ဖယ်တဲ့ စမ်းချောင်းကလေး စီးဆင်း
လျက်ရှိပါတယ်။ ပြီးတော့လေကညှော



ထိုင်းနော့နေတဲ့လယ်ကွင်းစိမ်းစိမ်းတွေ၊
ဝေးဝေးမှာ မှိုင်းပျပျ တောင်တန်းတွေ၊

ကျောက်စာလေးရဲ့ စာသင်ပုံက
ဒီလိုကြီးဗျ။

“ကြွက်သိုး”

“ဟုတ်”

လှည်းလမ်းကြောင်းပေါ်မှာ လှည်း
တစ်စီး၊ လှည်းပေါ်မှာတော့တောဘော
ကြီးဦးစံပ၊ လှည်းအောက်မှာတော့ ခွေး
ကလေး အောင်နက်၊ တောက်တက်
တောက်တက်နဲ့ပါလာပါတယ်၊ ကျောက်
စာလေးက လှည်းကိုလက်ညှိုးထိုးကာ -

“အင်္ဂလိပ်လိုပြောကွယ်”

ကြွက်သိုးလေးကနှပ်နှပ်ကိုရှုံ့ကာ -

“ဒေါ့ ...”

ချွတ်တားလေးတွေ ဝိုင်းရယ်ကြ
၏၊ ကျောက်စာလေး မျက်လုံးပြူးသွား
၏။

“ဟ - ငါမေးတာ ဦးစံပဟ၊
အောင်နက်ကိုဟုတ်ဘူး - ကျွိုင်တွာ”

ကြွက်သိုးလေးက သွားဖြဲလေးနဲ့
ရယ်ကာ -

“ကျရာလေးမေးတာ ဘော့(စ်)လို
လို့ဒေါ့လိုလိုနဲ့ ဘခွေးကြီးစံပကိုမေးတာ
ဆိုရင်တော့ ဘော့(စ်)ပေါ့ဂျ - အဟီး”

ခပ်လှမ်းလှမ်းကောက်ရိုးပုံပေါ်တွင်
ကြောင်ကလေး ရွှေဝါရှိ၏၊ ကျောက်စာ
လေးက ကြောင်ကလေး ရွှေဝါကို လက်
ညှိုးထိုးပြကာ -

“သာဂိ”

သာဂိလေးက -

“ကက် ...”

ကျောက်စာလေးက -

“မင်း တော်တယ် - သာဂိ”

ဟုဆိုကာ အဝေးရှိ တောင်တန်း
များကို ညွှန်ကာ -

“ခွေးပု ...”

ခွေးပုလေးက -

“မောင်တိန် ...”

အဲ့မှာပဲပေါ့၊ ငှက်ထော်လေးက -

“မြူးတီး - လေဒီ - ကိုးမီး”

မိန်းမချောလေး လာနေပြီဆိုပဲ၊
ဟုတ်ပဗျာ၊ လှသော လန်းသော ဘိုမ
သည်ထမင်းတောင်းလေးကိုခါးထစ်ခွင်
ရိုက်ကာ ကော့ဝတ် ကော့ဝတ်နှင့် လျှမ်း
လာတာကိုး၊ ကျောက်စာလေးက မျက်
နှာပြိုးကြီးနှင့် -

“ကက် - မောင်တိန် - ...
ကြောင်တောင် ...
ကျောင်းလွှတ်ပြီ ...

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ ကျောင်းဆင်းပေးလိုက်တော့၏။ ချွတ်တားလေးတစ်သိုက်သည် -

"တေး ..."

ဟုဆိုကာရွာဘက်ဆီသို့ပြေးထွက်သွားလေတော့၏တကား။ ကျောက်စာလေးသည် ရှောစမောလေး ဘိုမကို ခေါ်ပြေဖွာ ဖမ်းဖက်ကြည့်ကာ ဘီသံလေးဖြင့် -

"ညေး ..."

ညီလေးတဲ့နော်၊ မှတ်ထား။

"ဘာလာလုပ်တာလဲဟင်လို့"

ချတ်နာနွမ်းလေးဖြင့် လှချင်တိုင်းလှနေသော ဘိုမသည် အားယူကာ ပြုံးစတွဲတန်ပြုပြီး -

"ရှင်ကြီးကို ထမင်းလာပို့တာပေါ့"

တုတ်ပါတယ်။ ရွာက ကျောက်စရာလေးအတွက် စားရေးသောက်ရေးတာဝန်ယူပေးပါတယ်။ အလှည့်ကျ ပို့ပေးရပါတယ်၊ ဘိုမက ခံတောင်းလေးထဲမှ တင်းခွက်များကို ထုတ်ကာ -

"ဒါက သခွားသီးပြုတ်နဲ့ အဘွားကြီး"

"ညင်"

ကျောက်စာလေးမျက်လုံးပြူးသွား၏။ ဘိုမက -

"အဘွားကြီးပေးလိုက်တဲ့အသုပ်"

ကျောက်စာလေးက ရင်ဘတ်တုံ့မိ၏။ ဘိုမက -

"ဒါလေးက ဂေါ်ဖီထုပ်နဲ့ ခေါ်ရီ"

"ဟင်"

ဘိုမက -

"ခေါ်ရီ လှကြုံပါလိုက်တဲ့ ပဲပြုတ်"

ကျောက်စာလေးက သက်ပြင်းတုံ့ချ၏။ ဘိုမက -

"ဒါကြီးက ခရမ်းသီးနဲ့ ရှမ်း"

"ဟယ်"

ဘိုမက ရှပ်တည်လေးနဲ့ -

"ဦးရှမ်းကြီးပေးလိုက်တဲ့ မျှစ်ပြုတ်"

"ကွာ ..."

ကျောက်စရာလေးနာကောက်လေပြီ၊ ဟင်းက မကောင်းဘူးကိုး။ အစာမကောက်ချင်တော့ဘူး၊ မျက်နှာခွတ်ကြီးကို မဲ့ရွဲ့ကာ ကလေးဆိုးကြီးအထာဖြင့် -

"သင်လိုက်ရတဲ့စာဟာဟာကွဲမတတ်သက်လား - စားရတော့ပြုတ်လိုက်၊ ဖုတ်လိုက်နဲ့ - ဟွင့်"

ဘိုမက ကျောက်စရာလေးရဲ့ဗိုက်ခေါက်ကို ဆွဲလိမ်၏။

"အား ..."

"ရှင်ကြီးက ဟင်းမကောင်းရင် အစာမကောက်ချင်တော့ဘူး။ ရွာမှာဘာဖြစ်နေတယ်ဆိုတာရော သိလား။ နို့တာစားပေါ့၊ အဆင်ပြေရင် ဟင်းကောင်းချက်ကျွေးမှာပေါ့လို့"

မသိရင်ပေါ့။ လင်မယားရန်ဖြစ်နေသလိုကြီး။ ကျောက်စာလေးက ထမင်းကို အပင်းရှိသလို စိတ်လက်မပါဘွာ စားသာ -

"ညေး - တို့ရွာမှာ ဘာဖြစ်နေလို့သဲတင်"

ဘိုမက လှသောနှုတ်ခမ်းဖူးဖူးလေးသို့ပြုတ်မတတ်ကိုက်ကာ -

"ပုလိပ်ကြောက်ရ - ဓားပြကြောက်ရ - ဟွင့်"

"ဘယ်လို - ဘယ်လို"

ဘိုမက စိတ်လေဟန်လေးဖြင့် -

"ပုလိပ်ကို ဘော်ဒါကြေးပေးရတယ်၊ ဓားပြကို ဗိုက်တာကြေးပေးရတယ်လေ"

ကျောက်စာလေး အစာကောက်ချင်စိတ် မရှိတော့ပါ။ အစာကောက်ခြင်းကိုဘရိတ်၏။ ဟင်းမကောင်းတာလည်းပါတာပေါ့၊ စမ်းချောင်းလေးဆီသို့သွားကာလက်ဆေး၏။ ပလုတ်ကျင်း၏။ ဘိုမသည် ကျောက်စာလေးအား ဘာရယ်တော့တ် ငေးနေမိ၏။

ကျောက်စာလေး လူလွန်တော်သည် မချောသော်လည်း ကြံ့ခိုင်တောင့်တင်းသန်မာကာ ယောကျ်ားပီသသူဖြစ်၏။ တစ်ရွာလုံး မော်မကြည့်ဝံ့သော သူကြီးသား ချက်ကြီးကို လက်သီးစာ ကျွေးခဲ့သူ ဖြစ်လေ၏။

ကိုးတောင်ကျားကြီးကို ဝါးရင်း တုတ်နှင့် ရိုက်သတ်ခဲ့သူဖြစ်လေ၏။ မြစ်ပါများတော့ ကြင်ဟူသော တော်တီအတိုင်း အပျိုမဒန်းမလေး ဘိုမ၏ရင်ထဲမှာ ဘာဂလိုလို၊ ညာဂလိုလိုဖြစ်လာလေ၏၊ ဘိုမ ရှိုးနေတာကို ကျောက်စာလေးမသိ၊ ပုဆိုးကို နှစ်ခါ၊ သုံးခါ ပြင်ဝတ်၏။ ပြီးစလွယ် လက်သုတ်လိုက်ခြင်းဖြစ်တည်း။

ကျောက်စာလေးက ဆေးလိပ်တိုကို မီးညှိဖွာရှိုက်ကာ ဘိုမရှိရာသို့ လျှောက်လာပြီး -

"ညေးရယ် - ပုလိပ်ကို ဘော်ဒါကြေး - ဓားပြကို ဗိုက်တာကြေး - နားမရှင်းဘူး"

ဘိုမက -

"ပုလိပ်က အမှုဆင်ပြီး တိုက်မှာစိုးလို့၊ ဖမ်းမှာစိုးလို့ ဘော်ဒါကြေးပေးရတာ၊ ဓားပြက သတ်မှာစိုးလို့ ဗိုက်တာကြေးပေးရတာ - ရှင်းလား"

ကျောက်စာလေးက ဆေးလိပ်တိုကို ပစ်လိုက်ကာ တစ်ချက် -



www.burmeseclassic.com

www.burmeseclassic.com



"သူကြီးက ရှာရဲ့-အခက်အခဲတွေ
တို ရှင်းမပြဘူးလား"

ဘိုမက -

"ပျော်တောင် နေသေး"

"ဘာဖြစ်လို့လဲ ဒေးရဲ့"

"တာမြေ-ပုလိပ်တွေနဲ့ တစ်ယောက် တစ်ဝက် ရနေတာကို"

"အဲ့လိုကြီးလား"

ဟုဆိုကာ ကျောက်စာလေး တက် ခေါက်သည်။

"မြို့မှာဆိုရင်တော့ လိုင်းကြေးလို့ ခေါ်တာ။ ဥပဒေနဲ့ မတောင်းတဲ့လူတွေက ပေးကြတာပေါ့၊ ဒေးတို့က အပြစ်မဲ့ ရိုးသားတဲ့လူတွေလေ၊ ဒီနေ့ကစပြီး လုံးဝ ပေးစရာမလိုတော့ဘူး"

မြတ်သားပါဘိတောင်း။ ဘိုမက ကျောက်စာလေးကို မျက်လုံးရွှဲကြီးများ နှင့်ငေးကာ -

"ရှင်ကြီးနော်-ဖြစ်ပါ့မလားလို့"

"တို့ ဒီရွာမှာ စာသင်နေတာ ဒေး ရှိနေလို့ပါကွာ၊ ဒေးလေးရဲ့ရွာအတွက် ဆို အားလုံးကို ရင်ဆိုင်ရဲပါတယ် - ယုံနော်"

ဟုဆိုကာ ရုပ်ကြမ်းကြီးနှင့် နွဲ့ပြ၏။ ပြီးနောက်စားမည်သောက်မည်ဆိုသော ချက်လုံးကြီးများဖြင့် ဘိုမအား ပြုံးပြ ကြည့်၏။

ဘိုမ ကျောချမ်းသွား၏။ ကြွက်သား ဖျန်းဖျန်းထကာ လန့်လက်သွားပြီး-

"အို ..."

ဟုဆိုကာ ရွာဘက်ဆီသို့ တုန်တုန် တုန်တုန်နှင့် ပြေးထွက်သွားလေတော့၏ တကား။

သူကြီးမင်းက -

"တစ်ယောက်မှ မလာသေးပါလား ကွ"

ချက်ကြီးက ကွမ်းတံတွေးကို ပွစ်ခနဲ ထွေးထုတ်ကာ -

"တစ်ခုခုတော့ မှားနေပြီထင်တယ် ဖေ့"

မောင်းထုပြီး အစည်းအဝေးခေါ် ပြီလေ၊ တာမြေဗိုလ်မီးခဲကို ဗိုက်တာကြေး ပေးဖို့ပေါ့၊ ဗိုလ်မီးခဲ ကြိုက်တတ်တဲ့ စား ဖွယ် သောက်ဖွယ်တွေက လယ်ဒီး ချ... သော် ရွာသားများကား တုတ်တုတ် တောင် မလှုပ်သေး။

မနက် (၁၀) နာရီ ကျော်ပါပြီ။ နေ့လယ် (၁) နာရီဆို ဗိုလ်မီးခဲအဖွဲ့ ဗိုက်တာကြေး လာယူတော့မှာ၊ အဲ့... ပဲ -

"ဖျတ် - ဖျတ် - ဖျတ်"



မြို့မှ ခြေသံများ ကြား၏။

"ဟင် ..."

အင်္ကျီဟပြဲ၊ အရုပ်ဗရုပ်၊ ဆံပင်ဖား ယားပုဆိုးကိုတိုဝတ်ကာ အေးအေးလု ပုဝင်လာသူကား -

"ကျောက်စာလေး"

သူကြီးသား ချက်ကြီးရဲ့ညာလက် နဲ့ထောင်ထွက်လူမိုက် စံလှကြီးက အလန့်တကြား ရေရွတ်၏။ ချက်ကြီးက -

"မင်း - ဘာလာလုပ်"

ကျောက်စာလေးက ချက်ကြီးရဲ့ နှာခေါင်းကို ဆေးလိပ်ငွေ့နှင့် မှုတ်ကာ -

"သက်လား သားကြီး - မင်းအဆင့် မဲ့ပြီးဘူး၊ သက်သာသလိုနေ - ဟုတ် လား"

ဟု ဆိုကာ သူကြီးမင်းနှင့် မျက်နှာ ချင်းဆိုင်တွင် ဝင်ထိုင်၏။ သူကြီးမင်း အစားပွဲကိုထုကာ ဒေါသသံကြီးဖြင့် -

"ဘယ်သူ့အမိန့်နဲ့ ဝါးရုံထဲ ဝင်လာ တာလဲကွ၊ ပုဒ်ထီးပုဒ်မတွေ တန်းစီပြီး အပ်ထည့်လိုက်ရင် မင်းဘဝ ဘာဖြစ် သွားနိုင်လဲကွ - ဟေ"

အာကာသံကြီးဖြင့် စွတ်စက် ဟောက်လေတော့၏၊ ကျောက်စာ လေးက -

"ဒီ - ဒီ - ဒီ"

မခန့်တဲ့အထာဖြင့် ရယ်ပြကာ -

"ဟောက်စားလုပ်လို့ ချောက်ချား သွားတဲ့ အကန့်ထဲမှာ ကျွမ်းမပါဘူးနော် သူကြီး"

သူကြီးသား ချက်ကြီးနဲ့ သူ့တပည့် လူမိုက်တွေဟာလည်း ကျောက်စာ လေးကို ဘာမှဝင်မပြောရဲကြပါဘူး၊ ကျောက်စာလေးရဲ့ဇာတ်ကို သိထားကြတာ ကိုး၊ ချက်ကြီးက မျက်နှာငယ်လေးသိမ် လေးနဲ့ -

"ကျောင်းဆရာက စာသင်ခန်းထဲ မှာနေတာ မကောင်းဘူးလားကွာ"

ဖြုံစတုံ အထာဖြင့် ရွှေပြည်အေး စကားကိုဆိုရှာလေ၏၊ ကျောက်စာလေး က သူကြီးမင်း ငုံထားသော ရေနွေးတို ဂွပ်ခနဲ ယူသောက်ပြီး -

"ဒီ - ဒီ - ဒီ"

ဟု လှောင်ရယ် ရယ်ကာ -

"ကျောင်းဆရာက စာသင်ခန်းထဲ မှာမရှိတော့ သားကြီးတို့သားအဖတော မြို ပြင်ချင်တယ်၊ သားကြီးတို့ပါလေရာဒါးမိ ချက် လုပ်၊ နေရာတကာ ဖရုတ်ထုနေ တာလေ၊ ရွာက နပ်ထွက်လို့ အဝချော နေပြီ - အဲဒီကိစ္စ"

ဟုဆိုကာ ကျောက်စာလေးက သူကြီးမင်း၏မျက်နှာအား ... ပြီး -

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုတာဝန်ယူကြမှာလဲ၊ ပြော ကြည့်"

သူကြီးမင်းက -

"ခက်တော့ ခက်နေပြီ"

တုဆိုကာ -

"အဟတ် - ဝါး - ဟား - ဟား"

တု လူသေကောင်ရယ်နည်းကား ရယ်လိုက်ပြီး -

"မင်း ဘာဖြစ်ချင်တာလဲ"

မိုက်သောစကားကို ပေါ်တင်လွှတ် လေ၏။

ကျောက်စာလေးက -

"ကျွတ်(စ်)"

ဟု ဆိုကာ စုတ်သပ်ပြီး ချက်ကြီး၏ နားကြားမှ ဆေးလိပ်တိုကို ဘတ်ခနဲ ဆွဲ ယူကာ သူ၏ပါးစပ်ပေါက်တွင် ပလောက် ခနဲ ကောက်တပ်လိုက်၏။ ပြီးနောက် စံလှကြီးအား မထီတရီ ကြည့်လေ၏။

ကျွတ်ကျဲနေသော စံလှကြီးသည် ခါးကြားမှ ကြေးမီးခြစ်ကြီးကိုထုတ်ကာ -

"ဖြလောက်" ခနဲ မီးညှိပေးလေ၏။ ကျောက်စာလေးက ဆေးလိပ်ကို အားရ ပါးရဖွာရှိုက်၏။ ဆေးလိပ်ငွေ့များကို မှုတ် ထုတ်ကာ သူကြီးမင်းအား -

"ခဲကြွပြီး ပလပ်ကျွတ်ရှင်ယောင် ဆောင်နေတဲ့ သူကြီးမင်းကို တည့်ပြော ရတော့မှာပေါ့။ အာပေတူးဓားပြအစုထဲ ပလုတ်ကို ဗိုက်တာကြေးပေးရမှာ လား။ ခင်များပဲ ပေးလိုက်"

"ဘာကွ ..."

သူကြီးမင်း တင်းလေပြီတကား။ ကျောက်စာလေးက -

"ရွာသားတွေကတော့ လုံးဝမပေး နိုင်ဘူး"

"ဘယ်လို - ဘယ်လို"

"ဒီနေ့ကစပြီး လုံးဝမပေးနဲ့တော့လို့ ကျုပ် ပြောပြီးပြီ၊ ဒါပဲ"

"ဟင် - မင်း - မင်း"

ကျောက်စာလေးသည် သူကြီးမင်း ၏ခြံဝိုင်းထဲမှ ဘောက်ဘောက် ဘောက် ဘောက်နှင့် ထွက်လာခဲ့လေတော့၏ တကား။

၁၈၀၃

သွင်သွင်ညင်ညင်စီးဆင်းနေသော ချောင်းနံဘေး၊ ဖွံ့ဖွံ့ကြွေနေသော ခနေ ပင်ကြီးအောက်တွင် -

"ဟိုးမရှေးတစ်ရှေးတုန်းကပေါ့ ကွယ်"

ကျောက်စာလေးက သူ့တပည့်များ ကို ရယ်ရွှင်ဖွယ်ပုံပြင်များ ပြောပြနေပါ တယ်၊ ဘုစုရုချွတ်တားလေးများမှာ ဝါးဝါးဟားဟားနဲ့ပေါ့။



"ဓားပြဗိုလ်ကြီး မည်းမှောင်ဟာ သူ့နောက်လိုက်များနဲ့ ရွာထဲကို - ကို -"

အဲ့မှာပဲ -

"ခွပ် - ခွပ် - ခွပ်"

မြင်းခွာသံများကို ကြားရ၏၊ ပြီးတော့ -

"ဒိုင်း - ဒိုင်း - ဒိုင်း"

သေနတ်သံများက အတော ဆောတ်၊

"ဖောင်း - ဖောင်း"

"ဒိုင်း - ဒိုင်း"

ဓားပြခေါင်းဆောင် ဗိုလ်မီးခဲခေါင်း ဆောင်သော မြင်းစီးအဖွဲ့ပင်တည်း၊ ရွာ ကို ဖောက်ထွက်ကာ ကျောက်စာလေး ရှိရာ စာသင်ဝိုင်းတို့ဦးတည်လာနေခြင်း ပင်တည်း။

"အီး - ဝါး - ဝါး"

"အမေရေ - အီး - ဝါး"

ချွတ်တားလေးများ အကြောက် လွန်နေကြလေပြီ၊

"သားတို့မီးတို့ - ဒေါ်းဆေး - ဘာမှ မဖြစ်ဘူး"

ဗိုလ်မီးခဲအဖွဲ့ဟာ ကျောက်စာလေး ကိုဝိုင်းထားလိုက်ကြလေပြီ၊ သူကြီးသား အနေနှင့် ရွာခံလူမိုက်များ ရောက်လာကြ လေပြီ၊ နောက်မှာတော့ ဘိုမနှင့် စိုးရိမ် လွန်နေကြသော ရွာသားများ။

ဗိုလ်မီးခဲက မြင်းပေါ်မှ နေ၍ ဟားတိုက်ရယ်ကာ -

"ငါ့ကို ဗိုက်တာကြေးမပေးဖို့ ပြော တာ"

သူကြီးမင်းက -

"အဲဒီကျောင်းဆရာပါ ဗိုလ်ကြီး ရယ်"

ချက်ကြီးနှင့် တပည့်များက -

"ဟုတ်တယ် - ဟုတ်တယ်"

ဟုဆိုကာ သံပြိုင် အရောက်ပို့ကြ လေ၏၊ ဗိုလ်မီးခဲက -

"ဗွီး"

ဟုဆိုကာ မျက်မှန်အမည်းကြီးကို ချွတ်ပြီး သူ့ကို အန်တုရဲသော ကျောက် စာလေးကို ကြည့်၏၊ ကျောက်စာလေး ကပြန်ကြည့်၏။ ပြိုင်တူရှိုးနေကြခြင်းပင် တည်း၊ ကျောက်စာလေးက -

"ကျွတ်(စ်)"

ဟုဆိုကာ ပုဆိုးတိုတို ဖြင့်ဝတ်၏၊ နီကြောင်ကြောင်ဆံပင်များကို ဆတ်ခနဲ ခါ၏၊ အနီးရှိ ခွေးခြေကိုကိုင်ကာ ဗိုလ် မီးခဲဆီ လျှောက်သွား၏။

"ညင် ..."

မျက်နှာပျက်နေသော ဗိုလ်မီးခဲက မြင်းကို မသိမသာ ဖနောင့်ဖြင့် ထိုး၏၊ ဘာကြောင့်မှန်းမသိပါ၊ မြင်းက ထုတ် တုတ်မျှ မလှုပ်၊ ကျောက်စာလေးက -

www.burmeseclassic.com



"ဒိ…"ခနဲမဲ့ပြုံးကာမြင်းဇက်ကြိုးကို ဆွဲ၏။ ခွေးခြေကို မြေကြီးပေါ် ချ၏။ ဗိုလ်မီးခဲ၏တပည့်များ၊ ဘိုမနှင့်ရွာသားများ၊ သူကြီးနှင့် နောက်လိုက်များ၊ ချွတ်တားလေးများ၊ မမိုတ်သောမျက်လုံးများနှင့် စေ့ကြည့်နေကြပါတယ်။ ကျောက်စာလေးဘာလုပ်မှာလဲဖေ့။ အသက်တောင် ပြင်းပြင်း မရှုံ့ကြပါဘူး။ ကျောက်စာလေးက ခွေးခြေပေါ်တက်ပြီး ပါးစပ်ထဲ လက်ညှိုးထည့်လိုက်ပါတယ်။ ပြီးတော့-

"အင်းတွာ"

ဟုဆိုကာ ဗိုလ်မီးခဲ၏ နားရွက်ကို တို့လိုက်၏။ နားရွက်တံစွေး ဆွတ်လိုက်တာဖေ့၊ ကလေးအတောဖြင့် ပြောရရင် မင်း ဘာတောင့်လဲ၊ ငါ ဘာကောင်လဲ၊ စိန်ခေါ်တာပေါ့။

ဗိုလ်မီးခဲသည် နတ်ဝင်သည် အလား ဆတ်ဆတ်တုန်လာကာ-

"ဟင့်"

ဟု ရှိုက်ပြီး မြင်းပေါ်မှ လျှောတိုက် ဆင်း၏။ ကျောက်စာလေးက-

"အင်းဟာ" ဟုဆိုကာ-

"ဖြောင်း" ခနဲ နားရှောင်ဖြတ်အုပ် ထည့်လိုက်၏။

"ဟင်"

"အလို"

"အို"

အားလုံး မျက်လုံးပြူးကုန်ကြလေ၏။ ဗိုလ်မီးခဲ၏တပည့်များက-

"ဖြောင်း - ဖြောင်း"

"ဖြောင်း - ဖြောင်း"

ဟုဆိုကာ သေနတ်မောင်း ဆွဲတင်ကြလေ၏။ လဲကျနေသော ဗိုလ်မီးခဲသည် လူးလဲထကာ သူ့တပည့်များကို နားရင်းဖြတ်အုပ်ကာ-

"သေနတ်ပြောင်းတွေအောက်ချိုက်ထား"

ဆော့ကန်၏။

"ကျည်ပြန်ရှင်း"

ပါးဖြတ်ရိုက်ပြန်၏။

"မင်းတို့ ဝင်ပါစရာ အကာန်မရှိဘူး"

ဟုဆိုကာ အနီးဆုံးရှိ ဓားပြလူကြီးကို-

"အုန်း…"ခနဲ ဆောင့်ကန်ကာ-

"ဟင့်"

ဟုဆိုပြီး ကျောက်စာလေး ရှေ့တွင် ဒူးထောက်ပြန်ထိုင်လေ၏။ ကျောက်စာလေးက နီကြောင်ကြောင်ဆံပင်များကို ဆိုးခနဲ၊ ဆတ်ခနဲ ခါကာ-

"ငိ - ငိ"

ဟု ရယ်ကာ ဗိုလ်မီးခဲအား-

"ဖိုက် တာ ကြေး တောင်း တာ နင်လားတွ"



ဟုမေးပြီး နားသယ်စပ်မှ ဆံပင်များကို ဆွဲနှုတ်၏။ ဗိုလ်မီးခဲ-

"အား…"

ဟု ငယ်သံပါအောင် အော်၏။ ကျောက်စာလေး မကျေနပ်သေး။

"ဖြောက်အားကိုးနဲ့ ဟောက်စားလုပ်နေတာ နင်လားဟဲ့" ဟုဆိုကာ ခြေသလုံးမွေး ဆွဲနှုတ်ပြန်လေ၏။ ဗိုလ်မီးခဲသည် သူ့ဆံပင်၊ ခြေသလုံးမွေးများကို လက်နှစ်ဖက်ဖြင့် ကြုံသလို ဝှက်ထားရရှာလေ၏။

အားလုံးသော ပရိသတ်မှာ ကိုယ့်မျက်လုံးကိုယ် မယုံချင်ကြတော့။ ရွာစဉ်လိုက်ပတ်ပွေ့ကာ ဓားပြတိုက်စားနေသော ဓားပြဗိုလ်မီးခဲ ဟုတ်ပါလေစ၊ ကြည့်လေ - ကျောက်စာလေးရှေ့မှာ မခုတ်တတ်တဲ့ကြောင်ကလေးပမာလေး ဖြစ်နေတာကိုး။ ကျောက်စာလေးက-

"ရွှတ်"

ဟုဆိုကာ ခွေးခြေကိုကြည့်ပြီး ဓားပြတစ်ယောက်အား မေးဆတ်ပြလေ၏။

"ဟင့်" ဟုဆိုကာ ဓားပြပုပုလေးက ကြောင်တောင်တောင်ဖြင့် ခွေးခြေကို ယူလာပေးရှာ၏။ ကျောက်စာလေးက ခွေးခြေတွင် ဝင်ထိုင်ကာ အနားတွင် ကြောက်အားပို ဒူးထောက်နေသော ဓားပြဗိုလ်မီးခဲအား-

"ပြောစမ်း - မင်းက ဘာကောင်လဲ ဟေ"

ဓားပြဗိုလ်မီးခဲက မျက်လွှာလေးကို ချကာ-

"ဘွဲ့ရဓားပြလေးပါ - သခင်လေး ရယ် - ဟင့်"

သခင်လေး ဆိုပါလား။ အားလုံးရှိန် ပြီးရင်း ရှိန်ကုန်ကြလေ၏။ အခြေအနေကို သဘောပေါက်သွားသော သူကြီးတို့သားအဖမှာ မျက်နာပျက်ကြီးတွေနှင့် လစ်ထွက်ရန် ကြံလေ၏။ သို့သော် ဇမ္ဗုတုံးလေပြီတကား။ ဓားပြများက ပြောတ်တွေနဲ့ ထောက်ထားတာကိုး။ ကျောက်စာလေးက-

"ဝက်မသား - ထစမ်း"

"ဟုတ် - သခင်လေး"

ဟုဆိုကာ ဖုန်အလိမ်းလိမ်းနှင့် ဓားပြဗိုလ်မီးခဲသည် မတ်တတ်ရပ်၏။ ငိုမဲ့မဲ့မျက်နှာလေးဖြင့် လက်ပိုက်ထားလေ၏။

"ကြွက် - မ - သား"

"ဂျာ - သခင်လေး"

"နင့်တိုလူတစ်လုံး ဘာ[illegible]

အောင် တွေ့မွေးခဲ့[illegible]

www.burmeseclassic.com

www.burmeseclassic.com



ချောင်းထားခဲ့တာ ဘယ်သူတွေလဲ တွ"

ဗိုလ်မီးခဲက နပ်နပ်ကို ရှုံ့ကာ -

"ဟင့် - သခင်လေးရဲ့ဒက်ဒီနဲ့ မာမီကြီးပါခင်ညာ - ဟင့်"

"ဘွဲ့ရတော့"

"အနော်နဲ့ ကီးကိုက်တဲ့အလုပ်က ရှိသူးလေ - ဟင့်၊ ဓားပြတိုက်စားရတာ ခေါ့လို့ - တင့်"

"ဘွဲ့ရနားပြကြီးပေါ့"

"ထေင်မှတ်ပဲ ရည်ရွယ်သလိုဖြစ် သွားရတာပါဆိုနေ - တင့်"

ကျောက်စာလေးက ဗိုလ်မီးခဲ၏ ခါးကြားမှ ပြောက်တို ဆွဲယူကာ -

"မင်းက ဒိုက်တာကြေး တောင်းတယ်ဆို"

ဗိုလ်မီးခဲက -

"သခင်လေးရယ် - သခင်လေးဒီရွာမှာရှိမှန်းသိရင် ကျွန်တော်က တောင်းပါ့မလားလို့"

ဟုဆိုကာ စကားကို ဘရိတ်ဖြီး -

"ခဏနော်"

ကျောက်စာလေးအား ခွင့်တောင်းကာ သူကြီးသားအဖထံသို့ ဘောက်ဆတ် ဘောက်ဆတ်နှင့် လျှောက်သွားပြီး -

"နင်တို့ အနေအထိုင်မတတ်လို့" ဟုဆိုကာ သူကြီးသားအဖအား -

"အင်းဟာ"

"ဖုန်း"

"အီး"

"ကဲဟာ"

"ခွပ်"

"အား"

အမှန်းကျွေးလေတော့၏တကား။ သူကြီးသားအဖမှာ လူးလိမ့်လို့ ဗိုလ်မီးခဲသည် ကျောက်စာလေးထံ ပြန်လျှောက်လာကာ ရိုသေဖယဟန်လေးဖြင့် -

"သတိရတိုင်း တောင်းပန်နေမှာပါ သခင်လေးရယ်၊ နောက်ဆို သခင်လေး ရှိတဲ့ရွာကိုယောင်လို့တောင်မလာတော့ပါဘူး ခင်ဗျာ - နော်လို့" ဟုဆိုကာ -

"ဟော့ကောင်တွေ သွားမယ်"

ဗိုလ်မီးခဲ ဦးဆောင်သော ဓားပြအဖွဲ့ ရွာထဲမှာ -

"ခွပ် - ခွပ်"

ရွာထဲမှ ထွက်သွားလေတော့၏ တကား။

၁၈

သူကြီးသားကို နှိပ်ကွပ်ခဲ့သော ကျားသောင်းကျန်းအားဝါးရင်းတုတ်နှင့် ရိုက်သတ်ရဲသော၊ ဓားပြဗိုလ်မီးခဲအား



...ရင်းအုပ် ဆုံးမခဲ့သော ကျောက်စာလေးအား ဘောလည်တစ်ရွာလုံး ရှိန်သထက် ရှိန်လေပြီတကား။

အဲ့အထဲမှာ ချောစမောလေး ဘိုမည်း ပါတာပေါ့၊ ကျောင်းပိတ်ရက်၊ သိမ်ပြာသောတနင်္ဂနွေနေ့မှာပေါ့။ ဘိုမ ... သူ့ဘူလေး တွတ်နီကို လက်ကဆွဲ ... ထမင်းလာပို့ပါသည်၊ ခါးခါးလေးကို ... မှန်လေး လူးပြီး ရှပါကို ကျည်ထိုး ... ဆင်းတင်ထားပါသည်၊

"ဟင် ..."

လှသော၊ ချောသော ဘိုမကို ... ထင်မှတ်ဘဲ တွေ့လိုက်ရသဖြင့် ကျောက်စာလေး ကတုန်ကယင်ကြီး ဖြစ်သွားလေသည်။ ဒီနေ့က ဘိုမတို့ ... ထမင်းလာပို့ရမည့်နေ့မှမဟုတ်တာ၊

"ဒီနေ့ ..."

ဘိုမက မခို့တရို့လေးပြုံးကာ ညှသံလေးဖြင့် -

"ဘာဖြစ်လဲဟင် - ရှင်ကြီးက လာတာမကြိုက်ဘူးလားလို့"

"လာပါဗျာ - လာပါဗျာ - အဲဒါးကို ... စေချင်တာပါ - ဟီး"

တွတ်နီလေးက ကျောင်းဝင်းထဲမှာ ... ပြေးလွှားဆော့ကစားနေပါ၏၊ ဘိုမ ...

"ရှင်ကြီးအတွက် ထမင်းလာပို့တာ"

"အားနာစရာ ညေးရယ်"

တောင်းထဲမှ ဟင်းခွက်များ ထုတ်နေသော ဘိုမရဲ့ လက်ကလေးတို ကျောက်စာလေးက ဆတ်ခနဲ ဖမ်းကိုင်ကာ -

"ညေး ..."

"ရှင် - ရှင်ကြီးနော်"

ဘိုမရဲ့လက်ကလေး ဖတ်ဖတ်တုန်လို့၊

"တို့ - ညေးကို ချစ်တယ်"

ဘိုမ မျက်လွှာလေးချကာ ခေါင်းငုံ့ထား၏၊ ကျောက်စာလေး ပြုံး၏၊ ဝိုင်ပြီပေါ့၊

"တော်သလင်းလမှာ လာတောင်းမယ်နော်"

မြုံ့စတုန် မျက်နှာလေးဖြင့် ဘိုမက -

"ရှန် - ဟို - သီတင်းကျွတ်ဟုတ်ဘူးလား"

ကျောက်စာလေးက -

"ငီ - ငီ" ဟု ရယ်ရင်း -

"သီတင်းကျွတ်က ကြာလို့၊ တဲ - ပြောကွာ၊ တို့ကို ချစ်လားလို့"

မဆွတ်ခင်က ဖြတ် (စ်) ... သော ဘိုမက ရှက်တက်... ပဲမျက်နှာလေးဖြင့် -

www.burmeseclassic.com

www.burmeseclassic.com



"ရှင်-ရှင်ကြီးကို-ကို"

အဲ့မှာပဲ-

"တီတီလေး-တီတီလေး"

တွတ်နီလေးရဲ့အလန့်တကြား ခေါ်သံကို ကြားရသဖြင့်-

"လာပြီ-တွတ်တွတ်"

ဆိုမ ပြေးထွက်သွားလေပြီ။ ကျန်ရစ်သော ကျောက်စာလေးမှာ ဟတ်တော့ကြီး။

၈၇၉

သူကြီးမင်းက သက်ပြင်းကို အရှည်ကြီးချကာ-

"မားပြန့် ဝေါင်းကြဲတော့လည်း မတာန်၊ ဘိန်းပစ်ပြီး ပုလိပ်နဲ့ ပင်းကြဲမယ် ကြံတော့လည်း ပုလိပ်အရာရှိက သူ့ကျောင်းနေဖက်တဲ့-ဟင်း"

မီးလှုံနေသောသူကြီးသားကြီးက ထန်းမြစ်ကို ခွာရင်း-

"အဲ့ ထက် ဆိုးတာရှိသေးတယ် အဖေရဲ့-တောက်"

ပြောရင်း ချက်ကြီးက ထန်းမြစ်ဖတ်ကို ပါးစပ်ပေါက်ထဲ ထိုးထည့်သည်၊ မီးရောင်လက်လက်သည့် ချက်ကြီး၏ ဒေါသမျက်နှာမှာ တွယ်ကပ်နေကြ၏၊ အားကိုးရသော သားပါတကား၊ အဖေ့ထက် ကွက်ကျော်မြင်နေသော သား[illegible] ကလား၊ သူကြီးမင်းသည် သားတော်မောင် ချက်ကြီးကို ပေါ်တင်ကြီး လေး[illegible] ကာ-

"ပြောစမ်း ငါ့သားကြီး"

ချက်ကြီးက-

"ဘိုမနဲ့ အဲဒီကျောင်းဆရာ ကြို[illegible] နေကြပြီထင်တယ်"

"ဘာရယ်"

သူကြီးမင်း ဒေါ်စီးလေပြီ၊ ဒါ[illegible] ချက်ကြီးမသိ၊

"သားဘဝ-စမုံတုံးပါပြီ အ[illegible] အား"

ချက်ကြီး ငယ်သံပါအောင် [illegible] သည်၊ သူကြီးမင်းက နားချောင်[illegible] အစ်ထည့်လိုက်တာကို၊ ဂံကောင်း[illegible] မီးပုံထဲ ခေါင်းမစိုက်တော့၊

"အကောင်းမှတ်လို့ နားထောင်[illegible] တာ၊ တကျာရှူး၊ ကျောင်းဆရာ [illegible] နေသရွေ့ ငါတို့အတွက် မကောင်း[illegible] ဟ၊ သိလား ခွေးရဲ့၊ ဒီကောင့်ကို အ[illegible] ရှင်းမှ အေးမှာ"

ချက်ကြီးက ဖက်ပိုးကို ပွတ်[illegible]-

"ကျားမကြောက်၊ ဓားပြမကြော[illegible] တဲ့လူကို သားက ဘယ်လိုရှင်း[illegible] ဗျာ"



သူ မစွမ်းတာကို ပေါ်တင်ပင် ဝန်ခံ [illegible]၏၊ သူကြီးမင်းက မီးစိုးအုဒ့်အုဒ့်များကို [illegible]ကာ-

"ဒီကောင်က ငါ့သူကြီးရာထူးကို [illegible]ချင်ရန်ရှာနေပြီ၊ သူကြီးသော၊ သူကြီးသား သူကြီးဖြစ်တဲ့ခေတ်က မရှိတော့ [illegible]တဲ့၊ ရွာထဲမှာ အာရှောင်နေတာနော် [illegible]သိလား"

ချက်ကြီးက-

"တိဘူး"

"မင်းက ဆန်ပေါလို့ လူဖြစ်နေတဲ့ [illegible]ကုန်မြေလေးကိုး၊ ကျောင်းဆရာ [illegible]ပလုတ်တ ဘာဆက်ပြောတယ် [illegible]လဲဟ၊ လူထုခေါင်းဆောင်ဆိုတာ [illegible]သူ့ရဲ့အသည်းကြားက မဲတစ်ပြားနဲ့ [illegible]ထားတဲ့လူပဲ ဖြစ်ရမယ်တဲ့"

"ရှုပ်နေတာပဲဗျာ"

ချက်ကြီးက ခေါင်းကို ဖြင်းဖြင်း [illegible]၏၊ သူကြီးမင်းက အားကိုး၍မရ [illegible]သားကို စိတ်လေစွာကြည့်ကာ-

"ကြာရင် တို့ဘဝ ငုတ်တုတ်မေ့ [illegible]မှာ"

အဲ့မှာပဲ-

"အဆင်ပြေတယ် သူကြီး"

ခြံဝိုင်းထဲသို့ ဝင်လာသော စံလှကြီး [illegible] တေားပင် တည်း၏၊ သူကြီးမင်းက [illegible]သော ကျေးစွာ ပြုံးကာ-

"သား-ချက်ကြီး"

"ဗျာ"

"စံလှကြီးနဲ့ လိုက်သွား"

"ဟုတ်"

ချက်ကြီးက ပြုတ်သည်၊ ဘာမှမေး မနေတော့ဘူး၊ စံလှကြီးနောက်ကောက်ကောက်ပါအောင် လိုက်သွားသည်။

၈၇၉

ရွာနှင့် ခပ်လှမ်းလှမ်း မြို့နှင်းတို့ အဲ့တားဝေနေသော တောင်ခြေတောအုပ်မှာ နတ်ဝင်သည် ဒေါ်အိုဇာ နေပါသည်၊ ဒေါ်အိုဇာဟာ အောက်လမ်းဓာတ်တော်ကြီးလို့ အများက သတ်မှတ်ထားကြပါသည်၊ မျက်စိမမြင်တော့ပါဘူး၊

"ဟား-ဟား-ဟား"

"ဟီး-ဟီး-ဟီး"

ဒေါ်အိုဇာရဲ့ ခြောက်ကပ်ကပ်ရယ်သံကြီးက အသည်းယားက်တက်တွဲကဖို့ ကောင်းပါဘိတောင်း၊ ဒေါ်အိုဇာက ရယ်ခြင်းကို တီခနဲ ဘရိတ်ကာ ကလေးအသံလေးဖြင့်-

"လာရင်းကိစ္စက..."

ချက်ကြီးက-

"ဟိုလူ"

"အား"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အိုဇာက ကလေးအသံဖြင့် အော်လေပြီ။ ချက်ကြီး ကြက်သီးဖျန်းဖျန်းထကာ စံလှကြီး၏ လက်မောင်းကို ကိုင်ထား၏။ ဒေါ်အိုဇာက -

"ဟိုလူတွေ ဒီလူတွေ အာမရောင်နဲ့၊ နင်တို့ ကြည့်မရတဲ့လူကို ဘဝပျက်စေချင်လို့ ငါ့ဆီ ရောက်လာကြတာမို့ လားဟဲ့ - လိုရင်း ပြောကြ"

စံလှကြီးက -

"ဟုတ်ပါတယ် အဘွား"

ဒေါ်အိုဇာက ပြုံးကာ လက်ကို ဝိုင်းပြီး -

"ကျောင်းဆရာလေးက သိပ်နံ့တာပဲ။ အပေါး - မင်းလိုချင်တာ ငါ အကုန်ပေးမယ်တွာ"

ကျောက်စာလေးက ပြုံးကာ -

"ပြီးတော့ရော"

"မင်းရဲ့ နှောင်ရေးစိတ်ဝအောင် ဒီရွာက ထွက်သွားပေါ့ကွာ"

ကျောက်စာလေးက ဟားတိုက်ရယ်မောကာ -

"မသွားနိုင်ဘူးဗျ"

"အွန်"

"ကျွန်တော်က ဟောဒီကောင်မလေးကို ချစ်တယ်။ သူ့ကို လက်ထပ်မယ်၊ ဒီရွာလေးမှာပဲ တစ်သက်လုံးနေသွားမှာဗျ"

သူကြီးက သွေးအေးသောလေသံကြီးဖြင့် -

"နောက်မှ ငါ့ကို ရက်စက်တယ်လို့ မပြောနဲ့"

ဟုဆိုကာ ရွာခနဲ လှည့်ထွက်သွားလေ၏။ ကျောက်စာလေးက ဘိုမော်စရေပန်းကုံးလေး ပန်ပေးရန် ပြင်၏။ ဘိုမက ခေါင်းကလေးအငုံ့ -

"အား ..."

ကျောက်စာလေးသည် ညာဘက်ခြေသလုံးကိုကိုင်ကာ မချိမဆန့် အော်လေ၏။ ဘိုမက -

"ရှင်ကြီး - ဘာဖြစ် - ဟင်"

ခြေသလုံးမှာ ကွမ်းသီးလုံးခန့် အစ်စက်ကြီး။ ကျောက်စာလေး မချိမဆန့်ခံစားနေရရှာ၏။ မီးစနှင့် ထိုးသည့်အလား။

"အား ..."

ကျောက်စာလေး မချိမဆန့် အော်ပြန်၏။ ဘယ်ဘက်ခြေသလုံးမှာ အစ်ကွက်ကြီး။

"ရှင်ကြီး - ဟင် - ဘယ်လိုဖြစ်တာလဲရှင်"

"အား ..."

ဘိုမ မကြံတတ်တော့ -

"တွတ်တွတ်"



"ဗျာ - တီတီလေး"

"ရွာထဲကလူတွေကို ပြောခေါ်"

"ဟုတ် - တီတီလေး"

တွတ်နီလေး ရွာဘက်သို့ ပြေးထွက်သွားလေ၏။ ခပ်လှမ်းလှမ်းညောင်ပင်ကြီးအထက်တွင်ရှိသော လူကြီးသားချက်ကြီးက -

"လူပါးဝတဲ့ကောင် - အခင်းဟာ"

"လုပ်လိုက်လေ"

ချက်ကြီးက အာဒကေအချို့ကို ဒေါ်အိုဇာ၏ လက်ပေါ်တင်ပေးလိုက်၏။ ဒေါ်အိုဇာက အာဒကေများကို နမ်းကာ -

"စလို့ရပြီပေါ့"

ဟုဆိုကာ အခန်းထဲသို့ ဝင်သွားလေ၏။ ခဏအကြာ ပြန်ထွက်လာလေ၏။ လက်ထဲတွင် ရွှံ့ရုပ်ကလေးတစ်ရုပ်ပါလာ၏။

"ရော့ ..."

ချက်ကြီးက လှမ်းယူလိုက်၏။

"နေဦး"

ဟုဆိုကာ ဒေါ်အိုဇာက သူ့ ဆံပင်တွင် ထိုးထားသော အပ်တစ်ချောင်းကိုပေးကာ ကျက်သရေကင်းမဲ့စွာရယ်ပြီး ကလေးအသံလေးဖြင့် -

"မှတ်ထား - နင်တို့ကြည့်မရတဲ့လူကို ဘယ်နေရာဒုက္ခရောက်စေချင်တာလဲ၊ ခြေထောက်ဆိုရင် ခြေထောက်၊ လက်ဆိုရင် လက်၊ အပ်နဲ့ထိုးလိုက် - ပေါက်လား"

"ဟုတ်"

"ပြန်တော့"

ချက်ကြီးနှင့် စံလှကြီး ဒေါ်အိုဇာ့ထံမှ ပြန်လာခဲ့ကြပေတော့၏။ သူတို့မျက်နှာတွေက ပြုံးလို့။

၆၁၉

စမ်းချောင်းကလေးသည် သွင်သွင်စီးလျက်၊ စရေပန်းလေးများ ဖွံ့ဖွံ့ဖြိုးဖြိုးလျက်၊ ကျောက်စာလေးနှင့် ဘိုမတို့သည် စရေရိပ်တွင် ထိုင်လျက်ရှိနေ၏။ တွတ်နီကလေးသည် စရေပန်းလေးများ လိုက်ကောက်နေလေ၏။ ထိုစဉ် -

"ဟင် ..."

မမျှော်လင့်ဘဲ ရောက်လာသောလူတစ်ယောက်ကို တွေ့လိုက်ကြရလေ၏။

"သူကြီး ..."

ဟုတ်ပ၊ ဘောလည်ရွာရဲ့ သူကြီး မင်းပင်တည်း။ သူကြီးမင်းသည် ပြင်းလိပ်ကို ခဲကာ ကျောက်စာလေးအား မျက်နှာထည့်ကြီး [illegible]

"ကျောင်းဆရာလေး ..."

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါခင်ဗျ"

"ရွှေလိုချင်လား၊ ငွေလိုချင်လား"

"ဘာကိုဆိုလိုတာလဲ ခင်ဗျ"

"အကြောင်းတဲ့ကောင် - တဲ့ဟာ"

လက်ထဲမှ အရုပ်ကလေးကို အပ်ဖြင့် စိတ်တိုက်ထွနေ၏။ ရွာသားများ ရောက်လာချိန်တွင် ကျောက်စာလေး၏ ခြေသလုံးနှစ်ဖက်တွင် အနီကွက်တွေ ခြင်းတောင်း။

ကျောက်စာလေး သတိလစ်နေပါပြီ။ ရွာသားများက ကျောက်စာလေးကို ရွာအတွင်းသို့ ခေါ်လာခဲ့ကြလေ၏။ စာသင်ကျောင်းသို့မပို့တော့၊ ဘိုမ၏အိမ်သို့ ခေါ်လာခဲ့ကြ၏။ ခြေထောက်မှ ဒဏ်ရာများကိုကြည့်ကာ သမားတော်ကြီး မျက်လုံးပြူးသွား၏။

"ဒါ - တစ်ယောက်ယောက်က ပြုစားထားတာဟ"



ဟုဆိုလေ၏။ ညောင်ပင်ကြီးပေါ်မှ ချက်ကြီးက အရုပ်ကလေးကို အပ်ဖြင့် -

"အင်းဟာ ..."

ထိုးပြန်လေ၏။ ကျောက်စာလေး မရိုမဆန့်။

"အား ..."

အော်ပြန်လေ၏။ ချက်ကြီးက ခိုးခနဲ ရယ်ကာ -

"ဓကာနားလိုက်ဦးမယ်"

ဟုဆိုကာ ညောင်ပင်ပေါ်မှ ဆင်းသွားလေတော့၏တကား။ ဘိုမနှင့် ရွာသားများ ဝိုင်းဝန်းပြုစုသဖြင့် ကျောက်စာလေးပြန်လည်သတိရလာလေတော့၏။

ဆက်ရန်



သူကြီးမင်းက လေ့ကားအတက် အဆင်းတွင် ထိုင်နေသော သားတော်မောင်အား -

"ချက်ကြီး"

"ဖေ ..."

"ဒီည အပြတ်ရှင်းမှဖြစ်မယ်၊ အိမ်တနေ ဆက်ပြီးဒုက္ခပေး - ကြားလား"

"ဟုတ်"

"ငါ အခြေအနေသွားကြည့်လိုက်ဦးမယ်"

"ဟုတ်"

သူကြီးမင်းရွာထဲသို့ထွက်လာခဲ့၏။ အချိန်က နွားရိုင်းသွင်းချိန်ပင်တည်း၊ ကြောခင် မှောင်တော့မည်၊

"အား ..."

ကျောက်စာလေး၏ အော်သံကို ကြားလိုက်ရ၏။ သူကြီးမင်းပြုံးကာခြံထဲသို့ဝင်လာခဲ့လေ၏၊

"အား ..."

ကျောက်စာလေး၏ ခန္ဓာကိုယ်မှာ အနီကွက်တွေ ဖွက်ပေါက်လို့ နေပါပြီ။ ဦးခေါင်းတစ်ခုပဲ ကျန်တော့သည်၊

"အား ..."

မရိုမဆန့် ဝေဒနာခံစားနေရရှာသော ကျောက်စာလေး၏ဖြစ်အင်ကို ကြည့်ကာ ရွာသားများဝမ်းနည်းလို့မဆုံး။ ချွတ်တားတပည့်လေးများက -

"ကျရာလေး - အီး"

"ကျရာလေးရယ် - ဝါး"

ကြုံကြုံပါအောင် ငိုကြလေတော့၏။ ဘိုမအဖို့တော့ ဆိုဖွယ်ရာ မရှိချေ။

"ရှင်ကြီးရယ် - ဟင့်"

သိမ့်သိမ့်လှုးကာ ငိုကြွေးလေတော့၏၊

"ကလေးတွေကို စာသင်ပေးတဲ့ ကျောင်းဆရာ၊ ကျားဆိုးရန်ကို နှိမ်နင်းပေးတဲ့ကျောင်းဆရာ၊ ဓားပြရန်ကို တာကွယ်ပေးခဲ့တဲ့ ကျောင်းဆရာ - ဒီလိုလူမျိုးကို ဘယ်လိုလူစားတွေက အကောက်ကြံတာလဲ ရှင်တို့ရယ် - တင့်"

ဘိုမသည် ငိုယိုကာ မျက်ရည်အဝဲသားဖြင့် မော့ကြည့်၏။ သူကြီးမင်း၏ ကောက်ကျစ်သောအပြုံးကို တွေ့လိုက်ရလေ၏။ ဘိုမသည် မျက်ရည်တို့သုတ်ကာ အိမ်ပေါ်မှ ဆင်းလာခဲ့လေ၏။

"အား ..."

ကျောက်စာလေး၏ အော်သံတားကြားနေရဆဲ၊

ဆက်ရန်

အိမ်အပေါ်ထပ်မှာ ချက်ကြီးတစ် ယောက် တည်းရယ်၊ ... သည် ပျော်ရွှင်နေ၏

www.burmeseclassic.com



"အား ..."

ကျောက်စာလေး၏ အော်သံကို နားအရသာခံကာ ချက်ကြီးက မိစနဲ ရယ်ပြီး -

"တော်တော် အသက်ပြင်းတဲ့ကောင်"

အရုပ်ကလေးကို ငေးနေစဉ် -

"မြန်မြန်ကိစ္စပြတ်ချင်ရင်တော့ ခေါင်းကို ထိုးဟဲ့"

ခေါ်ဆိုဖ၏ ကလေးအသံကလေး ကိုကြားလည်းကြားယောင်မိလေ၏။ မိ - မိ ဟုရယ်တာချက်ကြီးကအရုပ်ကလေးရဲ့ ခေါင်းကို အပ်နှင့်ထိုးရန် ချိန်ရွယ်လိုက် ၏။ အဲ့မှာပဲ -

"ချက်ကြီး ..."

"ညင် ..."

မမျှော်လင့်ဘဲ ဘိုမကို တွေ့လိုက်ရသဖြင့် ချက်ကြီး လန့်လက်သွား၏။ အပ်များဝင်စ အရုပ်ကလေးကို လက်နောက်ပစ်ပြီး စင်ပေါ်တွင် တင်ထားလိုက်၏။ ကိုယ်နှင့်ကွယ်ကာ -

"အဟီး ..."

ဟုဆိုကာ သွားဖြီးပြ၏။ ဘိုမသည် ညာဘက်လက်ကို နောက်ပစ်ကာ ချက်ကြီးထံသို့လျှောက်လာလေ၏။ မီးရောင်အဟပ်တွင် ဘိုမ၏မျက်လုံးအစုံသည် ဒေါသရောင်ကြောင့် လက်လက်ထနေ၏။ ချက်ကြီး၏အရှေ့ရောက်သည်နှင့် ဘိုမက ညာလက်ကို ဆန့်ထုတ်လိုက်လေ၏။

"အောင့်မျက်လေး ..."

ညာဘက်လက်က အလွတ်ထားတာမဟုတ်၊ ငှက်ကြီးတောင်ဓားကြီးနဲ့ ဓားသွားက မီးရောင်မှာ မြလို့၊

"အား - အား - ဒါ ဘာမှမလုပ်"

မဟုတ်တာ လုပ်ထားသော ချက်ကြီးသည် ဓားကိုမြင်တာနဲ့ သွေးပျက်နေလေပြီ။ ဘိုမက -

"နင့်နောက်မှာ ဘာလဲ"

"ဘာမှမရှိပါဘူးဟ ..."

"မလှုပ်နဲ့နော်"

ချက်ကြီးကို ဓားဖြင့်မိုးကာ မီးအိမ်ကို ဖြုတ်ကာ ကြည့်၏။ အပ်ဝင်စအရုပ်ကလေးကို တွေ့ရ၏။

"အဲဒါ ဘာလဲ"

"ဟို - ဟို - ဟိုနင်း"

ချက်ကြီး တိုင်ပတ်လေပြီတကား။ ဘိုမက ဓားဦးချွန်ဖြင့် ချက်ကြီးရဲ့လည်ချိုကို စပါးလုံးတစ်တောက် ထိုးသွင်းလိုက်၏။

"အ ..."

"ပြောလေ"



"ငါ့ကို - မ - မသတ်ပါနဲ့ဟာ၊ ဟို - ဟို - ဟို ကျောင်းဆရာ ဒုက္ခရောက်အောင် - ဒေါ်အိုဖာ့ဆီက အရုပ်ကလေးနဲ့"

"ဘာ ..."

ဘိုမ ဒေါသမထိန်းနိုင်တော့ပါ။ ဓားသည် လေထဲ မြောက်တက်သွား၏။

"လူယုတ်မာ - ကဲဟာ"

"အား ..."

ဘိုမရဲ့ဓားချက်မှာ လည်ထွက်သွားသော ချက်ကြီးသည် သွေးရူးသွေးတန်းဖြင့် အရုပ်ကလေးကို လှမ်းယူ၏။ ပြီးတော့ အပ်ကို အောက်မှထားကာ အရုပ်ကလေးကို ကြမ်းပြင်ပေါ်သို့ -

"မလုပ်နဲ့"

ဘိုမက တားသည်၊ သို့သော် -

"အား ..."

ကျောက်စာလေး၏ မချိမဆန့် အော်သံနက်ကြီးသည် ဘောလည်ရွာကလေး၏ ကောင်းကင်ယံထက်တွင် ပဲ့တင်ရိုက်သွားလေတော့၏တကား။

၈၈ လ ၃

"အား ..."

လူရွယ်သည် ခုတင်ပေါ်မှ ပြုတ်ကျ၏။ လူးလဲထကာ အရှက်ပြေဟီးရင်း -

"တော့် - ဘယ်ရောက်နေတာလဲ သက်လား"

သတင်းစာကို ဖောက်ထိုးဖတ်နေသော မှန်ကြောင်ကြီးက -

"ငါ့ကိုတော့ အရူးလို့ ပြောကြတာပဲ၊ နင်လည်း အရူးပေါ့၊ အရူးတွေနေတော့ အရူးအိမ်ပေါ့"

"ဟာ - ဟုတ်ပဲနဲ့"

ဟုဆိုကာ လူရွယ်သည် စိတ္တဇဆေးရုံထဲမှ ပြေးထွက်လာခဲ့လေတော့၏။

၈၈ လ ၃

"သက်လား - ကျော်က ကျောင်းဆရာလေ - ကျော့်ရဲ့ဘိုမလေးကိုတွေ့သလား၊ ကျားကြီးကိုကျော်ကဆော်ပလော်တီးခဲ့တာပေါ့ - သက်လား"

ဗျို - မိတ်ဆွေ၊ ခင်ဗျားတို့လမ်းထိပ်မှာ အဲဒီလူကို တွေ့မိလားဗျ၊ တွေ့မိရင် အဲဒီလူက ...၊

၈၈ လ ၃

ဘာ့ပဲပြောပြော ...

"ကျောက်စာလေးပြောတဲ့ ပုံပြင်" ပေါ့။

⇨ လှိုင်းအောင်



# လင့်တော်ချင်သလား

**နွေရာသီ**ရောက်၍ရန်ကုန်တွင် အပူရှိန် စတင်ပူပြင်းလာကတည်းက ရှေ့ဆက်၍ ပူတော့မည်မှာ မိုးမကျမီ အထိ ဆိုသည်ကို သိနှင့်ပြီးဖြစ်လေ သည်၊ သို့သော် အပူရှိန်ပြင်း၍လာတိုင်း မကြာမီ ဝင်းမှည့်လာတော့မည့် လင်း ယောသီးချိန်တွင် လင့်သွားစောင့်ရန် တွေးမိထားပြီမို့ အပျော်တမ်းမုဆိုးတစ် ယောက်အဖို့ မိမိအားကိုးရာ လက်စွဲ တော် ဒသမ (၃၀-၆၀)ရိုင်ဖယ်ကို ရှုံး

ဖြူးတိုင်၊ တစ်တောလုံး တစ်တောင်လုံး သင်းပျံ့စလေသည်၊ အပင်ကြီးများ အရွက်ဖားသော်လည်း အသီးသေး သည့် လင်းယောနှင့် အပင်ကြီး၊ အရွက် ကား၊ အသီးထွားသည့် ဇင်ပြွန်းသီးတို့မှာ မျိုးတူ၍ အကြီးအသေး ကွဲလေရာ တော တွင်းသားကောင်မျိုးစားသည့်အသီးများ လည်းဖြစ်ပေသည်၊

တောင်ငုံး၊ ရစ်၊ တောကြက်၊ ရှဥ့်၊ လင်သတ် (ရှဥ့်ကြီးမျိုး)၊ မျောက်မှစ၍

**မုဆိုးဘဝမှ သားကောင်ဖြစ်ရတော့မည့်ဆဲဆဲ**
**အသက်အန္တရာယ် ကြုံတွေ့ခဲ့ရသည့်**
**တောလိုက်မုဆိုးတစ်ယောက်၏ အကြောင်း ..**

အားရက်တွင် တိုက်ရွှတ်ဆေးကြော ထားမိပြီးလည်းဖြစ်သည်၊

လင်းယော၊ ဇင်ပြွန်းဆိုသည့် မျိုးတူ သီးကွဲ အသီးကလေးများ တောတောင် အတွင်း အနည်းငယ် ဝင်းမှည့်ချိန် နွေ နှောင်းရာသီတွင် တောတိရစ္ဆာန်သား တောင်ကိုပင် မဆိုထားဘိ၊ ထိုအသီး အခလေးများ၏ ရနံ့က လူသား၏ ဂန္ဓာရုံ ကိုပင် ရှူလူနိုင်သည့်ပြင် တောင်လေ

ဖွတ်၊ လိပ်၊ ချေ၊ ဆတ်၊ ဝက်၊ ဝက်ဝံအထိ စားလေသည်၊ တောကြီးရိုးမတွင်မူ ထို သားကောင်များသာမက စိုင်၊ ပြောင်၊ နှော စသည့် အကောင်ကြီးများလည်း ကျက်စားလေရာ လင့်ကျွမ်းကျင်သည့် မုဆိုးဖြစ်ပါက အချိန်ကိုစောင့်၍ အကောင် ကိုရွေးပစ်နိုင်၏၊ ဘယ်အကောင် ဘယ် အချိန် ဇင်တတ်သည်ဆိုသည်တတော့ လင့်မုဆိုး၏ အတွေ့အကြုံပညာရပ်များ

www.burmeseclassic.com



စ်ပေးသည်။

စာရေးသူမှာ တောလိုက်နည်း မျိုးစုံရှိသည့်အနက် လင့်စောင့်နည်း ကို အကြိုက်ဆုံးဖြစ်လေရာ လင်းယော ပင်းအချိန်တွင် ဆတ်တစ်ကောင် နှစ် ကောင်ပစ်ရန် ရည်ရွယ်ခဲ့သည်။ နှစ်စဉ် လည်း ထိုသို့ပစ်နေကျ။

လင့်စောင့်ရာတွင် အရေးကြီးဆုံး မှာ သတ္တိရှိရှိဖြင့်အန္တရာယ်မကြောက်ပဲ ညနေ(၄)နာရီမှ နောက်တစ်နေ့ (၈) နာရီ ခန့်အထိ မကြောက်မရွံ့ လင့်ပေါ် တွင် ဆိတ်ငြိမ်စွာစောင့်ထက်ရန်ပင်ဖြစ် သည်။ ဒါတင်လား မကသေးပါ။ အခြား အချက်များစွာလည်း ရှိပေသေးရာ လင်းယောပင်တွင် ခြောက်စထောင် ဦးချိုကြီးကြီးဆတ်ဖား(ဆတ်ဖိုကြီး) တစ်ကောင်ကို ပစ်ရန် စဉ်းစားထား တတည်းကသေနတ်ကိုတိုက်ချွတ်ထား ခြင်းဖြစ်လေ၏။

သေနတ်တိုက်ချွတ်ပြင်ဆင်နေရာ ဇနီးဖြစ်သူက စိတ်ကြိုက်မတွေ့သော တပည့် တစ်ဦးအား သတိပေးသည့် အကြည့်မျိုးဖြင့်ကြည့်နေသည်ကိုလည်း သတိကျိုးကျင်ပြု၍ သာထားမိ၏။ ဝါသနာ ဆိုတော့ တားရအခက်သားကလား။

သို့ဖြင့်ပြီးခဲ့သည့်နှစ်ကစာရေးသူ၏ ဒိုင်ယာရီ ပြန်လှန်ကြည့်ရှုမိလေရာ မေ (၁)ရက်(မေဒေး)နေ့၌ ဆတ်ဖိုကြီးတစ် ကောင် ပစ်ခတ်ရရှိခဲ့သည့် လင်းယော ပင်မှတ်တမ်းကိုတွေ့ရ၏။ ဤလင်းယော ပင်မှာ လုံးပတ်(၄.၅)ပေရှိ အမြင့်ပေ (၄၀)မျှရှိ၏။ တောင်ကြားမြစ်အတွင်းရှိ ၍ အောက်ခြေတွင် ပိစပ်၊ ဂျာမကီ၊ ခြင်း တောများ ပေါက်လေ၏။ သားကောင် ကြီးများက အမြင်ရှင်းသည်ကို မကြိုက်၊ အောက်ခြေအရှုပ်တွင် လှုပ်ရှားစားပင် ဝင်ရသည်ကိုကြိုက်သဖြင့် လင့်မြင့်မြင့် (သို့)ပုခက်မြင့်မြင့်ဆောက်၍အပေါ်စီးမှ ပစ်ရလျှင် စိတ်ကြိုက်သားကောင်ကို ရွေးပစ်ရန်မှာ သိပ်တော့ ခဲယဉ်းသည် မဟုတ်ပါလေ။ ဤအပင်မှာ ရိုးမတော ကြီးအတွင်းရှိသဖြင့်ခရီးကတော့အဆင့် ဆင့် သွားရမည့်အပြင် ရိက္ခာနှင့် အသုံး အဆောင်ပစ္စည်းက လိုပြန်သည်။ သို့ အတွက် တပည့်ဝင်းမြင့်နှင့် တိုင်ပင်ကာ လိုအပ်သည်များစုဆောင်းခြင်း၊ ငှက်ဖျား ကြိုတင်ကာကွယ်ဆေးစားခြင်းတို့ ပြု ပေသည်။

ငှက်ဖျားမှာ အဓိကအားဖြင့် ခြင် ကိုက်ရာမှ ကူးစက်သည်မှန်သော်လည်း မုတ်ဦး၏ အစားအသောက်အနေအထိုင်



အပူအအေး မညီမျှမှုရာသီဥတုနှင့် ဆိုင် ၏ အများအားဖြင့်ဆောင်းရာသီအအေး တွန်ချိန်၊ မုဆိုးက အားအင်ကုန်ခန်း အညောင်းမိချိန် (လမ်းလျှောက်ချိန်များ ခြင်း) အေးမြသည့်တောင်ဖေါ်စမ်းချောင်း များကိုဖြတ်၍တောစီးဖိနပ်နှင့်ဘောင်း ဘီစိုစွတ်မှုအချိန်ကြာကာအအေးမိခြင်း တို့ကလည်း ဖြစ်တတ်လေရာ အရာရာ ကို သတိထားနိုင်မှ တော်ကာကျလေ သည်။ ယခုနှစ်တွင်မူ U.S.A ရောက် သူငယ်ချင်းသိန်းဝင်းထံမှ ပေးပို့ထား သည့် OFF! တံဆိပ်လိမ်မွှေ့ရောင် အင်းဆက်ပိုးမွှားကာကွယ်သည့် ဖျန်း ဆေးတလေးကလည်း ရှိနေနှင့်ပြီဖြစ် ၏။

ထိုခြင်ဆေးဘူးကလေး၏ထူးဆန်း မှာအခြားခြင်ဆေးများနှင့်မတူ၊ ဘူးကို ဇောက်ထိုး (up side down) ထား ၍ဖျန်းရပြီး အနံ့မှာ ကျွန်ုပ် ရင်းနှီးပြီး သား အသီးအနံ့တစ်မျိုးဖြစ်၏။ ဘာ သီးနံ့ရယ်ဟုတော့ကျွန်ုပ်မဝေခွဲတတ် ပါလေ။ အိမ်တွင်သုံးသည့်အခါတွင် တော့ မြန်မာပြည်တွင်း ဈေးကွက်မှ ရင်းနေသည့် အင်းဆက်ပိုးမွှား ကာ ကွယ်ဆေးများထက် ထိရောက်မှုရှိ ကြောင်းတော့ သိပါ၏။

ထို့ကြောင့် ထိုဆေးဘူးကလေးကို ကျောပိုးအိတ်နံဘေးရှိ အပိုအိတ်တွင် မဖြစ်မနေ ထည့်ခဲ့ရ၏။ ကျောပိုးအိတ် တွင်မူ အတိုးဘောင်းဘီ (၂)စုံလောက် သုံးနေကျ ဆေးဝါး၊ ယမ်းတောင့်နှင့် မပါ မဖြစ် အသုံးအဆောင် အနည်းငယ်ကို သာ ထည့်ရလေသည်။

ထိုလင်းယောပင်အား သွားရမည် မှာ ပဲခူးတောင် သစ်ထုတ်နယ်၏ ကား လမ်းအဆုံးမှာ (၄၅)မိနစ်ခန့် လျှောက်ရ မည့် "ရေနောက်ချောင်း"၏ ချောင်းများ ပိုင်းတွင်ဖြစ်ပြီး တပည့်ဖြစ်သူဝင်းမြင့်နှင့် (၂)ဦးတည်း ချီတက်ရမည်ဖြစ်လေရာ ဝင်းမြင့်မှာ သုံ့ပစ္စည်းနှင့် ဟန်းတော(၂) လုံး၊ ဒယ်အိုးငယ်(၁)လုံး၊ ဆန်၊ ဆီ၊ ဆား၊ ငါးပိထောင်း၊ ဘီစကွတ်၊ ကော်ဖီမစ်ထုပ် စသည့် မပါမဖြစ် ရိက္ခာပိဿာချိန် (၁၀) မျှကို ထမ်းပိုးဖြင့် ထမ်းရပေမည်။ ထို့ ကြောင့်လည်းအနည်းဆုံးဝန်အကျဉ်းဆုံး စီစဉ်ရ၏။ သွားရောက်မည့်တောကြီးမှာ ရိုးမအလယ် သားကောင်စုံရာ၊ ဆင်ပေါ ရာအရပ်၊ ခြေကျင်ချီတက်ရမည့်အရပ် ဖြစ်၍ စိတ်အချရဆုံး တပည့်[illegible] သာ ခေါ်ရပေမည်။ ဆင်ရန်၊ [illegible] ကျားသစ်၊ ဝံ(ဝက်ဝံ)၊ [illegible] များ၊ ရန် ခေါ်နေ[illegible]

www.burmeseclassic.com

www.burmeseclassic.com



တိုယ့်ကိုး ကိုယ့်အသက်ကို တာဝန်ယူ၊ ကိုယ်ဖြစ်ကိုယ်ခံ အသက်ကိုနှံ၍သွားရမည့်ခရီးမျိုး၊ ဤခရီးမျိုး သွားချင်သည့် စိတ်တူးသွားဖူးသည့်အတွေ့အကြုံက ကျွန်ုပ်တို့ဆရာတပည့်(၂)ယောက်အဖို့ အရေးဆို တိုင်ပင်ရန်ပင် မလိုပဲ ဖြေရှင်းနိုင်ရပေမည်။ သို့မဟုတ်ပါက နဂိုကပင် မသွားပဲ နေရပေမည်၊ ယခုတော့ ဆရာ့အပေါ် သစ္စာရှိသော တပည့်ဝင်းမြင့် ပါနေလေရာကျွန်ုပ်အဖို့သားကောင်ရတာ မရတာ နောက်ထား၊ မရီးကတော့ အရောက်သွားဖြစ်ခဲ့လေပြီ။

ᨔ

"ဝင်းမြင့်ရေ ညနေစာကို (၃)နာရီမှာစားမယ်။ မင်း ဘာချက်မှာလဲ" ကျွန်ုပ်က စခန်းချရာ ရေနောက်ချောင်းနှံဘေး သဲစုံတွင်ကညင်ပင်ကြီးအရိပ်ကျရောက်နေရာ၌ ပုခက်ကို သဲပေါ်တွင် ခင်းအိတ်တိုခေါင်းအောက်တွင်ထား၊ သေနတ်ကို မောင်းတက်ဝက်ထိုးကာ ရင်ဘတ်ပေါ်တွင် ကန့်လန့်ဖြတ်တင်ထားရင်းမှ ဆန်ဆေးနေသော ဝင်းမြင့်အား မေးမိ၏။

"ထမင်းကျက်လို့ မီးခဲကျရင် အာမဲ့ခြောက် မီးဖုတ်ပြီး ဆီဆမ်းပေးမယ်၊ ပြီးတော့ ထမင်းပူပူကို ဆီနဲ့ ဆားနဲ့ နယ်ပေးမယ်၊ ငါးပိထောင်းဘူးတစ်ဘူး ဖောက်မယ်၊ ဒါဆိုရင် ဦးစားနိုင်တယ်မှုတ်လား"

"အေး - စားနိုင်ပါတယ်၊ ဒါနဲ့ - မင်းမှာ ခရမ်းချဉ်သီးပါလာသေးလား"

"(၁၀)လုံးလောက်တော့ ပါတယ်ဦး"

"ဒါဆိုရင် - တစ်လုံး ရေဆေးပေးအတို့အမြှုပ် လုပ်စားမယ်၊ မြန်မြန်လုပ် (၄)နာရီထိုးရင် လင့်တက်မယ်"

"ဟုတ်ကဲ့ - ဦး"

ကျွန်ုပ်က စိစဉ်ပြီး ချွေးတိတ်ရန် ငြိမ်ငြိမ်ကလေး နေနေ၏၊ ကားသမားဖိုးထောင် ချပေးရာ သစ်ထုတ်တားလမ်းဆုံးမှ မိနစ်(၄၀)မှ ကျော်ပိုးအိတ်သေနတ်၊ ယမ်းတောင့်ရေပုလင်းတို့ဖြင့် ခဲနေပူပူတွင် ရှိတက်လာပြီး နောက်ခေတ္တနား၏။ နေ့နောင်းနေက တောကြီးအတွင်းတွင်လည်း ပူလေ၏၊ ညအခါ တောရျာကင်ဝတ်၊ စောင်ပင် ခြုံရလေသည်၊ ခေတ္တမျှအကြာဝင်းမြင့်ကထမင်းချက်ရင်းမှ လှမ်းစကား ပြောပြန်၏။

"ဦး - လင့်ပင်ကို ကျွန်တော်လည်း လိုက်စောင့်ရမလား၊ ဒါမှမဟုတ် ကျွန်တော် နေခဲ့ရမှာလား"

"မင်းမှာ ပုခက်ပါတယ်မို့လား"



"ပါပါတယ်"

"ပါရင် ဟိုချောင်းစောင်းမှာ တွေ့သား - ညောင်ပင်"

ကျွန်ုပ်က ချောင်းတစ်ဖက်ကမ်းမှ လှ(၂)ဖက်စာမျှ ရှိမည့် ညောင်ချဉ်ပင်အားလက်ညှိုးထိုးပြလိုက်ရာ ဝင်းမြင့်က လှမ်း၍ကြည့်၏။

"အဲဒီညောင်ပင်က တက်ရတာလဲ လွယ်တယ်၊ အသီးလဲ မရှိတော့ ဝံတို့၊ ဒိုးကောက်တို့လဲ တက်မှာမဟုတ်ဘူး။ အဲဒီအပင်ကိုင်းခွမှာ မင်း ပုခက် တက်ချည်ပြီး အိပ်၊ လင့်ပင်ကတော့ ငါတစ်ယောက်တည်း စောင့်မယ်"

"ဖြစ်ပါ့မလား - ဦး"

"မင်း ကြောက်လို့လား"

မင်းမှာ ဓားလှံ ပါတယ် မို့လား၊ ဝင်းမြင့်အား ကျွန်ုပ်က သူ့စိတ်ကြိုက်ဓားလှံတစ်လက် လုပ်ပေးထား၏။

"မဟုတ်ပါဘူး၊ ဦးတစ်ယောက်တည်းမို့ပါ။ ပြီးတော့ - ဒါက ဖူးကြီးတို့၊ အင်းတကော်တို့လို ဖြန့်တောလေး မဟုတ်ဘူး၊ ရိုးမကြီးအလယ်မှာမို့ပါ"

"ကိစ္စမရှိပါဘူးကွာ၊ မုဆိုးလုပ်မှတော့ ဘာကြောက်နေရမှာလဲ။ ပြီးတော့ ဒါလင့်ပင်က မင်းဆီကနေ တစ်ဝူးစာ (လူက "ဝူး" ဟု အသံကုန် အော်လျှင်ကြားနိုင်လောက်သောနေရာ) လောက်ရှိရာ အရေးဆို ခေါ်မှာပေါ့ကွာ"

ဝင်းမြင့်မှာ ဘာမှပြန်မပြောတော့ပါ။ အမှန်လည်းစခန်းချထားသည့်နေရာနှင့် ကျွန်ုပ် စောင့်မည့်လင့်ဝင်မှာ တိုက်(၁၅၀)ခန့်သာ ဝေးပါသည်၊ သို့သော် တောကြီးတောင်ကြားတွင်မို့ လှမ်း၍တော့ မမြင်နိုင်ပါ။ ရောက်ရောက်ချင်း လင်းယောပင်တို့လည်း ခြေရာခြေကြောင်း သွားကြည့်ထားရာ အတောင်(၂၀)မျှပင် ရှိလောက်သည်။ စိုင်အုပ်တလင်းယောပင်အောက်မှ ချုံများတိုထောင်းလမောင်းထအောင် နင်းခြေတာ လင်းယောသီးမှည့် ကောက်စားထားသည့်သဲလွှန်စများကိုတွေ့ထားပြီးဖြစ်ရာ ဒီနေ့တော့ ဆုတ်လာလျှင်ပင် မပစ်နိုင်တော့၊ စိုင်ကိုသာ ပစ်မည်ဟု ဆုံးဖြတ်ထား၏၊ ထို့ကြောင့် ဝင်းမြင့်အား စခန်းချရာအနီးမှညောင်ပင်ပေါ်တွင်သာ အိပ်ခိုင်းရပေတော့မည်။

ᨔ

ညနေ(၄)နာရီထိုးလျှင်ပင် ညနေစာကို ဆရာတပည့်နှစ်ယောက် စားသောက်ပြီးဖြစ်လေရာ ဝင်းမြင့်က တန်းတောများကို ချုံတစ်ခုအတွင်း ဝှတ်ထား

www.burmeseclassic.com

www.burmeseclassic.com



တာ မီးဖိုမီးကိုလည်း သတ်ထား၏။ ထို့နောက် ကျောပိုးအိတ်ကိုယ်စီဖြင့် ကျွန်ုပ် လင့်စောင့်မည့် အပင်သို့ ထွက်ခဲ့၏။ နေမှာ ကြဲကြဲပွနေသော်လည်း သစ်ပင်ကြီးများ အရိပ်ကျရာ ရေနောက်ချောင်း အတွင်းတော့ အအေးဓာတ်ရလာပေပြီ။

ကျွန်ုပ် စောင့်မည့် လင့်ပင်မှာ လုံးပတ်(၄-၅)ပေမျှရှိသည့် ကျိုးပင် ဖြစ်၏။ တောင်စောင်းတွင်ရှိကာ သားကောင်စားသည့် လင်းယောပင်နှင့် ပေ(၄၀)မျှ ကွာ၏။ အကိုင်းအခက်များ ပင်စည်မှ တစ်ဖက်တစ်ချက်သို့ ထိုးထွက်နေရာ အပင်ကို တက်ရမည်မှာ မခက်လှပေ၊ သို့သော် ခက်သည်က ဝင်ခြေတွင် (၅) ပေမျှ အမြင့်အထိ ခြတောင်ပို့တစ်ခုက အပင်ရင်းတွင်ရှိပြီး ထိုအပင်ရင်းကိုပတ် ခါ တောပုရွက်ဆိတ်အနက်ကောင်များက လမ်းကြောင်းဖော်သွားနေသည်မှာ ထောင်သောင်းသိန်းမျှမကပေ၊ (၁၅) လက်မ ရေပိုက်လုံးမျှ အကောင်များ၏ လမ်းကြောင်းက ကြီးလေသည်၊ ထို လမ်းကြောင်းကခြတောင်ပို့၏ထိပ်ပိုင်း အခေါင်းတွင်းသို့ ဝင်သွား၏၊ ကြည့်ရ သည်မှာ ခြတောင်ပို့အတွင်းမှာပင် ထို ပုရွက်ဆိတ်အနက်အုံက ရှိနေပုံရ၏။

"ဝင်းမြင့်ရေ - အပင်က တက်ရ မခက်ပေမဲ့ ပုရွက်ဆိတ်အနက်ကောင် တွေ ရှိတယ်၊ ကိုက်မိရင် တအားနာ တယ်၊ ဖျားတောင် ဖျားနိုင်တယ်ကွ"

"ဒါဆို - ဒီပုရွက်ဆိတ်တွေကို မီးရှို့ မယ်လေ"

ဟုဆိုကာ မီးခြစ်ကို ထုတ်၏။

> **66** သို့သော် ထိုအသံများအနက် ကျွန်ုပ်က ထူးခြားသည့်အသံတစ်ခု ပါသည်ဟု ထင်မိသည်။ ထို့ကြောင့် အဖြေကို ရှာမိစဉ် မျက်နှာမူရာ ပုဆော်ရှိ သစ်ကိုင်း(၂)ခုတွင် တန်းလန်းတင်ထားသော ရိုင်ဖယ်ကို အသံမကြားအောင် အမြန်ယူလိုက်ပြီ မောင်းတင်လိုက်ရ၏။





"နေဦးကွ - ခုမှမီးရှို့ရင် သားကောင် သယ်လာတော့မလဲ၊ နေနေ - ဒီမှာဆေး ပါတယ်"

ကျွန်ုပ်က ပြောပြောဆိုဆို ကျောပိုး အိတ်နံဘေးအိတ်တွင် ထည့်ထားသော OFF! တံဆိပ်ပိုးမွှားဖျန်းဖူးဘူးကလေး ကို ထုတ်ကာ ဖောက်ထိုးလုပ်၍ ပုရွက် ဆိတ်လမ်းကြောင်းကို ထိုးလိုက်၏။

"ရှီး - ရှီး - ရှီး"

အရှိန်ကောင်းသော ပက်ဖျန်းမှုက ကျိုးပင်ခြေကို ထိသည်သာမက တောင် လေနှင့်အတူ ပြန့်လွင့်သွား၏၊ ကျွန်ုပ်က နောက်ထပ် (၃) ချက်မျှ ထိုးလိုက်ပြန်၏။

"ရှီး - ရှီး - ရှီး"

"ဟာ - ဦး - ဒီဆေးက ဘာအနံ့လဲ၊ မွှေးလိုက်တာ"

ဝင်းမြင့်က ပြောရင်းပင် ဆက်၍ -

"ဟာ - ရစ်ကမ်းသီးမှည့်အနံ့ - ဦး"

"ဟေ - ဟုတ်လား။ ငါလဲ ဒီဆေးဘူး ကို ကိုသိန်းဝင်း အမေရိကားက ပို့လိုက် လို့ စမ်းထိုးကြည့်တော့ ဒီအနံ့ကို သိပါ တယ်လို့ထင်တာ၊ ဒါပေမဲ့ - နာမည်ဖော် လို့မရဘူး၊ အခု မင်းပြောမှ ဟုတ်ပါရဲ့၊ ရစ်ကမ်းသီးမှည့်အနံ့ပဲကွ၊ ဒီတောကြီး ထဲမှာ ဒီအနံ့ရရင် ..."

ကျွန်ုပ်က စကားကို ဖြတ်လိုက် လေရာ ဝင်းမြင့်က - "ဟုတ်တယ်၊ သတိ တော့ထားရမယ်"

"အေး - အေး"

လင့်ပင်ပေါ်သို့ ကျွန်ုပ်တက်ပြီး (၁၈)ပေမျှ အမြင့်ခွဆုံတွင် မုစက်ကို ဆန့်ဆန့်ရှည်ကာ ဝင်ထိုင်လိုက်ရာ ခွဆုံ မှ ထွက်သော ကိုင်းတစ်ကိုင်းတွင် ခြေ တင်ရန်အဆင်သင့်ပင်ဖြစ်၏၊ ထို့နောက် ကျွန်ုပ်၏ တောလိုက်ခါးတွင် တွဲချည် ထားသော လက်သန်းလုံးခန့် နိုင်လွန် ကြိုးထုံးကို ဖြေ၍ တစ်စကို အောက်ချ ပေးလိုက်ရာ ဝင်းမြင့်က ကျွန်ုပ်၏ သေနတ်အားကြိုးဖြင့်သေနတ်လက်ကိုင် ကွင်းတွင် ချည်ပေးသဖြင့် ဆွဲတင်ရ၏၊ ကျောပိုးအိတ်ကိုမူ ကျောတွင် လွယ်ကာ ၍ ဝင်းမြင့်က အပင်ပေါ်သို့ တက်ပေး၏၊ ပစ္စည်းများအားလုံး ရောက်သောအခါ ကျွန်ုပ်က ဝင်းမြင့်အား အပိန့်ပေးလိုက် ၏။

"ဝင်းမြင့်ရေ - မင်းသွားတော့"

"ဟုတ်ကဲ့ - ဦး"

ဿဂဃ

လှင့်ပစက်ပေါ်မှ ကျောဝန်းကျင်ကို သုံးသပ်ရ၏၊ လင့်ပင်နှင့် စားပင်မှာ...

www.burmeseclassic.com



ရှမဝေးပါ။ တဲပင်မှာ လင့်ပင်၏ မြောက်သတ်တွင်ရှိ၍အထက်တွင်ရေးပြခဲ့သည့်အတိုင်း အောက်ခြေတွင် ဂျာမဏီချုံ၊ ဆောက်ချုံ၊ ပိစပ်နှင့် ဂုံမင်းတောတို့ ရှိသော်လည်းစိုင်အုပ်မွေထား၍အတော်အထန် ရှင်းလင်းနေ၏။ တဲပင်နှင့်ကိုက်(၃၀)မျှအကွာတွင်တော့ရေနတ်ချောင်း၏ချောင်းများရေစပ်စပ်နေရာ၊လင့်ပင်၏တောင်ဘက်တွင် မြောင်တစ်ခုက ရေနောက်ချောင်းအထိရှိပြီး ခန့်ပြန့်ပြန့်အနေအထားဖြစ်၏။ ထိုပြန့်တည်းတွင် ရင်တမ်း(တောအခေါ်ရေငန်း)တောကရှိပြီး ခနီလက်များကဲ့သို့ ရင်ကမ်းလက်များက ရှပ်၏။ ထူးခြားသည်က ထိုအလက်များတွင် ဆူးရှည်ရှည်များက ရှိ၏။ အခြားသောနေရာများမှာတော့ ပျဉ်းမ၊ ကြိမ်၊ ပျဉ်းကတိုး၊ မှိုက်၊ ကျီးစသည့် တောသစ်ပင်ကြီးများကရှိ၏။ ထို့ကြောင့် နေအနည်းငယ်စောင်းလာသောအခါ တောင်လေလည်း ပေါက်လာသဖြင့် အနည်းငယ် အေး၍လာခဲ့ပြီ။

ကျွန်ုပ်မှာလင့်ပေါ်ရောက်တာတည်းလက်စွဲတော် (၃၀-၀၆)ရိုင်ဖယ်တွင် (၁၈၀)ဂရိမ်ထိပ် ဖူးချွန် (Pointed Nose)တိုထည့်ကာ ထားပြီးဖြစ်၏၊ ထိုတျည်မျိုးက ဖောက်ထွင်းအားကောင်းလှန်အားပါ ကောင်းသဖြင့် စိုင်လိုသားကောင်ကိုတစ်ချက်တည်းလဲပြီးစေနိုင်လေသည်၊ သို့သော် စိုင်လို သားကောင်က လင့်ပင်ကိုညနေစောင်းတွင်ဝင်ခဲကြောင်း ကျွန်ုပ် အတွေ့အကြုံအရသိ၏၊ ည(၈)နာရီခန့်နှင့် နံနက်အရုဏ်တက်တွင်သာ ဝင်တတ်၏၊ ဆတ်ဆိုလျှင်မူ ညဉ့်နက်မှဝင်၏၊ ချေနှင့် အခြားသားကောင်ငယ်များကမူနေမဝင်မီ (၆) နာရီဝန်းကျင်တွင် ဝင်တတ်၏၊ ကျွန်ုပ်အဖို့ ဤမျှ ရိုးမအလယ်တွင် အဆင့်ဆင့်နင်၍ လင့်လာစောင့်ရလေရာ ချေလိုသားကောင်ငယ်ကိုတော့ ပစ်ရန်ဆန္ဒမရှိပါလေ၊

"ဟီး-ဟီး-ဟီး"

ဝင်းမြင့်ရှိရာ ညောင်ပင်ဘက်မှ လူညည်းသံများက ညနေ(၅)နာရီခန့်တွင် ထွက်၍လာ၏၊ အမှန်မှာ လူညည်းသံမဟုတ်၊ တောတွင်းနိုကြီးများဖြစ်သော ရှုံးမတီ (၈) ငှက်ငွေးကြီးများ၏ အော်သံဖြစ်၏၊ အတွေ့အကြုံမရှိသူ၊ တောမရောက်ဖူးသူဆိုလျှင် ထိုမိုးချုပ်ခါနီး လူညည်းသံနှင့်အတူ ငှက်သံကကြို့ရ ဆန်ချင်ဆန်နေပေမည်၊

"တောက်-တောက်"

လူတောက်ခေါက်သံနှင့်တူသော ချို့တောက်သံကလည်း ကြောက်စရာကောင်းချင် ကောင်းနေပေမည်၊

"တောက်တဲ့ - တောက်တဲ့ - တောက်တဲ့ - အဲ - အဲ"

လင်းယောပင်ပေါ်မှ တောက်တဲ့အော်သံကိုကျွန်ုပ်က မပြောဘဲလုပ်ကြည့်မိ၏။ တောက်တဲ့တစ်ခါအော်လျှင် သားကောင် "ရ"၊ နောက်တစ်ခေါက်အော်လျှင် "မရ" ဟုမှတ်ကာတောက်တဲ့အသံဆုံးလျှင် "ရ" နှင့်ဆုံးသလား၊ "မရ" နှင့်ဆုံးသလား အဖြေညှိကြည့်ခြင်းဖြစ်သည်၊ ဤသည်ကမုဆိုးတစ်ဦး၏အပျင်းပြေ ပဟေဠိ အဖြေညှိကြည့်ခြင်း ဖြစ်ပေမည်၊ ဒီအချိန်ဝင်းမြင့်တစ်ယောက်တော့ အာတွေတွေးနေမည်မသိ၊ အိပ်၍ပင် ပျော်နေမည်လား။ သို့ဖြင့်ညနေ(၆)နာရီပင် ထိုးလုပြီမို့ ကျောပိုးအိတ်အတွင်းမှ ဓာတ်ခဲအသေး(၄)လုံး၊ P-14 ဓာတ်မီးကို ထုတ်ရ၏၊ ထိုသို့ ထုတ်နေစဉ် ကျောပိုးအိတ်ကို လှုပ်ခြင်း၊ ဓာတ်မီးရှာခြင်းက ကျွန်ုပ်အတွက် အသံအနှောင့်အယှက် အနည်းငယ် ဖြစ်သွား၏၊ ဓာတ်မီးကို ထုတ်ယူပြီးပုခက်အတွင်းထားပြီးသောအခါ တောင်လေမှာ အနည်းငယ် ကြမ်းကြမ်းတိုက်လာသဖြင့် -



"ဖုတ်-ဖုတ်-ဖုတ်-ဖုတ်-ဖုတ်"

ပင်မှည့်လင်းယောသီးတလေလေများ ကြွေသံကို ကြားရ၏၊ လေမှာ ဆတ်၍တိုက်နေ၏။

"ခေတ္တမျှကြာသောအခါ -

"ရှဲ-ရှဲ-ရှဲ-ဖုတ်-ဖုတ်-ဖုတ်-ဖျော-ဖုတ်-ဖျော"

အသံများကိုကြားရ၏။

သာမန်ဆိုလျှင်လေသံ၊အသီးကြွေသံ၊ သစ်ရွက်လှုပ်သံများဖြစ်သည်ဟုပင် ဆိုရမည်၊

သို့သော် ...

သို့သော် ထိုအသံများအနက် ကျွန်ုပ်က ထူးခြားသည့် အသံတစ်ခု ပါသည်ဟု ထင်မိသည်၊ ထို့ကြောင့်အခြေကို မရှာမိမှပင် မျက်နှာစူရာ ပုခက်ရှေ့ သစ်ကိုင်း(၂)ခုတွင် ကန့်လန့်တင်ထားသော ရိုင်ဖယ်ကို အသံမကြားအောင် အမြန်ယူလိုက်ခါမောင်းတင်လိုက်ရ၏၊ ကျွန်ုပ်ကြားသည်မှာ -

"ရှဲ-ရှဲ-ရှဲ-ဖုတ်-ဖုတ်-ဖျော-ဖုတ်-ဖျော ဆိုသည့်အသံများအနက် "ဖျော" ဆိုသည့်အသံက ထူးခြား[illegible] ထိုအသံမှာ သစ်ရွက်လှုပ်[illegible] သကဲ့သို့ သား[illegible]

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် စားပင်၏ ပင်ခြေရုံများသို့ အလျင်အမြန် ရှာဖွေမိ၏၊ သို့သော် ကျွန်ုပ်က မည်သည့်သားကောင်တစ်ကောင်တလေ၏ လှုပ်ရှားမှုကိုမျှ မတွေ့ခဲ့ပါလေ၊ ထို့ကြောင့် စက္ကန့်(၃၀)မျှအကြာတွင် သေနတ်ကို မှုလနေရာသို့ ပြန်ထားမည်အလုပ် ကျွန်ုပ်၏မျက်လုံးတ ကျွန်ုပ် စောင့်နေရာ ကျီးပင်၏အခြေသို့ကြည့်မိလိုက်သောအခါတွေ့ရသည့် မြင်ကွင်းမှာ -

ထိုမြင်ကွင်းကိုမြင်ရလျှင်မြင်ခြင်း၊ သေနတ်ပြောင်းအားပင်ခြေသို့တန်းတိုးချိန်လိုက်၏၊ အလျင်အမြန်ပင် ပြောင်းခ်တော့ရှိုးသာ ကြည့်လိုက်နိုင်သည်၊ သေနတ်၏ရှေ့ဆိုက်၊ နောက်ဆိုက်ကိုပင်ကြည့်တာ တည့်မတ်အောင် မချိန်အားတော့၊ ထိုသို့ချိန်မည့်(၃-၄)စက္ကန့်သည် ကျွန်ုပ်ဇီဝိန်ကို ချွေနိုင်လောက်အောင် လုံလောက်သည့်အချိန် ဖြစ်နေ၍ ထိုအချိန်ကို လက်ဦးမှု ရယူလိုက်၍ အလျင်အမြန်ပင် သေနတ်မောင်းအားဖြုတ်ညှစ်လိုက်ရပါတော့သည်၊

"ဒိုင်း"

စုးရှမာကြောသည့် (၃၀-၀၆)ရိုင်ဖယ်သံက ချောင်းရိုးတစ်လျှောက်နှင့် တောင်နံရံ၊ သစ်ပင်သစ်တောတို့ကို ရိုက်ခတ်သွားလေသည်၊ သေနတ်သံမဆုံးမီမှာပင်ကျွန်ုပ်ကယမ်းတစ်တောင့်ကို ထပ်တိုးကာ ထပ်မံပစ်ခတ်ရန် ပစ်မှတ်ကို ရှာလိုက်မိသည်၊

ပထမတစ်ချက်က ထင်သည့်အတိုင်းပင် လိုရာကို မထိပဲ ပစ်မှတ်၏ ကျောရိုးကို အလျားလိုက် စုံ၍သာ ထိသွားသဖြင့် ပစ်မှတ်က ဒေါသတကြီး အော်ဟစ်လိုက်လေသည်၊

"ဝူး-ဂရား-ဖျော-ဗုန်း-ဖျော-ဘုံး"

အသံများ ရှည်စွာ ထွက်ပေါ်လာပြီးပင်ခြေရှိဂုံမင်းတောမှာ သိမ့်ခနဲ သိမ့်ခနဲ ဖြစ်၍ လူးလွန့်နေ၏၊ အနည်းငယ် အမှောင်ကျရောက်ရာအရပ်မို့အပင်များ တသိမ့်သိမ့်ဖြစ်နေသည်ကိုသာ တွေ့ရပြီး ပစ်မှတ်ကို ကောင်းစွာ မမြင်ရ၊ သို့သော် အန္တရာယ်ပေးနိုင်သည့် သားကောင်မှန်းသိနေသဖြင့်ထိုသားကောင်မှန်းသိနေသဖြင့် ထိုသားကောင် ရှိမည်ထင်သည့်နေရာကိုမှန်းကာ ထပ်မံပစ်လိုက်ရပါသည်၊

"ဒိုင်း"

"ဒိုင်း"

ထပ်မံပစ်သည့် သေနတ်သံ(၂)ချက်အဆုံးတွင်မတော့ လူးလွန့်လှုပ်ရှားနေသည့်ဂုံမင်းတောမှာ တိတ်ဆိတ်ငြိမ်သက်သွားခဲ့လေပြီ၊ သို့ဆိုလျှင် လူသားကို အန္တရာယ်ပြုနိုင်သည့် သားကောင်မှာ ဇီဝိန်ကြွေလောက်ပေပြီ၊

၆၀၀၀

ကျွန်ုပ် ပစ်ခဲ့သည့် သားကောင်မှာ အဘယ်သို့သော် အကောင်ပါနည်း။ တောကြီးမျိုးမတွင် နေထိုင်ကျက်စားသည့်အကောင်၊ ဟိမဝန္တာဝက်ဝံနက်ထက် ကြောက်စရာကောင်းကာ တစ်ဘုန်းထိုး တိုက်ခိုက်တတ်သော "ဝက်ဝံဖြူတ်"တစ်ကောင် ဖြစ်လေသည်၊ အမွေးမှာ ပါး၍ နက်မှောင်ပြောင်လက်ကာ ရင်ဘတ်တွင် ဗွီရှိတ်အဖြူစင်း၊ မဟုတ်ပဲ ဝှံညင်းထိုးအရွယ် အဖြူကွက်သာ ပါရှိသည်၊ စိတ်တိုရိုင်းစိုင်း၊ သစ်ပင်တက်မြန်သော အကောင်အသားချိန်(၂၅)ပိဿာခန့်သာ ထွက်မည့် အများအခေါ် ခွေးဝံဟု ခေါ်သည့် အကောင်လည်းဖြစ်လေသည်၊



ကျွန်ုပ်ပင်ခြေတွင်ပက်ဖြန်းခဲ့သော OFF!တံဆိပ်အင်းဆက်ဆေး၏အနံ့တဗီဘီ ရင်ကမ်းသီးနံ့မို့ ရင်ကမ်းသီးကိုကြိုက်သော ဝံကြွက်က အနံ့ခံကာ ကျွန်ုပ်၏ ပင်ခြေသို့ ရောက်ခဲ့ခြင်းဖြစ်သည်၊ သူက အပင်ကို တက်ရန် ချော့အကြည့် ကျွန်ုပ် ပစ်လိုက်သော ပထမအချက်က သူ၏ကျောရိုးမှ သံကြောကို ရုပ်၍ထိလေရာမသေသေးပဲလူးလွန့်နေခဲ့ခြင်းကြောင့် ဒုတိယနှင့် တတိယအချက်ဖြင့် ထပ်ဆင့်ပစ်ခတ်ခဲ့ရခြင်းဖြစ်ပါတော့တယ်၊

အင်း-လင့်စောင့်ချင်သည့် မုဆိုးအန္တရာယ်ကတော့ မသေး၊ သတိတော့ထားရပေမည်၊


ထိုအပြင် လျင်မြန်ဖျတ်လတ်တာဆုံးဖြတ်ချက်မှန်၍ လက်မြန်ရပေမည်၊ ဤသို့မဟုတ်လျှင်တော့ ...

(၂၀၀၆-ရုနှစ်တချမ်းမှန်)

ကျော်ဝင်းနိုင်

www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



**သက်ခေ့** သည်စာမေးပွဲဖြေရင်းစိတ်လှုပ်ရှားနေသည်။ သည်စာမေးပွဲသည် နောက်ဆုံးနေ့၊ နောက်ဆုံးစာမေးပွဲဖြစ်၍ သူ့ဘဝအတွက် အရေးကြီးသည် မှန်သော်လည်း သူက စာမေးပွဲထက် အရေးကြီးသောအရာအတွက် စိတ်လှုပ်ရှားနေခြင်းဖြစ်သည်။ စာမေးပွဲအောင်မြင်မည်ကို သေချာပေါက် ယုံကြည်နေသဖြင့် ပူပန်စရာမရှိသော်လည်း သူ့ဘဝအတွက် အဆုံးအဖြတ်ဓါးစွတာ ရှိနေပါသည်။ စာမေးပွဲကို အမြန်ဖြေလိုက်ရာ အချိန်ပြန်လည်စစ်ဆေးရန် စိတ်ကူးမိသော်လည်း ပြန်စစ်လိုစိတ်မရှိတော့ပဲ အခန်းထဲက ထွက်ရန်သာ စိတ်စောနေခဲ့သည်။ ထိုအချိန် ကျောင်းသားတစ်ဦးက အဖြေလွှာအပ်ပြီး အခန်းထဲက ထွက်သွားသည်ကို တွေ့လိုက်ရ၍ သူလည်း အဖြေလွှာအပ်၍ အခန်းထဲက ထွက်ခဲ့သည်။ အောင်စာရင်းထွက်၍ အောင်မြင်ပါက တက္ကသိုလ်ကျောင်းတော်ကြီးကို ကျောခိုင်းရတော့မည်ဖြစ်ပါသည်။

“နောက်နေ့စာမေးပွဲဖြေပြီးတဲ့နေ့ ငါ့ရဲ့ ဆုံးဖြတ်ချက်ကို နင်သိရမယ်။ အင်းလျားကန်စပ်တစ်ခါက တွေ့ခဲ့ကြတဲ့ သစ်ပင်အောက်ကို လာခဲ့ပါ”

ဝေဝေ၏စကားကို ကြားယောင်မိသည်။ ဝေဝေ၏အချစ်ကိုရဖို့ အနှစ်နှစ်အလလက စောင့်ခဲ့ရရာ သူ့အချစ်ကို လုံးဝလက်မခံသော ဝေဝေက သူ၏ ဆုံးဖြတ်ချက်ကို ပြောမည်ဆို၍ဝမ်းသာစရာစကားဖြစ်ပါစေဟု နေ့စဉ်ဆုတောင်းခဲ့ရာ ယနေ့ တိတိကျကျ သိရတော့မည်။ သူနှင့် ဝေဝေသည် ကလေးဘဝ မူလတန်းမှစ၍ ခင်မင်ရင်းနှီးခဲ့ကြပါသည်။ အလွန်ချစ်ကြသော သူငယ်ချင်းဘဝကို ခြောက်တန်းရောက်သည့်နှစ်တွင်ဝေဝေဘက်က ဖြတ်တောက်လိုက်ပါသည်။

**မိခင်**

**ရှက်တရက် သေဆုံးရခြင်းအပေါ်**

**သားဖြစ်သူကို မုန်းတီးခဲ့ရာမှ ..**



သူငယ်ချင်းဘဝ တစ်ဖန်ပြန်ရအောင် သူက အမျိုးမျိုး ကြိုးစားသော်လည်း ဝေဝေက လုံးဝလက်မခံပဲ သူ့ကို မတွေ့အောင် ရှောင်နေတော့သည်။ ကိုးတန်းရောက်သည့်နှစ်တွင်ဝေဝေမှာ အလွန်လှပသော မိန်းကလေးတစ်ယောက် ဖြစ်လာခဲ့သည်။ ဝေဝေ၏ အလှကိုသူ သတိမထားမိခင် ကျောင်းရှိကျောင်းသားတိုင်းက ဝေဝေ၏အလှကို ပြောမဆုံးအောင် ပြောနေကြသည်ကို ကြားရမှ ဝေဝေ၏အလှကိုသူသတိထားမိလာခြင်းဖြစ်သည်။

ဝေဝေကို သေသေချာချာ ကြည့်မှ ဝေဝေမှာ သူတို့ပြောသည်ထက် ပို၍ လှပနေကြောင်း တွေ့ရသည်။ ထိုအချိန်မှစ၍ ဝေဝေ၏အချစ်ကိုရဖို့ သဲသဲမဲမဲ ကြိုးစားနေသူများကို လုံးဝကြည့်မရတော့ပဲ ထိုကျောင်းသားများကို ရန်သူလို သဘောထားမိတော့သည်။ ငယ်စဉ်က မြတ်နိုးခဲ့ရသော ပန်းကလေးတစ်ပွင့်ကို အရောင်အသွေးစုံမှာ သူများပိုင်ဆိုင်သွားမည့်အဖြစ်မျိုးကို လုံးဝလက်ခံ၍ မရပါ။ သူနှင့်အတူ ပွင့်ခဲ့သောပန်းကလေးကို သူကလွဲ၍ဘယ်သူမှမရစေရန် သူ့တွင်တာဝန်ရှိသည်ဟု ခံယူလိုက်သည်။ ယခုအချိန်အထိ မည်သူ့အချစ်ကိုမှ လက်မခံရသေး။ တခြားပိုပိုလှလာသလို ဝေဝေကို လိုချင်သူများမှာလည်း ပို၍များလာသည်ကို တွေ့ရသည်။ တစ်ဦးတစ်ယောက်၏ အချစ်ကိုသာ ဝေဝေ လက်ခံလိုက်ပါက သူ ရင်ကျိုးရတော့မည်။ သူများ မဦးခင် ဝေဝေ အချစ်ကို ရအောင် ကြိုးစားရတော့မည်။ သူ့အတွက် ခက်သည်မှာ ဝေဝေက သူနှင့် လုံးဝအတွေ့မခံခြင်းဖြစ်သည်။ တစ်နေ့ သူငယ်ချင်းမိန်းကလေးတစ်ဦး၏ ကူညီမှုကြောင့် ဝေဝေကို တွေ့ခွင့်ရပြီး ရင်ထဲက စကားများ ပြောခွင့်ရလိုက်သည်။ သူမျှော်လင့်ထားသလိုဝေဝေက သူ့ကို ခါးခါးသီးသီး ငြင်းဆန်လိုက်ပါသည်။

“သက်ခေ့ - နင့်ကို ငါ လုံးဝချစ်လို့ မရဘူး။ နောင်လည်း ဘယ်တော့မှ ချစ်လာမှာမဟုတ်လို့ နောက်ထပ် ဒီစကား မပြောမိအောင်နေ”

“ဝေဝေ - နင်က အလှမာန်တက်ပြီး ငါ့ကို ငြင်းလိုက်တာလား”

“ဘာမှမာန်တက်စရာမရှိဘူး [illegible] မိဘမဲ့ တစ်ကောင်ကြွက်က ဘာ[illegible] တက်စရာရှိမှာလဲ။ နင်သိ[illegible] လိုက်ဝယ်။ [illegible] ဘယ်သူ့အချစ်ကိုမှ [illegible]

www.burmeseclassic.com



ာစ်ယောက်ရဲ့ အချစ်ကို လက်ခံမိရင် ည်းပဲ ဒါ နင် မဖြစ်နိုင်ဘူးဆိုတာ မြဲမြဲ ထ်ပါ"

"တစ်ချိန်က နင်နဲ့ ငါဟာအချစ်ဆုံး ငယ်ချင်းတွေပါ၊ ငါ့အချစ်ဆုံးသူငယ် ်းကို ဘယ်သူ့လက်မှ အပ်မခံနိုင်ဘူး"

"နင့်ကို ချစ်လို့မရဘူးလို့ ပြောပြီးပြီ၊ ်ထပ်ကဲလာမယ်ဆိုရင် ငါ မုန်းမိမှာပဲ"

ဝေဝေစကားကြောင့်စိတ်မကောင်း ်ရသည်၊ နောက်ထပ်လည်းဝေဝေကို တွေ့ခွင့်မရတော့ပါ၊ ဆယ်တန်းရောက် ာနှစ်တွင် ဝေဝေ၏အလှသည် အပေါ်လွင်ဆုံးဖြစ်သည်၊ စာမေးပွဲပြီးပါ ာ သက်ဆွေတို့မိသားစုက ရန်ကုန် ပြောင်းရတော့မည်၊ စာမေးပွဲဖြေဆိုနေ ျိန် ဝေဝေကို တွေ့ခွင့်ရအောင် ကြိုးစား ျိုး နှုတ်ဆက်စကားပြောရသည်၊

"ဝေဝေ - ငါတို့ ရန်ကုန်ပြောင်းရ တော့မယ်"

"ကောင်းတာပေါ့ဟာ၊ သူဌေးတွေ ဆိုတာ မြို့ကြီးပြကြီးမှာ နေရတာမျိုးပဲ"

"နင့်ကိုခွဲသွားရမှာ ငါစိတ်မကောင်း ဘူးဝေ"

"ငါကတော့ နင်နဲ့ ဝေးရလို့ ဝမ်း သာတယ်"

"ဆယ်တန်းအောင်ရင်နင်ဘာလုပ် မယ်စိတ်ကူးထားလဲ ဝေ"

"မှူလတန်းဆရာ လုပ်ရမှာပေါ့၊ နင်ကတော့ ဆရာဝန်ဖြစ်မယ့်လူပဲ၊ ကောင်းပါတယ်လေ၊ တို့ဘဝတွေ မိုးနဲ့ မြေလိုဝေးမှ မဆုံနိုင်ကြမှာ"

"နောက်ဆုံး ငါတစ်ခုတော့ မေးချင် တယ်၊ နင် ငါ့ကို ဘာကြောင့် မုန်းရတာ လဲ"

"နင် တကယ်သိချင်တာလား"

"သိချင်တယ်"

"နင့်အဖေက ငါ့အမေကို သတ် လိုက်လို့ ငါ မိဘမဲ့ဖြစ်ခဲ့ရတာ"

"မဖြစ်နိုင်ပါဘူး ဝေဝေ၊ ငါကြားဖူး တာက ငါ့အဖေနဲ့ နင့်အမေဟာ ငယ်ချစ် တွေတဲ့၊ ကံမဆုံလို့မပေါင်းရပေမဲ့ သတ် ဖို့တော့မဖြစ်နိုင်ပါဘူး၊ ငါကြားတာတော့ နင့်အမေက ပျောက်သွားတာတဲ့၊ သေ ချင်မှ သေမှာပါ၊ အဲဒီအဖွဲ့အလမ်းကြီး တစ်ခုကြောင့် ငါ့ကို မစိမ်းကားပါနဲ့ဟာ"

"ငါပြောတာ အမှန်ပဲ သက်ဆွေ၊ ငါ့အမေကိုသတ်တဲ့ နင့်အဖေကို ငါပြန် သတ်ဖို့ စဉ်းစားခဲ့သေးတယ်၊ အဲဒါ ငါ့စိတ်ကို ငါလျှော့ထားရတာ"

"နင်က ဘယ်လောက်ပဲမုန်းမုန်း ငါကတော့ နင့်ကို တစ်သက်လုံးချစ်နေ မှာပါ"

ထိုနေ့က ဝေဝေကို နောက်ဆုံးတွေ့ ခဲ့ရခြင်းဖြစ်သည်၊ သက်ဆွေတို့မိသားစု



ရန်ကုန်ကိုပြောင်းခဲ့ကြသည်၊ သက်ဆွေ သည် ဇာတိမြို့ကလေးကို မေ့မရသလို ဝေဝေကိုလည်း လွမ်းရပါသည်၊ ဝေဝေ နှင့် ပြန်တွေ့ရန် မလွယ်နိုင်တော့ပါ၊ ရန်ကုန်တွင် လွမ်းရင်းဆွေးရင်း အောင် စာရင်းများ ထွက်လာသည်၊ ဝေဝေရော သူပါ စာမေးပွဲ အောင်မြင်ခဲ့ကြပါသည်၊ သူက မှူလရည်ရွယ်ထားသည့်အတိုင်း ဆေးကျောင်းတက်ရန် ပြင်ဆင်ရသည်၊ ရန်ကုန်တက္ကသိုလ်ဖွင့်ခါနီးတွင် မမျှော် လင့်သောအကြောင်းတရားများဖြစ်လာ ခဲ့သည်၊ တစ်နေ့ လေးလေးစိုး ရောက် လာသည်၊ လေးလေးစိုးမှာ သူ့အဖေ ဦးအောင်မြိုး၏ ညီအရင်း ဦးမောင်စိုး ဖြစ်သည်၊ ဦးအောင်မြိုးနှင့် ဦးမောင်စိုး တို့ညီအစ်ကိုမှာ ဝေဝေ၏အမေ မယုနှင့် ညီမ မနုတို့၏ ချစ်သူများ ဖြစ်ကြသည်၊ ဦးအောင်မြိုးနှင့် မယုတို့ မပေါင်းရသော် လည်း ဦးမောင်စိုးက မနုနှင့် ပေါင်းခွင့်ရ သဖြင့် ဦးမောင်စိုးမှာ သူတို့နှစ်ယောက် ၏ လေးလေးစိုး ဖြစ်လာရသည်၊ လေးလေးစိုးဟာ ဝေဝေအကြောင်း ပြောပါသည်၊

"ဝေဝေက မြန်မာစာအဓိကတရ တယ်၊ သူ့အတွက် အဆောင်လျှောက် ထားလို့ အခု လာစုံစမ်းတာ၊ အင်းလျား ဆောင်မှာ နေခွင့်ရတယ်"

"ဗျာ - ဝေဝေက တက္ကသိုလ်တက် မယ် - ဟုတ်လား လေးလေးစိုး"

"ဟုတ်တယ်"

"ဝမ်းသာလိုက်တာ လေးလေးစိုး ရာ၊ ကျွန်တော်က ဒီတစ်သက် ဝေဝေနဲ့ မတွေ့ရတော့ဘူးထင် ထားတာ၊ ကံကောင်းတော့ ဝေဝေနဲ့ ပြန်ဆုံရတော့ မှာပါလား၊ ဝမ်းသာလိုက်တာ လေးလေး စိုးရာ"

"မင်းကော ဆေးကျောင်းတက်ဖို့ ပြင်ဆင်ပြီးပြီလား"

"ဆေးကျောင်း မတက်တော့ဘူး၊ မြန်မာစာယူဖို့ အခုချက်ချင်း ဆုံးဖြတ် လိုက်ပြီ၊ ဒီအကြောင်း ဝေဝေ မသိပါစေ နဲ့ လေးလေးရာ၊ ကျောင်းဖွင့်မှ သိပါစေ"

သက်ဆွေသည် ဆရာဝန်ဖြစ်ရန် ကိစ္စကို စွန့်လွှတ်လိုက်ပြီး ဝေနှင့် နီးစပ် အောင် မြန်မာစာသို့ ပြောင်းလိုက်သည်၊ ကျောင်းစဖွင့်သည့်နေ့တွင် မယ်သစ် လွင်လေး ဝေဝေနှင့် တွေ့လိုက်ရသည်၊ ဝေဝေထံ သွား၍နှုတ်ဆက်ရာ ဝေဝေက လက်ခံစကားပြောပါသည်၊

"နင်က ဆေးကျောင်းမတက်ပဲ ဒီနေရာကို ဘာကြောင့် ရောက်လာရ တာလဲ"

"ငါ့ချစ်သူနဲ့နီးစေဖို့ပေါ့ဟာ ဝေရဲ့ ငါနဲ့ပြန်ဆုံရတာ နင်မပျော်ဘူးလား"

www.burmeseclassic.com

"ကျောင်းမတက်ချင်လောက်အောင် စိတ်ပျက်သွားတယ် သက်ဆွေ"

"နင်နဲ့ ဒီတစ်သက် မဆုံနိုင်တော့ဘူးထင်ထားတာ၊ မမျှော်လင့်ဘဲ တွေ့ရလို့ဝမ်းသာတယ်"

"ငါ့ဘဝကလည်းအများကြီးပြောင်းလဲခဲ့တယ်၊ ငါ့ဘကြီးအိမ်မှာနေရင် ငါဘယ်မှ ကျောင်းတက်နိုင်ပါ့မလဲ၊ အခု ဒေါ်ဒေါ်နုနဲ့ လေးလေးစိုးက ငါ့ကိုမွေးစားလိုက်လို့ ငါကျောင်းတက်နိုင်ခဲ့တာပေါ့"

ဝေဝေ၏အမေ ဒေါ်ယုတွင် အစ်ကိုကြီး ဦးကျော်ဖေနှင့် ညီမ ဒေါ်နုတို့ ရှိခဲ့ရာ ဝေဝေ၏အမေ ကွယ်လွန်သည်နှင့် နေစရာမရှိ၍ဦးကျော်ဖေအိမ်သို့လိုက်နေရသည်၊ ဦးကျော်ဖေမှာ တူမလေး ဝေဝေကို ချစ်ပါသော်လည်း သူ့ဘဝ မပြည့်စုံသဖြင့် ဆင်းဆင်းရဲရဲ နေခဲ့ရသည်၊ သစ္စလေးလေးစိုးနှင့် ဒေါ်နုတို့က ခေါ်ယူမွေးစားသဖြင့်တက္ကသိုလ်သူဘဝ ရောက်ခွင့်ရခဲ့ခြင်းဖြစ်သည်၊

၁၈

စာသင်ခန်းတွင် ဝေဝေမှာ အလှဆုံးဖြစ်၍ ကျောင်းသားတိုင်းက စိတ်ဝင်စားကြပါသည်၊ ဝေဝေက ကျောင်းသားများနှင့် ရောရောဝင်ဝင်မနေတတ်သော်လည်း ခင်ခင်မင်မင် ဆက်ဆံလေ့ရှိသည်၊ ကျောင်းသားနှင့် အလိုက်သင့်ဆက်ဆံတတ်သော်လည်းသက်ဆွေကိုကြိုးစား၍ရှောင်ဖယ်လေ့ရှိသည်၊ သက်ဆွေနှင့် ပြောဆိုဆက်ဆံမှုမရှိသဖြင့် သူတို့ဘဝဖြစ်စဉ်ကို သိသူမရှိခဲ့ပါ၊ ဝေဝေကို ချစ်ခွင့်ပန်သူများ ရှိသော်လည်း ဝေဝေက လိမ္မာပါးနပ်စွာ ရှောင်တိမ်းတတ်ပါသည်၊ သက်ဆွေမှာဝေဝေနှင့် ရင်းရင်းနှီးနှီး ဆက်ဆံခွင့်မရသော်လည်း နေ့စဉ် ဝေဝေကို မြင်နေရရုံနှင့် ကျေနပ်ခဲ့ရပါသည်၊ တစ်နေ့အကြောင်းတစ်ခုနှင့် ညနေဘက် အင်းလျားကန်ပေါင်သို့ ရောက်ခဲ့ရာ မမျှော်လင့်ဘဲ ဝေဝေနှင့် ဆုံခဲ့ရသည်၊ ဝေဝေသည် ညနေဘက် အချိန်မှန် လမ်းလျှောက်လေ့ရှိကြောင်းပါ သိလာရပါသည်၊ ဝေဝေကို စကားပြောခွင့်ရလိုက်သည်၊ ဝေဝေ၏ သူငယ်ချင်းအဖော်များ ပြန်သွားသဖြင့် သစ်ပင်ကြီးတစ်ပင်အောက်တွင် နှစ်ယောက်တည်း စကားပြောခဲ့ရသည်၊

"မမျှော်လင့်ဘဲ ဝေနဲ့ တွေ့လိုက်ရလို့ သိပ်ဝမ်းသာမိတယ်၊ တို့ငယ်ငယ်တုန်းကလို သူငယ်ချင်းတွေ ပြန်ဖြစ်ချင်တယ်၊ ဖြစ်ခွင့်ပေးပါဝေရယ်"



"နင့်ကို အခုလိုလက်ခံစကားပြောတာ ငယ်ငယ်ကသံယောဇဉ်ကြောင့်ပါ၊ နောက်တစ်ဖန်ပြန်လည်ရင်းနှီးဖို့မမျှော်လင့်ပါနဲ့တော့"

"တစ်ခါက နင်ပြောခဲ့တာ ငါ့အဖေတို့မုန်းတာဆို၊ ငါနဲ့ဘာဆိုင်လို့လဲဝေဝေရယ်"

"နင့်အဖေကိုမုန်းသလို နင့်ကိုမုန်းစေချင်ရင် ငါနဲ့ မတွေ့နဲ့ပေါ့၊ ကဲ - ငါပြန်မယ်"

"နေပါဦး ဝေဝေရယ်၊ နင် ဒီအချိန်လမ်းလျှောက်တတ်မှန်း အခုမှ သိရတယ်၊ နောက်နေ့ငါလာရင် စကားပြောခွင့်တော့ ပေးပါနော်"

"နင်လာမယ်ဆိုရင် နောက်နေ့ကစပြီး ငါလမ်းမလျှောက်တော့ဘူး"

ဝေဝေကဒေါ်နုနှင့်မောင်နှင့်ထွက်သွားပါတော့သည်၊ သက်ဆွေသည်ဝေဝေကိုငေးကြည့်ရင်း သက်ပြင်းချရင်း ကျန်ခဲ့ပါသည်၊

ဝေဝေကိုတွေ့မြင်ချင်သော်လည်း အင်းလျားကန်စောင်းသို့ မသွားဝံ့တော့ပါ၊ သုံးလတစ်ခေါက်လေးလတစ်ခေါက်လောက်သာ သွားနိုင်ခဲ့သည်၊ သုံးလမှတစ်ကြိမ်လာသော သက်ဆွေကိုဝေဝေက လက်ခံစကားပြောလေ့ရှိပါသည်၊ သက်ဆွေမှာ ဝေဝေကို တွေ့ရပြီး စကားပြောခွင့်ရသော်လည်း ဝေဝေ၏အသည်းမှာ မာလှသည်၊ ဝေဝေ၏ ဆုံးဖြတ်ချက်မှာ ခိုင်မာလျက်ရှိပါသည်၊ သူငယ်ချင်းအဖြစ်ကိုပြန်လည်လက်ခံဖို့ကိုပင် လုံးဝလိုက်လျောခြင်းမရှိပါ၊ မည်သို့ပင်ဖြစ်စေ၊ သုံးလတစ်ကြိမ် ဝေဝေနှင့် စကားပြောရသည်နှင့်ပင် သက်ဆွေ ကျေနပ်နေခဲ့သည်၊ တက္ကသိုလ်စာမေးပွဲကိုလည်း နှစ်စဉ်အောင်မြင်ခဲ့ကြရာ နောက်ဆုံးနှစ်သို့ပင် ရောက်ခဲ့ကြပြီ၊ သက်ဆွေမှာ နောက်ဆုံးစာမေးပွဲပြီးပါက ဝေဝေကို တွေ့မြင်ခွင့်ပင် ရနိုင်တော့မည်မဟုတ်၍ ကျန်ရှိနေသောအချိန်တွင် ဝေဝေကို အထူးတောင်းပန်နေရသည်၊ ဝေဝေကလည်း စိတ်ထားပြောင်းလဲခြင်းမရှိဘဲ တင်းမာနေဆဲပင်ဖြစ်သည်၊

"ဒီမှာသက်ဆွေ စာမေးပွဲပြီးတဲ့နေ့ တွေ့မယ်လေ၊ အဲဒီမှာငါ့ဆုံးဖြတ်ချက်ကို ပြတ်ပြတ်သားသား ပြောလိုက်မယ်၊ ဒီကြားထဲမှာငါ့စာကျက်တော့မယ် [illegible] အနှောင့်အယှက်မပေးပါနဲ့ [illegible] လာမတွေ့ရဘူး၊ ငါ [illegible] နားမထောင်ဘဲ [illegible] နောက် [illegible]"

www.burmeseclassic.com



သက်ဆွေမှာ ဝေဝေကို တွေ့ချင်ပါသော်လည်း နောက်နေ့နောက်ဆုံးနေ့တွင်တွေ့ခွင့်မရမည်စိုး၍တွေ့ချင်စိတ်ကို မြိုသိပ်ထားရသည်။ နောက်ဆုံးနေ့တွင် မီမီအတွက် မျှော်လင့်နိုင်စရာ စကားများကြားရနိုင်သဖြင့်ထိုနေ့ရောက်ရန် စောင့်ဆိုင်းရတော့မည်။ နောက်ဆုံးနစ်ဖြစ်၍ ကျောင်းသူကျောင်းသားတိုင်း အပြင်းအထန် စာကျက်နေချိန် သက်ဆွေမှာ စာကိုဝင် တုတ်တိပတ်တိ မကျက်နိုင်အောင် ရှိနေပါတော့သည်။ နောက်ဆုံးစာမေးပွဲကြီး ဖြေဆိုရက်သို့ ရောက်ခဲ့သည်။ နောက်ဆုံးနေ့နောက်ဆုံးဘာသာရပ်ကိုဖြေဆိုနေရပြီဖြစ်၍ဝေဝေနှင့်တွေ့ရန်သာ ကျန်တော့သည်။ သူက အရင်အတန်းထဲက ထွက်လာသည်ဖြစ်၍ဆုံနေကျသစ်ပင်အောက်က စောင့်ရန်ထွက်ပါသည်။

ဝေဝေနှင့်တွေ့ရမည်ဖြစ်၍ဝမ်းသာသော်လည်းနောက်ဆုံးတွေ့ရခြင်းဖြစ်၍ စိတ်မကောင်းဖြစ်ရသည်။ ဝေဝေ့ထံမှ သတင်းကောင်းတစ်ရပ်ကိုကြားရပါစေဟု ဆုတောင်းရင်း စောင့်နေခဲ့ရာ ငါးနာရီနီးပါးကြာမှ ဝေဝေ ရောက်လာသည်။ ဝေဝေက ရောက်သည်နှင့် ပြောချင်သည့်စကားကို ပြောလိုက်သည်။

“သက်ဆွေ – နင့်အချစ်ကိုလက်ခံနိုင်တာက ပြောင်းလဲမှာမဟုတ်ဘူး။ နင့်ကို ငယ်စဉ်က သံယောဇဉ်ကြောင့်သာ တွေ့ခွင့်ပေးခဲ့တာ၊ ငါတို့ မကြာခင်

“ဟန်ဆောင်ဟန်သည့်နှင့် မြွေကြီးကို တစ်မေအနက် တူးလိုက်ရာ အရိုးစုသဏ္ဌာန်ကို တွေ့လိုက်ရသည်။ ဝေဝေမှာ ဆက်မကြည့်တော့ပဲ ငိုရှိုက်နေတော့သည်။ သက်ဆွေက အရိုးစုကို လူ ဟုတ်၊ မဟုတ် အမျိုးသမီး ဟုတ်၊ မဟုတ် သေချာအောင် စစ်ဆေးပြီး မြေပြန်ဖို့ပြီး မူလအတိုင်း ပြန်လုပ်ပေးလိုက်သည်။



ဘွဲ့ရတော့မှာဆိုတော့ပညာတတ်လူကြီးအဝကိုရောက်ကြပြီဖြစ်လို့အမှန်းတရားတွေကို ကြိုးစားပြီး ဖြေလျော့ဖို့ ငါကြိုးစားနေပါတယ်”

“ဝမ်းသာလိုက်တာ ဝေဝေ၊ ငါ့အတွက် မျှော်လင့်နိုင်တာပေါ့နော်”

“ဒီတစ်သက်မှာ နင်နဲ့ငါ ချစ်သူတွေဖြစ်လာမှာမဟုတ်ပါဘူး။ ငါ့စိတ်တွေလျော့တယ်ဆိုတာ ထောက်ထားစရာအကြောင်းတွေကြောင့်တွေလျော့ရတာပါ။ ပွင့်ပွင့်လင်းလင်းပြောရရင်လေးလေးစိုးရဲ့ကျေးဇူးတွေ ငါ့အပေါ်မှာ များနေပြီ။ ငါ့ကို ဘွဲ့ရအောင် ကျောင်းထားပေးတယ်၊ အဆင့်အတန်းမီနေနိုင်အောင် ပံ့ပိုးပေးတယ်၊ ဒါပေမဲ့ – လေးလေးစိုးရဲ့ အခြေအနေက ပြည့်စုံခြင်းမရှိဘူးလေ၊ ဒါတွေကို စဉ်းစားလိုက်တော့ ဘယ်ကလာတဲ့ အတူအညီတွေလည်းဆိုတာ တွေးဆလို့ရလာတယ်၊ ဒါကြောင့်အမုန်းတရားတွေက တစ်စတစ်စ ဖြေလျော့ဖို့ ဆုံးဖြတ်ခဲ့တာပေါ့”

“နင်က ဖြေလျော့တော့ ငါ့အတွက် ဘာအခွင့်အရေးရလာမှာလဲ”

“ရင်ထဲက အမုန်းတရားတွေလျှော့ကျပြီး အရင်လောက် မပြင်းထန်တော့ဘူးပေါ့၊ ဒါပေမဲ့ – ငါ့အမေကို သတ်တဲ့နင့်အဖေအပေါ်အမုန်းတရားဖြေလျှော့ဖို့တော့ ခက်နေဆဲပဲ”

“အဲဒါ – နင်မှားနေတာ၊ အဖေတော နင့်အမေကို သတ်တယ်ဆိုတာ သက်သေအထောက်အထားမှ မရှိတာ၊ အထောက်အထားကို မြင်ရရင် နင် လက်ခံနိုင်မလား”

“ခိုင်လုံတဲ့အထောက်အထားရှိရင် လက်ခံရမှာပေါ့”

“ကောင်းပြီ – နင်မြို့ကိုလိုက်ခဲ့၊ ငါ အထောက်အထားပြမယ်”

“လိုက်မယ်လေ – နင်က ဘယ်တော့ပြန်မှာလဲ”

“လေးလေးစိုး – ဒီညရောက်ရင် မနက်ဖြန်ပြန်မှာပေါ့”

“နင်တို့နဲ့အတူ ငါလိုက်ခဲ့မယ်လေ”

“တို့နဲ့တော့ မလိုက်ရဘူး၊ နင့်မှာကားရှိနေတာပဲ၊ တစ်ပတ်အတွင်း လာခဲ့ပါ၊ ငါ စောင့်နေပါ့မယ်”

“ကောင်းပြီလေ – ငါလာခဲ့မယ်၊ နင် အထောက်အထားပြနိုင်ရင် ငါ့အချစ်ကို လက်ခံမှာလား”

“နင့်အဖေက သေသောတွေ့ရင် ငါ လက်ခံမယ်”

“နင် [illegible]

[illegible]

www.burmeseclassic.com



အဖေက အဲဒီမှာရှိနေတာပဲ၊ နင်နဲ့ငါ အဖေ့ကို အတူမေးလို့ရတယ်၊ အဖေက သဘောတူရင် နင် မငြင်းရဘူးနော်"

ဝေဝေက ခေါင်းညိတ်ပြပြီး ပြန်သွားပါသည်၊ ခက်ခဲနေသော ပုစ္ဆာတစ်ပုဒ် အဖြေရလိုက်သလို သက်ဆွေ ပျော်သွားပါသည်၊ ဇာတိမြို့ကို သွားချင်နေသည်မှာ ကြာပြီ၊ အဖေနှင့် တွေ့ရပြီ၊ အဖေ၏ စကားသည် သူ့ဘဝအတွက် အဆုံးအဖြတ်ဖြစ်၍ ဝမ်းသာရတော့မည်၊ သူ့အတွက် ကံကောင်းခြင်းလက်ဆောင်က လက်တစ်ကမ်းအလိုသို့ မမျှော်လင့်ဘဲ ရောက်လာသည်၊

၁၈၉

နောက်နေ့တွင် ဝေဝေ မြို့သို့ ပြန်ခဲ့သည်၊ သက်ဆွေ ရောက်လာပါက အထောက်အထားပြရန် စီစဉ်နေစဉ် သက်ဆွေ ရောက်လာကြောင်း သိရသည်၊ တစ်ပတ်အတွင်း လာမည်ဆိုသော်လည်း ချက်ချင်းရောက်လာသည်၊ သက်ဆွေ အမြန်ရောက်လာခြင်း အကြောင်းကိုလေးလေးစိုးပြောမှဝေဝေ သိရသည်၊

"အစ်ကိုကြီးရဲ့နောက်ဆုံးအချိန်ပဲ ဝေဝေ၊ ဒါကြောင့်သက်ဆွေရောက်လာတာ"

"လေးလေးစိုးရဲ့အစ်ကိုကြီးက အခု ဘယ်မှာလဲ"

"အစ်ကိုကြီးက ရွှေမြင်တင်ကျောင်းက သူ ဆောက်လုပ်ထားတဲ့ ဇရပ်မှာလာနေတာ သုံးနှစ်ရှိပြီ၊ ဘယ်သူနဲ့မှ စကားမပြောဘဲ တရားအားထုတ်နေတာ၊ ရန်ကုန်ကို သူမပြန်သလို မိသားစုကိုလည်း သူ့ဆီမလာဖို့ တားဆီးခဲ့တယ်၊ လေးလေးစိုး ရန်ကုန်လာနေတုန်း အသည်းအသန်ဖြစ်လို့ ဆေးရုံတင်လိုက်ကြတယ်၊ လေးလေးစိုး ပြန်ရောက်ရောက်ချင်း သွားကြည့်ပြီးပါပြီ၊ အခြေအနေက မကောင်းဘူး၊ နောက်ဆုံးအချိန်လို့ ထင်ရတာပဲ"

"နောက်နေ့ ဝေဝေ သွားကြည့်ချင်တယ်၊ လေးလေးစိုး - လိုက်ပို့ပေးပါနော်"

"ပို့ပေးပါမယ် ဝေဝေ၊ ဝေဝေမသွားရင်တောင် လေးလေးစိုးက အရခေါ်သွားဖို့ စီစဉ်ပြီးသားပါ"

"သက်ဆွေကို ကတိပေးထားတဲ့အတိုင်း ပြစရာရှိတာ သူ့ကျေနပ်အောင် ပြပြီးရင် ဆေးရုံကို လိုက်ပို့မယ်"

နောက်နေ့တွင် သက်ဆွေ ရောက်လာသဖြင့် သက်ဆွေ၏ ကားဖြင့် ရွှေမြင်တင်ဘုရားသို့ သွားကြသည်၊



ဦးအောင်မြိုး၏ ဇရပ်သို့ ဝင်လိုက်ကြသည်၊ ထိုဇရပ်တွင် ဦးအောင်မြိုးနေထိုင်နေ တရားအားထုတ်နေခဲ့သည်၊ စားသောက်ရေးအတွက် လေးလေးစိုးက အစစ စီစဉ်ပေးထားသဖြင့် အချိန်ပြည့် တရားအလုပ် လုပ်နိုင်ခဲ့သည်၊ ဇရပ်သို့ ရောက်သည်နှင့် သက်ဆွေက စတင်မေးသည်၊

"ကဲ - နင်ပြမယ်ဆိုတဲ့အထောက်အထားက ဒီနေရာမှာ ရှိနေတာလား"

"ဟုတ်တယ် - နင့်အဖေက ငါ့အမေကို ဒီနေရာမှာ ဓားနဲ့ ထိုးသတ်လိုက်တာ"

"နင်ပြောတဲ့အထောက်အထားက ဒါလား ဝေဝေ"

"မေမေရဲ့အလောင်းကို ဒီနေရာမှာ မြေမြှုပ်ပြီး ဇရပ်အလယ်မှာ ကွန်ကရစ်လောင်းပြီး အစဖျောက်ထားတယ်၊ အဲဒီနေ့က မြေမြှုပ်ပေးခဲ့တဲ့ ပန်းရန်ဆရာ ပြောလို့ ငါသိရတာ၊ မကြာခင် ပန်းရန်အဖွဲ့ ရောက်လာပြီး ပြန်ဖော်ထုတ်ပြမယ်၊ နင် စောင့်သာကြည့်ပေတော့"

မကြာမီ ပန်းရန်အဖွဲ့ရောက်လာပြီး ကွန်ကရစ်ကို ခက်ခက်ခဲခဲ တူးဖော်ကြတော့သည်၊ ကွန်ကရစ်ကုန်သည်နှင့် မြေကြီးကို တစ်ပေအနက် တူးလိုက်ရာ အရိုးစုသဏ္ဍာန်ကို တွေ့လိုက်ရသည်၊ ဝေဝေမှာ ဆက်မကြည့်တော့ဘဲ ငိုရှိုက်နေတော့သည်၊ သက်ဆွေက အရိုးစုကို လူ ဟုတ်၊ မဟုတ် အမျိုးသမီး ဟုတ်၊ မဟုတ် သေချာအောင် စစ်ဆေးပြီး မြေပြန်ဖို့ပြီး မူလအတိုင်း ပြန်လုပ်စေလိုက်သည်၊ ဆေးရုံပေါ် ရောက်နေသည့် အဖေ့အတွက် အမှုပေါ်မလာစေရန် အမြန်ဆောင်ရွက်လိုက်ခြင်းဖြစ်သည်၊ ဝေဝေက မျက်ရည်များကို သုတ်ရင်း သက်ဆွေကို ပြောလိုက်သည်၊

"အလောင်းကိုတွေ့ရုံနဲ့မလုံလောက်သေးဘူးဆိုရင် နင့်အဖေကို မေးရုံပဲ ရှိတော့တယ်၊ နင်မမေးရဲရင် ငါကိုယ်တိုင် မေးပါ့မယ်"

"တော်ပါတော့ ဝေရယ်၊ ဒီကိစ္စကို ဒီမှာတင် ရပ်လိုက်ရအောင်၊ နင်က သက်သေပြတော့ ငါစောဒက မတက်တော့ပါဘူး၊ ဒါပေမဲ့ - နောက်ဆုံးအခွင့်အရေးတစ်ခု ကျန်သေးတယ်လေ၊ အဖေ ခွင့်ပြုရင် နင် လက်ခံမယ်ဆိုတဲ့ကိစ္စ အဖေ့အတွက် လက်ကျန်အချိန်လေးမှာ အမြန်သွားမေးရအောင်"

"နင့်အဖေက လုံးဝသဘောမတူခဲ့ရင် နောက်ထပ်မပြောတော့ဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ - ဒါဟာ ငါ့ရဲ့နောက်ဆုံး အခွင့်အရေးပါ။ တဲ - အမြန်သွားရအောင်"

သူတို့နှစ်ယောက် ဆေးရုံသို့ လိုက်သွားကြသည်။ ဆေးရုံအဝင်တွင် လေးလေးစိုးက သူတို့နှစ်ယောက်ကို ကြိုဆိုလျက်ရှိပါသည်။

"လာကြ - လာကြ - မင်းတို့ကို အစ်ကိုကြီးက စောင့်နေပုံရတယ်။ မင်းတို့ အစ်ကိုကြီးကို နောက်ဆုံးအနေနဲ့ တန်တော့လိုက်ကြပါ"

သက်ဆွေနှင့် ဝေဝေတို့ ဦးအောင်ဖြိုးကို ထိုင်၍ ရှိသေစွာ ကန်တော့လိုက်ကြသည်။

"အစ်ကိုကြီး - သက်ဆွေနဲ့ ဝေဝေ တို့ရောက်လာကြပြီ"

လေးလေးစိုးက ဦးအောင်ဖြိုးကို တစ်၍ပြောလိုက်သဖြင့် ဦးအောင်ဖြိုးက မျက်စိဖွင့်ကြည့်ပြီး အားယူ၍ပြုံး၍ကြည့်လိုက်သည်။

"သားနဲ့ သမီး ရောက်လာပြီနော်"

ဦးအောင်ဖြိုးက ကြိုးစားပြီး ပြောသော်လည်း အသံက တိုးတိုးသာ ထွက်တော့သည်။ သက်ဆွေက အဖေ၏ အခြေအနေကိုကြည့်၍ သူ့ဆန္ဒကို ပြောလိုက်သည်။

"ဖေဖေ - ဒါ ဝေဝေလေ။ သား[illegible] သူ့ကို လက်ထပ်ခွင့်ပြုပါ ဖေဖေ"

ဦးအောင်ဖြိုးသည် ခေါင်းယမ်း[illegible] ရင်း ပြောရန် ကြိုးစားနေဟန်ရှိပါသည်။

"ဖေဖေ ခွင့်ပြုပေးပါနော်။ ဖေ[illegible] ခွင့်ပြုမယ်မဟုတ်လား"

သက်ဆွေက တောင်းပန်လိုက်[illegible] သည်။ ဦးအောင်ဖြိုးကအဲကိုကြိတ်လျ[illegible] အားယူလျက် အသံကို အစွမ်းကုန်[illegible] ကာ အော်၍ပြောလိုက်သည်။

"မဖြစ်နိုင်ဘူး၊ ငါ လုံးဝခွင့်မပြု—"

စကားမဆုံးခင် ဦးအောင်ဖြိုး ခေါ[illegible] ကျိုးကျသွားပါတော့သည်။

ဦးအောင်ဖြိုး ငြိမ်သက်သွားသည် နှင့် ဝေဝေသည် အခန်းထဲက ထွက်ပြေ[illegible] သွားပါသည်။ လေးလေးစိုးနှင့်သက်ဆွေ တို့မှာ ခေါင်းချင်းဆိုင်၍ ကျန်ခဲ့ပါတော့ သည်။

၁၀၈

သက်ဆွေသည် ရန်ကုန်ရှိမိခင်တ[illegible] အကြောင်းကြားပြီး အသုဘကိစ္စ စီစဉ်[illegible] သည်။ ရွှေမြင်တင်ကျောင်းတွင် ရက် လည်ဆွမ်းကျွေးပြီးမှ သက်ဆွေမိသား[illegible] နှင့် အတူ ရန်ကုန်ပြန်သွားပါသည်။ သက်ဆွေတို့ကား ထွက်သွားသည်ကို



[illegible]လေးလေးစိုးနှင့် ဝေဝေတို့ ငေးမောရင်း [illegible]ကျန်ခဲ့ပါသည်၊ သက်ဆွေတို့ကား မြင် [illegible]ကွင်းမှ ပျောက်သွားမှ လေးလေးစိုးက [illegible]ကားစတင်ပြောပါသည်။

"အစ်ကိုကြီး မရှိတော့ဘူးဆိုတော့ [illegible]ပြောသင့်ပြောထိုက်တဲ့စကားတွေ ပြော [illegible]ဖို့လေးလေးစိုးမှာ တာဝန်ရှိတော့ အခု [illegible]ပြောပြပါ့မယ်။ အစ်ကိုကြီးဟာ ဝေဝေရဲ့ အမေကို လက်ထပ်ဖို့ စီစဉ်နေချိန် [illegible]ရွှေမြင်တင်ကျောင်းကြီးဆောက်ဖို့ လို [illegible]အပ်တဲ့သစ်များကို ကိုယ်တိုင် တောထဲ [illegible]သွားဝယ်နေစဉ် သူပုန်တွေ ဖမ်းသွားလို့ သူပုန်တွေလက်ထဲမှာ ငါးလလောက် နေခဲ့ရတယ်၊ လေးလေးစိုးက ငွေနဲ့ [illegible]လိုက်ရွေးမှ အစ်ကိုကြီး ပြန်လွတ်လာခဲ့ [illegible]တာပါ။ တစ်ရွာလုံးက အစ်ကိုကြီးသေပြီ လို့ ထင်နေကြချိန် ဝေဝေရဲ့အမေမှာ ဝေဝေရဲ့ကိုယ်ဝန်ကို လွယ်ထားရပြီး အရှက်ကွဲတော့မယ့်အချိန်၊ ကိုသီဟာက လက်ထပ်ယူလိုက်တယ်၊ အစ်ကိုကြီး ပြန်ရောက်လာပြီး မကြာခင် ဝေဝေကို မွေးခဲ့တော့ လူတွေက အမျိုးမျိုး ပြောနေ ကြတာပေါ့၊ ကိုသီဟာဟာ ဒေါသလည်း ထွက်၊ စိတ်လည်း ပျက်ပြီး အရက်ကို နေ့တိုင်း မူးအောင်သောက်ရင်း အရက် သမားကြီး ဖြစ်သွားတယ်၊ ဝေဝေတို့ သားအမိကိုလည်း အပြစ်ရှာပြီး သူသေ သည့်တိုင် ရန်လုပ်သွားခဲ့တော့ ဝေဝေ့ အမေလည်း ဒုက္ခရောက်ရတော့တာပေါ့။

အဲဒီကိစ္စတွေဟာ အစ်ကိုကြီး ကြောင့် ဖြစ်ရတာဆိုပြီး တစ်နေ့ ဝေဝေ့ အမေဟာ အစ်ကိုကြီးကို ဓားနဲ့ထိုးပြီး သတ်ဖို့ကြိုးစားခဲ့တယ်၊ အဲဒီအခန်းမှာ လေးလေးစိုး ရှိနေခဲ့တယ်၊ အစ်ကိုကြီး ကဓားကိုဝင်လုရင်း သူ့ဓားနဲ့သူ ထိုးမိပြီး သေဆုံးခဲ့တာပါ။ အစ်ကိုကြီးနဲ့လေးလေး စိုးတို့ တိုင်ပင်ပြီး နောက်ထပ်ပြဿနာ တွေ မပေါ်စေဖို့ အဲဒီနေရာမှာပဲ [illegible] လိုက်ခဲ့တယ်၊ အစ်ကိုကြီးဟာ [illegible] ဘယ်လောက်ချစ်သလဲဆိုရင် [illegible] တဲ့နေရာမှာ ထိုင်ပြီး အမြဲတရားမှတ်နေ ခဲ့တာ သေတဲ့အချိန်အထိပါကွယ်။

ဝေဝေဘဝ ဆင်းဆင်းရဲရဲနေရတာ ကိုလည်း သူ့မှာ တာဝန်ရှိတယ်လို့ ခံယူပြီး ဝေဝေ ဆယ်တန်းအောင်တော့ တက္ကသိုလ် ဆက်တက်ဖို့ အစ်ကိုကြီးက စီစဉ်ပေးခဲ့တယ်လေ၊ အဲဒါအပြင် ဝေဝေ ဘဝတစ်သက်လုံးအတွက် [illegible] ကိုငွေအလုံအလောက် [illegible] တယ်၊ အခုဆို ဝေဝေ [illegible] မိသားစုနဲ့ထပ် [illegible] က အစ်ကို[illegible]

www.burmeseclassic.com

www.burmeseclassic.com



မသေခင်ကတည်းက သိပြီးဆိုတာ လေးလေးနားလည်ပါတယ်။ သက်ဆွေတာတော့ အခုထိ မသိရှာသေးဘူး။ အဲဒီတော့ ဝေဝေ့ကို သမီးရင်းအဖြစ် လေးလေးစိုး တာဝန်ယူထားပြီး ထိုက်သင့်တဲ့အမွေလည်း ရပြီဆိုတော့ ဝေဝေ ဘဝ ပူပင်စရာ မရှိတော့ပါဘူးကွယ်"

လေးလေးစိုး၏ စကားအဆုံးတွင် ဝေဝေတစ်ယောက် မျက်ရည်များ ဝဲလျက် ရှိပါသည်။ မေမေ၏အလောင်းကို တွေ့လိုက်ရ၍ မေမေ တကယ်သေဆုံးခဲ့ပြီဆိုသည်ကို လည်း ယုံခဲ့ရပြီ၊ ဖေဖေဦးအောင်မြို၏စေတနာကိုလည်း နားလည်ခဲ့ရပြီ။ အထူးစိတ်မကောင်းဖြစ်ရသည်မှာ သက်ဆွေအတွက်ဖြစ်သည်။ သက်ဆွေ အမှန်တရားကိုသိရှိနားလည်လာမည့်ရက်ကို စောင့်ရုံသာ ရှိပါတော့သည်။ လူ့လောကသဘာဝသည်ဖြစ်ချင်သလိုဖြစ်နေခြင်းကို ကိုယ်တိုင် တွေ့ကြုံလိုက်ရပါသည်။ လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်က လူသတ်မှုတစ်ခုမှ အစပြု၍ ပြောင်းလဲလာခဲ့သော ဖြစ်စဉ်ကြီးမှာ လောကဇာတ်ပွဲကြီးတစ်ခုပမာ ဖြစ်နေပါတော့သည်။

⇨ ကောင်းသော်

(၁) မြင်းခွာရွက်သတ္တုရည်ကို သကြား... နှင့် သောက်ပါ။

(၂) ဆီးချုပ်လျှင် ကုလားမျက်စိအရွက်... ပြုတ်ရေကို သောက်ပါ။
ဆီးချုပ်လျှင် ကြက်သွန်နီအစိမ်း... များများဝါးစားပါ။ ဆီးသွားလိမ့်... မည်။


(၄) ဆီးအောင့် ကျောက်တည်လျှင် ... မတက်ဥကို ထုထောင်း၍ ရသည့်... အရည်နှင့် နွားနို့ ဆတူရောပြီး... သောက်ပါ။ ထိကရုန်းမြစ်ကို ပြုတ်... သောက်ပါ။

(၅) ဆီးချုပ် ဝမ်းချုပ်ဖြစ်လျှင် ငှက်ပျော... သီးမှည့်ကို ထန်းလျက်နှင့်စားပါ။

(၆) ဆီးပူ၊ ဆီးအောင့်၊ ဆီးထိုးလျှင်... ရှားစောင်းလက် ပပ်အနှစ်ကို ဆ... ဆေးရည်နှင့် စိမ်၍ သကြားနှင့်... သောက်ပါ။

(၇) ဆီး၌ သွေးပါလျှင် အုန်းစိမ်းရည်(...) ရက်၊ နေ့ညသောက်က ပျောက်...

(၈) ဆီးရှုင်လိုလျှင် အုန်းမြစ်ကို ထု... ထောင်းပြီး ရေစိမ်၍ သောက်ပါ။




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ကိုသောင်းတန်တို့ ရောက်ရှိသွားသောအခါတွင် ခပ်စောစောက အလောင်းတွေ့ပါသည်ဆိုသောနေရာမှာ သေွးကွက်ကြီးများသာ တွေ့ရှိပြီး လူခြေရာများများ ရှုပ်ပွေနေခြင်းဖြစ်လေသည်။ အလောင်းတွေ့ပါသည်ဆိုသောနေရာမှာ ဆိတ်နံ့ပင်များ ပေါက်ရောက်သော ချုံကြီးတစ်ချုံဖြစ်ပြီး အနီးပတ်ဝန်းကျင်မှာလည်း ပိစပ်ပင်၊ ရုယားပင်၊ ထဖေါင်းကြီးပင်များ ပေါက်နေကာ တစ်ထွာတစ်မိုက်ပေါက်သော အပင်ကလေးများမှာ မြေစာမြက်ရှည်ပင်ကြီးများနှင့် ထိကရုန်းပင်များဖြစ်လေသည်။

အချိန်မှာ နံနက်(၈)နာရီခန့် ဖြစ်လေသည်။

စုံထောက် ကိုသောင်းတန်နှင့် ရဲတပ်ဖွဲ့ဝင်များ ရောက်သောအခါ (၈) နာရီထိုးရန် (၁၅)မိနစ်လိုတော့သည်။ တယ်လီဖုန်းနှင့် အကြောင်းကြားလိုက်သောအချိန်မှာ (၇)နာရီတိတိဖြစ်ရာ ထိုအချိန်ပိုင်းတွင် အလောင်းတွေ့သူများက နီးစပ်ရာ တယ်လီဖုန်းရှိရာ ရဲဌာနသို့ လာရောက်အကြောင်းကြားစဉ်လူသတ်သမားများက လျှင်မြန်စွာ အလောင်းဖျောက်ဖျက်ပစ်လိုက်ဟန် တူပေသည်။

နီးစပ်ရာ တယ်လီဖုန်းရှိရာ ဌာနမှာလည်း အောင်ဆန်းမြို့ဝန်ထမ်းတင်ဗဟိုရ်ကင်းရုံရှိ တယ်လီဖုန်းသာဖြစ်၍ တယ်လီဖုန်းနှင့် အကြောင်းကြားစဉ် အလောင်းတွေ့ရသောရဲဘော်တစ်ဦးဟုသာ ပြောဆိုကာ တယ်လီဖုန်း ချသွားသောကြောင့် ထိုဗဟိုရ်ကင်းရုံမှ အရာရှိကင်းမှူးကြီးနှင့် ကိုသောင်းတန်တို့ လာရောက်၍ ခပ်စောစောက တယ်လီဖုန်းဆက်သော ရဲဘော်ကို သိပါသလားဟု မေးသောအခါတွင် ထိုကင်းရုံမှ အရာရှိသည် သူ၏ တယ်လီဖုန်းစောင့် ရဲဘော်အား ခေါ်ယူစစ်ဆေးရာ အင်းစိန် ဂျီတီအိုင်တွင် အလုပ်ဆင်းသော ရဲဘော် မောင်ကျော်ခင် ဆိုသူဖြစ်ကြောင်း ပြောပြပေ၏။

မောင်ကျော်ခင်မှာ ရဲဘော်တစ်ဦး မဟုတ်ဘဲ တပ်စိတ်မှူးတစ်ဦးဖြစ်ကာ လူသေအလောင်းတွေ့တွေ့ချင်း လာရောက်ကာ တယ်လီဖုန်းဖြင့်အကြောင်းကြားဟန် တူပေ၏။

"ကျွန်တော့်နာမည်ကတော့ ဗိုလ်သာဒင်ခေါ်ပါတယ်။ တတ်နိုင်သလောက် အကူအညီပေးပါမယ်။ ခင်ဗျားတို့ လိုတဲ့ အကူအညီသာ ပြောပါ"

ဟု ကင်းမှူးကြီး လက်ဖတင်နင် ဗိုလ်သာဒင်က သူ၏နာမည်ကို ထုတ်ဖော်မိတ်ဆက်ရင်း စုံထောက် ကိုသောင်းတန်နှင့် ရဲအရာရှိတို့အား စေတနာအရင်းခံဖြင့် ပြုံးရွှင်စွာ ပြောလိုက်သောကြောင့် ရဲမှူး ဦးမျိုးဝင်းက ဂျီတီအိုင်တွင် တာဝန်ကျသော တပ်စိတ်မှူး မောင်ကျော်ခင်ကို တွေ့လိုကြောင်း ခေါ်ပေးနိုင်ပါက ခေါ်ပေးပါရန် ပြောလိုက်သဖြင့် လက်ဖတင်နင် ဗိုလ်သာဒင်သည် သူ၏ ကင်းကားကြီးဖြင့် လက်ထောက်ကင်းမှူးအား ဂျီတီအိုင်တွင်အလုပ်ဆင်းနေသော တပ်စိတ်မှူး မောင်ကျော်ခင်အား အခေါ်လွှတ်လိုက်လေ၏။

ထိုသို့ အခေါ်လွှတ်နေစဉ်အတွင်း လူသတ်မှုဖြစ်ပွားနေရာသို့ ကိုသောင်းတန်တို့ပြန်လာခဲ့ကြ၏။

အမှန်တော့ စုံထောက် ကိုသောင်းတန်မှာ အလွတ်စုံထောက်အဖြစ် လုပ်ကိုင်နေသည်မှာမကြာသေးပေ။ သူသည် အချုပ်အချယ်မကင်းသော အစိုးရစုံထောက်ဘဝမှသီးခြားလွတ်လပ်သော အလွတ်စုံထောက်အဖြစ် လုပ်ကိုင်ရန် အတွက် လွန်ခဲ့သော နှစ်လခန့်ကပင် ထွက်ခဲ့ပြီ။ သူ၏ တစ်ချိန်က နေရာဟောင်း ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း)တွင်အလွတ်စုံထောက်ရုံးခန်းဖွင့်၍ လုပ်ကိုင်ခဲ့လေသည်။ ထိုသို့ အလွတ်စုံထောက်နယ်သို့ ရောက်လာခဲ့သည့်အတွက် အလွတ်စုံထောက်ကြီးများအဖြစ် နာမည်ကျော် ကြားနေသော စုံထောက်ကြီး ဦးတင်မောင်ဆွေ၊ ဦးကျော်ဇေ၊ စုံထောက် ဦးစံရှားနှင့် ဦးထင်ကျော်တို့နှင့် ပိုမိုသိကျွမ်းခဲ့ရပေ၏။

ယခုလည်း အင်းစိန်ရဲဌာနမှရှိ မိတ်ဆွေကြီး ဦးမျိုးဝင်းထံသို့ နံနက်စောစောပဲရိုးသို့ စုံထောက်မှုကိစ္စတစ်ခုအတွက် သွားရင်း ဝင်ခဲ့ရာမှ စုံထောက်ရဲမှူး ဦးမျိုးဝင်းက အကူအညီတောင်းသောကြောင့် လိုက်ပါခဲ့ခြင်းဖြစ်ပေ၏။

ဤနေရာတွင် အင်းစိန်မြို့နှင့် ပတ်သက်၍စာရှုသူများအနည်းအကျဉ်း သိဖို့လိုနေပေရာ ဤနယ်မြေသည် အမိက ကေအင်(န)ဒီဆိုသူ ... ပြုလုပ်သွားသော နယ်မြေဖြစ်သည် ... အပြင် ရဲဘော်မြို့တစ်ခွဲများနှင့် ... နှစ်တပ်နီများအချို့ ... ထွက်ကြီးစိုးနေခဲ့သည်မှာ ... အထိ ဖြစ်လေ၏။ ထိုသို့ ... တော်လှန်ရေး ... နယ်မြေ ... မှုတို့အ ...



www.burmeseclassic.com

www.burmeseclassic.com



နယ်ကျေးရွာအလိုက် သတ္တုပြိုင်ပွဲ ား လူမိုက်ဓါးပြများတို့၏ အရည် ချင်းဖိုလ်လုပွဲများပေါ်ပေါက်နေသော ယ်မြေဖြစ်ရာ အင်းစိန်နယ်မြေကို လက်ကွာတားအဖြစ် ဆိုးသွမ်းသော ယ်မြေဟုပြထားရပေ၏။

ဤနယ်မြေ၏ လူသတ်မှုဖြစ်ပွားရ လသည့်တိုင်း တရားခံပေါ်နိုင်ရန် ခတော်ပင်ခဲယဉ်းလှသည်ဖြစ်ရာအချို့ သားများပင် မလွှားနိုင်သောနယ်မြေ မှုလူသေအလောင်းများရောက်လာ သာအခါတွင်မှ မစုံစမ်းနိုင်သေးသော ဖတ်ကြီးမှုများအဖြစ် ပြုလုပ်ထားရ ပေ၏။

စုံထောက် ကိုသောင်းတန်တို့ ူသေအလောင်း ပျောက်သွားသည့် နေရာသို့ ရောက်သောအခါ အစောင့်ချ ထားသော ရဲသားကလေးများက အရပ် သားများအဖို့ အသတ်ခံရသော မြေနေ အတွင်း မဝင်ရောက်နိုင်ရန် တားဆီး ထားပေ၏။ မြေရာများရှုပ်ထွေးနေသော ကြောင့် လူသတ်သမား၏ မြေရာခံရန် လည်းအတော်ခက်ခဲနေပြီးအသတ် ရသောနေရာတွင်သာ သွေးများ အိုင် ွန်းကျန်ရစ်ပြီး လူသေအလောင်းယူ သွားသောအခါ သွေးစက်များကျ ကျန် ရစ်ရမည်ဖြစ်သော်လည်း သွေးစသွေးန ပင် မတွေ့သောကြောင့် လူသတ်သမား များသည် အတော်ပင် ပိရိစွာ လူသေ အလောင်းကို ထုပ်ပိုးယူသွားရမည်မှာ သေချာလှသည့်အပြင် သွေးစက်များ မတွေ့ရတော့ခြင်းမှာလည်းအသတ်ခံရ သောလူမှာ အချိန်အတော်ကြာကပင် အသတ်ခံသွားရပြီဖြစ်သောကြောင့် အစွမ်းကုန် သွေးထွက်ခြင်းမှာ အသတ် ခံရသောနေရာတွင်သာ ကျန်ရစ်ခဲ့ပြီး လူသတ်သမားများက သူတို့၏ သတ် ဖြတ်မှုအတွက် စိတ်မချရ၍ အလောင်း ရွှေ့ယူ ဖျောက်ဖွယ်လိုက်သောအချိန် တွင်ပင် အသတ်ခံရသော လူသေ အလောင်းတွင် သွေးများ ခြောက်ခန်း နေမည်မှာ သေချာလှပေတော့သည်။

ကျိုက်တီအိုင် ခေါ် အစိုးရစက်မှုလက်မှု သင်တန်းကျောင်း အင်းစိန်တွင် တာဝန် ကျနေသောတပ်စိတ်မှူးမောင်ကျော်ခင် ရောက်သောအခါတွင် မောင်မောင် ကျော်ခင်၏ ပြောပြချက်မှာ သူသည် နံနက် (၆) နာရီခန့်ကပင် ကျိုက်တီအိုင်သို့ တာဝန်ထမ်းဆောင်ရန် ထွက်ခွာလာ သောအခါတွင် ထိုနေရာတွင် လူသေ အလောင်းကြီးကိုတွေ့ရခြင်းမှာ သူသည် ရုတ်တရက်ထိုနေရာသို့လူသွားမြေကျင်



လမ်းကလေးမှ နောက်ဖေးသွားရန် လာ ခဲ့စဉ် ဆိတ်နံပင် ချုံကြီးအောက်မှ လူသေ အလောင်းကြီးကို တွေ့ရသောကြောင့် လန့်ဖျပ်ကာ တပ်တွင်းသို့ ပြန်လည်ဝင် ရောက်ခဲ့ပြီး တယ်လီဖုန်းမှ ရဲဌာနသို့ အကြောင်းကြားလိုက်ခြင်းဖြစ်ကြောင်း ပြောပြပေ၏။

"ဒါဖြင့် – ကိုကျော်ခင်က တွေ့ရတဲ့ အလောင်းဟာ ယောကျ်ားမိန်းမဆိုတာ သေသေချာချာ ကြည့်ခဲ့မိသေးလား"

"ဒါတော့ ဘယ်ကြည့်နိုင်မလဲ ခင်ဗျာ၊ လူသေအလောင်းကြီး မြင်ရတဲ့ အချိန်ဟာ နင်းတွေကလည်း တဖွဲဖွဲကျ နေချိန်လည်း ဖြစ်တယ် ခင်ဗျာ၊ ရုတ် တရက်အလောင်းကြီးဖြူဖြူဖွေးဖွေးကြီး တွေ့လိုက်ရတော့ကျွန်တော်လည်းအား ကုန်တစ်ချက်အော်ပြီး နောက်ကြောင်း ပြန်ပြေးလာတာပါပဲဗျာ၊ ချေးပါသေး ပေါက်တာတောင် မပြုနိုင်တော့ပါဘူး"

ဟု ကိုကျော်ခင်က ပြောလိုက် သောကြောင့်စုံထောက်ကိုသောင်းတန် နှင့် စုံထောက်ရဲမှူး ဦးမျိုးဝင်းတို့မှာ တဟားဟားရယ်မိကြတာ "တော်ပါသေးတင် ပါတယ် ကိုကျော်ခင်၊ ကျွန်တော်တို့ သိ ချင်တာက ဒါပါပဲ၊ နောက်လည်း ကျွန် တော်တို့ရဲအဖွဲ့ကြီးကိုဒီလိုတိစ္ဆာမျိုးပဲဖြစ် ဖြစ်၊ အကြောင်းတစ်စုံတစ်ရာပေါ်ပေါက် လာရင် တာဝန်မဟုတ် ဘူးရယ်လို့ သဘောမထားဘဲ ဆက်လက်ကူညီနိုင် ပါစေဆိုတာ ဆုတောင်းပါတယ်ခင်ဗျား" ဟုပြောလိုက်သောကြောင့်တပ်စိတ်မှူး ကိုကျော်ခင်က ပခုံးများ တွန့်ရင်း –

"နောက်ကိုလည်း ဒီလိုလူသတ်မှု မျိုးတွေ မတွေ့ပါစေနဲ့ဆိုတာ ကျွန်တော် ကတော့ အမြဲပဲ ဆုတောင်းမှာပဲဗျို့"

ဟု ပြောဆိုထွက်သွားကြောင်း ကိုသောင်းတန်တို့က ပြုံးမိကြလေ၏။

လူသတ်အလောင်း မတွေ့ရသော် လည်း သွေးကွက်ကြီး၏ အနီးမှ တွေ့ရ သောပစ္စည်းများမှာအတော်ပင်စိတ်ဝင် စားဖွယ် ကောင်းလှပေ၏။ အတာလ်၌ သာ စကော့တလန်ယဒ် စုံထောက်အဖွဲ့ ကြီးက အသုံးပြုလေ့ရှိသော အမ်လိုက် အနံ့ခံခွေးများသာအသုံးချရပါက တရား ခံများ ယူဆောင်သွားသော လူသေ အလောင်းနှင့်တရားခံများကိုတော့မည် သည့်နည်းနှင့်မျှ မလွတ်တမ်း ဖမ်းဆီးရ မိမည်မှာ ယုံမှားဖွယ်မရှိပါပေ။

၆၀၉

- - - - - - - - - - - - - - - - -

လူသတ်တရားခံများ၏ လက်ချော

www.burmeseclassic.com



းသည့်ဤလက်ကိုင်တုတ်တွင်ကေန်
ချ တျန်ရစ်ခဲ့ရမည် မဟုတ်ပါလား။ သို့
သတ်သေဆုံးသူ၏ လက်ကိုင်တုတ်ဖြစ်
ည်လော ဆိုသောအချက်ကိုလည်း
ဦးစားရဦးမည်ဖြစ်ပေ၏။

စုံထောက် ကိုသောင်းတန်က အနီး
ရန်အတွက် သူ၏ လက်နက်များဖြစ်
သော မှန်ဘီလူးကလေးကို ထုတ်၍
ခြေရာများကို အသေးစိတ် ကုန်းကွ
ကြည့် နေပေ၏။ အမှန် တော့ ကား
မှုသတ်သွားသောနေရာဆို၍ အရပ်
သားအချို့နှင့် ရဲဘော်များက လာရောက်
ကြည့်သွားခြင်းကြောင့် ခြေရာများက
ပျက်နေပြီဖြစ်ပေ၏။ သို့သော် လူသတ်
သမားများ၏ခြေရာကိုတော့ ဘယ်နည်း
နှင့်ဖြစ်ဖြစ် ရှာလာလိုက်သော် ပေါ်လွင်
နေပေမည်မှာ အမှန်မလွဲသာဖြစ်ပေ၏။

အရပ်သားများ၏ခြေရာမှာမြက်ပင်
အများကလေးများကို အနည်းငယ်
ပိအောင် နင်းထားသည့်ကိုသာ တွေ့ရ
၏။ ထိုအထဲမှပင် တကယ့် လူသတ်
သမားများ၏ ခြေရာများမှာမူ ဖိနပ်ဦးနှင့်
လည်းကောင်း၊ မြက်နှင့်ထိကရုန်းပင်များ
ပိတျနေပြီး မြေကြီးများပင် ဖွာနေသည်
ကို အထင်အရှား တွေ့ရပေ၏။

ကိုသောင်းတန်က ထိုသို့ မှန်ဘီလူး
အားဖြင့် ကုန်းကွရှာဖွေနေရာမှ "အလို
ဘုရားရေ" ဟု ပါးစပ်မှ အလိုလိုမြည်သွား
ရသည်အထိ ဖြစ်သွားပေ၏။ ဒါကိုပင်
စုံထောက်ရဲမှူး ဦးမျိုးဝင်းက ပြုံးလိုက်
ရင်း

ပိုပြီးသေချာအောင် ထပ်ပြီးကြည့်
တာပဲ။ ဟော - ဒါ ဘာပါလိမ့် ကိုမျိုးဝင်း။
ဟုတ်ပြီဗျာ - ကျုပ်ထင်တာနဲ့တော့ မလွဲ
ပါဘူး" ဟု ကိုသောင်းတန်က ပြောလိုက်
ကာ ဆိတ်နံရိုးအကိုင်းတစ်ကိုင်းမှ အရာ
ဝတ္ထုတစ်ခုကို မှန်ဘီလူးဖြင့် သေချာစွာ
ကြည့်ရှုကာ လက်ဖြင့် ဆွဲယူ၍ထလာ
ခဲ့ပြီ၊ စုံထောက်ရဲမှူး ဦးမျိုးဝင်းအား
ပြလိုက်လေသည်။

စုံထောက် ကိုသောင်းတန်ပြသော
အရာဝတ္ထုမှာ အညိုရောင်မွေးရှည်တချို့
ဖြစ်ပေ၏။

"ဒီအမွေးကို ခင်ဗျား တွေ့ဖူးရဲ့လား
ကိုမျိုးဝင်း၊ အမြဲတမ်းလေ့လာနေမှ
ခွဲခြားနိုင်မှာပေါ့။ ခွေးမွေးက ပိုပြီးကြမ်း
တယ်၊ မြင်းမွေးဆိုပြန် ရင် လည်း
သူ့လောက် မနူးညံ့ဘူးဗျ"

"ခင်ဗျားပဲ ပြောပါတော့
ကိုသောင်းတန်"



"မျောက်မွေးပဲ ကိုမျိုးဝင်း။ အတော်
ကလေးတော့ ထူးဆန်းသပေါ့ဗျာ၊ နေဦး၊
သေသေချာချာ ထပ်ပြီး ကြည့်ဦးမှပဲဗျ"

ဟုပြောလိုက်သော ကိုသောင်းတန်
သည် သူ၏ မှန်ဘီလူးဖြင့် အနီးပတ်ဝန်း
ကျင်ကို စေ့စေ့စပ်စပ် ကြည့်ရင်း အမဲ
လိုက်ခွေးပမာ တဖြည်းဖြည်း လိုက်သွား
သည်ကို တွေ့ရပေ၏။

စုံထောက် ကိုသောင်းတန်လိုက်
သွားသော နေရာမှာ ချိုင့်ဝှမ်းများ
မြေကတုတ်ကျင်းဟောင်းများကို ဖြတ်
ကျော်၍ တစ်နေရာတွင် မတ်တတ်ရပ်
ကာ စုံထောက်ရဲမှူး ဦးမျိုးဝင်းတို့အား
ခေါ်ယူလိုက်လေသည်။

စုံထောက်ရဲမှူး ဦးမျိုးဝင်းတို့ လိုက်
သွားသောအခါတွင် မြေကတုတ် ကျင်း
ဟောင်းကြီးတစ်ကျင်းတွင် မြေကြီးသစ်
များ တူးဆွဖို့ထားသော အခြင်းအရာကို
တွေ့ရသည့်ပြင် ယင်ကြီးများ ပြန့်ဝဲအုံနေ
သည်ကို တွေ့ရပေ၏။

စုံထောက်ရဲမှူး ဦးမျိုးဝင်းက ရဲသား
အများနှင့် အရပ်သား အကူအညီဖြင့်
တူးဖော်လိုက်ရာ ယောက်ျားကြီးတစ်ဦး
၏ အလောင်းကို တွေ့ရလေတော့သည်။
အလောင်း၏ ကိုယ်ခန္ဓာပေါ်တွင် ဝမ်း
ဗိုက်ကြီး ဟောင်းလောင်းပေါက်နေကာ

အူများပြုတ်ထွက်၍ အနည်းငယ်သာ
ကျန်တော့သည်ကို တွေ့ရပေတော့၏။

ထိုလူ၏အပေါ်အင်္ကျီမှာ အသ(လ်)
ပတ်အနက် အပေါ်အင်္ကျီဖြစ်ပြီး အင်္ကျီ
အတွင်းတွင် ရှာဖွေရာတွင် မီးခြစ်တစ်ခု
၏ လိုင်စင်ရှယ်ဓာတ်ပုံတစ်ပုံနှင့် စက္ကူ
လိပ်ကလေးတစ်လိပ် တွေ့ရသည့်အပြင်
စက္ကူကပ်ကလေးတစ်ကတ်ပါ တွေ့ရ
ပေ၏။

တစ်ဖန် ငွေအကြွေတချို့နှင့်
ငွေစက္ကူတစ်ဆယ်တန်တစ်ရွက်ပါ ထပ်
မံတွေ့ရပြီး လက်ကိုင်ပဝါတစ်ထည်နှင့်
ပြုတ်ကျနေသော အကောင်းစားရွှေ
ရောင်ရိုးမားနာရီတစ်လုံးပါ ထပ်မံတွေ့
ရကာ နာရီမှာ အကောင်းပကတိပင်
အချိန်မှန်သွားနေသည်ကို တွေ့ရ၏။

စက္ကူကတ်ကလေးတွင် (သစ်တန်
ထရိုက်တာဦးတင်မောင်ဝါးနက်ချောင်း)
ဟု တွေ့ရပေ၏။

စာလိပ်ကလေးကို ဖြေလိုက်သော
အခါတွင်မူ "အမြန်လာတွေ့ပါ - သီရိ
စန္ဒာ" ဟူ၍ တွေ့ရပေ၏။

"ကဲဗျို့ - ဒီအလောင်းကို ဆေးရုံပို့
သားစိတ်တူးပေတော့၊ ဒီလူဟာ ဒိုယ်တ
မဟုတ် သလို လူသတ်သမားတလဲ
ဒီနယ်တတော့ မဟုတ်ဘူးဗျ၊ ဒါပေမဲ့ -

www.burmeseclassic.com



ဒီအနီးအနားမှာ ပျောက်ဆွေးတဲ့လူများ ရှိသလားဆိုတာ စုံစမ်းကြည့်စမ်းပါဦး”

ဟု ကိုသောင်းတန်က ပြောလိုက်သောကြောင့် စုံထောက်ရဲမှူး ဦးမျိုးဝင်းတ အရပ်သားများကို မေးလိုက်ရာ ဤဖော့ကန်နှင့် စဥ့်ငွေအောင်ဆန်းမြို့များတွင်ပျောက်တစ်ကောင်တလေမျှမဆွေးကြောင်း အရပ်သားက ပြောကြပေ၏။

“ဒီလိုလူသတ်မှုတွေဟာ ဒီအနီးတစ်ဝိုက်မှာတော့ ရိုးနေပါပြီဗျာ၊ ဘယ်လိုမှ စုံထောက်လို့မရကြပါဘူး၊ တချို့တော့ ထင်ရှားပါတယ်၊ ဒါပေမဲ့ – ကိုယ်တော်ခြတ်တွေတလိုင်းခြစ်တိုသတ်တမ်းတွေပြေးပြီး လူထိုးအုပ်ထဲ ဝင်သွားတော့ ဘယ်မှာ မြန်းခနဲ ဖမ်းမိနိုင်တော့မှာလဲဗျာ”

ဟု စုံထောက်ရဲမှူး ဦးမျိုးဝင်းက ပြောလိုက်တာ သူ၏ခေါင်းကို တဖြင်းဖြင်း ကုတ်လိုက်ပေ၏။

“ဒါပေမဲ့ – ဒီလူသတ်သမားဟာ ဒီလောက် သဲလွန်စတွေ ရနေရင်တော့ ခက်ခဲမယ်မထင်တော့ပါဘူး ကိုမျိုးဝင်း”

ဟု စုံထောက် ကိုသောင်းတန်က သေဆုံးသူ လိပ်စာကတ်ကလေးကိုင်ကာ ပြောလိုက်သောကြောင့် “ဟုတ်တယ်ဗျို့ – ကိုသောင်းတန်၊ ကျုပ်တို့က အဆက်တွေ လိုက်ရလိမ့်မယ်။ ဒီအကောင်တွေဟာလူသတ်တာကောင်းရန်ကုန်ထဲမှာမသတ်ဘဲ မြေစလတ်ပျောက်အောင်ကျုပ်တို့အင်းစိန်နယ်မှာ ချည်းပဲလာသတ်နေကြတာကြည့်လေ။ ကျုပ်တို့အင်းစိန်နယ်မှာစီအိုင်ဒီဌာနချုပ်ကြီးရော ရဲအဖွဲ့ကြီးရော စစ်တပ်ကြီးတွေပါ ရှိနေပေမယ့် တောကောင်းနေတော့ ဖြောင်ရတာ လွယ်ကူနေတာပေါ့ဗျာ။ ခုတစ်ခါတော့ ဒင်းတို့အကောင်တွေ ကျုပ်တို့လက်ထဲကတော့ မလွတ်နိုင်ဘူး”

ဟု စုံထောက်ရဲမှူး ဦးမျိုးဝင်းက ပြောလိုက်ပြီး ဒီအကောင်တွေဟာ သေဆုံးတဲ့ ဦးတင်မောင်ကို ပျော်ပွဲစားခေါ်လာရင်းနဲ့ ဒီမှာသတ်ပြီးထားခဲ့တာပဲဗျ။ မနက်စောစောကျမှ တစ်ခေါက် ကားနဲ့လာပြီး နေရာပြောင်းခဲ့တာပဲလို့ထင်တာပဲ၊ ဒီနေ့မနက်စောစောရန်ကုန်ဘက်ထွက်လာတဲ့ကားတွေကို စစ်ဆေးပြီး နံပါတ်တွေမှတ်ထားဖို့တာဝန်ရှိထားတဲ့ ရဲသားတွေ မရရင်တော့ ကျုပ်တို့အမှုဟာ ရှုပ်ဝါးလောက် သေရာမှာပဲဆိုတာ ပြောရတယ်ဗျာ” ဟု ဆက်လက်၍ပြောလိုက်သောကြောင့် ကိုသောင်းတန်တခေါင်းညိတ်ရင်း –

“ကိုမျိုးဝင်းရဲ့ သီအိုရီတွေ မဆိုးပါဘူး။ ဒီနေရာမှာ စကော့တလန်ယဒ်စုံထောက်ကျော် မော်ဂန်နဲ့ အမေရိကန်တူးဟားတောင် ကျုပ်တို့ဗမာပြည်လာစုံထောက်ရင် ရှုံးပြန်သွားကြမှာ သေချာသဗျ။ ဗမာစုံထောက်ခွစ္စွမ်းလို့ပေါ့ဗျာ”

ကိုသောင်းတန်က ရယ်ရွှန်း ပတ်ရွှန်းပြောလိုက်သောကြောင့် “ခင်ဗျားကတော့နောက်ပြောမယ်ဗျာ” ဟုစုံထောက်ရဲမှူး ဦးမျိုးဝင်း ပြုံး၍ ပြောလိုက်လေသည်။

၁၀၉

ကန်ထရိုက်တာ ဦးတင်မောင်၏အိမ်သို့ စုံထောက်ရဲမှူး ဦးမျိုးဝင်းနှင့် ကိုသောင်းတန်တို့ ရောက်ရှိသွားသောအခါတွင် ဦးတင်မောင် မလာသည့်အတွက် ဇနီးဖြစ်သူမှာအတော်ပင်ပူပင်သောက ရောက်ရှိနေသည်ကိုတွေ့ရပေ၏။

ထိုသို့ အချိန်မီ သွားနိုင်ခြင်းမှာလည်း ရဲဌာနမှ ရဲသားတင်ကားကြီးအပြင် ဝီလီဂျစ်ကားကလေးပါအမှုစုံစမ်းရန် ရဲဝန်ထောက်ကိုယ်တိုင်က ခွင့်ပြုလိုက်သောကြောင့် ဖြစ်လေသည်။ အမှန်တော့လည်းထိုလမ်းခရီးမှာ ရထားမပီပါက လုံလောက်သော အစောင့်အရှောက်မပါဘဲ ခရီးသွားရန် မဖြစ်နိုင်ပါချေ။

ဝါးနက်ချောင်းရှိ ဦးတင်မောင်၏ နေအိမ်မှာကျွန်းသားပထမတန်းစားဖြင့် ဆောက်လုပ်ထားသည့်အတိုင်းအတော်ပင် ကောင်းမွန်သော အဆောက်အအုံများထဲတွင် အင်္ဂလိပ်အရာရှိများပင် ဦးတင်မောင်လောက် ခန့်ညားထည်ဝါစွာနေနိုင်မည်မဟုတ်ပါပေ၊ အမှန်တော့လည်း ဘိလပ်တင် ပထမတန်းစားကျွန်းသစ်ဆိုသည်မှာ ဗမာပြည်ရှိ ဝန်ကြီးမင်းကလေးများလောက်သာသုံး၍အင်္ဂလန်မြင်သစ်၊ ဂျာမနီ စသော အနောက်နိုင်ငံများသို့ရောင်းကောင်းရောင်းချရန် ပို့ဆောင်ကြသည်သာ များလေ၏။

ယခု ဦးတင်မောင်၏ အိမ်ကြီးမှာလည်း သစ်ကန်ထရိုက်တာ တစ်ဦးဖြစ်သောကြောင့်ပင် မိမိ၏ စိတ်ထင်တိုင်း နစ်ထပ်ပျဉ်ထောင်ပျဉ်ခင်း ဆင်ဝင်လေးဘက်ရှ အပိုဆောင်တွဲကလေးပါ ထုတ်လုပ်၍ဆောက်ထားကာအဖိုးတန်သော ဆိုဖာတုလားထိုင်များ နိုင်လွန်တင်ပန်ကာများ ခန်းလုံးပြည့် မှိုင်းလုံးတက်ဖော ကြီးများနှင့် ထွတ်(စ်)ဖောင်အတောင်းဆုံးနာရီကြီးအပြင် မြင်းသစ်မှလာသော

www.burmeseclassic.com



မွေးရှည်တော်ဖေကြီးကပါအတော်ပင် အတောင်းစားအထည်ပစ္စည်းများကိုသာ ဝယ်ယူသုံးဆောင်ကြောင်း ဖော်ပြနေပေ၏။ တစ်ဖန် ဂျာမနီမှလာသော ဖောတ်ဂနီရောင် စန္ဒရားကြီးတစ်လုံးကလည်း အတော်ပင် အိမ်ကြီးနှင့် ဝန်ရလှတာတောမှ ရလာဟန်တူသော ကြီးမားလှသည့် ဆင်စွယ်ကြီးနစ်ချောင်းနှင့် ကျားတစ်ကောင်၏ ပုံမပျက်ဝါဂွမ်းကို အဆာသွပ်၍ ပြန်လည်ချုပ်လုပ်ထားသည့် ကျားရေကြီးမှာလည်း ခေါင်းရော ကိုယ်ခန္ဓာပါ အသက်ရှင်လျက်ရှိနေသည့်သဖွယ် ထင်ရလေ၏။

ဒါတို့ ကြည့်ရခြင်းဖြင့် လည်း ဦးတင်မောင်မှာ တောလိုက်ဝါသနာပါသူတစ်ဦးဖြစ်ကြောင်းတို့ထုတ်ဖော်ပြသနေသည်နှင့် တခြားရှိရပေ၏။

စုံထောက်ကိုသောင်းတန်တို့ရောက်လာခြင်းအတွက် ဦးတင်မောင်၏ ဇနီးမှာ ပထမ လန့်ဖျပ်သွားသော်လည်း သစ်တောဘက် အရာရှိများ မဟုတ်ကြောင်းစုံထောက်ဘက်ဆိုင်ရာရဲအရာရှိများဖြစ်ကြောင်းရှင်းလင်းပြောပြမှ ညှိုနေသောမျက်နှာမှာ ပြန်လင်းလာကာ အေးဆေးစွာ လက်ဖက်ရည်နှင့် ညှော်ခံရင်း အစစ်ခံပေ၏။

အကယ်၍ ဦးတင်မောင်ထင်ဦး သေဆုံးသွားပါသည်ဟု ကြိုတင်သတင်းပေးလိုက်ပါက စုံထောက် ကိုသောင်းတန်တို့လိုချင်သောအချက်အလက်များမရဘဲ အတော်ဘဲ နောင့်နှေးနေဦးမည်ဖြစ်ပေ၏။ ယခုတော့ ဦးတင်မောင်အားသူ့မိတ်ဆွေအပေါင်းအသင်းများကခေါ်သွားရာတွင် ဦးတင်မောင်၏ မိတ်ဆွေဆိုသူများမှာ ဦးတင်မောင်အား ပြန်မလွှတ်ဘဲ တစ်နေရာသို့ ခေါ်ယူသွားရာတွင် မိန်းမမိတ်ဆွေတစ်ဦးက ရဲဌာနသို့ အဲကူ အညီ တောင်းသောကြောင့် ဦးတင်မောင်၏ မိတ်ဆွေဆိုသူများတို့ သိလိုကြောင်းနှင့် ပြောပြသဖြင့် စုံထောက်ကိုသောင်းတန်တို့၏အဖွဲ့တွင် မပင်မပန်းရဘဲဦးတင်မောင်၏မိတ်ဆွေဆိုသူများကို သိရလေတော့၏။

"ဟောဒီတုတ်ဟာ ဦးတင်မောင်ရဲ့တုတ်မဟုတ်ပါလားဗျာ"

ဟုကိုသောင်းတန်ကဦးတင်မောင်၏ဇနီးဒေါ်နွဲနွဲအား မေးလိုက်သောအခါတွင် ဒေါ်နွဲနွဲက တစ်ခဏချင်းပင် ဟုတ်မှန်ကြောင်း၊ ပြောပြပေ၏၊ တစ်ဖန်ကို သောင်းတန် က ချက်ချင်းပင် ဦးတင်မောင်၏အလောင်းမှတွေ့ရသော မိန်းမပျို၏ဓာတ်ပုံကိုထုတ်ပြလိုက်သောအခါတွင် ဒေါ်နွဲနွဲတွင် မျက်နှာပျက်သွားသည်ကို တွေ့ရပေ၏။

ဒါကိုပင် ကိုသောင်းတန်က မျက်မှုံးများ ပင့်၍ မေးခွန်းတစ်ခွန်း ဒေါ်နွဲနွဲကို ထုတ်လိုက်လေ၏၊

"ကဲ - ဒေါ်ဒေါ် - ဒီဓာတ်ပုံ ထဲက မိန်းမဟာ ဒေါ်ဒေါ်ရဲ့ခံယာကျွား မိန်းမသယ်မဟုတ်ပါလား ခင်ဗျာ"

"ဟုတ် လို က် လေ မောင်ရယ် - ဟုတ်လိုက်လေရှင့်၊ နာမည်က မစန္ဒာတဲ့၊ တော်တော်ချောပြီး တော်တော်လဲသုတ်မာတဲ့မိန်းမတစ်ဦးပေါ့ကွယ်"

ဟု ဒေါ်ဒေါ်နွဲ့က ဓာတ်ပုံထဲက မစန္ဒာအား အမြိုးမပြေသောမျက်လုံးတွင် မျက်မှောင်ကုတ်၍ပြောလိုက်လေသည်၊

အမှန်မတော့ ဒေါ်နွဲနွဲမှာ အသားဖြူ၍စိုပြေဝဖြိုးသော မိန်းမချောတစ်ဦးဖြစ်တာ အသက်မှာ (၄၀)နီးပါးဟု ခန့်မှန်းရသော်လည်း ရုတ်တရက်ကြည့်သူများအဖို့ သူမ၏ ဝဖြိုးသော ကိုယ်ခန္ဓာနှင့် လှပသောရုပ်ချောကြောင့်အသက်(၃၀) နီးမျှသာ ခန့်မှန်းကြမည်သာ ဖြစ်ပေ၏။ တကယ်တော့လည်း အဝလွန်သော မိန်းမကြီးများ၏ကြည့်မကောင်းအောင် ဝဖြိုးခြင်းမျိုး မဟုတ်ပါဘဲ အနေတော် အကြည့်ကောင်းအလှမျိုး၊ အဝမျိုးသာဖြစ်ပေ၏။

"ဒါဖြင့် မစန္ဒာတစ်ယောက် ဒီဘတ်မှာနေတာကိုတော့ ဒေါ်ဒေါ် သိမှာပေါ့နော်"

"သိပါတယ်ရှင်၊ ကုတ္တိုင်းသိမ်ရိပ်ရွာမြံမှာ နေပါတယ်"

"ဟုတ်ကဲ့ - ကျေးဇူးတင်ပါတယ်။ ဒါထက် ဦးတင်မောင်တစ်ယောက် ပျောက်သွားတာဟာ ကျွန်တော်တို့ရဲ့အဖွဲ့မှာတယ်လီဖုန်းနဲ့ဆက်ခေါ်တဲ့မိန်းမဟာ မစန္ဒာများဖြစ်နေလေမလားသိချင်ပါတယ်"

"ဟုတ်မှာပေါ့ရှင်၊ ဒီကောင်မဟာ တော်တော်ညာက်များတဲ့ကောင်မရှင့်၊ ဒီထဲမှာပဲ သူ့အတွက် ငွေငါးထောင်းဘဏ်တိုက်မှာ သွင်းထားဖို့ကို ပြုလုပ်ခဲ့ပါတယ်"

"အော် - ဒါကို ဒေါ်ဒေါ် သေသေချာချာ သိထားရတာကို၊ ဒါထက် ဒီငွေငါးထောင်းကရော မစန္ဒာအတွက် လွှဲပြီးပြီလား"

"လွှဲပြီးပြီပေါ့ရှင်၊ သူက တထောင်အရေးကြီးတဲ့ခါ သူ့အတွက် ဘာဝင်ငွေမှ ကိုတင်မောင်ဆီ အငွေမရှောမှို့ အခုတတည်းက ငွေငါးထောင်းလွှဲထားဖို့စိမ်တာလို့ သိရတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နွဲ့နွဲ့ကအထက်သွားနှင့်အောက်နှုတ်ခမ်းကို ကိုက်လိုက်လေသည်။

ကိုသောင်းတန်ကတော့သူ့အတွက် သဲလွန်စများတစ်ခုပြီးတစ်ခုရလာသည့်အတွက် အတော်ပင် ဝမ်းသာနေမိလေသည်။

"ဟုတ်ပါ့ - ကိုသောင်းတန်၊ ဒီကိစ္စမှာမစန္ဒာကို ဖမ်းလိုက်ဖို့ ရှိတော့တယ်"

ဟု စုံထောက်ရဲမှူး ဦးမျိုးဝင်းက ထင်မြင်ချက်ပေးလိုက်သောကြောင့် "ကျွန်တော်လည်း ဒါကိုပဲ စဉ်းစားနေတာပါပဲ ဦးမျိုး" ဟု ကိုသောင်းတန်က ဒေါ်နွဲ့နွဲ့၏မျက်နှာကိုစိုက်ကြည့်ရင်းပြောလိုက်လေ၏။

ဒေါ်နွဲ့နွဲ့မှာတော့ညှိုးရောင်သမ်းသည့်မျက်နှာတွင် ကျနေသည့်ဆံပင်များကို လက်ဖြင့် သပ်လိုက်ကာ အပြုံးတစ်ဝက် ရောစွက်ဖြစ်သွားရပြီး တစ်ခဏချင်းပင် သူမ၏မျက်နှာမှာ နဂိုမူလအတိုင်းညှိုးမှောင်ကျသွားရပြန်သည်ကိုတော့ ကိုသောင်းတန် တွေ့လိုက်ရလေ၏။

"ဒီလိုငွေငါးသောင်းခွဲဝေပေးတယ်ဆိုတာက ဒေါ်ဒေါ်ကို ဘယ်သူပြောတာလဲ။ ဦးတင်မောင်က ဒီအကြောင်းကို ကျိုရှက်ထားသေးသလား"

"ထားတာပေါ့ မောင်ရယ်၊ ဒါပေမဲ့ ဦးတင်မောင်ရဲ့ရှေ့နေက ဒီအကြောင်း

66 အို - ကိုလှမေ - ကိုတင်မောင်သေပြီတတ်လားတင်၊ အမယ်လေး - ကိုတင်မောင်ရဲ့ - သဘောကောင်းလှကြီးရဲ့ - သမီးရေ - နှင့်မေမေ သေပြီတဲ့တဲ့" ဟု အော်၍ ငိုလိုက်ပြီး လက်ဝါးနှစ်ဖက်ကို မျက်နှာတွင် အုပ်ထားလိုက်သောကြောင့် ကိုလှမေနှင့် ပါလာသော မိန်းမငယ်မှာလည်း မျက်ရည်များ စီးကျရင်း ငိုလက်တိုင်ပါနှင့် မျက်နှာအုပ်တော ဆိုဖာလှတ်တစ်ခုတွင် ထိုင်၍ ကိုယ် တသိမ့်သိမ့် ငိုနေသည်ကို တွေ့ရပေ၏။





တွေကို ဒေါ်ဒေါ်ကို အလုံးစုံပြန်ပြောခဲ့တယ်လေ၊ အင်း - မထူးပါဘူး မောင်ရယ်၊ စစ်ဆေးမှတော့ အလုံးစုံပဲ ပြောရတော့မှာပေါ့၊ ဒီလိုကွဲ့ - မစန္ဒာကို လွှဲပေးတဲ့ငွေဟာ ဒေါ်ဒေါ်ယောကျ်ား ဆုံးသွားချိန်မှာရမဲ့အမွေပါပဲ၊ ဒါတင်မကဘူး၊ ဈော်ဘီမှာ တည်ထားတဲ့ သစ်စက်ကိုလည်း သူ သေဆုံးသွားတဲ့အချိန်မှာ မစန္ဒာရဲ့ကလေးနှစ်ယောက်ကိုထောက်ပံ့ဖို့အတွက် တစ်ဝက်အမွေခွဲပေးရမယ်ဆိုတာ စာချုပ်လုပ်ထားပါသေးတယ်ရှင်"

"ဒါဖြင့် ဥပဒေအရ မစန္ဒာက ဒီပစ္စည်းတွေကို လိုချင်လို့ ဦးတင်မောင်ကို သတ်လိုက်ပြီဆိုရင် - အိုအို - ကျွန်တော်က ဥပမာပြောတာပါနော်"

ထိုကဲ့သို့ပြောလိုက်ခြင်းပင် ဒေါ်နွဲ့နွဲ့တွင်အတော်ထိတ်လန့်မျက်လုံးပြူးသွားသည်ကို တွေ့ရပေ၏။

"အဲ ဒီ လို များ မစန္ဒာကများ ဦးတင်မောင်ကိုပစ္စည်းလိုချင်လို့မြန်မြန်သတ်လိုက်ပြီဆိုရင် ဦးတင်မောင်ရဲ့ အမွေလွှဲစာချုပ်တွေကရော သက်ဆိုင်ပါဦးမလား။ ဥပဒေအရဆိုရင် —"

"ဒါကိုတော့ ကျွန်မ နားမလည်ပါဘူးရှင်၊ အင်း - ကျွန်မ ကြားဖူးတာတာတော့ ဒီလိုသာ မစန္ဒာက မကောင်းကြံသတ်ဖြတ်မယ်ဆိုရင်တော့ ယောကျ်ားဖြစ်တဲ့ ကျွန်မကသာ ပိုင်ဆိုင်နိုင်တဲ့ အခွင့်အရေးရပါတယ်မဟုတ်လားရှင်၊ ဒါပေမဲ့ - ကိုယ့်ရဲ့လင်သားတစ်ဦးသေဆုံးမှ ဒီငွေကို ပိုင်ဆိုင်ရမယ်ဆိုရင် မလိုချင်ပါဘူးရှင်၊ တကယ်လို့ မစန္ဒာက လုပ်ကြံတယ်ဆိုရင်ဖြင့် တော်တော်ယုတ်မာတဲ့ မိန်းမပဲ ဆိုရမှာပါပဲ"

ထိုအခိုက်တွင် ချက်ဗလက်ကား အပြာတစ်စင်း ခြံတွင်းသို့ ဝင်လာတာ ကိုသောင်းတန်တို့ ရောက်ရှိနေသော အိမ်အောက်ထပ် ဧည့်ခန်းရှေ့တည့်တည့် လသာဆောင်အောက်တွင် ရပ်လိုက်လေသည်၊ ကားတံခါးဖွင့်လိုက်သောအခါတွင် အသက်(၄၀)နီးပါးခန့် ယောကျ်ားတစ်ဦးနှင့် အသက်(၆)နှစ်ရွယ်ခန့်ရှိအမျိုးပေါက်ကလေးတစ်ဦးတို့ ရှေ့ထိုင်နောက်ဆင့် ကားပေါ်မှ ဆင်းလာသည်ကို တွေ့ရပေ၏။

ဒေါ်နွဲ့နွဲ့မှာ ကားပေါ်မှ ယောကျ်ားကြီး ဆင်းလာသည်နှင့်တစ်ပြိုင်နက် မျက်နှာတစ်ချက် ဝင်းသွားကာ "အော - အခန့်သင့် လိုက်တာရှင်၊ ဟောဒါတ ဦးတင်မောင်ရဲ့ ရှေ့နေ ဦးပုဖေ ဆိုတာပါပဲ" ဟု ဒေါ်နွဲ့နွဲ့က ပြောလိုက်သဖြင့်

www.burmeseclassic.com

ရှေ့နေ ကိုလှဖေကလည်း ဦးတင်မောင်၏ ရှေ့နေ ဟုတ်မှန်ကြောင်းကို ပြုံး၍ခေါင်းညိတ်ကာ -

"အခန့်သင့်လိုက်တာဗျာ၊ ခင်ဗျားတို့စာအင်းစိန်ရဲဌာနာကမဟုတ်ပါလား။ ဦးတင်မောင်ရဲ့ ကေ(စ်)အတွက် အင်တွာကရီလာလုပ်ကြတယ်မဟုတ်ပါလား။ ကျွန်တော်လည်းအင်းစိန်ကအခုပဲပြန်လာပြီး ဦးတင်မောင်ရဲ့အလောင်းတိုလည်း အင်းစိန်ဆေးရုံ ရင်ခွဲရုံထဲမှာ ဝင်ပြီးကြည့်ခဲ့ပါတယ်၊ အလောင်းယူခဲ့ဖို့လည်း စီစဉ်ပြီးခဲ့ပါပြီ"

ဟု ရှေ့နေ ဦးလှဖေတ ပြောလိုက်သောအခါခေါ်နို့ခဲ့တွင်အံ့အားသင့်သလိုဖြစ်သွားတော -

"အို-ကိုလှဖေ-ကိုတင်မောင်သေပြီတုတ်လားဟင်၊ အမယ်လေး - ကိုတင်မောင်ရဲ့ - သဘောကောင်းလှတဲ့ - သမီးရေ - နင့်ဖေဖေသေပြီတဲ့တဲ့" ဟု အော်၍ ငိုလိုက်ပြီး လက်ဝါးနှစ်ဖက်ကို မျက်နှာတွင် အုပ်ထားလိုက်သောကြောင့် ကိုလှဖေနှင့် ပါလာသောမိန်းမပျိုမှာလည်းမျက်ရည်များစီးကျရင်း ပိုးလက်ကိုင်ပဝါနှင့် မျက်နှာအုပ်ကာဆိုဖာလွတ်တစ်ခုတွင် ထိုင်၍ ကိုယ်တသိမ့်သိမ့် ငိုနေသည်ကို တွေ့ရပေ၏။

ရှေ့နေ ဦးလှဖေကို စစ်ဆေးစုံစမ်းသောအခါတွင် ဦးလှဖေက လွန်ခဲ့သော (၁၅)ရက်ခန့်ကပင် မစန္ဒာအား ဖြည့်ဘဏ်တိုက်တွင်ရှိသော ဦးတင်မောင်၏ ငွေများထဲမှ ငွေငါးသောင်းကိုမစန္ဒာအား လွှဲပြောင်းပေးခဲ့သည့်အပြင် မော်ဘီတွင် တည်ထားသော သစ်စက်ကိုလည်း တစ်ဝက်ပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်းများ ပြုလုပ်ခဲ့ခြင်းကိုလည်း ဦးလှဖေတ ပြောဆိုခဲ့လေ၏။

"ဒါထက် - ဦးတင်မောင်ဟာ မစန္ဒာကို ငွေငါးသောင်းကိုလွှဲပေးပြီးတဲ့အချိန် မလွှဲရခင်အချိန်မှာ ဦးတင်မောင်တ ဦးလှဖေကို ထူးခြားလောက်တဲ့စကားများ ပြောခဲ့ဖူးပါသလား၊ ဒါမှမဟုတ်လဲ လျှို့ဝှက်တဲ့ကတိစာချုပ်များ သီးသန့်ပြုလုပ်ထားတာများ ရှိပါသေးသလား"

ဟု စုံထောက် ကိုသောင်းတန်က မေးလိုက်သောအခါ ဦးလှဖေမှာ ပခုံးတစ်ချက်မျှတွန့်ရင်း မျက်မှောင်ကုတ်၍ စဉ်းစားလိုက်ကာ ဖြန်းခနဲ ကုလားထိုင်လက်တင်နှင့် လက်ဝါးကို ပုတ်လိုက်ကာ -

"အာ - ဟုတ်သဗျို့ - ကျုပ်ကမေ့နေလိုက်တာ၊ မစန္ဒာကို ငွေငါးသောင်းမလွှဲမီအချိန်မှာ သူဟာ လူတစ်ယောက်နဲ့ တွေ့ရသတဲ့ဗျ။ ဒီလူကတော့ မစန္ဒာနဲ့





ဆောင်အရင်းတော်ပြီး လွန်ခဲ့တဲ့တစ်နှစ်လောက်က ဓားပြတိုက်မှုနဲ့ ထောင်ကျနေတာက လွတ်လာတယ်လို့ ပြောဖူးတယ်။ အဲဒီလူဟာဦးတင်မောင်နဲ့တမင်ကို တွေ့ရအောင် တစ်နေရာမှာ ချိန်းခဲ့သတဲ့ဗျ၊ သူက သူဟာ မစန္ဒာရဲ့မောင်အရင်းတစ်ယောက်ဖြစ်လို့ မစန္ဒာဆီသွားပြီး ငွေတောင်းခဲ့တာမှာ သူ့နှမဟာ သူ့အတွက်နဲ့ အတော်ပဲ မျက်နှာငယ်ပြီး သူလိုချင်တဲ့ငွေကိုလည်းမပေးခဲ့နိုင်ဘူးတဲ့၊ အကယ်၍ သူလိုချင်တဲ့ငွေရရင် သူဟာ သူ့နှမနဲ့ ဝေးတဲ့တစ်နေရာမှာ သွားပြီးကောင်းရောင်းကောင်းဝယ်လုပ်ကိုင်စားသောက်မယ်လို့ ပြောတယ်၊

အကယ်လို့ ဒီငွေမရရင်တော့ ဦးတင်မောင်တို့ အရှက်ကွဲလောက်တဲ့ အဖြစ်အပျက်တစ်ခုကို ဖော်ထုတ်ရမှာပဲလို့ ခြိမ်းခြောက်ခဲ့သတဲ့၊ ဒါကြောင့် ဦးတင်မောင်ဟာ မစန္ဒာကို ပေးခဲ့တဲ့ ငွေငါးသောင်းအပြင် အဲဒီမစန္ဒာရဲ့မောင်ဆိုတာကိုလည်း ငွေတော်တော်များများ ဘဏ်တိုက်က ထုတ်ပေးခဲ့ရတယ်လို့ ပြောခဲ့ပါတယ်ဦးသောင်းတန်" ဟုရှေ့နေ ဦးလှဖေက ပြောရင်း သူ၏အတွင်းအိတ်မှ စာချုပ်ဖို့ တစ်ဖိုင်ကို ဆွဲထုတ်၍ စားပွဲပေါ် ချပေးလိုက်လေသည်၊

စာချုပ်များမှာ မစန္ဒာအား ပေးခဲ့သော ငွေငါးသောင်းနှင့်မော်ဘီသစ်စက်ကိစ္စမှာအကယ်၍ဦးတင်မောင်၏အခေါ် မစန္ဒာက သစ္စာဖောက်၍သော်လည်းကောင်း၊ ဦးတင်မောင်၏အပေါ်တွင် မကောင်းကြံစည်ကြံဖန်ခြင်းဖြင့်သော်လည်းကောင်း မည်သို့မှ ခံစားခွင့်မရှိစေမူ မယားကြီး ဒေါ်နွဲ့နွဲ့နှင့် သမီးဖြစ်သော ခင်မူမူတို့သာ ခံစားရမည်ဟု ရေးသားကာ ဦးတင်မောင်က ဆိုင်းထိုးထားလေ၏၊ အသိသက်သေအဖြစ် ရှေ့နေကြီး ဦးလှဖေက တရားဝင်အောင် လက်မှတ်ရေးထိုးထားသည်ကိုလည်း တွေ့ရပေ၏။

"ဟောဒီစာချုပ်အတိုင်းပါပဲခင်ဗျား၊ ယခုအမှုမှာလည်း မစန္ဒာဟာ ဦးတင်မောင်ကို တမင်ချိန်းခေါ်ပြီး သတ်ပစ်လိုက်တယ်လို့ ယူဆစရာ သဲလွန်စကို သေသူဦးတင်မောင်ရဲ့အိတ်ထဲမှာ တွေ့ခြင်းဖြင့် သိသာနေပါတယ် ဦးသောင်းတန်"

ဟု ဦးလှဖေက ပြောလိုက်သောအခါ စုံထောက် ရဲမှူး ဦးချိုမြင့်က ထောက်ခံလိုက်ပေ၏၊

"ကျွန်တော် ထင်တာကတော့ မစန္ဒာဟာ သူ့ရဲ့မောင်အတုအယောင်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ဦးတင်မောင်ကို သတ်ပစ်လိုက်တယ် ထင်တာပဲ ဆရာ"

ဟုရာဇဝတ်မှုစုံထောက်ရဲကြပ်ကြီး ကိုမြမောင်က ဝင်ရောက်ပြောလိုက်သဖြင့် ကိုသောင်းတန်ကပါ ခေါင်းညိတ်လိုက်ပေ၏။

"ဒီလောက်စုံစမ်းလို့ရတာ အထူး ကျေးဇူးတင်ပါတယ်ဗျာ။ ကဲ - ကျုပ်တို့ ဒီလိုဆို မစန္ဒာကို သွားပြီး ဖမ်းရုံပဲ ရှိတာ ပဲ ဦးသောင်းတန်"

ဟု ဦးမျိုးဝင်းက ပြောလိုက်သောကြောင့် ကိုသောင်းတန်က ဦးလုဖေ၏ မှတ်စုများအတွင်း စိုက်ကြည့်ကာ စုံထောက်ရဲမှူး ဦးမျိုးဝင်း၏စကားကို ထောက်ခံလိုက်လေသည်။

၈၀၉

ရန်ကုန်ကုတ္တိုင်းလမ်းမကြီးတွင် သီရိစန္ဒာ ဟူသော ငွေရောင်ဆိုင်းဘုတ်ကလေး ချိတ်ထားသည့်ခြံကြီးတစ်ခြံကို ကုတ္တိုင်းရောက်ဖူးသူတိုင်း တွေ့မြင်ရမည်ဖြစ်ပေ၏။ အဘယ့်ကြောင့်ဆိုပါမူ ၎င်းသီရိစန္ဒာခြံကြီးမှာ နာမည်ကျော်ချမ်းသာ ရောင်း နန်းတော်ကြီးနှင့် မဝေးကွာလှသောကြောင့် ဖြစ်ပေ၏။

စုံထောက် ကိုသောင်းတန်တို့ ရောက်သွားသောအခါတွင် ခြံကြီးမှာ အတော်ပင်တိတ်ဆိတ်ငြိမ်သက်နေ... အသက်ရှိသော လူသားများပင်ရှိ... လောဟူသော သံသယမကင်းဖွယ်... ဦးနောက်အတွင်း တိုးဝင်ခဲ့ရပေ၏။

မြေနီလမ်းတစ်လျှောက်တွင်ရှိ... သော ပုဏ္ဏရိက်ပန်းကလေးများမှာ... ပြုပြင်ပေးသူမရှိသောကြောင့် အတော်... ပင် ရှည်လျားနေကာ အချို့စိုက်လတ်... ပန်း ပင်ကလေးများမှာ ရေလောင်းသူ... မရှိတာကြောင့်ညှိုးနွမ်းနေသည်ကိုတွေ့... ရပေ၏။

မစန္ဒာ နေထိုင်သောတိုက်ကြီးမှာ... ခြံကြီး၏အလယ်တွင် ဖြစ်ကာ နှစ်ထပ်... တိုက်ဖြစ်၍ လသာဆောင်ထုတ်ထား... သောကြောင့်တိုက်အောက်ထပ်လသာ... ဆောင်အောက်တွင် ကားများကိုရပ်နိုင်... ပြီး တိုက်အောက် ဧည့်ခန်းသို့ အလွယ်တကူပင် ဝင်နိုင်မည်ဖြစ်ပေ၏။

ကိုသောင်းတန်တို့ ရောက်လာသောအချိန်မှာ ဒေါ်နွဲ့ဆီမှပြန်လာသော နေ့မှ နောက်တစ်နေ့နံနက်ခင်း (၉)နာရီ... ခန့်ဖြစ်ပေ၏။

ခပ်စောစောတ တိုက်ကြီးမှာ ခြောက်ကပ်လွန်းသည်ဟု ထင်ရသော်လည်း တိုက်အနီးရောက်သွားသောအခါ... တွင် ကလေးများ၏ ဆူညံပြေးလွှားနေ...



...သည်ကို ကြားရပေ၏။ မစန္ဒာကိုကား ...ခုအချိန်အထိ မတွေ့ရသေးသော်... ...ညီးလသာဆောင်အောက်တွင်တိုက် ...အောက်ထပ်အဝင် တံခါးမှ ထွက်လာ ...သော အရပ်မောင်းကောင်းကောင်း၊ ကိုယ်လုံးကိုယ်ထည် တုတ်ခိုင်ခိုင် နှင့်ဥပမိရုပ်ကောင်းမွန်လှသောအသက် (၃၀)ခန့် လူတစ်ယောက်ကို ဆေးတံခါ ...သိုက် လက်တစ်ဖက်က ခါးကို ထောက် ...၍ရိုက်တင်းတင်းကြည့်လျက်ရှိသည်ကို တွေ့ရပေ၏။ သူ၏အဝတ်အစားမှာ ဗိုးပါ ကြီးကိုအားကျရောသလားမပြောတတ် ...ပေ၏ ဟာဝေယံ အပွင့်ရိုက်နိုင်လွန်းအကျီ ...ဝတ်ကာဘောင်းဘီနက်ပြာအကောင်း ...စား၍နှိုက်ရှုးဖိနပ်ကို စီးထားပေ၏။

ကိုသောင်းတန်တို့က သူတို့၏ကား ကို ခြံဝတွင် ရပ်ပစ်ခဲ့ခြင်းအတွက်ပင် အများတစ်ရပ်ဟု သိမြင်လာပေ၏။

ထိုလူကပင်စတင်၍ယဉ်ကျေးဖော် ရွေ့စွာ နှုတ်ခွန်းဆက်လိုက်ပေ၏။

"မိတ်ဆွေတို့လာတာ ကျုပ်နမကို ...မ်းဖို့လာတာလား၊ ဒါမှမဟုတ် စစ်ဆေး ...ဖို့လားဆိုတာ သိပါရစေ"

ဟု ထိုသူက ပြုံး၍ မေးလိုက်သော ကြောင့် ကိုသောင်းတန်က နှုတ်ခမ်းများ ...တွန့်လိုက်ကာ -

"မိတ်ဆွေက ဘယ်လိုထင်သလဲ၊ ခင်ဗျားကတော့ မစန္ဒာရဲ့မောင် မဟုတ် လား"

"ဟုတ်ပါတယ် - မိတ်ဆွေ၊ ကျုပ် အကြောင်းတိုတော့ ရှေ့နေ ဦးလုဖေတို့ က ပြောပြီးလို့ သိနေပြီထင်ပါတယ်၊ ကျုပ်နာမည်ကတော့ မြဒင် လို့ခေါ်ပါ တယ်၊ မြို့မရဲမှူး ကိုမြမောင်တို့နဲ့ နာမည် ကျော် ရဲမှူး ကိုနှုတ်တို့ကတော့ ကျုပ်တို့ သိပါတယ်လေ၊ ကဲ - အေးအေးဆေး ဆေးတိုက်ထဲဝင်ပြီး စကားပြောကြတာ ပေါ့"

ဟု ကိုမြဒင်ကပင် မိမိနာမည် မိမိ ဖော်ထုတ်မိတ်ဖွဲ့ပေး၍ တိုက်တွင်းသို့ ခေါ်ကာ နေရာများ ကိုယ်တိုင်ကိုယ်တ ထိုးပေးလေသည်၊ တိုက်တွင်းသို့ရောက် ပြီး ဆိုဖာကုလားထိုင်ပေါ်ထိုင်မိရုံရှိသေး အတွင်းခန်းမှ ပြေးထွက်လာသော ကလေးနှစ်ဦးကိုတွေ့ရပေ၏၊ နှစ်ဦးစလုံး ပင် ချစ်စရာကောင်းသော ယောကျ်ား ကလေးများပင်ဖြစ်၍အသက်မှာ (၃)နှစ် နှင့် (၄)နှစ်ခန့်စီသာ ရှိဦးမည်ဟု ကိုသောင်းတန်က ခန့်မှန်းမိပေ၏။

ရဲမှူးဦးမျိုးဝင်းကတော့ ...တစ် ယောက်ကိုသာ စောစီး... တွေ့ချင်နေ လေသည်၊

www.burmeseclassic.com

www.burmeseclassic.com



ကိုသောင်းတန်က ပထမဆုံးအကြဲ ခတ်မိသည်မှာတော့ မစန္ဒာ၏ ကလေးနှစ်ဦးပင် ဖြစ်လေသည်။ မစန္ဒာ၏ ကလေးများကတော့ လူစိမ်းဖြည့်သည် ဇုလိပ်အရာရှိများအား ရုတ်တရက် မြင် မြင်ချင်း ကြောက်နေသလိုပင်။ ရုတ်တရက်အားဖြင့် ရှေ့မတိုး၊ နောက်မဆုတ် သာသာ ကြောက်ရွံ့အားငယ်နေသော မျက်လုံးများဖြင့် ကိုမြဒင်အား ကြည့်နေခြင်းဖြစ်သည်။ အမှန်တော့လည်း စိမ်းနေသည်ဟု ကိုသောင်းတန်က ဆိုချင်ပါသည်။

ကိုသောင်းတန်ကတော့ ဒါကိုပင် ကြည့်၍ နှုတ်ခမ်းများကို တွန့်လိုက်ကာ သနားစရာဖြစ်နေသော ကလေးနှစ်ဦးကို ရုတ်တရက် လက်လှမ်းဆွဲလိုက်လေသည်။ ကလေးများကတော့ ကိုသောင်းတန်၏ လက်တွင်းဝယ် အလိုက်သင့်ပါလာလေရာ ကိုမြဒင်က ပြုံးပြုံးကြီး စိုက်ကြည့်ရာ အမှတ်မဲ့ ထူးခြားသော အကြောင်းအရာ လျှို့ဝှက်ချက်ပါသည့် အပြုံးကိုပင် ကိုသောင်းတန်က ထင်လိုက်လေသည်။

မစန္ဒာ၏ကလေးများကို ကြည့်ရသည်မှာ ချော်ရွှင်ခြင်းအရိပ်အယောင်များ လွှင့်ပါးကာ ကြောက်ရွံ့ထိတ်လန့်နေသော အမူအရာများကိုတွေ့ရပါလသည်။ အမှန်ကတော့လည်း ချောမောလှသော ကလေးနှစ်ဦးမှာ ကိုသောင်းတန်၏ လက်ပေါ်တွင်လာရောက်မှီနိုနေရသည် ကိုပင် ဝမ်းသာနေသယောင် ထင်ရသေ သည်။

စုံထောက်ရဲမှူး ကိုမျိုးဝင်းကတော့ မစန္ဒာ၏မောင်ဖြစ်သော မြဒင်ကိုမူရိုး ရင်း တစ်စုံ တစ်ရ အကြောင်းအရာ အတွက် မျက်လုံးအိမ်များအတွင်းက တလက်လက် တောက်ပကာ လေ့လာ နေလေသည်။

ကို မြဒင် က စုံ ထောက် ရဲမှူး ကိုမျိုးဝင်း၏ ရူးစမ်းနေမှုကို မလုံသည့် အလား။

"ကဲ - ကျွန်တော် မစန္ဒာဆီကိုသွားပြီး ရဲအရာရှိများ ရောက်နေကြောင်း သွားပြောပါဦးမယ်။ ခေတ္တသည်းခံပြီး စောင့်ကြစေလိုပါတယ်ခင်ဗျား" ဟုပြောဆို ကာ စာကြည့် ခန်းမကြီးမှ ဖြတ်၍ အတွင်းခန်း ဝင်သွားလေသည်။

"ဒီမှာကြည့်စမ်း ကိုသောင်းတန်"

ဟု ကိုမျိုးဝင်းက ပြောလိုက်သော ကြောင့် ကိုသောင်းတန်က ကြည့်လိုက်ရာ ကိုမျိုးဝင်းလက်တွင်းက လိုင်စင်အရှယ်ဓာတ်ပုံတစ်ပုံကို တွေ့ရလျက်-



"ဒီမှာ - ကိုသောင်းတန်၊ မြဒင်ဆိုတဲ့ ကောင်ထွက်လေ" ဟု ပြောလိုက်သော ကြောင့်ကိုသောင်းတန်က သတိရကာ -

"ဒီလူဟာ မင်းတို့ဦးလေး ဟုတ်ကဲ့ သားတွဲ့"

"ကျွန်တော်တို့ မသိဘူးဗျ"

အလွတ်စုံထောက်ကိုသောင်းတန် ကမေးလိုက်ခြင်းကိုကလေးတစ်ယောက် ကဖြေလိုက်လေသည်။

"လာဗျို့ - ကိုမျိုးဝင်း သတိရှိစေဗျ နော်"

ဟု ကိုသောင်းတန်ကပြောရင်း လျင်မြန်စွာ ကိုမြဒင် အထဲဝင်သွားရာ အခန်းဆီသို့ အပြေးလိုက်သွားလေ သည်။ ကလေးနှစ်ဦးကိုမူ ရဲသားတစ်ဦး အား အပ်ခဲ့လေသည်။

စုံထောက် ကိုသောင်းတန် တို့ အခန်းတွင်းဝင်ရောက်သည်ဆိုလျှင်ပင် အော်ကိုမစ်တစ်သေနတ်ကျည်ဆန် တစ်တောင့်ကဗိုခနဲ ပွတ်တိုက်သွားလေ ရာ ကိုသောင်းတန်နှင့် စုံထောက်မှူး ကိုမျိုးဝင်းတို့က ဖျတ်လတ်စွာ ကြမ်းပြင် ပေါ် ဝမ်းလျားမှောက် ချလိုက်ရလေ သည်။

ထိုအချိန်မှာပင် ခြံတွင်းမှ ကားတစ် စင်း အပြင်မောင်းထွက်သွားသံကိုကြား ရသောကြောင့် မြဒင်နာမည်တုနှင့် လူဆိုးသည် ကားဖြင့် လစ်သွားပြီဖြစ် ကြောင်း သိရကာ အခန်းတွင်းမှ အပြေး ပြတင်းပေါက်ရှိရာသို့ ထွက်ကြလေ သည်။ ပြတင်းပေါက်မှ ခေါင်းပြူကြည့် လိုက်ချိန်တွင် ခြံကြီးနောက်မှအထူးသီး သန့် ဖောက်လုပ်ထားသည့် ကားလမ်း ကလေးမှ ဂျစ်ကားတစ်စင်း မီးခိုးများ ထုတ်၍ထွက်သွားသည်ကိုတွေ့လိုက်ရ လေသည်။ ထို့ကြောင့်ပင်ကိုမျိုးဝင်းအား ဂျစ်ကားနောက်သို့ လိုက်စေရန် တာဝန် ပေးအပ်လိုက်ရလေသည်။ အချိန်တော့ လည်းယခုလို လူသတ်မှုနှင့်လာရောက် တွေ့ဆုံရသည့် အမှုကိစ္စတွင် မစန္ဒာကဲ့ သို့ မိန်းမတစ်ဦး၏ကိုယ်ကိုမှာ ဘယ်နည်း နှင့်မဆို လျှို့ဝှက်ထားခြင်းတွေနှင့် ရော ထွေးနေရမည်ကို ကြိုတင်သိခဲ့သော် လည်း တိုက်ဘေးပတ်လည်တွင် ကိုယ် ၏အစောင့်အကြပ်ကို အချိန်မီ မချနိုင်ခဲ့ ခြင်းကပင် ကိုသောင်းတန်တို့အတွက် တစ်ပန်းရှုံးခဲ့ရသလို ဖြစ်နေရသည်မှာ နိုင်ငံကျော် စုံထောက်တစ်ဦးအတွက် ရှက်စရာပင် ကောင်းနေပါသည်။

ကိုသောင်းတန် ရောက်နေသော အခန်းမှာ ထမင်းစားခန်း ဖြတ်ကျော် သွားရာ အခန်းကြီး ပြီး တိုက်အနောက်

www.burmeseclassic.com



ထပ်သို့တက်သော လှေကားရှိနေလေသည်။ ထိုအခိုက်မှာပင် အစေခံနှင့်တူသော မိန်းမတစ်ဦးနှင့် ယောက်ျားတစ်ဦးမှာ ဖါးစပ်တွင် အဝတ်များစီးလျက် ကြိုးများနှင့် တုပ်နှောင်ခြင်းခံရပြီး လှဲလိုမ့်နေသည်ကို ထမင်းစားခန်းမအတွင်းတွင် ရှိနေလေသည်။ ထို့ကြောင့်ပင် ကိုသောင်းတန်က ရဲသားတစ်ဦးအကူအညီဖြင့် သွားရောက်ဖြုတ်ပေးလိုက်ရပြီး အရေးကြီးသော တိုက်အပေါ်ထပ်သို့ တတ်ရောက်ခဲ့ရလေသည်။

ကိုသောင်းတန်နောက်မှာတော့ အစေခံမိန်းမ အသက်(၅၀)ခန့်အသားညိုညို ဆံပင်တောင်းကောင်း ဝဝဖြိုးဖြိုးနှင့်အစေခံယောက်ျားကြီးအသက်(၄၀)ခန့်ပိန်ပိန်ပါးပါးတို့တတက်ရောက်လိုက်လာတာရဲသားသုံးဦးတလက်နက်ကိုယ်စီဖြင့်ပါလာလေသည်။

"အမယ်လေး - ကျွန်မတို့ ဆရာတတော်လေး သေပါပြီ ထင်ပါရဲ့တော်၊ သေပါပြီ"ဟု အစေခံဝဝ မိန်းမကြီးက အော်ဟစ်ငိုကြွေးလိုက်သည်မှာလည်း တိုက်တစ်တိုက်လုံး ဆူညံသွားလေသည်။

"ဟဲ့ - မိဖ - သောက်ကောင်မ - အရမ်းဆူမနေနဲ့ဦး"

ဟု အစေခံယောက်ျားကြီးက ဒေါ့ခါးထစ်များကို အပြေးကျော်တက်ရင်းပြောလိုက်မှ မိန်းမကြီးက ငြိမ်ကျသွားလေသည်။

လှေခါးထစ်များတွင် မွေးတိုင်တော်ဇောအကြမ်းခင်းထားသဖြင့် တက်ခဲ့ရသည်မှာ လွယ်ကူလေသည်။ ပေါလစ်ရောင်ဖြင့် ပြောင်ဝင်းနေသော တိုက်အပေါ်ထပ်ရှိ အကွက်ကောင်း ပထမတန်းစား ဘီလပ်တင်ကျွန်းသားများဖြင့် ပြုလုပ်ထားသည့် အဝတ်အစားထည့် ဗီရိုကြီးများနှင့် သပြေရောင် ပေါ်လစ်သုတ်သည့် ကျွန်းသားခရကွက်စားပွဲများ ကြိမ်ထိုင်ကုလားထိုင်အပုကလေးများနှင့်ငွေပန်းစိုက်လှပသည့်ပရိဘောဂများမှာ သေဆုံးသွားသောဦးတင်မောင်ကမစန္ဒာအတွက်အတော်ပင်ဂရုတစိုက်ပြုလုပ်ထားခဲ့ကြောင်း သိသာလေ၏။ ရင်းပြင် ဦးတင်မောင်၏ မယားကြီးဒေါ်နွဲ့နွဲ့၏ အိမ်တွင် တွေ့ခဲ့ရသလိုပင် ဆွစ်ဇာလန်မှလာသော သံစုံနာရီကြီးတစ်လုံးနှင့် အငယ်စား စားပွဲတင်နာရီ(၂)လုံးအပြင် ပြင်သစ်လုပ် မွေးရည်ကော်ဇောကြီးတစ်ချပ်နှင့် အကောင်းစား နိုင်လွန်ကန့်လန့်ကာများကို တွေ့ရပေရာ ဦးမောင်မှာ မယားကြီးအတွက်



အကောင်းပစ္စည်းများ ဝယ်ခြမ်းပေးခဲ့သလိုမယားငယ်မစန္ဒာအတွက် ချစ်ခြင်းမေတ္တာမပိုသာစေဘဲ တစ်တန်းတစ်စားတည်း ထားခဲ့သည်ကိုတော့ အကဲခတ်နိုင်ပေ၏။

ကိုသောင်းတန်အတွက် ပထမဆုံး စန္ဒာနှင့် တွေ့ဆုံရမည်ဖြစ်ရာ အစေခံမိန်းမအား မေတ္တာမျှ မြေလှမ်းများစိပ်၍ စောင့်နေရပေသေး၏။

"မမလေးအခန်းဟာ ဟိုအခန်းပါပဲ ဗိုလ်ကြီးတို့ရယ်"

ဟု အစေခံမိန်းမကြီးက ပြောသောကြောင့် ကိုသောင်းတန်က အတူတူ တစ်ပါတည်းခေါ်၍ ဝင်ခဲ့၏။ မစန္ဒာမှာတော့ ဖြူဖွေးသော ဖလန်နယ်အခင်း ခုတင်ပေါ်တွင် ခွေခွေကလေးလဲကာ သတိမေ့နေလေသည်။

"အမယ်လေး - ဒုက္ခပါပဲရှင် - မမလေး - မမလေး"

အစေခံယောက်ျားကြီးမှာမူ မျက်လုံးပြူးကာ ဟိုဟာလုပ်ရနိုးနိုး ဒီဟာလုပ်ရနိုးနိုးဖြင့် ပျာယာခပ်နေသောကြောင့် ကိုသောင်းတန် ရေတစ်ခွက် လျှင်မြန်စွာ အယူခိုင်းကာ မျက်လုံးပေါ်တွင် လက်ကိုင်ပုဝါကို ရေဆွတ်၍ အသာတလေး မိန်းမကြီးအား သုတ်ပေးစေကာ ပြတင်းတံခါးများကို ဖွင့်လိုက်စေလေသည်။

ထိုအခါမှပင် ယောက်ျားအစေခံကြီးက သတိရလာကာ အခန်းအပြင်ဘက် ပြေးထွက်သွား၍ ရှိအီးစီအချိုးအစား စားပွဲတင်ပန်ကာကို ယူလာခဲ့ပြီး ခေါင်းရင်းမှ ဖွင့်ပေးလိုက်လေသည်။

"မေ့ဆေးကြောင့် သတိမေ့နေတာ ပါခေါ်ခေါ်၊ ကိစ္စမရှိပါဘူး။ အခုပဲ သတိရလာမှာပါ"

မစန္ဒာမှာဦးတင်မောင်၏အလော်င်းတွင် ရှာဖွေတွေ့ရှိခဲ့သော ဓာတ်ပုံထက် ပင်လှပချောမွေ့၍အရိုးအဆစ်ပြေပြစ် ကျောရှင်းသည့်အသက်(၃၀)နီးပါးခန့်ရှိမည်ထင်ရသော မိန်းမချောတစ်ဦးပင် ဖြစ်လေသည်။ သူ၏အသားအရေမှာ ဆင်စွယ်နှစ်ဝမာ ဖြူသွိမ်လှကာ နှာတံကလေးမှာ သွယ်လျစွာ ပေါ်လွင်ချိတ်တင်းနေပြီး စိုက်ကွေးသေးသေး မျက်ခုံးမွေးမှာ ညိုမှောင်သော ပိတုန်းတောင်ပံကလေးလို ကြည့်မောဖွယ် ကောင်းလှပါ၏။

မစန္ဒာမှာ ပထမနှုတ်ခမ်းပါးလျှလျှကို မဟတဟ တွန့်လာ၍ မျက်တောင်ကော့ကော့ကြီးများအောက်မှလှပသော မျက်လုံးများကို ဖွင့်လာနိုင်ခဲ့လေ၏။

"မစိုးရိမ်ပါနဲ့ စန္ဒာ - ကျွန်တော်တို့ က ရဲအရာရှိတွေပါ ... အားငယ်"

www.burmeseclassic.com

www.burmeseclassic.com



နေပြီဖြစ်သော မစန္ဒာအား ရုတ်တရက် ကြောက်ရွံ့ အားငယ်သွားမည်စိုးသော ကြောင့် ကိုသောင်းတန်ကပင် မိမိကိုယ် မိမိ မိတ်ဆက်ပေးလိုက်ရ၏။ ထိုအခါမှ ပင်မစန္ဒာတွင် အပြုံးပွင့်ကလေး ပွင့်လာနိုင်ကာ "ကျေးဇူးတင်ပါတယ်ရှင် - ဦး" ဟုအစေခံမိန်းမကြီး ဒေါ်ဖဲ၏ရင်ခွင်တွင်အားပြုရင်း ပြုံး၍ပြောလိုက်သဖြင့် အလိုက်သိသော ကိုသောင်းတန်က -

"ဦးသောင်းတန်လို့ ခေါ်ပါတယ် မစန္ဒာ၊ အမှန်မှတော့ ကျွန်တော်က မိတ်ဆွေရဲ့ဖူးကြီးဦးချိုဝင်းအတွက် လိုက်လံ ကူညီပေးတဲ့ အလွှတ်စုံထောက်ဖြစ်ပါတယ်" ပြောလိုက်သောကြောင့်မစန္ဒာက ခါးတလေးဆန့်ထုတ်ကာ -

"ဪ - စုံထောက်ကြီးဦးသောင်းတန်ဆိုတာကိုနော် - ကျွန်မစိတ်ထဲက အသက်တော်တော်ကြီးတဲ့လူကြီးတစ်ယောက်လို့ ထင်နေခဲ့မိတယ်၊ အခုလို ကူညီတာ ကျေးဇူးတင်ပါတယ် ဦးသောင်းတန်၊ ဒါထက် ကျွန်မမှာ ဒဏ်ရာများ ရသွားသေးလားရှင်၊ ခေါင်းက တော့ နည်းနည်းမူးနေသေးတယ်ရှင့်"

"ဒဏ်ရာမရပါဘူး မစန္ဒာ၊ မေ့ဆေးကြောင့်ပါပဲ၊ ဒါထက် လူဆိုးတွေကိုသေသေချာချာ မှတ်မိပါသလား၊ ဒါထက် အိပ်ရာခင်းမှာလည်း ဓားနဲ့ခွဲပြီး ရှာနောက်သွားပါလား မစန္ဒာ"

မစန္ဒာမှာ ထိုအခါမှပင် မျက်လုံးကလေးပြူးကျယ်သွားကာ သူ၏ မွေ့ရာများကို မျက်လုံးကလေး ကစားကြည့်မိလေ၏၊ ပြီးမှ ပြုံးလိုက်ရင်း -

"ကိစ္စမရှိပါဘူးရှင်၊ ပါမသွားသေးပါဘူး"

"သုံးကြည့်စိတ်ချပြီး ဖွင့်ပြောနိုင်ပါတယ် - မစန္ဒာ"

"ဦးသောင်းတန်ကို ယုံပါတယ်ရှင် ယုံပါတယ်၊ အခုနေအခါ ကျွန်မအတွက် စောင့်ရှောက်မယ့်သူ ကင်းဝေးနေတုန်းမှာပဲ ဦးသောင်းတန်တို့ ရောက်လာတော့ ကျွန်မဖြင့် အများကြီးအားတက်မိပါတယ်၊ တဆိတ်လောက်ကျွန်မအောက်ကို ဆင်းပါရစေနော်"

ဟု မစန္ဒာက ပြောလိုက်ကာ သူတို့၏အစေခံမိန်းမကြီးအကူအညီဖြင့် ခုတင်အောက်ဆင်းကာ မှန်တင်ခုံကလေးရှိရာသို့သွားလေသည်။ မှန်တင်ခုံကလေးမှာ ပွင့်နေပြီး အတွင်းမှ မိန်းမအလှပြင်ဆင်စရာ ပေါင်ဒါဘူး၊ ရေမွှေးပုလင်း၊ တို့ပတ်၊ ဝဲ၊ မျက်နှာမွှေးဆွဲသွားပွတ်တံအသေးတလေးနှင့် တိုလီမိုလီ ထည့်သော ဘူးကလေးများမှာ အောက်ဆိုလွှင့်ကျနေပေ၏၊ အမှန်တော့လည်း မစန္ဒာထံမှ ပစ္စည်းတစ်ခုခု လိုချင်သော လူဆိုးက မွှေနှောက်ပစ်ခဲ့ခြင်းသာလျှင် ဖြစ်လေသည်။

မစန္ဒာမှာ မှန်ဗိုင်းကလေး လှည့်လိုက်ကာ ဘဲဥပုံ မှန်ဗိုင်းကလေး ကျောနောက်တွင်ရှိသော ခြေးဘုကလေး လှည့်လိုက်သောအခါတွင် မှန်ဗိုင်း နောက်တွင် ကတ်ကြေးကလေးထား သည့်သစ်သားပြားကလေးမှာ ခေါက်ချိုး ကျလာကာ အတွင်းမှ စာအိတ်ရှည်ကြီး တစ်လုံး ထွက်ပေါ်လာသည်ကို တွေ့ရပေ၏။

"ဟော - ဒီစာအိတ်ထဲမှာ ကျွန်မ အတွက် အရေးကြီးတဲ့စာချုပ်နဲ့ မြေပုံရှိပါတယ် ဦးသောင်းတန်၊ သူတို့တစ်တွေဟာ ကိုကိုတင် သေဆုံးပြီးမှ ယခုအခါ အကြမ်းဆုံး လာရောက်ပြုမူတာပါပဲ"

"ဒါဖြင့် မစန္ဒာ ပြောသလိုဆိုရင် ပထမတစ်ကြိမ် လာရောက်ပြီးပြီဆိုပါ တော့"

"မှန်ပါတယ် ဦးသောင်းတန်၊ ကိုကိုတင် သေဆုံးပြီး တစ်ရက်အကြာမှာ တစ်ခါ သူခိုးအခိုးခံရပါသေးတယ်၊ အဲဒီသူခိုးဟာ ပေါ်ဒီဦးကျော်နဲ့ ရင်ဆိုင်တွေ့ရပြီး ဦးကျော်နဲ့နပန်းလုံးထွက်ပြေးသွားခဲ့ပါတယ် ဦးသောင်းတန်"



"စာချုပ်ထဲမှာ သေဆုံးသူ ဦးတင်မောင်က ကလေးတွေအတွက် ကြိတ်ပြီး မော်ဘီမှာရှိတဲ့ သစ်စက်ကို တစ်ဝက်ပိုင်ဆိုင်ခွင့်ပေးခဲ့တဲ့အကြောင်း ရေးသားချုပ်ဆိုခဲ့တယ်မဟုတ်လား - မစန္ဒာ"

"မှန်ပါတယ် ဦးသောင်းတန်"

"ဒါဖြင့် ဦးတင်မောင် သေဆုံးသွားခဲ့ပြီးနောက်ပိုင်းမှာတော့ မစန္ဒာရဲ့ ကလေးတွေဟာ မော်ဘီမှာရှိတဲ့ သစ်စက်ကြီးရဲ့ တစ်ဝက်ပိုင်ဆိုင်ခွင့်ရတဲ့ သူဌေးကလေးတွေ ဖြစ်လာပြီဆိုတော့ မစန္ဒာအဖို့မှာ ကိုယ့်ကလေးတွေ အတွက် ဝမ်းသာစရာမဟုတ်ပါလား"

ဟု ကိုသောင်းတန်က မစန္ဒာ၏ မျက်လုံးအိမ်များအတွင်း စူးစိုက်ကြည့်ရင်း ပြောလိုက်လေသည်။

ကိုသောင်းတန်ကတော့ မစန္ဒာ၏ မျက်လုံးအိမ်အတွင်းမှ သူထင်မြင်မိသည် မဟုတ်သော အခြင်းအရာအတိုင်းပင် တွေ့ရလေ၏။ မစန္ဒာ၏ မျက်လုံးအိမ်များက အသည်းတစ်ခြမ်း ကွဲပြိုဆင်းသက်မိခဲ့သော မျက်ရည်ဥတွေနှင့် အပြည့်လျှံလျက်ရှိလေသည်။

"ကျုပ်ပြောလိုက်တာလို့ မစန္ဒာ အတွက် အတော်အနေရခက်သွားတာများ ဖြစ်ရပြီလား မစန္ဒာ၊ ဘုတ်လိုသော -

တသူ၏တောင်းပန်လိုက်သောလေသံ အဝိုင်းလက်များကိုရှေ့သို့အနည်းငယ် ပစ်ရင်း လက်ဝါးများ ဖြန့်လိုက်သည် အထိ ပြောဆိုလိုက်လေသည်။

မစန္ဒာကတော့ မျက်တောင်ကော့ကြီးများကို စင်းကာ "ကျွန်မအတွက် ဆောင်ရွက်ပေးသူကိုအနှောင့်အယှက် ပေးတယ်လို့ မထင်ပါဘူး - ဦးသောင်းတန်၊ အမှန်တတော့လည်း ဝမ်းနည်း သွားမိတာထက် ကိုယ့်ကလေးတွေရဲ့ နောင်ရေးအတွက်ဝမ်းသာစရာပဲဆိုတာ အထူးပြောဖို့မလိုပါဘူးရှင်" ဟုမစန္ဒာက နှုတ်ခမ်းတလေး တွန့်ရုံမျှဖြင့် ပြုံးရင်း ပြောလိုက်သည်။

"ဒါထက် - မစန္ဒာဆီက စာချုပ်တွေ ထပ်ပြောဆိုတာက ဒီလို မစန္ဒာအပေါ် မေ့ဆေးပေးရတဲ့အန္တရာယ်အထိ စိုးရိမ်စရာတွေများ ရှိနေသလား။ အမှန်မှာတော့ အသက်အန္တရာယ် ထိခိုက်မယ့် ပြုံတိစ္စကို ကျွန်တော်တို့ကို ယုံကြည်ပြီး တိုင်ပင်နိုင်ပါတယ် မစန္ဒာ"

ထိုအချိန်မှာပင် စုံထောက်ရဲမှူး ကိုမျိုးဝင်းသည် သူ၏ကားကလေးတစ်စင်းနှင့် ပြန်လည်ရောက်ရှိခဲ့သည်ကို တွေ့ရပေ၏။ သူ၏နောက်မှာတော့ထွက်ပြေးသွားသောကားနှင့်အတူ ရဲသားများက ဒရိုင်ဘာကို ဖမ်းကာ ပါလာလေသည်။

၁၈၉

ထူးတော့အတော်ထူးပါလေသည်။ အဘယ့်ကြောင့်ဆိုပါသော် ကားခြင်း ထွက်ပြေးသောလူမှာ လူဆိုးဂိုဏ်းဝင် တစ်ယောက်ဟု ထင်မိခဲ့ရာမှ ဤသို့ မဟုတ်ဘဲ ဒရိုင်ဘာအစစ်တစ်ဦးဖြစ်ကာ ပန်းဆိုးတန်းစတင်းမှ ငှားလာခဲ့ကြောင်း ပြောဆိုခဲ့ပေ၏။ ထို့ကြောင့်ပင် ကိုသောင်းတန်တို့အဖို့ တွေးတောစရာ တစ်ခု ပေါ်လာခဲ့ရပြီး ယခုမိလာသော ဒရိုင်ဘာမှာလည်း ခပ်စောစောက တွေ့ရှိခဲ့ရသော မစန္ဒာ၏ မောင်ဟုဆိုသော ကိုမြဒင်မဟုတ်ဘဲ ဗိုလ်တထောင်တွင် ကားမောင်းနေသောကုလားမကာကပြား အာမက် ဆိုသူပင်ဖြစ်၏။

"ဟေ့ - အာမက် - မင်းဘာကြောင့် ဒီကထွက်ပြေးရတာလဲ။ တို့လာတာမင်း မမြင်ဘူးလားဟင်"

"မြင်ပါတယ် ဆရာ၊ ဟိုနှစ်ယောက်က ဟေ့ကောင် ပြေးပြေးပြောတာနဲ့ ကျွန်တော်လည်း ဘာမှန်းမသိရဘူး၊ လစ်ရတာပါ၊ အမှန်တော့လည်း သေနတ်သံကိုကြားရတော့ ကျွန်တော့်အဖို့ ပိုပြီးလန့်သွားတာပါ ဆရာ"

"မင်းကိုခေါ်လာတာအားလုံးဘယ်နှယောက်လဲ"

"နှစ်ယောက်ထဲပါ ဆရာ"

ဟုအာမက်က ပြောလိုက်၍ မစန္ဒာက- "ဟုတ်ပါတယ် ဦးသောင်းတန်" ဟု ထောက်ခံလိုက်လေသည်။

"ဒါဖြင့် - မစန္ဒာကိုယ်တိုင် ဒီလူတွေကို ကျွန်တော်မေးခဲ့သလို မှတ်မိတဲ့လူထဲက များ မပါဘူးလား"

"မပါပါဘူး ဦးသောင်းတန်"

ထိုအခါမှပင် ကိုသောင်းတန်တို့က လူဆိုးများက မိမိတို့အားရဲတင်းစွာ တစ်ပတ်ရိုက်သွားခဲ့သည့်အပြင် မစန္ဒာ၏ မောင်တစ်ဦးအဖြစ်ပင် ခပ်တည်တည် လိမ်လည်ခဲ့ပေသေးသည်။ အမှန်ကတော့လည်း မစန္ဒာ၏ မောင်အမည်ခံ လူဆိုးမှာ သူ့အဖော်၏ စီစဉ်မှုအရိုန်ကို စီစဉ်နိုင်အောင် ဆွဲနိုင်ခဲ့ခြင်းဖြစ်လေသည်။

"လာဗျို့ - ဦးမျိုးဝင်း - ဒီလိုဆိုရင် ကျုပ်တို့အပေါ် တစ်ပတ်ရိုက်သွားတဲ့ အကောင်တွေဟာ ဒီတိုက်ထဲမှာပဲ ရှိပြီးမှာပဲဗျ။ အေးလေ - ကျုပ်ထင်တာနဲ့မလွဲရင်တော့ဖြစ်နိုင်ကောင်းပါတယ်လေ"

"ဟုတ်မယ် - ဦးသောင်းတန် - ကျုပ်လည်းရဲသားလေးတွေကိုအာမက် ပြေးပြေးချင်းပဲ တိုက်ပတ်ပတ်လည် အစောင့်ချခဲ့တယ်ဗျာ"



"ဒါထက် - မစန္ဒာရဲ့မောင်တထောင်က ထွက်လာပြီး ဘယ်မှာနေခဲ့ပါသလဲ မစန္ဒာ"

ဟု စုံထောက်ရဲမှူး ကိုမျိုးဝင်းက မေးလိုက်သဖြင့် မစန္ဒာတွင် ချက်နှာကလေးအိုသွားကာ မျက်ရုံကလေးဖင့်လိုက်ကာ -

"သွားလိုက်လာလိုက်ပါရှင်။ သူနေတာကိုက အတည်တကျမရှိပါဘူး။ အခြေပဲ ပေတောပြီးနေတာပါပဲ။ ကျွန်မဆီလာရင်လည်း ထိုက်သင့်သလို ပေးတာမ်ရတာပါပဲ"

"လာဗျ - ကိုမျိုးဝင်း။ အချိန်မရှိဘူး။ ပြီးတော့မှ အေးအေးဆေးဆေး မေးကြသေးတာပေါ့"

ဟု ကိုသောင်းတန်က ကြားဖြတ် ပြောလိုက်ကာ ရှေ့ဆုံးမှထွက်သွားသောကြောင့် စုံထောက်မှူး ကိုမျိုးဝင်းလည်း မိမိအများကို သိမြင်သိအလား လျှင်မြန်စွာ နောက်မှ ကပ်ပါလာခဲ့လေသည်။

အောက်ထပ်သို့ ရောက်သောအခါ ကိုသောင်းတန်က လူဆိုးများထွက်သွားသည်ဆိုသော တိုက်ခန်းမီးဖိုချောင် ဘက်တူးသော လှေကားကျဉ်းကလေးသို့

www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့လေသည်။ တိုက်၏နောက်ဘက် မီးဖိုချောင်နှင့် ဆက်လျက်ရှိသော တံခါးတွင်မူ ရဲသားနှစ်ဦးက စောင့်ကြပ်လျက် ရှိလေသည်။

ထမင်းစားခန်းမှ တစ်ဆက်တည်း မီးဖိုချောင်အခန်းတွင် ရေချိုးခန်းနှင့်လည်း တွဲဆက်ထားပေးရာ ကိုသောင်းတန်က ထိုရေချိုးခန်းတံခါးကို သေချာစွာ စစ်ဆေးကြည့်ရှုလျက် ဘာမျှမတွေ့ရသောအခါတွင် စုံထောက်ရဲမှူး တိုးမြင့်ဝင်းအား တိုက်နှင့် (၁၀)ပေခန့်ကွာသော အားကစားရုံကလေးအတွင်းကို သွားရောက်စစ်ဆေးကြည့်ရှုစေရန် လွှတ်လိုက်လေသည်။

တိုးမြင့်ဝင်း ထွက်သွားသောအခါတွင် မစန္ဒာအား တိုက်နှင့်ပတ်သက်၍ ကိုသောင်းတန်က စစ်မေးခဲ့ရလေသည်။

"ဟဲ - မစန္ဒာ - ခင်ဗျားကျွန်တော့်ကိုတော့ ယုံကြည့်စွာနဲ့ ဖွင့်ပြောဖို့ ထိုက်ပါတယ်။ ဘာပြုလို့လဲဆိုတော့ ကျွန်တော်က သူတို့ကို ကူညီနေရတဲ့ အလွတ်စုံထောက်တစ်ဦးမဟုတ်လား။ ယခုအချိန်မှာဆိုရင် ခင်ဗျားရဲ့မောင်ဟာ တိုက်အောက်မှာရှိတဲ့ လျှို့ဝှက်အခန်းထဲမှ ရှိနေမယ်ဆိုတာ ယုံကြည်တယ်လေ။ ခင်ဗျားမောင်နဲ့အတူ လူဆိုးတွေဟာလည်း ဒီလျှို့ဝှက်အခန်းမှာပဲ ရှိရမယ်လို့ ယုံကြည်တယ်။ ဒါကို အချိန်မီ သိရရင်တော့ ခင်ဗျားရဲ့မောင်အသက် ကာကွယ်နိုင်ပါလိမ့်မယ်"

ဟု ကိုသောင်းတန်က ထမင်းစားခန်းအတွင်းတွင်ရှိသော လစ်လပ်နေသည့် ကော်ဇောကြီးတစ်ချပ်ကိုကြည့်ကာ ပြောလိုက်လေသည်။ အမှန်တော့လည်း ထိုနေရာတွင် ခင်းထားသော ကော်ဇောကြီးမှာ လောလောဆယ်မှာပင် အခြားတစ်နေရာသို့ ပြောင်းရွှေ့ထားနေသည်မှာ လူဆိုးများ၏ မဟာအမှားတစ်ခုပင် မဟုတ်ပါလော။

ယခုအထိတော့မစန္ဒာကငြိမ်သက်နေပါသေးသည်။ သူမ၏မျက်နှာမှာ အရင်ကလောက် သွေးယောင်မလွှမ်းတော့ဘဲ ဖြူရော်နေသည်ကိုတော့ တွေ့ရပြီဖြစ်ပါ၏။

"ကျုပ် ထင်တာပြောရရင် လူသတ်မှုမှာ မစန္ဒာရဲ့မောင်ကတော့ မပါပါဘူး။ ဒါပေမဲ့ - မစန္ဒာရဲ့လက်ထဲမှာရှိနေတဲ့မြေပုံကိုတော့ မစန္ဒာရဲ့မောင်ဟာ လူဆိုးတွေနဲ့ပေါင်းပြီး အကြံအစည်ပြုခဲ့လိမ့်မယ် ထင်ပါတယ်။ ကဲဗျာ - ဟုတ်တယ်မဟုတ်လား"

ဟု ကိုသောင်းတန်က ပြောလိုက်မှ ထင်မစန္ဒာက ကော်ဇောနှင့်ကွက်လပ်ဖြစ်နေသော ထမင်းစားပွဲရှေ့ထောင့်တစ်နေရာကို ညွှန်ပြကာ - "မှန်ပါတယ် ဦးသောင်းတန်ရယ်။ ဒါပေမဲ့ - ဦးသောင်းတန်ထင်သလိုတော့ ကျွန်မမောင်ဟာ ဟုတ်မယ်မထင်ဘူး။ သူ ဒီကနေ့ ဒီမှာ ရောက်နေချိန်မှာ ကျွန်မကာပဲ သူ့အသက်အန္တရာယ် လုံခြုံရေးအတွက် ဒီလျှို့ဝှက်ခန်းထဲမှာ ထားခဲ့ရတာပါ။ ဘာပြုလို့လဲဆိုတော့ ဦးတင်မောင် သေဆုံးပြီးကတည်းက ကျွန်မမောင်ကို သတ်ဖို့ရာ လူဆိုးတွေ က ကြံစည်နေကြောင်း ကျွန်မ မောင်က ပြောခဲ့ပါတယ်လေ။ ဒါကြောင့်လည်း သူဟာ ကျွန်မဆီ ဒီနေ့ ဒီမှာလာပြီး ပုန်းအောင်းနေရင်း လူဆိုးတွေက လိုက်လာတာပါပဲ။ ဒီကျတော့ လူဆိုးတွေကအစေခံတွေကိုကြိုးနဲ့တုပ်ပြီး ကျွန်မကိုလည်း သူတို့လိုချင်တဲ့မြေပုံနဲ့စာကို တောင်းတာပါပဲ ဦးသောင်းတန်၊ ဒီလို တောင်းဆိုနေချိန်မှာပဲ ဦးသောင်းတန်တို့ရောက်လာလို့ လူဆိုးတစ်ဦးက ကျွန်မမျက်နှာကို လက်ကိုင်ပဝါနဲ့ အုပ်လိုက်တာ ကျွန်မလည်း သတိမေ့သွားတာပါပဲရှင်" ဟုပြောလိုက်သောကြောင့် ကိုသောင်းတန် တွင် အတော်ကြီး ခေါင်းရှုပ်သွားရပြန်လေ၏။

သို့သော် အချိန်များများ ဆွဲနေရျိ မရဘဲ လျှို့ဝှက်အံဖုံးနှင့်ပြုလုပ်ထားသော ကြမ်းခင်းတံခါးကိုဖွင့်၍ကိုသောင်းတန် က ရဲတင်းစွာ ရှေ့ဆုံးမှ ဆင်းလာရပေ၏။ ထိုသို့မဆင်းမီတွင် ကိုသောင်းတန်က အတွင်းသို့ဆင်းသော လှေခါးကလေးမှ လူတစ်ကိုယ်မျှလေးလံသောစားပွဲတစ်လုံးကို အောက်သို့လိမ့်ချခဲ့ပေ၏။ အမှန်တော့ မည်သို့သောကံကြမ္မာနှင့်ရင်ဆိုင်တွေ့ရမည်ဟု မခန့်မှန်းတတ်သော်လည်း အောက်ထပ်ဥမင်အတွင်းခန်းမှာမူ မည်သည့်အသံမျှ မကြားရဘဲ ရှိနေရပေ၏။

ကိုသောင်းတန် ထင်သလို ဝင်မစန္ဒာ၏တိုက်အောက်ရှိမြေတိုက်ဥမင်ခန်းမှာ တစ်နေရာတည်းတွင် တီထွင်ကာ ဆောက်လုပ်ထားသော လျှို့ဝှက်အခန်းတစ်ခန်းမဟုတ်သေးဘဲ မစန္ဒာ၏ ခြံတွင်းမှ တစ်နေရာသို့ အလွယ်တကူ ဖြတ်ကျော်သွားနိုင်သည့် ဥမင်လမ်းကြောင်းဖြစ်နေကာ အရေးကြုံပါက ချက်ချင်း ကားတစ်စင်းပင် လွယ်ကူစွာ မောင်းနှင်နိုင်အောင် ကျယ်ဝန်းခြင်းတို့ [illegible] ၏။

ကိုသောင်းတန် [illegible]

မှ [illegible]



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကာ ရှေ့မှ တရွေ့ရွေ့ သွားခဲ့သည်။ ပထမဆောင်းခါစတွင် အမှောင်ဖြင့် ကြီးစိုးနေသည်ကိုတွေ့ရပေ၏။ စုံထောက်ရဲမှူး ကိုမျိုးဝင်းက သတိပေးလိုက်လေသည်။

"ကိုသောင်းတန် - သတိထားဗျို့။ ဒါထက် ဒီလောက်မှောင်တဲ့အခန်း လုပ်ထားပြီး မီးမရှိတာတော့ မဟုတ်နိုင်သေးပါဘူး - ကိုသောင်းတန်"

"ဆရာ - တွန်းတော် မီးခလုတ်တွေ့ပြီဆရာ"

ထို ကိုမျိုးဝင်း ပြောနေစဉ်မှာပင် ရဲသားကလေးတစ်ဦးက ပြောလိုက်လေသည်။

"ဖွင့်လကွာ - ရတွေ့ရှင်လဲ"

"ဖွင့်တာပဲ ဆရာ၊ မရဘူး၊ မီးခလုတ်က ဖြူး(စ်)ပြတ်နေတယ် ထင်တယ် ဆရာ"

"ကဲ - ဘအောင်က အိမ်ပေါ် ပြန်တက်ပြီး ဓာတ်မီးတောင်းချည်ဟေ့"

"ဟုတ်ကဲ့ ဆရာ"

ဘအောင် ဆိုသော ရဲသားက နောက်ကြောင်းကို ပြန်ပြေးသွားလေသည်။ ကိုသောင်းတန်တို့နှင့် စုံထောက်ရဲမှူး ကိုမျိုးဝင်း ရဲသားနှစ်ဦးဖြစ်သော ဘိုကြီးနှင့် ဘပုတို့သာလျှင် ကျန်ရစ်ခဲ့သည်။ အိမ်ပေါ်ထပ်တွင် မစန္ဒာတို့နှင့် အတူ ရဲသားသုံးဦးမှာ လက်နက်ကိုယ်စီနှင့် ကျန်ခဲ့ပေသေးသည်။

ဘအောင် မလာမီပင် ကိုသောင်းတန်၏ ခြေထောက်တွင် တုံးလုံးကြီးလဲနေသော လူတစ်ယောက်ကို ထိတွေ့လိုက်ကာ ထိုလူမှာလည်း အသက်မရှိတော့ပြီဖြစ်သော လူသေအလောင်းကြီး တစ်လောင်း ဖြစ်နေသည်ကို တွေ့ရပေ၏။

ရဲသားဘအောင် ရောက်လာချိန်တွင် သေဆုံးသူမှာ ပွိုင့်(၄၅)သေနတ်ကျည်ဆန်ရာနှင့် ကျည်ဆန်အခွံကိုတွေ့ကြရလေသည်။ အလောင်းကို အိမ်ပေါ်ထပ် သူ မသွားမီပင် စစ်ဆေးကြည့်ရှုရာ တရုတ်ပေါ်တယ်တစ်ခုမှ ပေါ်တယ်မယ်တစ်ဦးနှင့် တွဲ၍ ရိုက်ထားသော ဓာတ်ပုံနှင့် ငွေအကြွေအနည်းငယ် ဓားမြှောင်တစ်လက်ကို စစ်ဆေးတွေ့ရလေသည်။

အမှန်တော့ ထိုသေနတ်ပစ်ခံ သေဆုံးရသူမှာ မစန္ဒာမောင်အရင်းမြဒင်ပင် ဖြစ်၍ ပိန်လှီသော အသက်(၁၉)နှစ်ခန့်ရှိလူငယ်တစ်ဦးပင် ဖြစ်လေသည်။ အိမ်ပေါ်ကို အလောင်းအား ရဲသားကလေးနှစ်ဦးအား ယူသွားခိုင်းလိုက်ရလေသည်။



မြေအောက်ဥမင်လမ်းမှာခြံတစ်နေရာတွင် သွားရောက်ထွက်ကာ အထွက်နေရာတွင် ချိုပိတ်ပေါင်းများစွာ ထူပိန်းနေ၍သစ်သားတံခါးတပ်ထားလေသည်။ ကိုသောင်းတန်တို့က ခြေရာခံသော်လည်း ဤအထွက်တံခါးအထိပင် လူဆိုးများ ထွက်သွားသောနေရာကို မတွေ့ရသည့် အပြင် အတော်ပင် ဦးနှောက်ခြောက်လုအောင် ဖြစ်သွားရလေသည်။

ကိုမျိုးဝင်းက တစ်နေရာကို လက်ညှိုးထိုးပြရင်း ကားဘီးရာကို ပြလိုက်လေသည်။ စုံထောက်ရဲမှူး ကိုမျိုးဝင်းသည် မှန်မှားမှားဖြစ်နေပြီဖြစ်သော ကားဘီးရာကို သေသေချာချာ တိုင်းထွာယူကာ သူ၏ရဲသားတစ်ဦးအား အသင့်ပါလာသော ကင်မရာဖြင့် ရိုက်ယူစေကာ ထပ်မံ၍ သဲလွန်စများကို ရှာဖွေပြန်လေသည်။

ယခုမှပင်လူဆိုးများကလူတွင်မက တန်ပြန်ရောင်ခြည်သဘောအရ သွားလာသော ခြေရာကို ရပ်ဖျက်ထားသည်ကို ထင်ရှားစွာ ကိုသောင်းတန်တို့က တွေ့ရသည်။ တွေ့ရခြင်းမှာ နင်းသွားသောခြေရာများကို မကျန်နိုင်အောင် ဓားပေါ်တွင် တင်ကာ လေမှုတ်စက်ဖြင့် မှုတ်သွားခြင်းကြောင့် မြက်ပင်ကလေးများ ပြန်လည်ထိုးထောင်လာစေပြီး [illegible] မှန်ကလေးများက ခြေရာများကို [illegible] စေကာ သူတို့ကားရာလမ်းကြောင်း [illegible] ပျောက်ကွယ်သွားစေလေသည်။

ကိုသောင်းတန်တို့က မှိုင်းလက် [illegible] ရေး ခေါ် မှန်ဘီလူးတမျိုးဖြင့် ခြေရာ [illegible] ကြည့်သောအခါတွင် လူဆိုးများ၏ ခြေရာကို ထင်ရှားစွာ တွေ့ရပေ၏။ ထို့ကြောင့်ပင် လျှို့ဝှက်ဥမင်လမ်းကြောင်း [illegible] လူဆိုးများ၏ခြေရာများကို အတိအကျ တွေ့မြင်လာခဲ့သည့်အပြင် လူဆိုးများက လျှို့ဝှက်စွာ ထား၍စီးသွားခဲ့သော မော်တော်ကား၏ဘီးရာကိုစနစ်တကျ [illegible] ရှာဖွေခဲ့ပေရာ ထိုဘီးမျိုးကို ယိုကိုဟားမားကုမ္ပဏီမှ ထုတ်လုပ်သော သုံးတန် ကားတစ်စင်း၏ဘီးအသစ်စက်စက် [illegible] နေသည်ကို တွေ့ရပေ၏။ ထို့ကြောင့်ပင် ကိုသောင်းတန်က ဤကဲ့သို့ လူဆိုးများ ကကြီးကျယ်လှသောကုန်တင်အမျိုးအစား သုံးတန်ကားကြီးကို အသုံးပြုခြင်း [illegible] မစဉ်းစားနိုင်အောင် ရှိရလေ၏။

မစန္ဒာ၏တိုက်သို့ပြန်ရောက် [illegible] အခါတွင် မစန္ဒာက ကိုသောင်း [illegible] ဦးတင်မောင် [illegible] တစ်သောင်း [illegible] မောင် [illegible]

www.burmeseclassic.com



မီလျှင် ထပ်မံ၍ ငွေတစ်ထောင်ကို ပေးပါဦးမည်ဟု ပြောရှာပေ၏။ ကိုသောင်းတန်က လက်မခံသော်လည်း ကာယကံရှင်မစန္ဒာကိုယ်တိုင်က လောလောဆယ်အားဖြင့် ဃနအမှုတွင် အစိုးရဘက်က လိုက်နေသလိုအလွတ်စုံထောက်အဖြစ် ဦးသောင်းတန်အား ငှားရမ်းကာ လိုက်လိုသောကြောင့် လက်ခံပါရန် တောင်းပန်သောကြောင့် ကိုသောင်းတန်တွင် လွှဲသာတဲ့ အပြီးအပိုင် လက်ခံလိုက်ခြင်းဖြင့် မစန္ဒာ၏အသက်အန္တရာယ်ရော စီးပွားရေးတိစ္ဆာ လွှဲအပ်ခြင်းခံရသော လူတစ်ယောက်အဖြစ် ရောက်လာခဲ့ရပေ၏။

"ဒီလိုဆိုရင်မစန္ဒာအတွက်အသက်အန္တရာယ်ကို ဒီရက်အတွင်းမှာ ကျွန်တော်ကိုယ်တိုင် လာရောက်စောင့်ရှောက်ပါ့မယ်လေ။ ဒါထက် ဟောဒီစာချုပ်ကို ပြည်သူ့ဘက်မှာ အပြီးအပိုင် လွှဲထားဖို့ရန် ကျွန်တော် စီမံပေးပါရစေ။ ဒါထက် မြေပုံက ဘယ်လိုသက်ဆိုင်ပါသလဲ - မစန္ဒာ"

"ဒီမြေပုံဟာ ဦးတင်မောင် မသေဆုံးမီ ကျွန်မတို့ လာပြီး အပ်ထားတာပါ။ ဦးသောင်းတန် - မြေပုံရဲ့အလိုတော့ရှေးဟောင်းပစ္စည်းရတနာတွေကို မော်ဘီတောနက်ကြီးထဲမှာ ဦးတင်မောင်အမဲလိုက်ရင်း တွေ့တာပါပဲ၊ ဒီနေရာအတော်ကလေးဝေးလေတော့ မြေပုံလုပ်ထားခဲ့တာကို သူ့မယားကြီး ဒေါ်မြ ထံမှာ စိတ်မချတာနဲ့ ဒီလထဲမှာကျွန်မထံ လာပြီး အပ်ခဲ့တာပါပဲရှင်"

ဟုမစန္ဒာကပြောလိုက်ပြီးစစ်ဆေးစရာရှိသော ဦးတင်မောင်၏အိတ်ထဲ၌ တွေ့ရသည့် "အမြန်လာတွေ့ပါ။ သိန်းစန္ဒာ" ဟူသော စာနှင့်ပတ်သက်၍ မေးမြန်းရာတွင် မစန္ဒာက သူ ဦးတင်မောင်ကို မချိန်းဆိုခဲ့ရကြောင်း၊ ဦးတင်မောင်မှာ တစ်လလျှင် မော်ဘီနက်ချောင်းတွင် (၁၅)ရက်ခန့်နေတတ်ပြီး ကျန်သောရက်များတွင် မစန္ဒာ၏ထံ လာရောက်နေတတ်ကြောင်း ပြောဆိုပေ၏။

မစန္ဒာ၏ လက်ရေးစာမူများနှင့် တိုက်ကြည့်သောအခါတွင် မှန်ကန်နေသည်ကိုတော့ စုံထောက်ရဲမှူး ကိုမျိုးဝင်းတို့က တွေ့ရှိရပေ၏။ ထို့ကြောင့်ပင် ထပ်မံစုံစမ်းစရာရှိသော အခြင်းအရာများအတွက် အရောက်ပြန်ခဲ့ရပေ၏။ ထိုသို့ပြန်ခဲ့သောအခါတွင် ဦးသောင်းတန်ထံတွင် မစန္ဒာထံမှ မြေပုံနှင့် စာချုပ်များ ပါလာခဲ့ပေ၏။



ထိုနေ့မှာပင်ဦးတင်မောင်၏မယားကြီး ဒေါ်မြနှဲ့ကဦးတင်မောင်၏မယားကြီးဖြစ်သည့်အားလျော်စွာ သေဆုံးသွားသော ဦးတင်မောင်၏ ပစ္စည်းများနှင့်ပတ်သက်ကာ တစ်ဦးတည်း ပိုင်ဆိုင်ခွင့်ရှိကြောင်း သတင်းစာများက ကြေညာလိုက်သည်ကို တွေ့ရပေ၏။

စုံထောက်ရဲမှူးကိုမျိုးဝင်းကိုတော့ ဦးတင်မောင်သတ်မှုအတွက်ပေါ်ပေါက်သွားပါက ဦးစားပေးတာ အသားပေးရသည်ဖြစ်ပေမည်။ ဒါကိုလည်း မိတ်ဆွေကောင်း ပီသသော ကိုသောင်းတန်က ကိုမျိုးဝင်းအား ကတိပေးပြီး ဖြစ်လေသည်။

ယိုကိုးဟားမားကုမ္ပဏီခွဲကို သွားရောက်စုံစမ်းသောအခါတွင်လွန်ခဲ့သော တစ်လခန့်အတွင်းက သုံးတန်ဘီးများဝယ်ယူသွားသောလူများ၏ စာရင်းကို အလွယ်တကူပင် ထုတ်ပေးသောကြောင့် သုံးတန်ကားဘီးဝယ်ယူသူများ၏ အိမ်များကို လိုက်လံအကဲခတ်ရပြန်လေသည်။

အမှန်ကတော့ သုံးတန်ကားဘီးများဝယ်ယူသည့်စာရင်းထဲတွင်မသင်္ကာစရာကောင်းသောအဖြစ်ကို စစ်ဆေးတွေ့ခဲ့ရပေ၏။ တွေ့ရခြင်းမှာ ဦးတင်မောင်၏ ကိုယ်စားလှယ် ရှေ့နေကြီး ဦးလှဖေ ပင်ဖြစ်လေသည်။ ထို့ကြောင့်ပင် ဦးလှဖေ နေထိုင်သော ရေကူးကန်ဘက်ရှိ နေအိမ်သို့ စုံထောက်ရဲမှူး ကိုမျိုးဝင်းနှင့် ကိုသောင်းတန် ဗိုင်ယာလက်(စ်)ရီကောဒါ စကားဖြောအသံဖမ်း ရဲသားတစ်ဦး လက်နက်ကိုင်ရဲသားသုံးဦးတို့ ပါလာလေသည်။

ဦးလှဖေ၏ ခြံအနီးရောက်ချိန်မှာ နေဝင်သွားပြီဖြစ်သောကြောင့် လမ်းမတ်မီးများက လင်းလာပြီဖြစ်ပေ၏။ ထိုအချိန်မှာပင် ရှေ့နေ ဦးလှဖေ၏ ခြံတွင်းမှ လေလုံမိုးလုံ တာလပတ်ထည်ဖြင့် မိုးထားသော သုံးတန်ကားကြီးတစ်စင်းသည် ဂူးခနဲ ပေါ်ထွက်လာတာ ကုတ္တိုင်းဘက်ဆီသို့ မောင်းသွားသည်ကို တွေ့ရပေ၏။

ထို့ကြောင့်ပင် ကိုသောင်းတန်တ ထိုသုံးတန်ကားကြီးနောက်သို့ကိုမျိုးဝင်းတို့ လိုက်စေကာ မိမိမှာမူ ဦးလှဖေ၏ ခြံစပ်တွင် ခုန်ဆင်းကျန်ခဲ့လေသည်။ ခြံအတွင်းတွင်ရှိသော ရှေ့နေဦးလှဖေ၏ တိုက်ကလေးမှာအနေအထိုင်ဆိတ်ငြိမ်လှ ဆိတ်တိုက်ပုတလေး... တည်ဆောက်ထားသော... ငြိမ်သက်... နေပေ၏...

www.burmeseclassic.com



တော့လည်း ယခုအချိန်မှာ မြန်မာနိုင်ငံ အသံလွှင့်ဌာနမှ ချိုတေးသံများ စတင် လွှင့်နေမည်ဖြစ်ရာ ထိုသို့ မဟုတ်ပါဘဲ ရေဒီယိုတိုင်နှင့် ကောင်းကင်ကြိုးများ ရှိပြီး မည်သည့်အသံမျှ ပေါ်ထွက်မလာ သည်မှာ အံ့သြစရာ ကောင်းနေပေ၏။

ကိုသောင်းတန်က မှောင်ရိပ်ခိုကာ ဝင်ရောက်သွားချိန်တွင် သာ၍ပင်အံ့သြ စရာကောင်းနေသည်ကို တွေ့ရပါသေး ၏။ မှန်ပါသည်။ တိုက်ပုကလေးအတွင်း တွင် မီးဆို၍လည်း သာ၍မတွေ့ရဘဲ မှောင်နှင့်မည်းမည်းသာ တွေ့ရပေ၏။

ကိုသောင်းတန်က ပို၍သာပဲ အံ့အားသင့်နေရပါ၏။ မှန်ပါသည်။ ဦးလှဖေ၏ တိုက်အတွင်းဝင်မိသည်နှင့် တစ်ပြိုင်နက် ညည်းတွားနေသော လူ တစ်ယောက်၏အသံကို ကြားရပေ၏။ ကိုသောင်းတန်က အပြေးဝင်သွားသော အခါတွင် ရှေ့နေ ဦးလှဖေမှာ ဓားအက် ရာကြီးများဖြင့် မရှိမဆန့် ဝေဒနာခံစား ရကာ လူးလိမ့်နေသည်ကို တွေ့ရပေ၏။ ကိုသောင်းတန်က မီးခလုတ်ဖွင့်လိုက် သောအခါတွင် သာ၍ အံ့သြဖွယ် တွေ့ မြင်ရ၏။ အဘယ့် ကြောင့် ဆို သော် ဦးလှဖေ၏ ကိုယ်ခန္ဓာမှာ ပြင်းထန်သော အစင်းကြောင်းဒဏ်ရာကြီးများနှင့် အပြည့်တွေ့ရှိရကာ ဦးလှဖေကိုယ်တိုင် ကိုင်ဟန်တူသော ပွိုင့်(၄၅)သေနတ်ကို တွေ့ရခြင်းပင်ဖြစ်လေသည်။

ဦးလှဖေအားအံ့အားသင့်စွာကြည့် နေစဉ်မှာပင် ဦးလှဖေသည် မျက်ခွံများ ကို ရုန်းကန်ဖွင့်လာကာ ကိုသောင်းတန်

"ကိုသောင်းတန်က သော့ကို သတိထားဖွင့်ရင်း အတွင်းတံခါးကို ရဲတင်းစွာ တွန်း၍ ဖွင့်လိုက်တာ ကိုယ်ကို ရှေ့သို့ မကုန်း လိုက်ဘဲ နောက်သို့ ဆုတ်လိုက်သည်မှာ သူ့အတွက် သက်သာရာ ရသွားလေသည်။ အဘယ့်ကြောင့်ဆိုပါမူ သံတုတ်တစ်ချောင်းက အရှိန်ပြင်းစွာ ကိုသောင်းတန်၏ ခေါင်းဆီသို့ ကျလာသောကြောင့် ဖြစ်လေသည်။"





အား တွေ့မြင်ရသည့် တစ်ခဏတွင် အာ်ယပ်ခေါ်လိုက်ကာ "မျောက်ကြီး - မျောက် - မျောက် - စွယ်တော်" ဟု ပြော ကြားနိုင်ပြီး မျက်ခွံများကပြန်လည်လျော ကျပိတ်သွင်းခဲ့ပြီဖြစ်ပေ၏။

ဦးလှဖေအတွက် ဖလော့ဖလောဆယ် အားဖြင့် ရဲဌာနကို တယ်လီဖုန်းဆက် သွား အကြောင်းကြားလိုက်ရပေ၏။ ထို သို့ရဲဌာနသို့ အကြောင်းမကြားမီပင် ကိုသောင်းတန်က သူလိုချင်သော ဦးလှဖေ၏ ဒိုင်ယာရီစာအုပ်ကလေးနှင့် စာရွက်စာတန်းအချို့ကို ရှာဖွေကာ အိတ် ထဲသို့ ထည့်ခဲ့ပြီး ခပ်သုတ်သုတ် တိုက် အပြင်သို့ ထွက်လာနိုင်ခဲ့ပြီ ဖြစ်ပေ၏။ အမှန် တော့လည်း ကိုသောင်းတန် အတွက် ဦးလှဖေအနီးတွင် တွေ့ရသော ပွိုင့်(၄၅)သေနတ်ကို စစ်ဆေးကြည့်ပါ က မစန္ဒာ၏ မောင်ကို သတ်သွားသူ၏ လက်ရာမှာ မည်သူဖြစ်သည်ကို စစ်ဆေး တွေ့ရမည်သာ ဖြစ်ပေ၏။ သို့သော် ကြာမီပင်ထိုသေနတ်၏လက်မရာများ မှာ စီအိုင်ဒီဌာနချုပ်တွင် ရောက်လာ မည်ဖြစ်သောကြောင့် အထူးရှာဖွေနေ စရာမလိုတော့ပါပေ။

စုံထောက်ရဲမှူး ကိုမျိုးဝင်းအားယခု အခါတွင် ကုတ္တိုင်းလမ်းဆုံတစ်ခုဖြစ် သော ကမာရွတ်လမ်းခွဲတွင် ကားဘီး ပေါက်ကာ အလုပ်ရှုပ်နေသည်ကို တွေ့ ရပေ၏။

"တော်တော်ညက်များတဲ့အကောင် တွေမျိုး သံစူးပါတဲ့သံဆန်ကာပိုက်တွေ ပစ်ချခဲ့လို့ ကားဘီးတွေ ပေါက်ကုန်တာ ပဲဗျာ - ဟဲဟဲ - ဟဲ"

ဟု ရယ်မောကာ ပြောလိုက်သော ကြောင့် ကိုသောင်းတန်က ရယ်မော ကာ - "ကဲ - ကျွန်တော် အလုပ်တိုက် ပြန်မသွားမီ ပြောခဲ့ဦးမယ် - ကိုမျိုးဝင်း။ ဦးတင်မောင်ရဲ့ ရှေ့နေ ဦးလှဖေတစ် ယောက်တော့ ကျွန်တော်တို့ တွေ့ရတဲ့ ဦးတင်မောင်ရဲ့လက်ချက်မျိုးလိုသေဆုံး သွားပြီလေ" ဟု ပြောလိုက်သောအခါ တွင် စုံထောက်ရဲမှူး ကိုမျိုးဝင်းတွင် အံ့အားကြီးသင့်ကာ ကျန်ရစ်ခဲ့ပြီး -

"တယ် ဖြိုး - ရှုပ်လာပါလား ကိုသောင်းတန်၊ တော်တော်ကြာ မစန္ဒာ တစ်ယောက်ကိုလည်း လူသတ်သမား လက်ချက်နဲ့ မိသွားပါဦးမယ်ဗျို့" ဟု ကိုမျိုးဝင်းက ပြောလိုက်ပေ၏။

ကိုသောင်းတန်၏ထင်မြင်ချက်မှာ အတော်အထန်တော့ မှန်ကန်လာခဲ့ပေ ပြီ။

www.burmeseclassic.com

www.burmeseclassic.com



အဘယ့်ကြောင့် ဆိုပါမူ ကိုသောင်းတန် အလုပ်တိုက်ပြန်ရောက်သောအခါတွင် အသစ်စက်စက်ဖိနပ်ရာများက တိုက်ရှေ့တံခါးတွင် အတန်ကြာရပ်ကြည့်သွားပြီကို တွေ့ရခြင်းပင်ဖြစ်လေသည်၊

ကိုသောင်းတန်က ပြုံးလိုက်ကာ သူ၏ ငွေစီးကရက် ဘူးကလေးထဲမှ စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်ကာ ရှိလေသည်၊ ထိုအခိုက်မှာ အစန့်သင့်ပင် သူ့တပည့်ကျော် မောရစ်သည် ဆိုင်ကယ်(လ်)တစ်စီးနှင့် ရောက်လာကာ ပြုံး၍ဆင်းလာလေသည်၊

ကိုသောင်းတန်က - "ရခဲ့ရဲ့လား မောင်ရင်" ဟု မေးလိုက်ကာ စီးကရက်မီးခိုးများကို မှုတ်ထုတ်လိုက်လေသည်၊

မောရစ်က မျက်ခုံးများပင့်ရင်း -

"ရတာပေါ့ ဆရာ၊ ကျွန်တော် သေသေချာချာ မော်ဘီကာသစ်ရော၊ ဒေါ်နဲ့နဲ့မောင်ဆိုတဲ့ ဦးလူမင်း ခေါ်တဲ့အိမ်ကိုလည်း ရောက်တယ် ဆရာ"

ဟု ပြောလိုက်ကာ သူ၏ သားရေအိတ်အတွင်းမှ ပစ္စည်းများကို ထုတ်ရန်ပြင်ဆင်သောကြောင့်ကိုသောင်းတန်က မောရစ်၏လက်မောင်းကိုဖျစ်ညှစ်လိုက်ကာ တိုက်အတွင်းသို့ မျက်ရိပ်ပြလိုက်လေသည်၊

မောရစ်က သဘောပေါက်သွားလျှင် ချက်ချင်းပင် ဖျတ်လတ်စွာ ထိုင်ခုံမှပတ်၍ နောက်ဖေးလမ်းကြားသို့ ထွက်သွားလေသည်၊ ကိုသောင်းတန်က သော့ကို သတိထားဖွင့်ရင်း အတွင်းတံခါးကိုရဲတင်းစွာ တွန်း၍ဖွင့်လိုက်ကာ ကိုယ်ကို ရှေ့သို့ မတွန်းလိုက်ဘဲ နောက်သို့ ဆုတ်လိုက်သည်မှာ သူ့အတွက် သက်သာရာရသွားလေသည်၊ အဘယ့်ကြောင့်ဆိုပါမူ သံတုတ်တစ်ချောင်းသည် အရှိန်ပြင်းစွာ ကိုသောင်းတန်၏ ခေါင်းဆီသို့ ကျလာသောကြောင့် ဖြစ်လေသည်၊

ကိုသောင်းတန်က ခြေတစ်လှမ်းနောက်သို့ ဆုတ်ကာ ရှောင်တိမ်းလိုက်သောအချိန်တွင်အတွင်းမှလူဆိုးများမှာ ကြောက်ရွံ့စွာ နောက်ဖေးပေါက်သို့ ထွက်ပြေးပြီဖြစ်၏၊ သို့သော်ကိုသောင်းတန်၏ တပည့်ကျော် မောရစ်က ထိုလူဆိုးအား ခြေနစ်ချောင်း ရိုက်လှဲကာ ဖမ်းချုပ်ထားပြီးဖြစ်၏၊ ကိုသောင်းတန်မိသောလူဆိုးမှာ ကိုသောင်းတန်အား တစ်ညလောက် သိပ်ထားရန်အတွက် ငွေတစ်ရာပေးကာ လူတစ်ဦးက ခိုင်းလိုက်သော အလီမူလာ ရပ်ကွက်လူဆိုး ရွှေသွားဘသိန်းပင် ဖြစ်လေသည်၊



ဘသိန်းမှာ အရင်ကလောက်မစားသာသောကြောင့် ငွေရလျှင် လူသတ်ရည်ကို မကြောက်သော လူဆိုးတစ်ဦးဖြစ်ကာ သူ့အတွက်တစ်နေ့လျှင် ငါးကျပ်တစ်ဆယ်မှ မရလျှင် အသက်သေရလောက်ဖြစ်နေသော ဘိန်းစားတစ်ဦးဖြစ်ပေ၏၊

"ကဲ - ဘသိန်း - မင်းကို ငွေပေးခိုင်းလိုက်တဲ့လူဟာ ဘယ်သူဆိုတာ ငါ့ကို မှန်မှန်ဖွင့်ပြောစမ်းပေ့" ဟု မေးလိုက်သောအခါတွင် ဘသိန်းမှာ ငွေတစ်ရာရသောကြောင့်သာလျှင် လုပ်ရကြောင်းနှင့် လူကို မမှတ်မိကြောင်း ရိုးသားစွာ အစစ်ခံလေ၏၊

"မှန်ပါတယ် ဆရာ၊ ကျွန်တော်လည်း ဆရာမှန်း မသိပါဘူး၊ မင်းကာ ရိုက်ပြီး အိမ်အောင်လုပ်ရမယ့်လူက အဲဒီတိုက်အောက်ထပ်မှာ နေတဲ့လူပဲကွ၊ မင်းအတွက် ငွေတစ်ရာဆိုရင် မနည်းပါဘူးကွာ ဆိုပြီး ငွေပေးသွားတာပါဆရာ"

ဟု ပြောလိုက်သောကြောင့် -

"အေး - နောက်ကိုမစူးစမ်းဘဲ လုပ်ရင် မင်းအတွက် ထောင်ထဲ ရောက်မှာ ထက် ငါ့သေနတ်က ကျည်ဆန်ဟာ မင်းခေါင်းမှာ မိတ်ဆက်ဖို့ ရောက်လာလိမ့်မယ်ဆိုတာ ယုံပေတော့"

ဟု ပြောကာ ရွှေသွားဘသိန်းအား ပြန်လွှတ်လိုက်ကာ သူ၏ တိုက်အခြေအနေကိုကြည့်ရာ ဘာမျှမပျက်စီးတွေ့ရသောကြောင့် ကိုသောင်းတန်၏ ဦးနောက်တွင်းဝယ် ဒက်ခနဲ တစ်စုံတစ်ရာသော အန္တရာယ်လမ်းကြောင်းတစ်ခုက ဝင်ရောက်လာခဲ့ပေ၏၊

အမှန်တော့ - မစန္ဒာထံမှ ယူလာသော စာချုပ်နှင့် မြေပုံများကို မစန္ဒာနှင့် ကိုသောင်းတန်တို့နှစ်ဦးသာ သိရှိထားကြသည်ဖြစ်လေရာ မစန္ဒာအတွက် အန္တရာယ်လမ်းကြောင်းမှာ ယနေ့ညအတွက် ဖြောင့်ဖြောင့်ကြီး ဆိုက်ရောက်ခဲ့ပြီကို သိရှိခဲ့ရပေရာ ကိုသောင်းတန်က မောရစ်ကိုခေါ်၍ မစန္ဒာအတွက် အတောအကွယ်ပေးနိုင်ရန် အချိန်မီသူများ ဆိုင်ယ(လ်)ကားကလေးနှင့် လာခဲ့ရလေ၏၊

မစန္ဒာ၏ခြံအနီးရောက်သောအခါတွင် ကားကို ရှေ့သို့ ဆက်မောင်းသွားကာ တစ်နေရာ မှောင်တောင်းတောင်းတွင် ထိုးရပ်ခဲ့ပြီး မစန္ဒာ၏ ခြံသတ်ဆီသို့ ခပ်သုတ်သုတ် ကိုသောင်းတန်နှင့်အတူ တည်း လာခဲ့လေ၏၊

မစန္ဒာ၏ ခြံတွင်းသို့ ရောက်သော တိုက်ကြီးဆီသို့ ... လာခဲ့ပြီး ...

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



စွာ ပြတင်းပေါက်မှန်တံခါးတစ်ချပ်ကို အသင့်ပါလာသောစက္ကူများကပ်၍သူ၏ အော်တိုမစ်တစ် သေနတ်ဒင်ဖြင့် ရိုက်ခွဲတာ အတွင်းမှ တံခါးချပ်ဖြုတ်၍ ဝင်ခဲ့ပေ၏။ ထိုသို့ တံခါးဖွင့်ရာတွင် စက္ကူကို အသုံးပြုရခြင်းမှာ ကိုသောင်းတန် အတွက်မည်သို့မျှအန္တရာယ်မဖြစ်စေနိုင်ဘဲ အသံအတွက်လည်း စိုးရိမ်စရာမရှိပေ။

ကိုသောင်းတန် တိုက်တွင်း ဝင်ရောက်သွားချိန်တွင် မစန္ဒာတို့မှာ တိုက်အပေါ်ထပ်တွင်အိပ်မောကျနေမည်သာ ဖြစ်ပေ၏။

ကိုသောင်းတန် ရောက်နေသော တိုက်အောက်ထပ်မှာမီးများလုံးဝမရှိဘဲ မှောင်ကျနေလေသည်။ ကိုသောင်းတန် ရောက်နေသောအခန်းမှာ မြေအောက်ဥမင်သွားရာလမ်းကြောင်းပေါ်ရှိ ထမင်းစားခန်းသာ ဖြစ်လေသည်။

ကိုသောင်းတန် ရောက်ပြီး၍မကြာမီတွင် နောက်ဖေးမီးဖိုချောင်မှ ခြေသံရှပ် ရှပ်နှင့်လာနေသော အသံကိုကောင်းစွာ ကြားရလေသည်။ မကြာမီ လက်ဆွဲမီးအိမ်ကို ကိုင်လျက် အစေခံအဘိုးကြီး ဦးကျော် ဝင်ရောက်လာသည်ကို တွေ့ရပေ၏။ ထိုသို့ ဦးကျော် ဝင်ရောက်လာသည်ကိုတော့စုံထောက်ကိုသောင်းတန်မှာ မျက်တောင်ပင် မခတ်ရဲအောင်ငြိမ်သက်စွာ ကြည့်နေမိပေ၏။

အစေခံကြီး ဦးကျော်သည် ဥမင်တံခါးကလေးဖွင့်ကာ အတွင်းသို့ ဆင်းသွားလေသည်။ ထိုသို့ ဦးကျော် လက်ဆွဲမီးအိမ်ကိုကိုင်၍ဆင်းသွားသောအခါတွင် ကိုသောင်းတန်သည် နောက်မှ အသာကလေး လိုက်သွားခဲ့ပေ၏။ ကိုသောင်းတန် တိုက်အောက်ထပ်မြေ တိုက် ဥမင်တွင်း ရောက်သောအခါတွင် ရှေ့မှ သွားနေသော ဦးကျော်သည် ရှိခနဲ လေချွန်လိုက်သည်ကိုတွေ့ရလေသည်။ ထိုသို့ လေချွန်လိုက်သဖြင့် "ဗီ-ဗီ-ဗီ-ဗီ" မြည်ဟည်းသော ကားတစ်စင်း၏ စက်နှိုးသံကို ကြားရလေသည်။

ကိုသောင်းတန်က လျင်မြန်စွာပင် နောက်သို့ ပြန်လည်ဆုတ်လိုက်ရပြီး ဖျတ်လတ်စွာ တိုက်အပေါ်သို့ အပြေးတက်ခဲ့ရလေသည်။ သူတိုက်ပေါ်ရောက် လျှင် ကားတစ်စင်း၏မီးဖွင့်လိုက်ခြင်းကို တွေ့ရလေသည်။ ကိုသောင်းတန်က တော့ သူတွေးထင်သည့်အတိုင်းမှန်ကန်နေကြောင်းကို တွေ့ရပြီးဖြစ်ရာ မစန္ဒာ အခန်းသို့ လျင်မြန်စွာ တက်ခဲ့ရလေသည်။ မိန်းမသားတစ်ဦးဖြစ်သောမစန္ဒာ



တတော့တလေးနှစ်ဦးနှင့်အတူအိပ်မောကျနေခဲ့ပေသည်။

ကိုသောင်းတန်က မစန္ဒာ၏ ခုတင်သားတွင် ဝင်ရောက်ကာ နေလိုက်ချိန်မှာပင် အပေါ်ထပ်သို့ တက်လာသော ခြေသံကို ကြားရလေသည်။ ခြေသံမှာ အတော်ပင် ဖျတ်လတ်လျင်မြန်လှလေသည်။ ကိုသောင်းတန်သည်သူ၏ပစ္စတိုသေနတ်ကိုအသင့်ပင်ရယ်ဒီပြုလုပ်ကာ သေနတ်ပြောင်းကို တံခါးပေါက်တည့်တည့် ချိန်ရွယ်ထားလေသည်။ တစ်ကောအကြာတွင်အခန်းပေါက်ဝမှလှလောက်နီးနီး မျောက်ဝံကြီးတစ်ကောင်ကိုတွေ့ရလေသည်။ သူ့ခါးတွင်ရှမ်းဝတ်ရှမ်းစားနှင့် လူကြီးတစ်ဦးက ပါလာကာ ရှမ်းဘာသာဖြင့် ရောပြောနေလေသည်။ လူသတ်သမားနှင့် ကိုသောင်းတန်မှာ မလှမ်းမကမ်းတွင်ရှိနေကာ မျောက်ဝံကြီးကြည့်ရသည်မှာလူသားစားရတော့မည့်ပမာ အံတကြိတ်ကြိတ် လက်တကားကားဖြင့် သူ၏ကြီးမားရှည်ထက်သည့် လက်သည်းကြီးများကို ကွေးကာဆန့်ကာ ရှိနေလေသည်။

နောက်ထပ်ရှမ်းကြီးက အမိန့်ပေးလိုက်သောအချိန်တွင်မျောက်ကြီးသည် မစန္ဒာအနီးသို့ ခုန်၍ ရောက်လာခဲ့လေသည်။ ထိုအချိန်မှာပင်မစန္ဒာမှာ အိပ်ရာက နိုးကာ မျောက်ဝံကြီးကို မြင်လိုက်ရသောအခါတွင်အားခနဲ ငယ်သံပါအောင် အော်လိုက်လေသည်။ မျောက်ဝံကြီးကလည်း ထိုသို့ မစန္ဒာ အော်ဟစ်လိုက်သောအချိန်တွင် သူ၏ကြီးမားလှသော လက်သည်းကြီးများကို မြောက်ကာ မစန္ဒာအား ခုန်၍အုပ်လိုက်လေသည်။

သို့သော်စုံထောက်ကိုသောင်းတန်၏ ဒိုင်းခနဲ မြည်ဟည်းလိုက်သောအသံနှင့် မျောက်ဝံကြီး၏ အူးခနဲ အော်တစ်လိုက်သောအသံမှာ ရောညံသွားကာ မျောက်ဝံကြီးမှာ နောက်သို့ ပက်လက်လန်ကျ၍ တခွီးခွီး ဖြစ်နေလေသည်။

တစ်ချိန်တည်းမှာပင် ကိုသောင်းတန်ကသူ၏အော်တိုမစ်တစ် သေနတ်ကလေးဖြင့် မတ်တတ်ရပ်ကာ လိုက်ကာ– "ကဲ–ဦးလှမင်း–ငြိမ်ငြိမ်ကလေး နေလိုက်ပါ။ လှုပ်မယ်တော့ မကြံနဲ့နော်၊ ခင်ဗျား လျင်သလောက် အလွတ်စုံထောက် ဦးသောင်းတန်က တော့ ခင်ဗျား တစ်ပတ်ရိုက်နိုင်[illegible] မဟုတ်တော့ပါဘူး–ထဲ–ထဲ–[illegible] လူတစ်ပတ်[illegible] ရယ်သံ[illegible] လိုက်[illegible]

www.burmeseclassic.com



တစ်ချိန်တည်းမှာပင် ကိုသောင်းတန်၏တပည့်ကျော် မောရစ်က အစေခံဦးတော့်ကို ဖမ်းဆီးခေါ်ခဲ့ကာ ဦးလှမင်းအား အချိန်မီ သံမဏိလက်ထိပ် ခတ်လိုက်လေသည်။

ဦးလှမင်းကတော့ မချိပြုံးပြုံးလိုက်ရလေသည်။

"ကျုပ်ကိုယ်က မှားပါတယ်လေ။ ဒီမိန်းကလေးကို မသတ်ချင်ပါဘူး။ ဒါပေမဲ့-တောဒီခွေးကောင်ကြီး ကျော်တိုက်တွန်းတာနဲ့ လာခဲ့တာပါပဲ"

ထိုသို့ပြောနေချိန်တွင် စုံထောက်ရဲမှူးဦးမျိုးဝင်းတို့ရောက်လာကာ တရားခံများကို ကြည့်၍ ဝမ်းသာအားရ ကိုသောင်းတန်အား လက်ဆွဲနှုတ်ဆက်လိုက်လေသည်။

"တဲ-ဦးလှမင်း-ကိုယ့်ဘာသာ အကြောင်းမထူးရင် ဒီအမှုတွေကိုဖြောင့်ချက်ကလေး..."

ဟု စုံထောက်ရဲမှူးဦးမျိုးဝင်းက ပြောလိုက်သောကြောင့် ဦးလှမင်း သူ့အတွက် မထူးတော့မည် သိသည့်အတိုင်း-"ကဲဗျာ-ရေးပါတော့" ဟု ဆိုရှာလေ၏။

"ကျွန်တော် ဦးတင်မောင်ကိုပဲ အင်းစိန်ဖော့ကန်မှာ ခေါ်ပြီးသတ်လိုက်တာပါပဲ။ သတ်တာကတော့ ကျုပ်နှမ အတွက်ရော၊ ကျုပ်အတွက်ရောပါ ဦးသောင်းတန်။ ကျုပ်က ဦးတင်မောင်ဆီက ရွှေတွင်းမြေပုံလိုချင်သလို ကျုပ်နှမကလည်း သူ့ရဲ့ပစ္စည်းတွေခွဲဝေပေးရမှာ စိုးတဲ့အတွက် စာချုပ်စာတမ်းတွေကို လိုချင်တယ်။ ဒါကြောင့် ကျုပ်က စမ်းချောင်းဆန်းမြို့နားမှာရှိတဲ့ဝေါက်ကလင် ကစားကွင်းမှာ သူ့ကိုခေါ်သွားပြီးကလင်မှာ နေဝင်တဲ့အထိ နေခဲ့တယ်။ ညမိုးချုပ်မှ ပြန်လာရင်း သူ့ရဲ့မြေပုံကိုတောင်းတာပဲ။ သူက သိပ်ခေါင်းမာလို့၊ ကျုပ်တပည့်တွေ ခေါ်လာနိုင်းပြီး ဖော့ကန်နားမှာ သတ်ပစ်လိုက်တာပဲ"

"ဒါဖြင့်-ခင်ဗျား ဖန်တီးလိုက်တဲ့ စာတွေပဲ မဟုတ်လား။ သေဆုံးတဲ့ ဦးတင်မောင်အိမ်ထဲက တွေ့ရတဲ့စာတွေလေ။ ဒီစာအရတော့ မစန္ဒာကို အမှုတွေ့အောင်ဖန်တီးလိုက်တာလဲ မဟုတ်လား။ ဒါပေမဲ့-ခင်ဗျား ဘာကြောင့် ဦးလှဖေ သတ်တာရယ်၊ မစန္ဒာကို ရက်ရက်စက်စက် သတ်ချင်တာရယ် ပြောစမ်းပါဦး"

ဟု ကိုသောင်းတန်က မေးလိုက်သောကြောင့်-

"ဒီလိုလေ-ဦးလှဖေ ဆိုတဲ့လူဟာ နစ်ဖတ်လွှသွားလုပ်နေတဲ့ ရေနေတင်ဦးပဲ။ ဦးတင်မောင်က သူ့ ငွေငါးသောင်းကို မစန္ဒာ လွှဲပေးဖို့ ကြံစည်ကြိုးပမ်းခဲ့တယ် ဦးသောင်းတန်။ အမှန်တော့ ဖွင့်ပြောရရင်မကောင်းဘူးဗျာ။ ပြောရတော့မယ်။ ဦးလှဖေဟာ ကျုပ်နှမကို နောက်ပိုင်းက အရချိုင်ခဲ့တယ်။ ကျုပ်နှမက ချွေးတဲ့ မိန်းကလေးဟာ အမှန်တော့ သူနဲ့ရတဲ့ကလေးပေါ့ဗျာ"

ကြားရသူများမှာ ဝေါခနဲ အသံထွက်သွားသည့်အထိ ဖြစ်သွားရသည်။

"ဒါတင်မကဘူး ခင်ဗျာ့၊ ဟောဒီ မစန္ဒာကို ကျုပ်က သတ်ရအောင် ဖြစ်လာရတာလဲ သူက သတင်းပေးလို့ပဲ၊ သူက ခင်ဗျား မြေပုံလိုချင်ရင် သူ့ကို ငွေငါးထောင်တိတိပေးရမယ်။ ငွေငါးထောင်ရရင်တော့ ရွှေတွင်းမြေပုံ ဘယ်မှာရှိတယ်ဆိုတာ ပြောပြမယ်ဆိုတာနဲ့ သူ့ကို ပေးခဲ့ရတယ်လေ။ ဒါတင်မကဘူး၊ ဟောဒီ မစန္ဒာအတွက် စာချုပ်တွေ လုပ်ပေးရတာလည်း မစန္ဒာက ဦးလှဖေကို လာဘ်သိပ်ထိုးငွေပေးခဲ့ရကြောင်း ကျုပ်တပည့်ကြီး ဦးကျော်က ပြောလို့ သိပြီးပါပြီ။ ဟုတ်၊ မဟုတ် မစန္ဒာကို မေးကြည့်ပါ"

ဟု ဦးလှမင်းက ပြောလိုက်သောကြောင့် မစန္ဒာက ဟုတ်မှန်ကြောင်း ပြောခဲ့ပေ၏။

"ကျုပ်ဟာ ဦးလှဖေကို သတ်ရတာလည်း အထက်ပါအကြောင်းတွေ ပါပါတယ်။ ပြီးတော့ ကျုပ် မြေပုံလာရှာနိုင်မှာ ကျုပ်ထင်တဲ့အတိုင်း မတွေ့ရပါဘူး။ ပြီးတော့ မစန္ဒာရဲ့မောင်ကို သတ်ရတာလည်း ကျုပ်တို့အပြေးမှာ မစန္ဒာရဲ့မောင်ဟာ မြေတိုက်ထဲမှာ ကျုပ်တို့ကို ချုပ်နှောင်ကြံသေးတဲ့အတွက် ပစ်သတ်လိုက်ရတာပါပဲ။ အမှန်တော့ ဦးလှဖေက ဝါးနတ်ချောင်းမှာ ပြောခဲ့တာကို ခင်ဗျားတို့ မှတ်မိမှာပေါ့။ မစန္ဒာရဲ့မောင်ဟာ ဦးတင်မောင်ကို သတ်ချင် သတ်မှာပဲလို့ ထင်မြင်ချက်ပေးခဲ့တာလေ၊ ဒီတော့ ကျုပ်ကလည်း မစန္ဒာရဲ့မောင်ကို အပြီးပိုင် ရှင်းလင်းတာ သူ့အပေါ် ပုံချဖို့ ကြံခဲ့တာပဲဗျာ။ ပြီးတော့ ဦးလှဖေကို သတ်ပစ်ပြီး မစန္ဒာကို သတ်ရအောင် ဖြစ်ရတာလည်း မစန္ဒာဟာ ကျုပ် လာပြီး မြေပုံရှာကတည်းက မပေးဘဲ ဖွတ်ငြင်းတာရယ်၊ ပြီးတော့ သူဟာ ခင်ဗျားကိုအမှုလိုက်ဖို့ခိုင်းလိုက်ကြောင်း သိရကတည်းက ကျုပ်လည်း ဒေါသဖြစ်လာတာပါပဲ-ဦးသောင်းတန်"

"ဒါဖြင့် ခင်ဗျားရဲ့ မျောက်ကြီးတာ ဒီလောက်တောင် လူသတ်နည်းတွေ တတ်နေတာက ခင်ဗျားအကြံဉာဏ်တွေလား။ အဲကယ်လို့ ခြေရာလက်ရာတွေ တွေ့ဦးတော့ မျောက်ကြီးရဲ့ခြေရာ ရာပဲတွေ့အောင် ... လား-ဦးလှမင်း"

www.burmeseclassic.com



"ဟုတ်ပါတယ် - ဦးသောင်းတန်"

"ဒီမြေအောက်ဥမင် ရှိခဲ့တယ်ဆိုတာတ ဦးလှမင်း သိတာတွေကြာပြီပေါ့"

"ဒီမြို့နဲ့ တိုက်ကို ပထမဆုံး ကျုပ်ကိုယ်တိုင်နေခဲ့ဖူးတာပဲ၊ ကျုပ်ကိုယ်တိုင်ပဲ ဒီဥမင်တွေ ဖောက်ခဲ့ပြီး အရေးရှိက သွားနိုင်၊ လာနိုင်အောင် စီမံထားတာပါ"

ဟု ဦးလှမင်းက ပြောလိုက်ချိန်တွင် ငုံထောက်ခဲ့ဖူးကိုမျိုးဝင်းက -

"တဲ - အချိန်မရှိဘူးဗျို့၊ တရားခံတွေကို ဌာနသို့ပို့ဖို့လည်း လိုသေးတယ်၊ မနက်ကျမှပဲ တရားသူကြီးဆီမှာ အတိအကျ ပြောင့်ချက်ပေးပေတော့"

ဟု ပြောလိုက်ရာ ကိုသောင်းတန်က - "တဲ - ဦးလှမင်း - ဘာများ ခင်ဗျားမှာရှင်သေးလဲ" ဟု အခွင့်အရေးပေးလိုက်ရာ -

"အင်း - ဂြိုဟ်မွှေတဲ့ရွှေကြောင့်ပါပဲ၊ အဲလေ - သူတစ်ပါး မကောင်းကြံကိုယ်သာ ဒဏ်ထိ ဆိုတာလိုဖြစ်နေတာပါ၊ အဲဒီမြေပုံမှာပါတဲ့ ရွှေတွင်းကို တွေ့တာဟာလည်း ဦးတင်မောင် တစ်ယောက်ထဲ မဟုတ်ဖူး - ဦးသောင်းတန်၊ ဟောဒီ ဦးကျော် ဆိုတဲ့အလုပ်သမားကြီးရဲ့သားလည်း ပါပါတယ်၊ ဒါပေမဲ့ - ဦးတင်မောင်ဟာ သူတစ်ဦးတည်း ပိုင်ဆိုင်လိုတာနဲ့ ဦးကျော်ရဲ့သားကို သတ်ပစ်ခဲ့တာပါပဲ၊ ဒါကြောင့် သူလည်း အခဲမကြေဘဲ ဦးတင်မောင် မိန်းမငယ် ဟောဒီ မစန္ဒာထံမှာ လာရောက်ပြီး အစေခံလုပ်ရင်း မြေပုံကို လျှို့ဝှက်စုံစမ်းနေခဲ့တာပါပဲ၊ ဒီလောက်ဂြိုဟ်မွှေတဲ့မြေပုံ ဟာ အခု လောက် ဆိုရင် ပြာဖြစ်လောက်နေပြီပေါ့ - ဦးသောင်းတန်"

"ဘာကြောင့်ပါလဲ - ဦးလှမင်း"

"ဟဲဟဲ - ခင်ဗျား ဒီကို လာခဲ့ရင် ကျုပ်တပည့်တွေက ခင်ဗျားရဲ့အခန်းထဲကိုမွှေပြီး မြေပုံကို မီးရှို့လိုက်မှာ သေချာလို့ပါ - ဗျာ"

ဟု ဦးလှမင်းက ပြောလိုက်တာ သဘောကျ ရယ်မောလိုက်သဖြင့် ကိုသောင်းတန်တွင် အနည်းငယ်ပြုံးကာ -

"ကျုပ်ဆီမှာ မြေပုံပေးလိုက်တာကို မစန္ဒာတစ်ဦးတည်းပဲ သိတယ်မဟုတ်လား - ဦးလှမင်း"

"မစန္ဒာတစ်ဦးတည်း မဟုတ်ပါဘူး ဦးသောင်းတန်၊ ဟောဒီဦးကျော်တာ မစန္ဒာက ခင်ဗျားကို မြေပုံတွေရော၊ စာချုပ်ပါ ပေးအပ်လိုက်တာကို အသေအချာ ချောင်းကြည့်ခဲ့လို့ ကျုပ်ဆီ သတင်းပေးခဲ့ပါတယ်လေ၊ ဒါကြောင့် ကျုပ်က ရွှေသွားဘသိန်းနဲ့ ကျုပ်တပည့်တစ်ဦးကို လွှတ်ခဲ့တာပဲ"

"အော် - ခင်ဗျား အကြောင်းမထူးတော့ဘူးဆိုပြီး မြေပုံတွေတွေ့ရင် မီးရှို့နိုင်းလိုက်တယ် ဟုတ်လား၊ ပြီးတော့ ရွှေသွားဘသိန်းကိုရော ကျုပ်ကို တစ်ညလောက် သိပ်ထားခဲ့ဖို့ မမှာခဲ့ဘူးလား"

"ခင်ဗျားအိပ်ရဖို့လောက်ကိုမမှာခဲ့ပါဘူး - ဦးသောင်းတန်၊ ခင်ဗျား တစ်သက်လုံး ကိစ္စတုံးသွားပြီး ထာဝစဉ်အိပ်သွားနိုင်အောင် ကျုပ်က အမိန့်ပေးခဲ့ပါတယ်"

ဟု ဦးလှမင်းက ပြုံး၍ ပြောလိုက်သောအခါတွင် ကိုသောင်းတန်က နှုတ်ခမ်းများကို တွန့်လိုက်ပြီး -

"ခင်ဗျားရဲ့တပည့်တော့ ကျုပ်က မတွေ့ပေမဲ့ ရွှေသွားဘသိန်းကိုတော့ ကျုပ်က ခင်ဗျားလိုမဟုတ်ဘဲ သက်သက်သာသာနဲ့ ဆုံးမခဲ့ပြီး လွှတ်ခဲ့တယ်လေ၊ အင်း - ခင်ဗျားက ပြာဖြစ်သွားပြီထင်တဲ့ ရွှေတွင်းမြေပုံဟာ ကျုပ်ရဲ့ဖိနပ်အောက်အတွင်းမှာ အမြဲရှိနေတယ်ဆိုတာကိုတော့ ဦးလှမင်း သိသွားစေလိုပါတယ်"

ဟု ကိုသောင်းတန်က ပြောလျက် သူ၏သားရေဖိနပ်အတွင်း ကြေးရောင်ဆွဲစိကလေးဖြင့် စီမံပြုလုပ်ထားသော အပိုသားရေအိတ်ကလေးထဲမှ စာရွက်ကြီးတစ်ရွက်ကို ထုတ်လိုက်လေသည်၊



"ဟောဒါ - ဦးလှမင်းတို့ကို ဂြိုဟ်မွှေတဲ့ ရွှေတွင်းမြေပုံအစစ်လေ၊ မဟုတ်ဘူးလား ဦးလှမင်း - မဟုတ်လား"

ဟု ကိုသောင်းတန်က ပြောလိုက်သောအခါတွင် ဦးလှမင်း မျက်လုံးတွင် မီးဝင်းဝင်းတောက်လာသည်အထိ တွေ့ရလေ၏၊ ထိုအချိန်မှာပင် မစန္ဒာက ကြားဝင်လာခဲ့လေသည်၊

"ဟောဒီမြေပုံဟာ အခု ကျွန်မသာ ပိုင်ဆိုင်နေပါတယ်၊ ဒီတော့ လူတွေသေပြီး ဂြိုဟ်မွှေတဲ့ရွှေတွင်းမြေပုံကို ကျွန်မ သဘောကျ စီမံဖို့ အခွင့်ပြုပါ ဦးသောင်းတန်"

ဟု ပြောလိုက်သောကြောင့် ကိုသောင်းတန်က ပေးလိုက်ရာ မစန္ဒာက လျှင်မြန်စွာ မြေပုံကြီးကို မီးခြစ်ခြစ်ကာ တောက်လောင်လာသော မီးတောက်ကလေးပေါ်တွင် ရဲတင်းစွာပင် တင်လိုက်လေသည်၊

"မလုပ်နဲ့ - မလုပ်နဲ့ - တော - မလုပ်နဲ့"

ဟု အရူးပမာပင် ဦးလှမင်းနှင့် ဦးကျော်ကအော်ဟစ်နေစဉ်မှာပင် [illegible] မွှေလှသော ရွှေတွင်း [illegible] ချစ်မြည်ဟည်း [illegible] ရာ လော [illegible] ဦး [illegible]

www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏချင်းပင် မတည်မြဲ ပျောက်ကြွေသွားရပြီဖြစ်သော မြေပုံ၏ပြာပုံကို ကြည့်ရင်း ခေါင်းငိုက်စိုက်ကျသွားရပေ၏။

မစန္ဒာကတော့ ယခုမှပင် ရင်တစ်ခုလုံး ရှင်းသွားရပြီဖြစ်ကာ အပြုံးပန်းများ ဝေစီဖြာလန်းလာနိုင်ပြီး စုံထောက်တော် ကိုသောင်းတန်ကို ကြည့်လိုက်ပေ၏။

ကိုသောင်းတန်ကလည်း ကျေနပ်စွာ ပြုံးလိုက်သည်။ စုံထောက်ရဲမှူး ဦးမျိုးဝင်းသတ်လှည့်ကာ "ဒီတရားခံတွေဟာ ခင်ဗျားလက် အပြီးအပိုင်လိုင်ပြီမို့ ကျွန်တော် ခင်ဗျားကို ကူညီမယ်ဆိုတဲ့ ကတိတော့ ကျေပွန်ပါပြီနော်" ဟု ပြောလိုက်သောကြောင့် -

"အများကြီး ကျေးဇူးတင်ပါတယ် ဦးသောင်းတန်။ ကျုပ်ဆုရတာတွေလည်း ခင်ဗျားအတွက် ဂုဏ်ယူနိုင်ပါစေဆိုတာ ကျွန်တော်က မျှော်လင့်ပါတယ်" ဟု စုံထောက်ရဲမှူး ဦးမျိုးဝင်းက ကိုသောင်းတန်၏လက်ကိုတင်းကြပ်စွာဆုပ်ကိုင်နှုတ်ဆက်ရင်း ပြောလိုက်လေသတည်း။

⇨ မြဝစီ

## ဆီးချိုရောဂါပျောက်ဆေး

(၁) ဥသျှစ်ရွက်နုနု သတ္တုရည် (၁၂) ပဲသားခန့်ကို နေ့စဉ် နံနက်စောစောထ၍ ရက်ကြာကြာ စွဲသောက်ပါက သက်သာသည်။

(၂) ခံတက်ခေါက်မြစ် သုံးခွက်၊ တစ်ခွက် တင်ကျို၍ သောက်က ဆီးချိုပျောက်သည်။

(၃) ငှက်ပျောပွင့်ကို ချက်ပြုတ်စားပါ။

(၄) ဆီးဖြူသီးအစေ့ကို စားပါ။

(၅) တမာခေါက်ကိုပြုတ်၍ နံနက်စောစော ရက်များများ သောက်ပါ။

(၆) သရက်ရွက်အနုကလေးများကို အခြောက်လှန်း၍ အမှုန့်လုပ်သောက်ပါ။




www.burmeseclassic.com